ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

ပညာရေးဝန်ကြီးဌာန

ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

United Nations
Educational, Scientific and
Cultural Organization

UNESCO
INSTITUTE
for
STATISTICS

မတ်လ၊ ၂၀၁၈ ခုနှစ်

unicef
for every child

မာတိကာ

ဇယားများစာရင်း ....

၂.၄.၁။ ကျောင်းထွက်နှုန်း ၅၁
၂.၄.၂။ ရှင်သန်မှုနှုန်း ၅၆
၂.၄.၃။ အတန်းအလိုက်ထပ်ကျော့နှုန်းကို ကျား/မဖြင့်ဖော်ပြခြင်း ၆၂
၂.၄.၄။ အသက်လွန်ကျောင်းသားများပြန့်ချက် ၆၃
၂.၄.၅။ ကျောင်းထွက်ရန်အလားအလာရှိသောကလေးများ ၆၅
၂.၅။ ပစ်ပယ်ခံကလေးများအခြေအနေ ၇၀
၂.၆။ စီစစ်လေ့လာချက်အကျဉ်းချုပ် ၇၂

အခန်း (၃) ကျောင်းတက်ရန်အတားအဆီးများနှင့် မူဝါဒတုံ့ပြန်ချက်များ ၈၁
၃.၁။ ကန့်သတ်ချက် (၁)။ ဆင်းရဲနွမ်းပါးခြင်း **၈၃**
၃.၁.၁။ အမျိုးသားကျေးလက်ဒေသဆင်းရဲမွဲတေမှုလျော့ချရေးမဟာဗျူဟာ ၈၄
၃.၁.၂။ ကျေးလက်မြို့ပြကွာခြားချက် ၈၅
၃.၁.၃။ ဗဟိုချုပ်ကိုင်မှုလျော့ချသောပညာရေးအတွက်ရန်ပုံငွေ ၈၅
၃.၁.၄။ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ် ၈၇
၃.၁.၅။ ထောက်ခံအကြံပြုချက်များ ၈၉
၃.၂။ ကန့်သတ်ချက် (၂)။ ကလေးလုပ်သားများ **၉၁**
၃.၂.၁။ လက်ရှိဆောင်ရွက်ချက်များနှင့် အစပျိုးဆောင်ရွက်ချက်များ ၉၂
၃.၂.၂။ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး ရွေးချယ်မှုအခွင့်အလမ်းများ
တိုးမြှင့်ပေးခြင်း ၉၄
၃.၂.၃။ ထောက်ခံအကြံပြုချက်များ ၉၄
၃.၃။ ကန့်သတ်ချက် (၃)။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်
ကျောင်းများလုံလောက်မှုမရှိခြင်း ၉၅
၃.၃.၁။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများ
လုံလောက်မှုမရှိခြင်း ၉၅
၃.၃.၂။ ကျောင်းများလုံလောက်မှုမရှိခြင်း ၉၈
၃.၄။ ကန့်သတ်ချက် (၄)။ မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်း **၁၀၆**
၃.၄.၁။ ပညာသင်ယူမှုအခွင့်အလမ်း ၁၀၇
၃.၄.၂။ လက်ရှိချမှတ်ထားသောမူဝါဒများ ၁၁၀
၃.၄.၃။ ထောက်ခံအကြံပြုချက်များ ၁၁၁
၃.၅။ ကန့်သတ်ချက် (၅)။ ပထဝီအနေအထားကွဲပြားခြားနားခြင်း **၁၁၂**
၃.၅.၁။ လက်လှမ်းမမီသည့်ဒေသများ ၁၁၂
၃.၅.၂။ သဘာဝဘေးအန္တရာယ် ၁၁၃
၃.၅.၃။ ထောက်ခံအကြံပြုချက်များ ၁၁၆
၃.၆။ ပညာရေး၏အရေးပါမှုနှင့် မိဘများ၏ပါဝင်ပတ်သက်မှု **၁၁၆**
၃.၆.၁။ ပညာရေးအခြေခံအဆောက်အအုံ ၁၁၇
၃.၆.၂။ သင်ရိုးညွှန်းတမ်း ၁၁၈
၃.၆.၃။ ဆရာများ ၁၂၂
၃.၆.၄။ စာမေးပွဲစနစ် ၁၂၇
၃.၆.၅။ အခြေခံပညာရေး၏ အရည်အသွေးအာမခံမှု ၁၂၇
၃.၆.၆။ ထောက်ခံအကြံပြုချက်များ ၁၃၀

၃.၇။ စိစစ်လေ့လာချက်အကျဉ်းချုပ်.....၁၃၃

အခန်း (၄) နိဂုံးနှင့် အကြံပြုချက်များ ၁၃၅
၄.၁။ ကျောင်းပြင်ပရောက်ကလေးများအခြေအနေ ၁၃၅
၄.၂။ ပညာသင်ယူမှုအခွင့်အလမ်းအတွက် အဟန့်အတားများ ၁၃၆
၄.၃။ မူဝါဒတုံ့ပြန်ချက်များ.....၁၃၈
မြန်မာနိုင်ငံတွင်အဓိကကျသောပညာရေးစီမံကိန်းများနှင့် မူဝါဒများ.....၁၃၉
၄.၄။ အရည်အသွေးပြည့်မီသော အခြေခံပညာသင်ယူမှုအခွင့်အလမ်းများရရှိစေရန်အတွက် ထောက်ခံအကြံပြုချက်များ.....၁၄၁
မှီငြမ်းစာအုပ်/ စာစုစာရင်း.....၁၄၆
နောက်ဆက်တွဲ (က) အရေးကြီးသောစာရင်းအင်းအချက်အလက်များ ၁၄၉
နောက်ဆက်တွဲ (ခ) ပညာရေးကိုအဟန့်အတားဖြစ်စေသည့်ကန့်သတ်ချက်များ.....၁၅၂
နောက်ဆက်တွဲ (ဂ) မြန်မာနိုင်ငံတွင် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ..... ၁၅၇
နောက်ဆက်တွဲ (ဃ) အရည်အသွေးရှိပညာရေးအခွင့်အလမ်းရရှိစေမည့်စီမံကိန်းများ ၁၅၈

ဇယားများစာရင်း

ဇယား (၁.၁) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြောင်းအရာများ ၂
ဇယား (၁.၂) ကျောင်းနေအရွယ်ကလေးဦးရေကို အသက်အပိုင်းအခြားနှင့် ကျောင်းအဆင့်အလိုက် ဖော်ပြခြင်း ၈
ဇယား (၁.၃) ၂၀၁၆–၂၀၁၇ဘဏ္ဍာနှစ်အတွက် သုံးစွဲသည့်ပညာရေးအသုံးစရိတ်အချို့ ... ၁၀
ဇယား (၁.၄) အသက်အလိုက်စာတတ်မြောက်သူဦးရေနှင့် စာတတ်မြောက်မှုနှုန်းကို ကျား/မခွဲခြား ဖော်ပြခြင်း (၂၀၁၄–၂၀၁၅) ၁၁

ဇယား (၂.၁) ကျောင်းအပ်နှုန်းကို အတန်းအလိုက်နှင့် ကျား/မအလိုက်ဖော်ပြခြင်း ၂၃
ဇယား (၂.၂) ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးရာခိုင်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြ အလိုက်ဖော်ပြခြင်း (ရွှေထောင့် ၁) (၂၀၁၄–၂၀၁၅ ပညာသင်နှစ်) ၂၆
ဇယား (၂.၃) ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးများ၏ အရေအတွက်နှင့်ရာခိုင်နှုန်းကို ကျား/မ အခြေအနေအရဖော်ပြခြင်း (၂၀၁၄–၂၀၁၅) ၂၇
ဇယား (၂.၄) ပညာသင်နှစ်(၄)နှစ်စာ မူကြိုကျောင်းသားအရေအတွက်ကို ကျား/မခွဲ၍ဖော်ပြခြင်း ၃၁
ဇယား (၂.၅) မူလတန်းအရွယ်နှင့်အလယ်တန်းအရွယ် ကျောင်းပြင်ပရောက် ကလေးရာခိုင်နှုန်းကို အသက်အရနှင့် ကျား/မအရဖော်ပြခြင်း ၃၃
ဇယား (၂.၆) ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ကျေးလက်/မြို့ပြ၊ ကြွယ်ဝမှု အညွှန်းကိန်း နှင့် မသန်စွမ်းမှု အခြေအနေများအရဖော်ပြခြင်း..... ၃၇
ဇယား (၂.၇) ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းကို ပြည်နယ်/တိုင်းဒေသကြီး အလိုက် ဖော်ပြခြင်း (၂၀၁၅) ၄၀
ဇယား (၂.၈) မူလတန်းနှင့်အလယ်တန်းအရွယ် ကျောင်းပြင်ပရောက်ကလေးများ၏ ရာခိုင်နှုန်းကို အသက်အရွယ်နှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြခြင်း (၂၀၁၅) ၄၃
ဇယား (၂.၉) အသက် (၅)နှစ် မှ (၁၃)နှစ်အထိ ကျောင်းပြင်ပရောက်ကလေးများ အခြေအနေ နှင့် ကလေးလုပ်သားအခြေအနေကို ဆက်စပ်ဖော်ပြခြင်း ၄၄
ဇယား (၂.၁၀) အသက် (၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ ကျောင်းနေသောအခြေအနေ နှင့် ကလေးလုပ်သားအခြေအနေတို့ကိုဖော်ပြခြင်း ၄၇
ဇယား (၂.၁၁) ၂၀၁၄–၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းထွက်နှုန်းကို အတန်းအလိုက်၊ ကျား/မ နှင့် ကျေးလက်/မြို့ပြအလိုက်ဖော်ပြခြင်း ၅၂
ဇယား (၂.၁၂) မူလတန်းမပြီးဆုံးမီကျောင်းထွက်နှုန်းနှင့် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းများကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ကျေးလက်/မြို့ပြ အလိုက်ဖော်ပြခြင်း (၂၀၁၄–၁၅) ၅၅
ဇယား (၂.၁၃) အတန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကို ကျား/မအလိုက်ဖော်ပြခြင်း (၂၀၁၄–၂၀၁၅) ၅၇
ဇယား (၂.၁၄) မူလတန်းနှင့် အလယ်တန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကို နေထိုင်ရာ ဒေသ (ကျေးလက်/မြို့ပြ) အလိုက်ဖော်ပြခြင်း (၂၀၁၄–၂၀၁၅) ၅၈
ဇယား (၂.၁၅) နှစ်အလိုက် အတန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်း (ပြည်ထောင်စုအချုပ်)..... ၅၈

ဇယား (၂.၁၆) အတန်းအလိုက်ရှင်သန်မှုနှုန်းကို ပညာသင်နှစ် (၅)နှစ်အတွက်ဖော်ပြခြင်း (ပြည်ထောင်စုအချုပ်) ၆၀
ဇယား (၂.၁၇) ပညာသင်နှစ် (၅)နှစ်အတွက် အတန်းအလိုက် ရှင်သန်မှုနှုန်း (မြို့ပြ) ၆၁
ဇယား (၂.၁၈) ပညာသင်နှစ် (၅)နှစ်အတွက် အတန်းအလိုက် ရှင်သန်မှုနှုန်း (ကျေးလက်)..... ၆၁
ဇယား (၂.၁၉) အတန်းအလိုက် မူလတန်းနှင့်အလယ်တန်းထပ်ကျော့နှုန်းကို ကျား/မ နှင့် ကျေးလက် /မြို့ပြအခြေအနေအရဖော်ပြခြင်း (၂၀၁၄–၂၀၁၅) ၆၂
ဇယား (၂.၂၀) အသက်လွန်ကျောင်းသားများပြန့်ချက် ရာခိုင်နှုန်း ၆၄
ဇယား (၂.၂၁) မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးဦးရေနှင့် ရာခိုင်နှုန်း (၂၀၁၁–၂၀၁၅) ၆၅
ဇယား (၂.၂၂) မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေး ရာခိုင်နှုန်း ကို ကျား/မနှင့် ကျေးလက်/မြို့ပြအခြေအနေအရဖော်ပြခြင်း (၂၀၁၁–၂၀၁၅) ၆၆
ဇယား (၂.၂၃) အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးဦးရေ နှင့် ရာခိုင်နှုန်း (၂၀၁၁–၂၀၁၅) ၆၇
ဇယား (၂.၂၄) အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေး ရာခိုင်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြအခြေအနေအရဖော်ပြခြင်း ... ၆၇
ဇယား (၂.၂၅) မူလတန်းမပြီးဆုံးမီနှင့် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်ရှိသော အလားအလာ ကို ပြည်နယ်/တိုင်းဒေသကြီးအလိုက်ဖော်ပြခြင်း ၆၉

ဇယား (၃.၁) ကလေးများ ကျောင်းပြင်ပရောက်ရခြင်း အကြောင်းရင်းများ (ကျောင်းပြင်ပရောက်ကလေးများ၏ ဖြေကြားချက်) (LFS ၂၀၁၅) ၈၁
ဇယား (၃.၂) ကလေးများကျောင်းမတက်ရခြင်း အကြောင်းရင်းများ (IHLCAS)..... ၈၂
ဇယား (၃.၃) ပညာသင်နှစ်အလိုက် SISF ဖြန့်ဝေမှု ၈၆
ဇယား (၃.၄) အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားအရေအတွက် ၉၈
ဇယား (၃.၅) ကလေးများတက်ရောက်နေသောကျောင်းများ၏ တည်နေရာ ၉၉
ဇယား (၃.၆) ပုဂ္ဂလိကကျောင်း၊ ဆရာနှင့် ကျောင်းသားအရေအတွက် (၂၀၁၆–၂၀၁၇).. ၁၀၀
ဇယား (၃.၇) မြို့နယ်အလိုက် ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိအစီအစဉ် အကောင်အထည်ဖော်မှု ၁၀၄
ဇယား (၃.၈) ကျောင်းများတွင်တက်ရောက်သင်ကြားနေသော မသန်စွမ်းကလေးများ အရေအတွက် ၁၀၇
ဇယား (၃.၉) အထူးကျောင်းများတွင်တက်ရောက်နေသော မသန်စွမ်းကလေးများ ၁၀၇
ဇယား (က) မူလတန်းနှင့်အလယ်တန်းအရွယ် ကျောင်းပြင်ပရောက်ကလေးများ၏ ရာခိုင်နှုန်းကို အသက်အရွယ်နှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြခြင်း (၂၀၁၅) ၁၄၉
ဇယား (ခ) ပညာရေးကိုအဟန့်အတားဖြစ်စေသည့် ကန့်သတ်ချက်များ၊ ၎င်းတို့၏ အရေးပါအရာရောက်မှုနှင့် ပြင်းထန်မှု ၁၅၂
ဇယား (ဂ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ ၁၆၄

ပုံများစာရင်း

ပုံ (၁.၁) မြန်မာနိုင်ငံ၏ အသက်အလိုက်လူဦးရေပြန့်ချက်ပြပုံ ၃
ပုံ (၁.၂) မြန်မာနိုင်ငံ၏လူဦးရေကို ကျား၊မခွဲ၍ ပြသခြင်း ၄
ပုံ (၁.၃) စနစ်သစ်ပညာရေးဖွဲ့စည်းပုံ အကောင်အထည်ဖော်မည့် အစီအစဉ် ၉
ပုံ (၁.၄) ၂၀၁၁–၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၆–၂၀၁၇ဘဏ္ဍာနှစ်အတွင်း ပညာရေး အသုံးစရိတ် တိုးတက်လာမှု အခြေအနေ ၁၀
ပုံ (၁.၅) ကျောင်းပြင်ပရောက်ကလေးများအခြေအနေ၊ ကန့်သတ်ချက်များနှင့် မူဝါဒတုန့်ပြန်ချက်များ ဆက်စပ်မှုအခြေအနေပြပုံ ၁၂
ပုံ (၁.၆) ချန်လှပ်ထားခံရခြင်းရှုထောင့် (၅)မျိုးပုံစံအနှစ်ချုပ် ၁၃

ပုံ (၂.၁) ကျောင်းအပ်နှံနှုန်းကို အတန်းအလိုက်နှင့် ကျား/မအလိုက်ဖော်ပြခြင်း ၂၅
ပုံ (၂.၂) ကျောင်းတွင်းနှင့်ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ၏ အခြေအနေကို ကျား/မနှင့် ကျေးလက်/မြို့ပြ အခြေအနေအရဖော်ပြခြင်း ၂၇
ပုံ (၂.၃) ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ (အသက် ၄နှစ်) ရာခိုင်နှုန်း ၂၈
ပုံ (၂.၄) ကျောင်းတွင်းနှင့်ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ၏အခြေအနေကို ကျေးလက်/ မြို့ပြအခြေအနေအရဖော်ပြခြင်း ၂၈
ပုံ (၂.၅) မူကြိုဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အဖွဲ့အစည်းအလိုက် နှိုင်းယှဉ်ဖော်ပြခြင်း ၂၉
ပုံ (၂.၆) မူကြိုအရွယ်ကလေးများ၏ တိုးတက်လာမှုအခြေအနေ (၂၀၁၂–၂၀၁၃ မှ ၂၀၁၅–၂၀၁၆) ၃၀
ပုံ (၂.၇) မူကြိုပညာရေးတွင်ကျေးလက်နှင့်မြို့ပြကွာခြားချက်ရှိနေပုံ ၃၁
ပုံ (၂.၈) ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို အသက်အရွယ်နှင့် ကျား/မ အရဖော်ပြခြင်း (၂၀၁၅) ၃၄
ပုံ (၂.၉) မူလတန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရှိမှုရာခိုင်နှုန်းကို ပညာသင်နှစ် အလိုက်ဖော်ပြခြင်း (ရှုထောင့် ၂) ၃၆
ပုံ (၂.၁၀) အလယ်တန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရှိမှု ရာခိုင်နှုန်းကို ပညာသင် နှစ်အလိုက် ဖော်ပြခြင်း (ရှုထောင့် ၃) ၃၆
ပုံ (၂.၁၁) မူလတန်းနှင့် အလယ်တန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြအရဖော်ပြခြင်း (၂၀၁၅) ၃၈
ပုံ (၂.၁၂) ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ကြွယ်ဝမှုအညွှန်းကိန်းအရ နှိုင်းယှဉ် ဖော်ပြခြင်း ၃၉
ပုံ (၂.၁၃) ကျောင်းတွင်း နှင့် ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို သန်စွမ်းမှု/မသန်စွမ်းမှု၊ အသက်အုပ်စုနှင့် ကျား/မအရဖော်ပြခြင်း ၄၀
ပုံ (၂.၁၄) ပြည်နယ်/တိုင်းဒေသကြီးများ၏ ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ပြည်ထောင်စုအချုပ်၏နှုန်းနှင့် နှိုင်းယှဉ်ဖော်ပြခြင်း ၄၁
ပုံ (၂.၁၅) အလုပ်လုပ်သောကလေးများအနက် ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအရဖော်ပြခြင်း ၄၆
ပုံ (၂.၁၆) ကျောင်းတက်နေသော အသက်(၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ၏ ကလေးလုပ်သား အခြေအနေကို ကျား/မအလိုက်ဖော်ပြခြင်း ၄၈

ပုံ (၂.၁၇) ကျောင်းတက်နေသော (၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ၏ ကလေးလုပ်သားအခြေအနေကို ပြည်နယ်/တိုင်းဒေသကြီးအလိုက်ဖော်ပြခြင်း ၄၉
ပုံ (၂.၁၈) အသက်အုပ်စုအလိုက် ကျောင်းတက်သောကလေးရာခိုင်နှုန်း ၅၀
ပုံ (၂.၁၉) အတန်းအလိုက် ကျောင်းထွက်နှုန်း၏ ကျား/မတူညီမှုအညွှန်းကိန်း ၅၃
ပုံ (၂.၂၀) မူလတန်းအတန်းအလိုက် ကျောင်းထွက်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြ အခြေအနေအရ ဖော်ပြခြင်း ၅၃
ပုံ (၂.၂၁) အလယ်တန်းအတန်းအလိုက် ကျောင်းထွက်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြ အခြေအနေအရ ဖော်ပြခြင်း ၅၄
ပုံ (၂.၂၂) အတန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကို ကျား/မအလိုက်ဖော်ပြခြင်း (၂၀၁၄–၂၀၁၅) ၅၇
ပုံ (၂.၂၃) နှစ်အလိုက် မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း (၂၀၁၁–၂၀၁၅) ၅၉
ပုံ (၂.၂၄) နှစ်အလိုက် အလယ်တန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း (၂၀၁၁–၂၀၁၅) ၅၉
ပုံ (၂.၂၅) အတန်းအလိုက် ထပ်ကျော့နှုန်းကို ကျား/မအလိုက်ဖော်ပြခြင်း ၆၃
ပုံ (၂.၂၆) မူလတန်း/အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကျောင်းသားများ၏ GPI ကို နှစ်အလိုက်ဖော်ပြခြင်း ၆၈
ပုံ (၂.၂၇) အသက်(၅)နှစ်မှ(၁၃)နှစ်အကြား ကလေးများ၏ ကလေးလုပ်သားဖြစ်မှုနှင့် ကျောင်းတက်မှု အခြေအနေ ၇၁

ပုံ (၄.၁) ပညာသင်ယူမှုအခွင့်အလမ်းအတွက် အဟန့်အတားများ ၁၃၆
ပုံ (၄.၂) NESP ၏ ရည်ရွယ်ချက်နှင့် ပြောင်းလဲမှုအရွေ့များ..... ၁၄၀

ပုံ (က.၁) ပြည်နယ်များ၏ မူလတန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း ၁၄၉
ပုံ (က.၂) တိုင်းဒေသကြီးများ၏ မူလတန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း ၁၅၀
ပုံ (က.၃) ပြည်နယ်များ၏ အလယ်တန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း ၁၅၀
ပုံ (က.၄) တိုင်းဒေသကြီးများ၏ အလယ်တန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း... ၁၅၁

အကျဉ်းချုပ်

မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ဆန်းစစ်လေ့လာခြင်း သုတေသနသည် UNICEFနှင့် UNESCO-UISတို့ ၂၀၁၀ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် ကမ္ဘာ့ကျောင်းပြင်ပရောက်ကလေးများအခြေအနေလေ့လာခြင်း ပဏာမခြေလှမ်း၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ မြန်မာနိုင်ငံတွင် ဤသုတေသနလုပ်ငန်းကို ၂၀၁၆ခုနှစ် မေလမှစတင်၍ ပညာရေးဝန်ကြီးဌာနနှင့် UNESCO, UNICEF, OPMတို့ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ဆန်းစစ်လေ့လာခြင်း ပဏာမခြေလှမ်း၏ အဓိကရည်ရွယ်ချက်မှာ ကျောင်းပြင်ပရောက်ကလေးများ၏ ပမာဏကိုသိရှိရန်၊ ကျောင်းပြင်ပရောက်ရခြင်း၏ အကြောင်းရင်းဇစ်မြစ်ကို ပိုမိုစနစ်ကျစွာ စိစစ်အကဲဖြတ်နိုင်ရန်နှင့် ခိုင်မာသောပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အောက်ဖော်ပြပါအဖွဲ့များ ဖွဲ့စည်း၍ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ဆန်းစစ်လေ့လာခဲ့ပါသည်–

(က) ဦးစီးကော်မတီ။ ဤအဖွဲ့တွင် ပညာရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာန (၉)ခုမှ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သည်။

(ခ) နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့။ ဤအဖွဲ့တွင် ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာန (၉)ခု၊ UNICEF, UNESCOတို့မှ အဖွဲ့ဝင်များ ပါဝင်သည်။

(ဂ) ပင်မလုပ်ငန်းအဖွဲ့။ ပင်မလုပ်ငန်းအဖွဲ့ (၂)ဖွဲ့ ရှိသည်–

(ဂ–၁)။ ကျောင်းပြင်ပရောက်ကလေးများအကြောင်းလေ့လာသည့်အဖွဲ့။ ဤအဖွဲ့တွင် ဗဟိုစာရင်းအင်းအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနစာရင်းအင်းအဖွဲ့တို့မှ စာရင်းအင်းကျွမ်းကျင်ပညာရှင်များ ပါဝင်သည်။

(ဂ–၂)။ ကလေးများကျောင်းပြင်ပရောက်ရခြင်းအကြောင်းရင်းရှာဖွေသည့်အဖွဲ့။ ဤအဖွဲ့တွင် ပညာရေးဝန်ကြီးဌာန၊ သုတေသနအဖွဲ့မှ ပညာရေးမူဝါဒဆိုင်ရာသုတေသနပညာရှင်များ ပါဝင်သည်။

ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသည် အောက်ပါရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်–

(က) ကျောင်းပြင်ပရောက် မူလတန်းကြို၊ မူလတန်းနှင့် အလယ်တန်းအရွယ် ကလေးများအရေအတွက်နှင့် ကျောင်းပြင်ပရောက်ရခြင်း၏ အဓိကအကြောင်းရင်းများ (သို့မဟုတ်) အခက်အခဲများကို ဆန်းစစ်လေ့လာ ဖော်ထုတ်ရန်နှင့်

(ခ) ကျောင်းပြင်ပရောက် ကလေးအရေအတွက် လျော့ကျစေရန် (သို့မဟုတ်) ပပျောက်စေရန်အတွက် အထောက်အကူဖြစ်စေမည့်မူဝါဒများ ပေါ်ထွက်လာစေရေးအတွက် အကြံပြုချက်များ ထောက်ခံတင်ပြရန်။

သို့ဖြစ်၍ ဤသုတေသနလုပ်ငန်းတွင် အောက်ဖော်ပြပါအတိုင်း ကဏ္ဍ(၃)ခု ပါဝင်ခဲ့သည်–

(က) ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ဆန်းစစ်လေ့လာခြင်း၊
(ခ) အတားအဆီးများ၊ အခက်အခဲများနှင့် မူဝါဒလုပ်ငန်းစဉ်များ စိစစ်ဖော်ထုတ်ခြင်းနှင့်
(ဂ) ကျောင်းပြင်ပရောက်ကလေးများနှင့် စပ်ဆိုင်သည့် ပြဿနာများကို ကျော်လွှားစေနိုင်မည့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ထောက်ခံတင်ပြခြင်း။

စာရင်းအင်းဆိုင်ရာအချက်အလက်များရင်းမြစ်

ဤသုတေသနလုပ်ငန်းတွင် အောက်ဖော်ပြပါ ဆန်းစစ်လေ့လာချက်များမှ တွေ့ရှိခဲ့သည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အသုံးပြုခဲ့ပါသည်–

(က) မြန်မာနိုင်ငံ ကလေးလုပ်သား စစ်တမ်းအစီရင်ခံစာ (၂၀၁၅) (LFS 2015)
(ခ) ပညာရေးဝန်ကြီးဌာန၏ ပညာရေးဆိုင်ရာ သတင်းအချက်အလက်များ (၂၀၁၀–၂၀၁၁ ပညာသင်နှစ် မှ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်အထိ)
(ဂ) အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (IHLCAS 2010)
(ဃ) ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (၂၀၁၄)

ဤသုတေသနစာတမ်းတွင် အခန်း(၄)ခန်းပါဝင်သည်။ အခန်း(၁) နိဒါန်းပိုင်းတွင် ဆက်စပ်စဉ်းစားရမည့် မြန်မာနိုင်ငံအကြောင်းအရာအခြေအနေ၊ မြန်မာနိုင်ငံတွင် ကျင့်သုံးအကောင်အထည်ဖော်နေသည့် ပညာရေးစနစ်အပေါ် ခြုံငုံသုံးသပ်ချက်နှင့် ဤသုတေသနစာတမ်းရေးသားပြုစုရခြင်း၏ အကြောင်းရင်းများပါဝင်သည်။ အခန်း(၂)တွင် မြန်မာနိုင်ငံအတွင်း ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ရှုထောင့်(၅)မျိုးဖြင့် စိစစ်လေ့လာဖော်ပြခဲ့သည်။ အခန်း(၃)တွင် ကလေးများ ကျောင်းပြင်ပရောက်ရှိနေရခြင်း၏ အကြောင်းရင်းများ၊ ကလေးများပညာသင်ယူခွင့်ကို အဟန့်အတားဖြစ်စေသည့် အကြောင်းအရာများနှင့် ကလေးများပညာသင်ယူမှု အခွင့်အလမ်းများ တန်းတူရရှိရေးအတွက် ချမှတ်ထားသည့် မူဝါဒများ၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ဖော်ပြထားသည်။ အခန်း(၄)တွင် ဖော်ပြပါအခက်အခဲများ၊ အဟန့်အတားများကို ကျော်လွှားစေနိုင်မည့် အကြံပြုချက်များကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံတင်ပြထားပါသည်။

သုတေသနနည်းလမ်း

ဖယ်ထုတ်ခံရှုထောင့် (၅)မျိုးပုံစံဖြင့် ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို စိစစ်လေ့လာခဲ့သည်။ အဆိုပါဖယ်ထုတ်ခံရှုထောင့် (၅)မျိုးပုံစံမှာ ၂၀၁၁ခုနှစ်တွင် UNICEF နှင့် UNESCO-UIS တို့ ပူးပေါင်းဖော်ထုတ်ခဲ့သည့် ပုံစံဖြစ်ပြီး[၁] အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(၁) **ရှုထောင့်(၁)**။ မူကြိုကျောင်း (သို့မဟုတ်) မူလတန်းကျောင်းတွင် **မရောက်ရှိနေသော** မူကြိုအရွယ်ကလေးများ။
(၂) **ရှုထောင့်(၂)**။ မူလတန်းကျောင်း (သို့မဟုတ်) အလယ်တန်း/အထက်တန်းကျောင်းတွင် **မရောက်ရှိနေသော** မူလတန်းအရွယ်ကလေးများ။

[၁] UNESCO Institute for Statistics (UIS) and UNICEF Global Initiative on Out-of-School Children: Conceptual and Methodological Framework, (UNICEF and UNESCO Institute for Statistics, March 2011).

(၃) **ရှုထောင့်(၃)။** မူလတန်း (သို့မဟုတ်) အလယ်တန်း/အထက်တန်းကျောင်းတွင် **မရောက်ရှိနေသော** အလယ်တန်းအရွယ်ကလေးများ။

(၄) **ရှုထောင့်(၄)။** **ကျောင်းထွက်ရန်အလားအလာရှိသော** မူလတန်းကျောင်းသားများ။

(၅) **ရှုထောင့်(၅)။** **ကျောင်းထွက်ရန်အလားအလာရှိသော** အလယ်တန်းကျောင်းသားများ။

ရှုထောင့် (၁)၊ (၂) နှင့် (၃) တို့သည် ကျောင်းပြင်ပတွင် ရောက်ရှိနေသော ကလေးများဖြစ်ပြီး ရှုထောင့် (၄)နှင့် (၅) တို့သည် လတ်တလောကျောင်းတွင် ရှိနေကြသော်လည်း ကျောင်းထွက်ရန်အလားအလာရှိသော ကလေးများဖြစ်သည်။

ကျောင်းပြင်ပရောက်ကလေးများအခြေအနေ

မြန်မာနိုင်ငံတွင် မည်သည့်ကလေးများ ကျောင်းပြင်ပရောက်ရှိနေပါသနည်း။

မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ အခြေအနေကို စိစစ်လေ့လာချက်များမှ အောက်ဖော်ပြပါ ကလေးများသည် ပညာသင်ယူမှုအခွင့်အလမ်းမှ ဖယ်ထုတ်ခြင်းခံရနိုင်ခြေ ပိုမိုရှိသည်ဟု ဖော်ပြခဲ့သည်–

- ကျေးလက်ဒေသနေကလေးများ၊
- ဆင်းရဲနွမ်းပါးသော မိသားစုဝင်ကလေးများ၊
- မသန်စွမ်းကလေးများ၊
- ကလေးအလုပ်သမားများ။

ထို့ပြင် ယောကျ်ားလေးများသည် အသက်အရွယ်ရလာသည်နှင့်အမျှ အလုပ်လုပ်ရနိုင်ခြေ ပိုမိုမြင့်မားလာသည့်အတွက် ပညာသင်ယူမှုအခွင့်အလမ်းမှ ဖယ်ထုတ်ခံရနိုင်ခြေ ပိုမိုမြင့်မားလာသည်။ လေ့လာတွေ့ရှိချက်များအရ ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို ရှုထောင့် (၅)မျိုးပုံစံဖြင့် အောက်ပါအတိုင်း ဖော်ပြပါသည်–

ရှုထောင့် (၁) – မူကြိုအရွယ်ကလေး (အသက်၄နှစ်)များ၏ ၇၆%သည် ကျောင်းပြင်ပသို့ရောက်နေကြသည်။

ရှုထောင့် (၂) – မူလတန်းအရွယ်ကလေး (အသက်၅နှစ်မှ၉နှစ်) များ၏၁၂%သည် ကျောင်းပြင်ပသို့ ရောက်နေကြသည်။

ရှုထောင့် (၃) – အလယ်တန်းအရွယ်ကလေး (အသက်၁၀နှစ်မှ၁၃နှစ်) များ၏၁၁.၇%သည် ကျောင်းပြင်ပသို့ ရောက်နေကြသည်။

ရှုထောင့် (၄) – မူလတန်းတွင်ကျောင်းတက်နေသောကလေးများ၏ ၁၈.၁%သည် ကျောင်းထွက်ရန်အလားအလာရှိနေသည်။

ရှုထောင့် (၅) – အလယ်တန်းတွင်ကျောင်းတက်နေသောကလေးများ၏ ၁၈.၁%သည် ကျောင်းထွက်ရန်အလားအလာရှိနေသည်။

ရှုထောင့် (၁)။ ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ (အသက် ၄နှစ်)။

မူကြိုအရွယ်ကလေး ၇၆.၆%သည် ကျောင်းပြင်ပသို့ရောက်ရှိနေကြပြီး ကျေးလက်ဒေသနေကလေးများ၏ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းသည် မြို့ပြနေကလေးများထက် ပိုမိုမြင့်မားသည်။ မြို့ပြဒေသ၏ မူကြိုကျောင်းအပ်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်။

ကျောင်းပြင်ပရောက် ကလေးများအခြေအနေကို လေ့လာခြင်းပဏာမခြေလှမ်း၏ အဓိပ္ပါယ်သတ်မှတ်ချက်အရ ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးကို အခြေခံပညာရေးမစတင်မီ (၁)နှစ်ဟု သတ်မှတ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများကို လေ့လာရာတွင် အသက် (၄) နှစ်အရွယ် ကလေးများကိုသာ လေ့လာခဲ့သည်။ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ စာရင်းအင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ ကျောင်းပြင်ပရောက် မူကြိုအရွယ် ကလေးရာခိုင်နှုန်းမှာ (၇၆.၆%) ဖြစ်သည်။ ကျား/မ ညီမျှခြင်းအညွှန်းကိန်း (Gender Parity Index – GPI) မှာ (၀.၉၉) ဖြစ်၍ မူလတန်းကြို (တစ်နည်းအားဖြင့်) ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်မှု အခွင့်အလမ်းရရှိသည့် အခြေအနေတွင် ကျား/မ ကွဲပြားမှုမရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဖွဲ့အစည်းအလိုက် မူကြိုဝန်ဆောင်မှုပေးနိုင်စွမ်းကို ပုံ(၁)တွင် တွေ့ရှိနိုင်သည်။

ပုံ (၁) **မူကြိုဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုအဖွဲ့အစည်းအလိုက်နှိုင်းယှဉ်ဖော်ပြခြင်း**



ရင်းမြစ် – DERPT (2016)

၎င်းတို့အနက် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဝန်ဆောင်နိုင်မှုသည် အများဆုံးဖြစ်ပြီး ပုဂ္ဂလိကကျောင်းများ၏ဝန်ဆောင်မှုသည် ဒုတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ ကျေးလက်ဒေသတွင် ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးရာခိုင်နှုန်းမှာ (၈၀.၆၅%) ရှိပြီး မြို့ပြတွင် ကျောင်းပြင်ပ

ရောက်မူကြို အရွယ်ကလေးရာခိုင်နှုန်းမှာ (၆၃.၅၆%) ဖြစ်သည်။ သို့ဖြစ်၍ ကျေးလက်တွင်သာမက မြို့ပြတွင်ပါ မူကြိုကျောင်းတက်သည့် ကလေးဦးရေ အလွန်နည်းနေသေးကြောင်း သုံးသပ်ရသည်။ ပုံ(၂)သည် ကျေးလက်/မြို့ပြဒေသအလိုက် ကျောင်းတွင်း/ကျောင်းပြင်ပ မူကြိုအရွယ်ကလေးရာခိုင်နှုန်းကို ဖော်ပြထားသည်။

ပုံ (၂) ကျောင်းတွင်းနှင့် ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ကျေးလက်/မြို့ပြ အခြေအနေအရ နှိုင်းယှဉ်ဖော်ပြခြင်း



ရင်းမြစ် – Source: DERPT (2014-2015)

၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ Save the Children နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့၏ စာရင်းအင်းများအရ ကျေးလက်/မြို့ပြကွာဟချက်ကို ပိုမိုသိရှိနိုင်စေရန် ပုံ(၃)ဖြင့် ဖော်ပြထားသည်။ မြို့ပြဒေသ၏ မူကြိုကျောင်းအပ်နှန်းသည် ကျေးလက်ဒေသထက် နှစ်ဆ နီးပါး သာလွန်ကြောင်း တွေ့ရှိနိုင်သည်။

ကျေးလက်မြို့ပြကွာဟချက် အလွန်ကြီးမားကြောင်း ပုံ(၃)တွင် ထင်ထင်ရှားရှား တွေ့ရှိနိုင်သည်။ ဤကွာဟချက်ကို ပညာရေးမူဝါဒချမှတ်ရာတွင် လစ်လျူရှုနေမည်ဆိုပါက မြန်မာနိုင်ငံမူကြိုပညာရေး လောကအတွက် အကြီးမားဆုံးသော ပြဿနာဖြစ်လာနိုင်ခြေရှိပါသည်။

ပုံ (၃) ပညာသင်နှစ်(၄)နှစ်ဆက်တိုက်အတွက်ရွေးဦးကလေးသူငယ်ပြုစုပျိုးထောင်မှုရရှိသည့် အခြေအနေကို ကျေးလက်/မြို့ပြအခြေအနေအရ နှိုင်းယှဉ်ဖော်ပြခြင်း (၂၀၁၂-၁၃ မှ ၂၀၁၅-၁၆)



ရင်းမြစ် – DERPT

ရှုထောင့်(၂)။ ကျောင်းပြင်ပရောက် မူလတန်းအရွယ် (အသက် ၅နှစ် မှ ၉နှစ်) ကလေးများ

မြန်မာနိုင်ငံတွင် မူလတန်းအရွယ်ကလေးများ၏ ၁၂.၃%သည် ကျောင်းပြင်ပသို့ ရောက်ရှိနေကြပြီး ထိုအုပ်စုတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုများပြားနေသည်။ ရခိုင်ပြည်နယ်မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြားကွာဟချက်သိသိသာသာမကြီးမားပါ။

ဤရှုထောင့်သည် ကျောင်းထွက်စောသော (သို့မဟုတ်)ကျောင်းအပ်နှံထားခြင်းလုံးဝမရှိသော မူလတန်းအရွယ်ကလေးများကို လေ့လာသည်။ မြန်မာနိုင်ငံ ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာ (၂၀၁၅) (LFS 2015) အရ ကျောင်းပြင်ပရောက် မူလတန်းအရွယ်ကလေးများရာခိုင်နှုန်းမှာ (၁၂.၃%) ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန၏ ပညာရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များအရ (၂၀၁၂-၂၀၁၃) ပညာသင်နှစ်မှ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်အတွင်း ကျောင်းပြင်ပရောက် မူလတန်းအရွယ်ကလေးရာခိုင်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ကျား/မ ညီမျှခြင်းအညွှန်းကိန်း (GPI)မှာ (၀.၈၇) ဖြစ်၍ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပပိုမို ရောက်ရှိနေကြောင်း သုံးသပ်ရပါသည်။ ကျေးလက်မြို့ပြကွာဟချက် မတွေ့ရသော်လည်း ကျေးလက်၏ ကျား/မ ညီမျှခြင်းအညွှန်းကိန်းမှာ (၀.၉၀) ဖြစ်ပြီး၊ မြို့ပြ၏ ကျား/မ ညီမျှခြင်းအညွှန်းကိန်းမှာ (၀.၇၅) အသီးသီးဖြစ်ကြသည့်အတွက် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ ပိုမိုရောက်ရှိနေကြောင်း ထပ်မံသုံးသပ်တွေ့ရှိရသည်။

ရခိုင်ပြည်နယ်၏ ကျောင်းတက်နှုန်းမှာ (၆၅.၁%) ဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ကျောင်းတက်နှုန်းမှာ (၈၅%) ဝန်းကျင်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်မှလွဲ၍ ကျန်တိုင်းဒေသကြီး

နှင့်ပြည်နယ်များအကြား ကျောင်းတက်နှုန်း ကွဲပြားခြားနားမှုမရှိကြောင်း သုံးသပ်ရသည်။[၂] တစ်ဖန် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၏ မူလတန်းအရွယ်ကလေးများ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းသည် နိုင်ငံတော်အဆင့်ရာခိုင်နှုန်း (၁၂.၃%)ထက် ပိုမိုမြင့်မားနေသည်။

ပုံ(၄)တွင်ဖော်ပြထားသည့်အတိုင်း ရခိုင်ပြည်နယ်၏ ကျောင်းပြင်ပရောက် မူလတန်းအရွယ်ကလေး ရာခိုင်နှုန်းမှာ (၃၃.၈%)ဖြစ်ပြီး ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်။ ဒုတိယအမြင့်ဆုံးဖြစ်သည့် မွန်ပြည်နယ်၏ရာခိုင်နှုန်းမှာ (၁၅.၉၅%)ဖြစ်သည့်အတွက် ကွာဟချက် (၁၇.၉%)ရှိကြောင်း၊ တတိယအမြင့်ဆုံးဖြစ်သည့် ချင်းပြည်နယ်၏ ရာခိုင်နှုန်းမှာ (၁၅.၉%) ဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် ကွာဟချက်အနည်းငယ်သာရှိကြောင်းတို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ကယားပြည်နယ်၏ ရာခိုင်နှုန်းမှာ (၇.၃%)နှင့် အနိမ့်ဆုံးဖြစ်ပြီး၊ ရှမ်းပြည်နယ် (၇.၅%)၊ ကချင်ပြည်နယ် (၉.၄%)နှင့် မကွေးတိုင်းဒေသကြီး (၉.၅%)တို့ ဖြစ်သည်။

ပုံ (၄) မူလတန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြခြင်း



ရင်းမြစ် — LFS (2015)

မူလတန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းသည် မိသားစုစီးပွားရေးအခြေအနေနှင့် ပြောင်းပြန် ဆက်စပ်မှုရှိကြောင်းနှင့် ကျောင်းပြင်ပရောက် အမြင့်ဆုံးရာခိုင်နှုန်း (၁၇.၂%)ကို မိသားစုကြွယ်ဝမှုအညွှန်းကိန်း (Household Wealth Index) အနိမ့်ဆုံးတွင်တွေ့ရှိရပြီး၊ ကျောင်းပြင်ပရောက် အနိမ့်ဆုံးရာခိုင်နှုန်း (၇.၃%)ကို မိသားစုကြွယ်ဝမှုအမြင့်ဆုံးတွင် တွေ့ရှိရသည်။ ထို့အတူ မူလတန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းသည် အိမ်ထောင်ဦးစီး/မိဘ၏ ပညာရေးအခြေအနေနှင့် ပြောင်းပြန်ဆက်စပ်မှုရှိကြောင်း တွေ့ရှိရသည်။ မိဘ၏ပညာရေးအခြေအနေ မြင့်မားလာသည်နှင့်အမျှ ကျောင်းပြင်ပရောက်ရှိမှုရာခိုင်နှုန်း နိမ့်လာသည်။

[၂] ဤသုတေသနစာတမ်းတွင် ပြည်နယ်(၇)ခု၊ တိုင်းဒေသကြီး(၇)ခုနှင့် နေပြည်တော် တို့ကို နှိုင်းယှဉ်လေ့လာထားသည်။

LFS (2015) အရ မူလတန်းအရွယ် ကလေးလုပ်သားများအနက် (၃၆.၈%)သည် ကျောင်းပြင်ပသို့ ရောက်ရှိနေသည်။ ထို့အတူ မသန်စွမ်းကလေးများအနက် (၄၆.၇%)သော ကလေးများသည်လည်း ကျောင်းပြင်ပသို့ရောက်ရှိနေသည်။ သို့ဖြစ်၍ ကလေးလုပ်သားများ၊ မသန်စွမ်းကလေးများသည် ကျောင်းပြင်ပရောက်ရှိရန် အလားအလာပိုရှိကြောင်း သုံးသပ်နိုင်သည်။

ရှုထောင့် (၃)။ ကျောင်းပြင်ပရောက်အလယ်တန်းဆင့်အရွယ် (အသက်၁၀နှစ်မှ၁၃နှစ်) ကလေးများ

နိုင်ငံတော်အဆင့် အလယ်တန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းမှာ ၁၁.၇% ဖြစ်ပြီး ကျား/မ ညီမျှခြင်းအညွှန်းကိန်းမှာ ၀.၉၅ ဖြစ်သည့်အတွက် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပပိုမိုရောက်ရှိနေသည်။ ဤအသက်အုပ်စုတွင် ပြည်နယ်/တိုင်းဒေသကြီးများအကြား ကွာခြားမှုကြီးမားသည်။

ဤရှုထောင့်သည် ကျောင်းထွက်စောသော (သို့မဟုတ်) ကျောင်းအပ်နှံခြင်းလုံးဝမရှိသော အလယ်တန်းဆင့်အရွယ်ကလေးများကို ကိုယ်စားပြုသည်။ LFS (2015)အရ ကျောင်းပြင်ပရောက် အလယ်တန်းဆင့်အရွယ် ကလေးများရာခိုင်နှုန်းမှာ (၁၁.၇%) ဖြစ်သည်။ (၂၀၁၂–၂၀၁၃) ပညာသင်နှစ်မှ (၂၀၁၅–၂၀၁၆) ပညာသင်နှစ်အတွင်း ကျောင်းပြင်ပရောက် အလယ်တန်းဆင့်အရွယ် ကလေးရာခိုင်နှုန်းသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာကြောင်း တွေ့ရှိရသည်။ တစ်ဖန် ကလေးအသက်အရွယ်ကြီးလာသည်နှင့်အမျှ ကျောင်းပြင်ပရောက်ရာခိုင်နှုန်း မြင့်မားလာကြောင်းလည်း တွေ့ရှိရသည်။ ကျောင်းပြင်ပရောက်အလယ်တန်းဆင့်အရွယ် ကလေးများ၏ ကျား/မ ညီမျှခြင်းအညွှန်းကိန်း (GPI) မှာ (၀.၉၅) ဖြစ်၍ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိနေကြောင်း သုံးသပ်ရသည်။

ကျေးလက်ဒေသ၏ ကျောင်းပြင်ပရောက်ရှိမှုရာခိုင်နှုန်းမှာ (၁၃.၂%) ဖြစ်ပြီး မြို့ပြ၏ရာခိုင်နှုန်းမှာ (၈.၆%) ဖြစ်သည့်အတွက် မူလတန်းကဲ့သို့ပင် အလယ်တန်းတွင်လည်း ကျေးလက်မြို့ပြကွာဟချက်ရှိကြောင်းတွေ့ရှိရသည်။ ထို့ပြင် ကျေးလက်နှင့်မြို့ပြတို့၏ ကျား/မ ညီမျှခြင်းအညွှန်းကိန်းများမှာ (၀.၉၂) နှင့် (၁.၀၄)တို့ အသီးသီးဖြစ်ကြသည့်အတွက် ကျေးလက်ဒေသတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပ ပိုမိုရောက်ရှိကြပြီး၊ မြို့ပြဒေသတွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းပြင်ပသို့ ပိုမိုရောက်ရှိကြကြောင်း ထပ်မံသုံးသပ်တွေ့ရှိရသည်။

ကျောင်းပြင်ပရောက် အလယ်တန်းဆင့်အရွယ် ကလေးများရာခိုင်နှုန်းသည် ပြည်နယ်/တိုင်းဒေသကြီးများအကြား ကွာဟချက်အလွန်ကြီးမားကြောင်း တွေ့ရှိရသည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ အလယ်တန်းဆင့်အရွယ်ကလေးများ၏ကျောင်းပြင်ပရောက်ရာခိုင်နှုန်းသည် နိုင်ငံတော်အဆင့်ရာခိုင်နှုန်း (၁၁.၇%)ထက် ပိုမိုမြင့်မားနေသည်။ မွန်ပြည်နယ် (၁၁.၃%)နှင့် ရှမ်းပြည်နယ် (၁၁.၅%)တို့သည် နိုင်ငံတော်အဆင့်နှင့် နီးကပ်လျက်ရှိသည်။ ရခိုင်ပြည်နယ်၏ ရာခိုင်နှုန်းမှာ (၃၅.၆%)ဖြစ်ပြီး ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်။ ဒုတိယအမြင့်ဆုံးဖြစ်သည့် ကရင်ပြည်နယ်၏ ရာခိုင်နှုန်းမှာ (၁၆.၀%)ဖြစ်သည့်အတွက် ကွာဟချက် (၁၉.၆%)ရှိကြောင်း၊ တတိယအမြင့်ဆုံးဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၏ ရာခိုင်နှုန်းမှာ (၁၅.၂%)ဖြစ်သည့်အတွက် ကရင်ပြည်နယ်နှင့် ကွာဟချက် အနည်းငယ်သာရှိကြောင်းတို့ကိုလည်း လေ့လာတွေ့ရှိရသည်။

ချင်းပြည်နယ်၏ ရာခိုင်နှုန်းမှာ (၄.၁၇%)နှင့် အနိမ့်ဆုံးဖြစ်ပြီး၊ နေပြည်တော်၏ ရာခိုင်နှုန်းမှာ (၄.၂၂%) နှင့် ဒုတိယအနိမ့်ဆုံးဖြစ်သည်။

ပုံ (၅) ပြည်နယ်/တိုင်းဒေသကြီးအလိုက် အလယ်တန်းဆင့်အရွယ်ကလေးများ၏ ကျောင်းပြင်ပရောက် ရာခိုင်နှုန်း



ရင်းမြစ် LFS (2015)

မူလတန်းအရွယ်ကလေးများကဲ့သို့ပင် အလယ်တန်းဆင့်အရွယ်ကလေးများ၏ ကျောင်းပြင်ပရောက် ရာခိုင်နှုန်းသည် မိသားစုစီးပွားရေး အခြေအနေနှင့်လည်းကောင်း၊ အိမ်ထောင်ဦးစီး/မိဘ၏ ပညာရေး အခြေအနေနှင့်လည်းကောင်း ပြောင်းပြန်ဆက်စပ်မှုရှိကြောင်း တွေ့ရှိရသည်။

ကျောင်းပြင်ပရောက် အလယ်တန်းဆင့်အရွယ် ကလေးများ၏အခြေအနေကို စိစစ်လေ့လာတွေ့ရှိချက် များအရ အလယ်တန်းဆင့်အရွယ် ကလေးလုပ်သားများအနက် (၉၄.၅%)သည် ကျောင်းပြင်ပသို့ ရောက်နေကြောင်းတွေ့ရှိရသည်။ ထို့အတူ အလယ်တန်းအရွယ်မသန်စွမ်းကလေးများအနက် (၃၉.၂%) သော ကလေးများသည်လည်း ကျောင်းပြင်ပသို့ရောက်ရှိနေပြီး မသန်စွမ်း ယောကျ်ားလေးများသည် မသန်စွမ်း မိန်းကလေးများထက်ပို၍ ကျောင်းပြင်ပသို့ရောက်ရှိနေကြသည်။ သို့ဖြစ်၍ မူလတန်း ကဲ့သို့ပင် အလယ်တန်းအရွယ် ကလေးအလုပ်သမားများ၊ မသန်စွမ်းကလေးများသည် ကျန်ကလေးများ ထက် ကျောင်းပြင်ပရောက်ရှိရန် အလားအလာပိုရှိကြောင်း သုံးသပ်ရပါသည်။

ရှုထောင့် (၄)။ မူလတန်းပညာရေးမှ ကျောင်းထွက်သွားနိုင်ခြေရှိသောကလေးများ

၂၀၁၅ခုနှစ်တွင် မူလတန်းမပြီးဆုံးမီကျောင်းထွက်သွားနိုင်ခြေရှိသောကလေးရာခိုင်နှုန်းမှာနိုင်ငံတော် အဆင့်တွင် ၁၈.၁%ရှိသည်။ ၂၀၁၅ခုနှစ်တွင် ၎င်းရာခိုင်နှုန်းမှာ ၁၆.၂%သာရှိခဲ့သည့်အတွက် ကျောင်းထွက်နိုင်ခြေ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာကြောင်းတွေ့ရှိရသည်။ ယောကျ်ား လေးများသည် မိန်းကလေးများထက်လည်းကောင်း၊ ကျေးလက်နေကလေးများသည် မြို့ပြနေ ကလေးများထက်လည်းကောင်း မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေပိုများသည်။

ဤရှုထောင့်တွင် မူလတန်းပညာရေးမှ ကျောင်းထွက်သွားနိုင်ခြေရှိသော ကလေးများအားလုံး ပါဝင်သည်။ တစ်နည်းအားဖြင့် မူလတန်းကျောင်းတက်နေသောကလေး အသက်အရွယ်အားလုံးကို ထည့်သွင်းသုံးသပ်ရသည်။ ကျောင်းထွက်သွားနိုင်ခြေရှိသော ကလေးများအခြေအနေကို သုံးသပ်ရာတွင် အောက်ဖော်ပြပါ အညွှန်းကိန်းများကို ထည့်သွင်းစဉ်းစားရသည်–

(က) အတန်းအလိုက်ကျောင်းထွက်နှုန်းနှင့် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်း၊
(ခ) မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း၊
(ဂ) အတန်းထပ်ကျော့နှုန်း၊
(ဃ) အသက်လွန်ကျောင်းသား၊ နှင့်
(င) ကျောင်းထွက်သွားရန်ဖြစ်နိုင်ခြေနှုန်း။

အတန်းအလိုက် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းကို အောက်ပါဇယားဖြင့် ဖော်ပြထားသည်။

ဇယား (၁) အတန်းအလိုက် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်း

အတန်း	**ကျောင်းထွက်နှုန်း (%)**
သူငယ်တန်း	၁၅.၇
ပထမတန်း	၅.၆
ဒုတိယတန်း	၃.၈
တတိယတန်း	၈.၈
စတုတ္ထတန်း	၁၀.၅

ရင်းမြစ် — DERPT (2014-2015)

မူလတန်းဆင့်တွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်မှုရာခိုင်နှုန်းပိုမိုမြင့်မားသည်။ တစ်ဖန် မြို့ပြဒေသရှိကလေးများနှင့် နွိုင်းယှဉ်လျှင် ကျေးလက်ဒေသရှိ ကလေးများ၏ ကျောင်းထွက်နှုန်းသည် မူလတန်းအတန်းအားလုံးတွင် မြင့်မားနေသည်။

နိုင်ငံတော်အဆင့် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းမှာ (၁၀.၆%) ဖြစ်သည်။ ဤအညွှန်းကိန်းတွင်လည်း ယောကျ်ားလေးများသည် မိန်းကလေးများထက်သော်လည်းကောင်း၊ ကျေးလက်ဒေသသည် မြို့ပြဒေသထက်သော်လည်းကောင်း ရာခိုင်နှုန်းပိုမိုမြင့်မားသည်။ တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့ပြများတွင် ကျောင်းထွက်နှုန်းလုံးဝမရှိသည်ကို တွေ့ရှိရသည်။

ပြည်နယ်/တိုင်းဒေသကြီးအလိုက် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းကို ပုံ (၆)ဖြင့် ဖော်ပြထားသည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတို့၏ မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းများမှာ နိုင်ငံတော်အဆင့်နှုန်းထက် မြင့်မားနေကြောင်းတွေ့ရှိရသည်။ ကချင်ပြည်နယ်၏ ရာခိုင်နှုန်းမှာ ၄၉.၀%ဖြင့် အမြင့်ဆုံးဖြစ်ပြီး ဒုတိယအမြင့်ဆုံးမှာရခိုင်ပြည်နယ်(၃၈.၃%)၊ တတိယအမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး (၃၂.၈%)တို့ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၏ ရာခိုင်နှုန်းမှာ (၈.၅%)ဖြင့်အနိမ့်ဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ (၉.၀%)ဖြင့် ဒုတိယအနိမ့်ဆုံးဖြစ်သည်။

ပုံ (၆) ပြည်နယ်/တိုင်းဒေသကြီးအလိုက် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်း



ရင်းမြစ် — LFS (2015)

မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်းအနေနှင့် ယောကျ်ားလေးများသည် (၈၈.၄%)ရှိပြီး မိန်းကလေးများသည် (၉၀.၃%)ရှိသည်။ ကျား/မ ညီမျှခြင်းအညွှန်းကိန်း (GPI) မှာ (၁.၀၂) ဖြစ်၍ ကျား/မ ခြားနားမှုမရှိကြောင်း သုံးသပ်နိုင်သည်။ သို့ရာတွင် ကျေးလက်နေကလေးများ၏ မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်းမှာ (၆၈.၂%)ဖြစ်ပြီး မြို့ပြနေကလေးများ၏ ရှင်သန်မှုနှုန်း (၉၅.၆%) အောက်များစွာလျော့နည်းနေ၍ ကျေးလက်မြို့ပြကွာဟချက်ကြီးမားသည်။ နိုင်ငံတော်၏ မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်းနိမ့်ကျရခြင်း အကြောင်းရင်းမှာ ကျေးလက်ဒေသ၏ ရှင်သန်မှုနှုန်းလျော့ကျရခြင်းကြောင်းဖြစ်သည်။ ရှင်သန်မှုနှုန်းသည် ၂၀၁၀–၂၀၁၁ ပညာသင်နှစ်မှ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်အတွင်း တိုးတက်လာသော်လည်း ၂၀၁၄–၂၀၁၅ ပညာသင်နှစ်တွင် ပြန်လည်ကျဆင်းသွားသည်။

သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်းများ၏ ထပ်ကျော့နှုန်းများမှာ (၁.၅%)၊ (၁.၀%)၊ (၀.၉%)၊ (၁.၀%) နှင့် (၁.၂%) တို့အသီးသီးဖြစ်ကြသည့်အတွက် မူလတန်းတွင် ထပ်ကျော့နှုန်းနိမ့်သည်ဟု ကောက်ချက်ဆွဲနိုင်သည်။ အခြားအညွှန်းကိန်းများကဲ့သို့ပင် ထပ်ကျော့နှုန်းတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက်မြင့်မားကြောင်း တွေ့ရှိရသည်။ သူငယ်တန်းယောကျ်ားလေးများ၏ ထပ်ကျော့နှုန်းမှာ (၇.၅%) ဖြစ်၍ အဆိုပါထပ်ကျော့ ယောကျ်ားလေးများသည် ကျောင်းထွက်ရန် အလားအလာပိုရှိသည်။

အသက်လွန်ကျောင်းသားများနှင့်ပတ်သက်၍ သုံးသပ်ရာတွင် အတန်းကြီးလာသည်နှင့်အမျှ အသက်လွန်ကျောင်းသား ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်အဆင့်၌ မူလတန်းတွင် အသက်လွန်ကျောင်းသား (၁၀.၄%) ရှိပါသည်။ ရှိရမည့်အသက်ထက် တစ်နှစ်ပို၍ကြီးသောကလေး (၆%) ရှိပြီး သက်လွန်ကလေးအများစုမှာ (၁၀)နှစ်မှ (၁၃)နှစ်အကြားရှိသည်။

စတုတ္ထတန်းမတိုင်မီ ကျောင်းထွက်နိုင်ခြေကို လေ့လာဆန်းစစ်ရာတွင် (၂၀၁၁–၂၀၁၂) ပညာသင်နှစ်မှ (၂၀၁၄–၂၀၁၅)ပညာသင်နှစ်အထိ(၄)နှစ်တာကာလအတွင်းကျောင်းထွက်နိုင်ခြေနှုန်းမှာတစ်ဖြည်းဖြည်း

မြင့်တက်လာသည်ကို တွေ့ရှိရသည်။ (၂၀၁၁–၂၀၁၂) ပညာသင်နှစ်တွင် (၁၆.၂%) ရှိခဲ့ရာမှ (၂၀၁၄–၂၀၁၅) ပညာသင်နှစ်တွင် (၁၈.၁%) အထိ မြင့်တက်လာပြီး (၂၀၁၄–၂၀၁၅) စာရင်းအရ ယောကျ်ားလေးများ၏ ကျောင်းထွက်နိုင်ခြေနှုန်းသည် (၁၉.၈%) ရှိပြီး မိန်းကလေးများ၏နှုန်းသည် (၁၆.၆%) ဖြစ်သည်။ သို့ဖြစ်၍ ယောကျ်ားလေးများသည် မိန်းကလေးများထက် စတုတ္ထတန်း မတိုင်မီ ကျောင်းထွက်နိုင်ခြေပိုမိုမြင့်မားကြောင်း သုံးသပ်တွေ့ရှိရသည်။

ပုံ (၇) မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေနှုန်းကို ကျေးလက်/မြို့ပြနှင့် ကျား/မ အခြေအနေအလိုက်ဖော်ပြခြင်း



ရင်းမြစ် — DERPT (2014-2015)

ကျေးလက်ဒေသ၏ ကျောင်းထွက်နိုင်ခြေသည် မြို့ပြဒေသ၏ကျောင်းထွက်နိုင်ခြေထက် အဆပေါင်းများစွာ မြင့်မားနေသည်။ နိုင်ငံတော်အဆင့်အနေနှင့် ကျေးလက်ဒေသ၏ ကျောင်းထွက်နိုင်ခြေသည် မြို့ပြဒေသ၏ ကျောင်းထွက်နိုင်ခြေထက် (၁၁)ဆ၊ ကျေးလက်ယောကျ်ားလေးများသည် မြို့ပြ ယောကျ်ားလေးများထက် (၆)ဆနှင့် ကျေးလက်မိန်းကလေးများသည် မြို့ပြမိန်းကလေးများထက် အဆ(၂၀) ပိုမိုမြင့်မားနေကြောင်း သုံးသပ်တွေ့ရှိရသည်။ ကချင်ပြည်နယ်တွင် မူလတန်းတက်နေသော ကလေးများအနက် ၈၃.၂%သည် ကျောင်းထွက်ရန်အလားအလာရှိနေစဉ် ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉.၉%နှင့် မန္တလေးတိုင်းဒေသကြီးတွင် ၂၃.၇%သည် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန် အလားအလာရှိနေသည်။

မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေနှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ပုံ(၈)တွင် နှိုင်းယှဉ်ဖော်ပြထားသည်။ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်များရှိ မြို့ပြများတွင် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေမရှိဘဲ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့ရှိ မြို့ပြဒေသများတွင် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေမှာ ၁၀%အောက် လျော့နည်းသည်။ ကျောင်းထွက်နိုင်ခြေနှုန်းအနိမ့်ဆုံးကို ပဲခူးတိုင်းဒေသကြီး (၂၁%)နှင့် တနင်္သာရီတိုင်းဒေသကြီး (၂၅.၄%) တို့တွင်တွေ့ရှိရပြီး အမြင့်ဆုံးရာခိုင်နှုန်းကို ကချင်ပြည်နယ်တွင် (၉၀%)ဖြင့် တွေ့ရှိရသည်။

ပုံ (၈) မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေနှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြခြင်း



ရင်းမြစ် — DERPT (2014-2015)

ရှုထောင့် (၅)။ အလယ်တန်းပညာရေးမှ ကျောင်းထွက်သွားနိုင်ခြေရှိသောကလေးများ

၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်သွားနိုင်ခြေရှိသောကလေးများရာခိုင်နှုန်းမှာ၁၈.၁%ဖြစ်ပြီး ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။ တစ်ဖန် ကျေးလက်နေကလေးများသည် မြို့ပြနေကလေးများထက် ကျောင်းထွက်နိုင်ခြေ (၆)ဆပိုမြင့်မားသည်။

ဤရှုထောင့်တွင် အလယ်တန်းပညာရေးမှ ကျောင်းထွက်သွားနိုင်ခြေရှိသော ကလေးများအားလုံး ပါဝင်သည်။ တစ်နည်းအားဖြင့် အလယ်တန်းကျောင်းတက်နေသောကလေး အသက်အရွယ်အားလုံးကို ထည့်သွင်းသုံးသပ်ရသည်။

ဇယား (၂) အတန်းအလိုက် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်း

အတန်း	ကျောင်းထွက်နှုန်း (%)
ပဉ္စမတန်း	၇.၁
ဆဋ္ဌမတန်း	၇.၃
သတ္တမတန်း	၁၁.၃
အဋ္ဌမတန်း	၁၅.၅

ရင်းမြစ် — DERPT (2014-2015)

ကျောင်းထွက်နှုန်းတွင် ကျား/မ ကွဲပြားမှုကိုတွေ့ရှိရသည်။ ယောကျ်ားလေးများသည် အသက်အရွယ်ရလာသည်နှင့်အမျှ ကလေးလုပ်သားပိုဖြစ်လာကြသည့်အတွက် အလယ်တန်းယောကျ်ားလေးများသည်

မိန်းကလေးများထက် ကျောင်းထွက်မှုရာခိုင်နှုန်း ပိုမိုမြင့်မားလာသည်။ တစ်ဖန် မြို့ပြဒေသရှိ ကလေးများနှင့်နိုင်းယှဉ်လျှင် ကျေးလက်ဒေသရှိကလေးများ၏ ကျောင်းထွက်နှုန်းသည် အလယ်တန်း အတန်းအားလုံးတွင် မြင့်မားနေပါသည်။

နိုင်ငံတော်အဆင့် အလယ်တန်းမပြီးဆုံးမီကျောင်းထွက်နှုန်းမှာ (၁၅.၈%) ဖြစ်၍မူလတန်းထက်နှုန်းပိုမို မြင့်မားလာသည်။ ဤအညွှန်းကိန်းတွင်လည်း ယောကျ်ားလေးများသည် မိန်းကလေးများထက် သော်လည်းကောင်း၊ ကျေးလက်ဒေသသည် မြို့ပြဒေသထက်သော်လည်းကောင်း ရာခိုင်နှုန်းပိုမိုမြင့်မား သည်။ ရှမ်းပြည်နယ် (၁၃.၅%)၊ ရန်ကုန်တိုင်းဒေသကြီး (၃%)၊ မန္တလေးတိုင်းဒေသကြီး (၃.၆%)နှင့် ပဲခူးတိုင်းဒေသကြီး (၄၂.၈%) တို့မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့ပြများတွင် ကျောင်းထွက်နှုန်း လုံးဝမရှိသည်ကို တွေ့ရှိရသည်။

ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကျောင်းထွက်နှုန်းကို ပုံ(၉)တွင် နှိုင်းယှဉ်ဖော်ပြထားသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများ အားလုံး၏ အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းသည် နိုင်ငံတော်အဆင့်နှုန်းထက် မြင့်မားနေကြောင်း တွေ့ရှိ ရသည်။ ကချင်ပြည်နယ်၏ရာခိုင်နှုန်းမှာ (၆၄.၂%)ဖြင့် အမြင့်ဆုံးဖြစ်ပြီး ဒုတိယအမြင့်ဆုံးမှာ ပဲခူးတိုင်းဒေသကြီး (၆၂.၈%)၊ တတိယအမြင့်ဆုံးမှာ ကရင်ပြည်နယ် (၄၅.၅%) တို့ဖြစ်ပါသည်။ ရန်ကုန်တိုင်း ဒေသကြီး၏ ရာခိုင်နှုန်းမှာ အနိမ့်ဆုံး (၁၂.၆%)ဖြစ်ပြီး နေပြည်တော်မှာ ဒုတိယအနိမ့်ဆုံး (၁၄.၈%) ဖြစ်သည်။

ပုံ (၉) အလယ်တန်းမပြီးဆုံးမီကျောင်းထွက်နှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြခြင်း



ရင်းမြစ် — DERPT (2014-2015)

အလယ်တန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းအနေနှင့် ယောကျ်ားလေးများသည် (၇၉.၈%) ရှိပြီး မိန်းကလေးများသည် (၈၈.၃%)ရှိကာ နိုင်ငံတော်အနေနှင့် (၈၄.၂%)ရှိသည်။ (၂၀၁၀–၂၀၁၁) ပညာသင်နှစ်မှ (၂၀၁၂–၂၀၁၃) ပညာသင်နှစ်အထိ ရှင်သန်မှုနှုန်း မြင့်မားလာသော်လည်း (၂၀၁၃–၂၀၁၄) ပညာသင်နှစ်မှစတင်၍ တစ်ဖြည်းဖြည်း ပြန်လည်နိမ့်ကျလာသည်။ ကျား/မ ညီမျှခြင်းအညွှန်းကိန်း (GPI) မှာ (၁.၁၁) ဖြစ်၍ မိန်းကလေးများသည် ယောကျ်ားလေးများထက် ရှင်သန်မှုနှုန်း ပိုမို

မြင့်မားကြောင်း သုံးသပ်ရသည်။ အလယ်တန်းရှင်သန်မှုနှုန်း မူလတန်းအောက်ကျဆင်းလာရခြင်း အကြောင်းရင်းမှာ ယောကျ်ားလေးများ၏ ရှင်သန်မှုနှုန်း ကျဆင်းသွားရခြင်းကြောင့်ဖြစ်သည်။ တစ်ဖန် ကျေးလက်နေကလေးများ၏ အလယ်တန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်းမှာ မြို့ပြနေကလေး များ၏ ရှင်သန်မှုနှုန်းအောက် များစွာလျော့နည်းနေကြောင်းလည်း တွေ့ရှိရသည်။ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းများ၏ ထပ်ကျော့နှုန်းများမှာ (၀.၅%)၊ (၀.၄%)၊ (၀.၅%) နှင့် (၂%) တို့အသီးသီးဖြစ်ကြသည့်အတွက် အလယ်တန်းတွင်လည်း ထပ်ကျော့နှုန်းနိမ့်သည်ဟု ကောက်ချက်ဆွဲနိုင်သည်။ အခြားအညွှန်းကိန်းများကဲ့သို့ပင် ထပ်ကျော့နှုန်းတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် မြင့်မားကြောင်းတွေ့ရှိရသည်။

အသက်လွန်ကျောင်းသားများနှင့်ပတ်သက်၍ သုံးသပ်ရာတွင် အတန်းကြီးလာသည်နှင့်အမျှ အသက်လွန်ကျောင်းသားပိုမိုများပြားလာကြောင်းတွေ့ရှိရသည်။ နိုင်ငံတော်အဆင့်၌ အလယ်တန်းတွင် အသက်လွန်ကျောင်းသား (၁၃.၈%) ရှိသည်။ ရှိရမည့်အသက်ထက် တစ်နှစ်ပို၍ကြီးသောကလေး (၁၀%) ရှိပြီး သက်လွန်ကလေးအများစုမှာ (၁၄) နှစ်မှ (၁၆) နှစ်အကြားရှိသည်။

အဋ္ဌမတန်းမတိုင်မီ ကျောင်းထွက်နိုင်ခြေကို လေ့လာဆန်းစစ်ရာတွင် (၂၀၁၁–၂၀၁၂) ပညာသင်နှစ်မှ (၂၀၁၃–၂၀၁၄) ပညာသင်နှစ်အထိ (၃)နှစ်ဆက်တိုက် ကျောင်းထွက်နိုင်ခြေနှုန်းမှာ (၂၀.၇%) မှ (၁၄.၂%) အထိ တဖြည်းဖြည်းကျဆင်းလာရာမှ (၂၀၁၄–၂၀၁၅) ပညာသင်နှစ်တွင် (၁၈.၁%) သို့ ပြန်လည်မြင့်တက်လာသည်။ (၂၀၁၄–၂၀၁၅) စာရင်းအရ ယောကျ်ားလေးများ၏ ကျောင်းထွက်နိုင်ခြေနှုန်းသည် (၂၁%) ရှိပြီး မိန်းကလေးများ၏နှုန်းသည် (၁၄.၇%) ဖြစ်သည်။ သို့ဖြစ်၍ ယောကျ်ားလေးများသည် မိန်းကလေးများထက် အဋ္ဌမတန်းမတိုင်မီ ကျောင်းထွက်နိုင်ခြေပိုမိုမြင့်မားကြောင်း သုံးသပ်တွေ့ရှိရသည်။ ထို့ပြင်ကျေးလက်ဒေသ၏ အဋ္ဌမတန်းမတိုင်မီ ကျောင်းထွက်နိုင်ခြေနှုန်း (၂၉.၄%) သည်မြို့ပြဒေသ (၅.၅%)ထက် (၆)ဆ မြင့်မားနေကြောင်း စိစစ်တွေ့ရှိရသည်။

ပုံ (၁၀) အလယ်တန်းကလေးများ ကျောင်းထွက်နိုင်ခြေနှုန်းကို နှစ်အလိုက်ဖော်ပြခြင်း (၂၀၁၀–၂၀၁၅)



ရင်းမြစ် – DERPT

အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေနှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် စိစစ်လေ့လာရာ ပဲခူးတိုင်းဒေသကြီး၏နှုန်း (၉၂.၈%)သည် အမြင့်ဆုံး၊ ကချင်ပြည်နယ်၏နှုန်း(၈၄.၉%)သည် ဒုတိယ အမြင့်ဆုံးဖြစ်ပြီး၊ အနိမ့်ဆုံးနှုန်းများအနေနှင့် ရန်ကုန်တိုင်းဒေသကြီး(၂၅.၈%)၊ မန္တလေးတိုင်းဒေသကြီး(၃၃.၈%)နှင့် နေပြည်တော် (၃၆.၉၆%)တို့ကိုတွေ့ရှိရသည်။

ပုံ (၁၁) အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် နှိုင်းယှဉ်ဖော်ပြခြင်း



ရင်းမြစ် – (DERPT)

ပုံ (၁၂) အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေနှုန်းကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ကျေးလက်/မြို့ပြအခြေအနေအရ နှိုင်းယှဉ်ဖော်ပြခြင်း



ရင်းမြစ် – DERPT

ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၏ မြို့ပြဒေသများတွင် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေလုံးဝမရှိကြောင်း (၀%)တွေ့ရှိရပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ မြို့ပြဒေသများတွင် ကျောင်းထွက်နိုင်ခြေနှုန်း (၁၀%) အောက်လျော့နည်းကြောင်းတွေ့ရှိရသည်။ ကျေးလက်ဒေသများအနေနှင့် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေလုံးဝမရှိသော ပြည်နယ်တိုင်းဒေသကြီး မရှိကြောင်းနှင့် ကျောင်းထွက်နိုင်ခြေ (၉၀%) ကျော်သောဒေသများအဖြစ် ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ကိုတွေ့ရှိရသည်။

ပညာသင်ယူမှုအခွင့်အလမ်းကို အဟန့်အတားဖြစ်စေသည့်အရာများ

စာအုပ်စာတမ်းများ လေ့လာတွေ့ရှိချက်အရလည်းကောင်း၊ ကျောင်းပြင်ပသို့ရောက်ရှိနေသော ကလေးများ၏အခြေအနေကို ဆန်းစစ်လေ့လာခြင်းမှ တွေ့ရှိချက်များအရလည်းကောင်း၊ ပညာသင်ယူခွင့်ရရှိရေးအတွက် အဟန့်အတားဖြစ်စေသည့်အရာများ စီစစ်ရှာဖွေခြင်းဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲ၏ ဆွေးနွေးရရှိချက်များအရလည်းကောင်း ကျောင်းပြင်ပရောက် ကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်းများကို အဟန့်အတားဖြစ်စေသည့် ကန့်သတ်ချက် (၆)မျိုးကို ထောက်ပြခဲ့သည်။

ကန့်သတ်ချက် (၁)။ ဆင်းရဲနွမ်းပါးခြင်း

ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ဆန်းစစ်လေ့လာရာတွင် မူလတန်းအရွယ်ကလေးများ၏ ကြွယ်ဝမှုအနိမ့်ဆုံးအညွှန်းကိန်းတွင် ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းမှာ (၁၇.၂%) ဖြစ်ပြီး၊ ကြွယ်ဝမှုအမြင့်ဆုံးအညွှန်းကိန်းတွင် (၉.၅%) ဖြစ်သည်။ ထို့အတူ အလယ်တန်းအရွယ်ကလေးများ၏ ကြွယ်ဝမှုအနိမ့်ဆုံးအညွှန်းကိန်းတွင် ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းမှာ (၁၇.၇%) ဖြစ်ပြီး၊ ကြွယ်ဝမှုအမြင့်ဆုံးအညွှန်းကိန်းတွင် (၆%) ဖြစ်သည်။ သို့ဖြစ်၍ ဆင်းရဲနွမ်းပါးခြင်းသည် ကလေးများ ကျောင်းပြင်ပရောက်ရခြင်း၏ ကန့်သတ်ချက်တစ်ရပ်ဖြစ်ပါသည်။

တစ်ဖန် LFS နှင့် IHLCAS တို့တွင် ကလေးများ ကျောင်းမရောက်ရှိရခြင်း အကြောင်းရင်းများကို ဆန်းစစ်လေ့လာရာ LFS အရ (၂၇.၆%)သည် ပညာသင်စရိတ်မတတ်နိုင်သောကြောင့် ဟူ၍လည်းကောင်း၊ IHLCAS အရ (၃၁%)သည် မိဘ၏စီးပွားရေးအခြေအနေကြောင့် ဟူ၍လည်းကောင်း တွေ့ရှိခဲ့ရသည်။

ကန့်သတ်ချက် (၂)။ ကလေးအလုပ်သမား

LFS (2015) နှင့် IHLCAS (2010) တို့အရ ကလေးများ ကျောင်းမတက်ရခြင်း အကြောင်းရင်းများကို ဇယား(၃)တွင် အနှစ်ချုပ်ဖော်ပြထားသည်။

ဇယား (၃) ကလေးများ ကျောင်းမတက်ရခြင်း အကြောင်းရင်းများ

အကြောင်းရင်း	LFS 2015 (%)	IHLCAS 2010 (%)
မိသားစုကို စောင့်ရှောက်ရခြင်း	၂.၃	၁၃.၁
လယ်ယာလုပ်ငန်းဆောင်ရွက်ရခြင်း	၁၇.၄	၁၂.၂
လယ်ယာမဟုတ်သော အခြားလုပ်ငန်းများဆောင်ရွက်ရခြင်း	၁၃.၆	၁.၈
စုစုပေါင်း	၃၃.၃	၂၇.၁

LFS (2015)အရ (၃၃.၃%)သည်လည်းကောင်း၊ IHLCAS (2010) အရ (၂၇.၁%)သည်လည်းကောင်း အလုပ်လုပ်နေကြရသည့်အတွက် ကျောင်းမနေနိုင်ကြပါ။ အမှန်စင်စစ် ကလေးလုပ်သားရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးခြင်းရာခိုင်နှုန်းထက် မြင့်မားနေပါသည်။ သို့ဖြစ်၍ ကလေးများကျောင်းမရောက်ရှိရခြင်း၏အခြေခံအကျဆုံး တစ်နည်းအားဖြင့် အဓိကအကျဆုံးအကြောင်းရင်းမှာ ကလေးအလုပ်သမား ပြဿနာဖြစ်သည်။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် (၁၀)နှစ်မှ (၁၇)နှစ်အတွင်း ကလေးဦးရေ၏ (၂၅%)နီးပါးသည် အလုပ်လုပ်နေကြရသည်။ (၂၀၁၄)ခုနှစ် ကလေးလုပ်သား အညွှန်းကိန်းစစ်တမ်းတွင် ကမ္ဘာ့နိုင်ငံ (၁၈၇)နိုင်ငံအနက် မြန်မာနိုင်ငံသည် ထိပ်ဆုံးအဆင့်(၁၀)တွင် ကျရောက်နေကြောင်း ဖော်ပြထားသည်။ ဤအချက်သည် ကမ္ဘာ့နိုင်ငံများအကြား မြန်မာနိုင်ငံ၏ နာမည်ဂုဏ်သတင်းကို ညှိုးနွမ်းစေပါသည်။

ကန့်သတ်ချက် (၃)။ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် အခြေခံပညာကျောင်းများဝန်ဆောင်မှု မလုံလောက်ခြင်း

(က) ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုမလုံလောက်ခြင်း

ရှုထောင့်(၁) စီစစ်လေ့လာချက်အရ မူကြိုပညာရေးအခွင့်အလမ်း တစ်နည်းအားဖြင့် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး အခွင့်အလမ်းရရှိသူရာခိုင်နှုန်းသည် (၂၃.၆%)သာရှိ၍ အလွန်ပင်နည်းပါးကြောင်းတွေ့ရှိခဲ့ရသည်။ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုကို အစိုးရအဖွဲ့အစည်းများသာမက အစိုးရမဟုတ်သောအဖွဲ့အစည်းများကပါ ဆောင်ရွက်လျက်ရှိသည်။ မြို့ပြဒေသများတွင် ပုဂ္ဂလိကမူကြိုကျောင်းများစွာရှိသော်လည်း ကျေးလက်ဒေသများတွင်မူ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ဘာသာရေးအခြေပြုအဖွဲ့အစည်းများကသာလျှင် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုကို ပေးစွမ်းနိုင်သည့်အတွက် မူကြိုအရွယ်ကလေးရာခိုင်နှုန်း အနည်းငယ်သာလျှင် ဤအခွင့်အရေးကို ရရှိကြသည်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများတွင် ကျောင်းအခြေပြုမူကြိုများကို (၂၀၀၂–၂၀၀၃)ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့သည်။ (၂၀၁၆–၂၀၁၇) ပညာသင်နှစ်တွင် ကျောင်းအခြေပြုမူကြိုကျောင်းပေါင်း (၄၂၉၀) ဖွင့်လှစ်ခဲ့ပြီး (၃)နှစ်မှ(၅)နှစ်အထိ မူကြိုအရွယ်ကလေးပေါင်း (၁၀၃၃၉၃)ယောက် တက်ရောက်ခဲ့သည်။ ဤမူကြိုကျောင်းအရေအတွက်မှာ အခြေခံပညာကျောင်းအရေအတွက် (၂၀၁၆–၂၀၁၇)၏ (၉.၆%) သာလျှင်ရှိသေး၍ အရေအတွက်အားဖြင့် အလွန်နည်းပါးနေပါသေးသည်။

(ခ) အခြေခံပညာရေးကျောင်းများ ဝန်ဆောင်မှုအားနည်းခြင်း

ကျောင်းနှင့်အိမ်အကွာအဝေးသည်လည်း ကလေးများကျောင်းမရောက်ရှိခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ IHLCAS အရ (၆၇.၇%) သောကလေးများသည် မိမိနေထိုင်ရာ ကျေးရွာ/ရပ်ကွက်အတွင်းရှိ ကျောင်းများတွင် တက်ရောက်ကြပြီး (၃၂.၂%)သော ကလေးများသည် ၎င်းတို့နေထိုင်ရာကျေးရွာ/ရပ်ကွက်ပြင်ပရှိ ကျောင်းများတွင် သွားရောက်တက်ကြရကြောင်း လေ့လာသိရှိရသည်။ သက်ဆိုင်ရာကျောင်းတက်ရန် သတ်မှတ်ထားသော နယ်မြေသတ်မှတ်ချက်အရ တောင်တန်းဒေသများအတွက် ၂မိုင်လျှင် ၁ကျောင်း၊ မြေပြန့်ဒေသများအတွက် ၃မိုင်လျှင် ၁ကျောင်းနှုန်းရှိသည်။ သို့ရာတွင် ကျေးလက်ဒေသနှင့် တောတောင်ထူထပ်သောဒေသများရှိ ကလေးများအတွက် ကျောင်းနှင့်အိမ်အကွာအဝေးသည် ကျောင်းတက်မှုကို အဟန့်အတားဖြစ်စေသည်။ ကျေးလက်ဒေသများတွင် မိုးကြီးခြင်း၊ မြစ်ရေ/ချောင်းရေလျှံခြင်းတို့ကြောင့် တံတားများကျိုးပျက်ခြင်း၊ လမ်းများပိတ်ဆို့ခြင်းတို့

သည် ကလေးများ ကျောင်းတက်ခြင်းကို အဟန့်အတားဖြစ်စေသည်။ ထို့ပြင် အချို့တောတောင် ထူထပ်သောဒေသများတွင် ကလေးများသည် ကျောင်းသို့ ၂နာရီခန့် တစ်တောင်ဆင်းတစ်တောင်တက် လမ်းလျှောက်သွားရတတ်သည်။ အလားတူပင် အချို့မြစ်ဝကျွန်းပေါ်ဒေသများနှင့် ကမ်းရိုးတန်း ဒေသများတွင် ကလေးများသည် ချောင်းငယ်/မြစ်ငယ်များကို ခြေလျင်ဖြတ်လျှောက်ကြရခြင်း၊ သဗ္ဘာန်၊ ကူးတို့၊ စက်လှေစသည်တို့ဖြင့် ဖြတ်ကူးရခြင်းတို့ကြောင့် စိုးရိမ်ဖွယ်အခြေအနေရှိသည်။ ဤအချက်များသည်လည်း ကလေးများ ကျောင်းရောက်ရှိမှုကို အဟန့်အတားဖြစ်စေသည်။

(ဂ) စက်မှုသက်မွေးပညာသင်ကျောင်းများ၊ အထူးကျောင်းများနှင့် ရွှေ့လျားကျောင်းများ ဝန်ဆောင်နိုင်မှုအားနည်းခြင်း

တစ်ဖန်စောစီးစွာ လုပ်ငန်းခွင်ဝင်မည့် ကလေးများအတွက် စက်မှုသက်မွေးပညာသင်ကျောင်းများ၊ အထူးလိုအပ်ချက်ရှိသော ကလေးများအတွက် အထူးကျောင်းများနှင့် လှည့်လည်ရွှေ့ပြောင်းနေထိုင်သူ ကလေးများအတွက် ရွှေ့လျားကျောင်းများလည်း လုံလောက်မှုမရှိ၊ လိုအပ်နေပါသေးသည်။

ကန့်သတ်ချက် (၄)။ မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်းအားနည်းခြင်း

မသန်စွမ်းကလေးများ ကျောင်းပြင်ပသို့ရောက်ရခြင်း အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) မသန်စွမ်းကလေးများအပေါ် မိဘများ၊ ဆရာများ၊ သူငယ်ချင်းများနှင့် လူ့အဖွဲ့အစည်းများ၏ အပြုသဘောမဆောင်သည့် သဘောထားအမြင်၊
(ခ) မသန်စွမ်းဆိုင်ရာ တည်ရှိဆဲဥပဒေများ၊ မူဝါဒများ အကောင်အထည်ဖော်ရာတွင် အားနည်းခြင်း၊
(ဂ) မသန်စွမ်းကလေးများအတွက် အလှမ်းဝေးကွာသော ပတ်ဝန်းကျင်ဖြစ်ခြင်းနှင့် ကူညီထောက်မပေးမှုမရှိခြင်း၊
(ဃ) အထူးလိုအပ်ချက်ရှိသော ကလေးများအား ကူညီထောက်ပံ့ပေးမှု မလုံလောက်ခြင်း၊
(င) မသန်စွမ်းကလေးများအတွက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ထောက်ပံ့မှု မလုံလောက်ခြင်း၊
(စ) သင်ကြားပေးမည့်ဆရာများတွင် အထူးလိုအပ်ချက်ရှိသောကလေးများ သင်ကြားနည်းဆိုင်ရာစွမ်းရည် အားနည်းခြင်း၊
(ဆ) အထူးလိုအပ်ချက်ရှိသော ကလေးများအား သင်ကြားပြသပေးမည့် ဆရာများအတွက် နည်းပညာဆိုင်ရာ သင်တန်းပေးမှုမရှိခြင်း၊
(ဇ) သက်ဆိုင်ရာ အစိုးရအဖွဲ့များ (ဝန်ကြီးဌာနများ)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လူမှုရေးဆိုင်ရာအဖွဲ့အစည်းများအကြားအတူတကွညှိနှိုင်းဆောင်ရွက်ခြင်း၊ပူးပေါင်းလုပ်ကိုင်ခြင်းတို့တွင် အားနည်းခြင်း။

အထက်အကြောင်းအခြင်းအရာကိစ္စရပ်များ၏ ရလဒ်အနေနှင့် မသန်စွမ်းကလေးများသည် ကျောင်းအပ်နောက်ကျခြင်း၊ ကျောင်းအပ်နှန်းနိမ့်ကျခြင်း၊ ကျောင်းထွက်နှုန်းမြင့်မားခြင်း၊ ကျောင်းထွက်ရန်ဖြစ်နိုင်ခြေ မြင့်မားခြင်းနှင့် ကျောင်းတက်ပျက်ကွက်ရက်များခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

ကန့်သတ်ချက် (၅)။ ပထဝီအနေအထားအရ ကွဲပြားခြားနားမှု

ကျေးလက်နှင့်မြို့ပြ၊ ဆင်းရဲမွဲတေခြင်းနှင့် ချမ်းသာကြွယ်ဝခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတို့အကြားတွင် ကွာဟမှုအလွန်တရာကြီးမားကြောင်း ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကိုဆန်းစစ်လေ့လာချက်များအရ တွေ့ရှိရသည်။ ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မြန်မာနိုင်ငံ၏ ပထဝီအနေအထား ကွာဟချက်ကြောင့်ဖြစ်သည်။ အားနည်းချက်ရှိသောကလေးအများစုတစ်နည်းအားဖြင့် လူသားချင်းညှာတာထောက်ထားမှု အများဆုံးလိုအပ်နေသောကလေး အများစုမှာ ဝေးလံ ခေါင်ဖျားဒေသများတွင် နေထိုင်ကြသူများ၊ တိုင်းရင်းသားလူနည်းစုများ၊ ကာလကြာရှည်စွာ ငြိမ်းချမ်းမှုမရှိသည့် ဒေသများတွင်နေထိုင်သူများနှင့် ပညာရေး၊ ကျန်းမာရေးအပါဝင် အခြေခံလူမှုရေးဝန်ဆောင်မှု စံမမီသည့်/မရရှိသည့်ဒေသများတွင် နေထိုင်သူများဖြစ်ကြသည်။

လူမှုရေးဝန်ဆောင်မှု စံမမီရခြင်းမှာ အခွင့်အလမ်းနှင့် အရည်အသွေးဆိုင်ရာပြဿနာများကြောင့် ဖြစ်ပါသည်။ ဝေးလံခေါင်သီခြင်းနှင့် နယ်စပ်ဒေသများ၏ တောတောင်ထူထပ်ခြင်းတို့တွင် အချိန်ကြာမြင့်စွာ စစ်မက်ဖြစ်ပွားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းမှုမရှိခြင်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စိမ်ခေါ်မှုများ ပေါင်းစပ်လိုက်သောအခါ အခွင့်အလမ်းဆိုင်ရာပြဿများ ဖြစ်ပေါ်လာစေသည်။ လူသားအရင်းအမြစ်ရှားပါးခြင်း ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် သွားလာရေးခက်ခဲသောဒေသများတွင် လူမှုရေးဝန်ဆောင်မှုအရည်အသွေးနိမ့်ကျရသည်။ ဒေသ၏ခက်ခဲကြမ်းတမ်းမှု၊ မလုံခြုံမှုတို့ကြောင့် အရည်အသွေးရှိရှိ ဝန်ဆောင်မှုပေးနိုင်သူများကို အဆိုပါဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် မဆွဲဆောင်နိုင်သကဲ့သို့ ရောက်ရှိပြီးသူများအားလည်း ရေရှည်တည်တံ့အောင် မထိန်းသိမ်းထားနိုင်ကြပါ။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်သူ ကလေးများသည်လည်း အားနည်းချက်ရှိသောကလေးများဖြစ်ကြသည်။ ယာယီရွှေ့ပြောင်းနေထိုင်ခြင်းဖြစ်၍ လူနေမှုဘဝနိမ့်ကျခြင်းနှင့် အခြေခံ လူမှုရေးဝန်ဆောင်မှုပင် မရရှိကြခြင်းတို့ကြောင့် ၎င်းကလေးတို့၏ဘဝသည် ရှင်သန်ရပ်တည်နိုင်ရေးအတွက် အာမခံချက်နည်းပါးသည်။

ကန့်သတ်ချက် (၆)။ ပညာရေး၏အရေးပါမှုနှင့် မိဘများ၏ပညာရေးအပေါ်စိတ်ပါဝင်စားမှု

အထက်ဖော်ပြပါ ကန့်သတ်ချက်များသည် နောက်ထပ်ကန့်သတ်ချက်တစ်ခုကို ထပ်မံပေါ်ပေါက်စေသည် – ပညာရေးသည် ကလေးများအတွက် အသုံးမဝင်ဟု မိဘများက ထင်မြင်ယူဆနေခြင်းသည် ကလေးများကျောင်းထွက်မှုကို ပိုမိုဖြစ်ပေါ်စေသည်။ ကျောင်းမှန်မှန်မတက်သော ကလေးများအနေနှင့် ပညာရေးအပေါ် စိတ်ဝင်စားမှုလျော့နည်းလာသကဲ့သို့ ရွှေ့ပြောင်းအလုပ်သမားမိဘများအနေနှင့်လည်း ၎င်းတို့သားသမီးများ၏ ပညာရေးအပေါ် စိတ်ပါဝင်စားမှုနည်းလာသည်။

ဤကန့်သတ်ချက်သည် ကျောင်းနေအရွယ်ကလေးအားလုံး၊ အထူးသဖြင့် အောက်ဖော်ပြပါကလေးများအပေါ် သက်ရောက်မှုရှိသည်။

(က) ဆင်းရဲနွမ်းပါးသောမိသားစုဝင်ကလေးများ၊
(ခ) ကျေးလက်ဒေသ/ဝေးလံခေါင်ဖျားဒေသ/နယ်စပ်ဒေသများတွင် နေထိုင်ကြသည့်ကလေးများ၊
(ဂ) မသန်စွမ်းကလေးများ၊
(ဃ) ပညာမတတ်သော/ပညာနိမ့်ကျသော မိဘများမှမွေးဖွားလာသော ကလေးများ၊
(င) ကလေးအလုပ်သမားများ၊ နှင့်

(စ) အချို့ဘာသာရေးအုပ်စုများရှိ မိန်းကလေးများ (လူနည်းစု)။

ဤကန့်သတ်ချက်သည် ပညာရေးအရည်အသွေးနှင့် များစွာဆက်စပ်မှုရှိသည်။ ပညာရေးအရည်အသွေး နိမ့်ကျလာရခြင်းအကြောင်းရင်းများမှာ–

(က) ပညာရေးအခြေခံအဆောက်အအုံ လုံလောက်မှုမရှိခြင်း၊
(ခ) ခေတ်မမီတော့သော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှုနည်းလမ်းများ ဖြစ်နေခြင်း၊
(ဂ) အရည်အချင်းပြည့်ဝသော ဆရာလုံလောက်မှုမရှိခြင်း၊ နှင့်
(ဃ) စာမေးပွဲစနစ်မှားယွင်းခြင်း/အားနည်းခြင်း။

မြန်မာနိုင်ငံ၏ ပညာရေးသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဆက်စပ်မှုမရှိဘဲ အရည်အသွေးနိမ့်ကျသည့်အတွက် မိဘများသည် ပညာရေးအပေါ် တန်ဖိုးထားမှုနည်းပါးပြီး စိတ်ပါဝင်စားမှုမရှိကြတော့ပါ။

ထောက်ခံအကြံပြုချက်များ

ထောက်ခံအကြံပြုချက် (၁)။ ဆင်းရဲနွမ်းပါးခြင်းလျော့ချရန်

မိဘများအနေနှင့် ပညာရေးကုန်ကျစရိတ်ပေးဆောင်ရန် ဆင်းရဲနွမ်းပါးခြင်းသည် အဓိကအတားအဆီးတစ်ရပ်ဖြစ်နေသည်။

- ၂၀၁၁ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး** အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ရန်၊
- ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်နှင့် ဤအစီအစဉ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ရပ်ရွာအခြေပြုကျောင်းများကို ထည့်သွင်းစဉ်းစားရန်၊
- ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ရန်နှင့် ဆင်းရဲသောဒေသရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့်ရပ်ရွာအခြေပြုကျောင်းများကိုထည့်သွင်းစဉ်းစားရန်၊
- **ဆင်းရဲနွမ်းပါးသူများနှင့် အခက်အခဲရှိသော မိသားစုများအတွက် ငွေကြေးထောက်ပံ့ရေးအစီအစဉ်** ကဲ့သို့သော လူမှုကာကွယ်ရေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်၊
- အခြေခံပညာကျောင်း မရှိသည့်နေရာများတွင် အရည်အသွေးပြည့်မီသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်။

ထောက်ခံအကြံပြုချက် (၂)။ ကလေးအလုပ်သမားလျော့နည်းလာစေရန်

- တရားဝင် အလုပ်လုပ်ခွင့်ရရှိသည့် အသက်အရွယ်ရောက်သည်အထိ အလုပ်လုပ်နေသော ကလေးများအတွက် ကျောင်းသို့ ပြန်လည်ရောက်ရှိရေးအစီအစဉ်များကို အလေးပေးဆောင်ရွက်ရန်နှင့်/သို့မဟုတ် သက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတိုးချဲ့ဖွင့်လှစ်ပြီး အဆိုပါကျောင်းများတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် သက်မွေးပညာများ သင်ကြားစေရန်၊
- အမျိုးသားပညာရေးမူဝါဒများချမှတ်ရာတွင် ကလေးလုပ်သားပပျောက်ရေးနှင့် ကာကွယ်ရေးနည်းဗျူဟာအစီအစဉ်များ ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ရန်၊

- ကလေးများအား မတရားစေခိုင်းခြင်းများ ပပျောက်စေရန်အတွက် မူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- နိုင်ငံတော်အစိုးရမှ အောက်ပါလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်–
  - ပုံမှန်အလုပ်ချိန်အတွင်း လုပ်ခမှန်မှန်ရသည့် လုပ်ငန်းများတွင် သက်ပြည့်ကလေးများ အလုပ်လုပ်နိုင်ရန်အတွက် လုပ်ငန်းစဉ်များချမှတ်ပေးခြင်း၊
  - ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကျိုးရှိရှိဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် အခြားလူမှုရေးအဖွဲ့အစည်းများ အတူတကွပူးတွဲဆောင်ရွက်ခြင်း၊
  - အလုပ်လုပ်နေရသည့်ကလေးများ ကျောင်းသင်ပညာရေး (သို့မဟုတ်) ကျောင်းပြင်ပ ပညာရေး အခွင့်အလမ်းများရရှိစေရန်အတွက် မူဝါဒများချမှတ်ဆောင်ရွက်ခြင်း၊
  - ကလေးရှိသော ဆင်းရဲနွမ်းပါးသည့်မိသားစုများအတွက် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အထောက်အကူများပေးခြင်း၊
  - ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်အတွက် လူကြီးများအား အလုပ်အကိုင်အခွင့်အလမ်းများပေးခြင်းနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဖန်တီးပေးခြင်း။

ထောက်ခံအကြံပြုချက် (၃)။ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် အခြေခံပညာကျောင်းများ ဝန်ဆောင်မှုမြှင့်တင်ပေးရန်

- မူကြိုအရွယ်ကလေးများ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုအခွင့်အလမ်းများရရှိစေရန်အတွက် အခြေခံပညာကျောင်းများတွင် ကျောင်းအခြေပြုမူကြိုများ တိုးချဲ့ဖွင့်လှစ်ပေးရန်၊
- ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးခြားဘတ်ဂျက်စဉ်းစားပေးရန်၊
- အရည်အသွေးမြင့်မားသော၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် လိုက်လျောညီထွေသော၊ လူတိုင်းအကျုံးဝင်မူကြိုပညာရေးကို ချဲ့ထွင်အကာအထည်ဖော်ဆောင်ရွက်ရန်၊
- အသက် (၄)နှစ်မှ (၅)နှစ်အရွယ်ကလေးများအတွက် အိမ်မှမူကြိုကျောင်းနှင့် မူကြိုကျောင်းမှ လူတိုင်းအကျုံးဝင် သူငယ်တန်းပညာရေးသို့ လွယ်ကူချောမွေ့စွာ ကူးပြောင်းသွားနိုင်ရေးအတွက် ခိုင်မာသော အသွင်ကူးပြောင်းရေးအစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ရန်၊
- မသင်မနေရမူလတန်းပညာရေးဥပဒေ ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- အထူးပညာရေးအစီအစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ရန်၊
- ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ(၂၀၁၁)ကိုလက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် လိုအပ်သည်များကို ပြန်လည်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းရန်၊
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအားလုံး အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်အတွက် နည်းပညာအထောက်အပံ့နှင့် ရန်ပုံငွေပံ့ပိုးပေးရန်၊
- မူလတန်းပြီးဆုံးသော ကလေးများအတွက် သော်လည်းကောင်း၊ အလယ်တန်းပြီးဆုံးသော ကလေးများအတွက် သော်လည်းကောင်း အခြေခံအဆင့်နှင့် အလယ်တန်းအဆင့် စက်မှုသက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- ကျောင်းအထွက်စောသောကလေးများအတွက် ကျောင်းပြင်ပပညာရေးနှင့် ဘဝတစ်သက်တာပညာရေးအစီအစဉ်များကို စက်မှုသက်မွေးပညာရေးပုံစံဖြင့် တီထွင်ကြံဆ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

- အခြေခံပညာရေးကျောင်းများတွင် မတက်ရောက်နိုင်သော ကလေးများအတွက် မူလတန်းနှင့် အလယ်တန်း တန်းညှိအစီအစဉ်များကို အားပေးဆောင်ရွက်ရန်။

ထောက်ခံအကြံပြုချက် (၄)။ မသန်စွမ်းကလေးများအတွက်ပညာသင်ယူမှုအခွင့်အလမ်း အားကောင်းလာစေရန်

- လူတိုင်းအကျုံးဝင်ပညာရေးစနစ်ကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဆရာများနှင့် ပညာရေးသမားများ၏စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်၊
- အထူးလိုအပ်ချက်ရှိသောကလေးများအား ပိုမိုအာရုံစူးစိုက်ပေးနိုင်စေရန်အတွက် အခြေခံပညာ လူတိုင်းအကျုံးဝင်ကျောင်းများတွင်သာမက၊ အထူးကျောင်းများတွင်ပါ ဝါရင့်/လုပ်သက်ရင့် ဆရာများ ခန့်ထားပေးရန်၊
- မသန်စွမ်းကလေးများ၏ ထမြောက်အောင်မြင်မှုနှင့် ဘဝသာယာဝပြောရေးအတွက် လျော်ကန်ထိရောက်မှုရှိသော အထောက်အကူပေးနိုင်ရန် နည်းဗျူဟာများဖော်ထုတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- မသန်စွမ်းကလေးများအတွက် "အထူးပညာသင်ထောက်ပံ့ကြေး" ပေးရန်၊
- လူတိုင်းအကျုံးဝင်ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းပေးခြင်း အစရှိသည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ခရိုင်/မြို့နယ် ပညာရေး မှူးရုံးများအတွက်အထူးရန်ပုံငွေ (သို့မဟုတ်) ထပ်ဆောင်းရန်ပုံငွေ ဖြည့်ဆည်းပေးရန်၊
- မသန်စွမ်းကလေးများအတွက် သင်ကြားသင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေပေးရန်။

ထောက်ခံအကြံပြုချက် (၅)။ ပထဝီအနေအထားကွဲပြားခြားနားမှုကြောင့်ဖြစ်ပေါ်လာသည့် ပညာသင်ယူမှုအခွင့်အလမ်း ခြားနားမှုကိုလျှော့ချရန်

- သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့်သော် လည်းကောင်း၊ ငြိမ်းချမ်းရေးပြိုကွဲခြင်း ကြောင့်သော် လည်းကောင်း အရေးပေါ်အခြေအနေနှင့် ကြုံကြိုက်နေရသည့်အချိန်တွင် ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို အတတ်နိုင်ဆုံး စောလျင်စွာဆောင်ရွက်ရန်၊
- အောက်ဖော်ပြပါကိစ္စရပ်များ/လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေမြှင့်တင်ပေးရန်–
  - ဘေးကင်းလုံခြုံစိတ်ချရသော ကျောင်းအဆောက်အဦများဖြစ်ရန်၊
  - သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ကျောင်းသားများ၏ ခံနိုင်စွမ်းရည်မြှင့်မား လာစေရေးတို့အတွက် ဆရာများ၊ ဝန်ထမ်းများနှင့် ရပ်သူရွာသားများအား စွမ်းရည်မြှင့် သင်တန်းများပေးရန်၊
- ဘေးအန္တရာယ်များ ကျရောက်နိုင်ကြောင်းသိရှိပြီး ထိခိုက်မှုအန္တရာယ် လျော့နည်းစေရန် လျှော့ချခြင်း၊ ဘေးအန္တရာယ်ကျရောက်ပါက ချက်ချင်းတုန့်ပြန်နိုင်ရန် ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်အတွက် ပညာရေးဌာန၏ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန်။

ထောက်ခံအကြံပြုချက် (၆)။ ပညာရေး၏အရေးပါမှုနှင့် မိဘများ၏ပညာရေးအပေါ်စိတ်ပါဝင်စားမှု မြင့်မားလာစေရန်

- အရည်အသွေးမြင့်အခြေခံပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပညာရေး ဘတ်ဂျက် တိုးမြှင့်ပေးရန်၊

- အရည်အသွေးမြင့်မားသည့်ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အရည်အသွေးပြည့်မီသော ဝန်းကျင်ကောင်းဖြစ်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ အခြေခံလိုအပ်ချက်များဖြစ်သည့် သင်ကြားသင်ယူမှုဆိုင်ရာ အထောက်အကူပစ္စည်းများ၊ စာရေးစားပွဲ၊ ထိုင်ခုံ အစရှိသည့် ပရိဘောဂပစ္စည်းများ၊ သောက်ရေသန့်၊ လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်၊ ကလေးများ အကျွမ်းတဝင်ဖြစ်စေမည့် ပတ်ဝန်းကျင်နှင့် သန့်ရှင်းသပ်ရပ်သော ရေအိမ်သာ အစရှိသည်တို့ကို ဖြည့်ဆည်းပေးရန်၊
- အရည်အသွေးပြည့်မီသော အခြေခံပညာရေးကို ထိန်းသိမ်းထားနိုင်ရန်အတွက် မူလတန်းပြီးဆုံးခြင်းစာမေးပွဲ၊ အလယ်တန်းပြီးဆုံးခြင်းစာမေးပွဲများကို စံပြုမေးခွန်းလွှာများဖြင့် စစ်ဆေးအကဲဖြတ်ရန်နှင့် ကလေးများ၏ပညာရည်မြင့်မားမှုအရည်အသွေးကို ဦးစားပေးဆောင်ရွက်ရန်၊
- ပညာရေးအရည်အသွေး တိုးတက်မြင့်မားလာစေရန်အတွက် လက်ရှိဆောင်ရွက်နေသော ပုံမှန်ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ရန်၊
- အရည်အသွေးပြည့်မီသောဆရာများ လေ့ကျင့်ပျိုးထောင်ပေးရန်၊ ဆရာများခန့်ထားရန်နှင့် ဆရာများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနိုင်ရန် ဆရာအတတ်ပညာရေးမူဝါဒများ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- မူ/လယ်/ထက်အဆင့်အားလုံးအတွက် ဆရာများတွင်ရှိသင့်ရှိအပ်သော အရည်အသွေး အညွှန်းဘောင်များ ရေးဆွဲရန်၊
- လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ လေ့ကျင့်ရေးအစီအစဉ်များ၏ အရည်အသွေး မြင့်တင်ပေးရန်၊
- ကျောင်းဖွဲ့ဖြိုးတိုးတက်မှုရန်ပုံငွေ ခွဲဝေအသုံးပြုခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ပညာရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းများတွင်လည်းကောင်း တာဝန်ယူစိတ်၊ တာဝန်ခံစိတ်ရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် မြို့နယ်ပညာရေးမှူးများအတွက် စွမ်းရည်မြှင့်သင်တန်းအစီအစဉ်များ ဆောင်ရွက်ပေးရန်၊
- အုပ်ချုပ်မှုတာဝန်ယူရသော ဝန်ထမ်းများနှင့် သင်ကြားရေးတာဝန်မယူရသော အခြားအဆင့်ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ရန်၊
- အရည်အသွေးမြင့်အခြေခံပညာရေးကို သေချာစေရန်နှင့် အရည်အသွေးထိန်းသိမ်းသည့် စနစ်ဖော်ထုတ်ရန်၊
- အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အရည်အသွေးအညွှန်းဘောင် (Regional Qualification Framework – RQF)၊ နိုင်ငံတကာ အရည်အသွေးအညွှန်းဘောင် (International Qualification Framework – IQF) တို့နှင့် ကိုက်ညီမှုရှိသည့် နိုင်ငံတော်အဆင့် အမျိုးသား ပညာရေးအရည်အသွေး အညွှန်းဘောင် (National Qualification Framework – NQF) ကို ဖော်ထုတ်ရန်။
- ဆရာအရည်အသွေးအားကောင်းလာစေရန်အတွက် အောက်ဖော်ပြပါစီမံခန့်ခွဲရေးနယ်ပယ်များတွင် အားဖြည့်ပေးရန်–
    - ဆရာအသစ်များ စုဆောင်းခြင်း၊
    - ဆရာခန့်ထားခြင်း၊
    - ဆရာများ၏စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း၊
    - ဆရာ၏စွမ်းဆောင်ရည်နှင့် လုပ်ငန်းအတွေ့အကြုံပေါ် အခြေခံ၍ ရာထူးတိုးပေးခြင်း၊
    - အရည်အသွေးရှိသောဆရာများ အလုပ်တွင်တည်မြဲရေးအတွက် မက်လုံးပေးခြင်း၊ ချီးမြှင့်ခြင်း။

- ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးကဏ္ဍ အရည်အသွေးမြင့်မားရန်အတွက် အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရန်–
    - ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးအတွက် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ရန်၊
    - ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးအစီအစဉ်များအတွက် စနစ်ကျသော ကြီးကြပ်အကဲဖြတ်စနစ် ဖော်ထုတ်ရန်၊
    - ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးအတွက် အရည်အသွေးအာမခံမှုရှိသည့် စနစ်ဖော်ထုတ်ရန်၊
    - ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် အားကောင်းလာစေရန်။
- စက်မှုသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ အရည်အသွေးအာမခံမှုရှိစေရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်–
    - နိုင်ငံတော်အဆင့်အမျိုးသားအရည်အသွေးအညွှန်းဘောင်၊ ဒေသဆိုင်ရာအရည်အသွေးအညွှန်းဘောင်တို့နှင့် လိုက်လျောညီထွေရှိသည့် စက်မှုသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအတွက် အရည်အသွေးအညွှန်းဘောင်ကို ဖော်ထုတ်ရန်၊
    - နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ရန်၊
    - နိုင်ငံတော်(ပြည်သူ)နှင့်ပုဂ္ဂလိကစပ်တူလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဥပဒေနှင့်မူဝါဒဆိုင်ရာအညွှန်းဘောင် ဖော်ထုတ်ရန်၊
    - ဆက်စပ်ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ရန်။

ဤအပိုင်းတွင် အရည်အသွေးပြည့်မီသော အခြေခံပညာရေးကို ကျောင်းနေအရွယ်ကလေးအားလုံးလက်လှမ်းမီရရှိနိုင်ရေးအတွက် အကြံပြုချက်များစွာပါရှိသော်လည်း အောက်ဖော်ပြပါကဏ္ဍများနှင့် သက်ဆိုင်သောလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သင့်ပါသည်–

(က) မူကြိုပညာရေး/ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊
(ခ) ကျေးလက်နှင့်မြို့ပြ ကွာဟချက်ကိုလျှော့ချခြင်း၊
(ဂ) ဆရာများ၏အရည်အသွေးမြှင့်တင်ပေးခြင်း၊
(ဃ) လူတိုင်းအကျုံးဝင်ပညာရေး၊
(င) စက်မှု၊ သက်မွေးပညာရေး၊
(စ) အလုပ်အကိုင်အခွင့်အလမ်းနှင့် ဆက်စပ်မှုရှိသည့် သင်ရိုးညွှန်းတမ်း၊ နှင့်
(ဆ) အခြေခံပညာရေးကဏ္ဍ အရည်အသွေးမြင့်မားရေးကို သေချာစေခြင်း။

ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို လေ့လာဆန်းစစ်တွေ့ရှိချက်များအရ (၇၆%)သော မူကြိုအရွယ်ကလေးများ၊ (၁၂%)သော မူလတန်းအရွယ်ကလေးများနှင့် (၁၁.၇%)သော အလယ်တန်းအရွယ်ကလေးများသည် ကျောင်းပြင်ပသို့ရောက်ရှိနေကြပါသည်။ အဆိုပါကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းများလျှော့ချနိုင်ရေးအတွက် အောက်ဖော်ပြပါအကြံပြုချက်များကို ထောက်ခံတင်ပြပါသည်–

အခြေခံပညာကဏ္ဍတွင် တရားဥပဒေစီရင်ပြဋ္ဌာန်းခြင်း၊ မူဝါဒ၊ ပညာရေးအသုံးစရိတ်တို့နှင့် ပတ်သက်၍ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

(က) အစိုးရအသစ်၏ စီမံခန့်ခွဲခြင်းနှင့် မူဝါဒအသစ်များနှင့် လိုက်လျောညီထွေရှိစေရန်အတွက် အခြေခံပညာကဏ္ဍ၏ တည်ရှိဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲရန်၊

(ခ) ၂၀၁၃ခုနှစ် ကိုယ်ပိုင်ကျောင်းဥပဒေအရ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးဥပဒေ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍနှစ်ရပ်လုံးအတွက် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ပညာရေးဝန်ဆောင်မှုများပေးရန် မူဝါဒအညွှန်းဘောင်ရေးဆွဲရန်နှင့် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေးအတွက် ထောက်ခံအားပေးမှု တိုးမြှင့်ပေးရန်၊

(င) ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းပြင်ပပညာရေးမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) အရည်အသွေးမြင့်မားသောဆရာများ လေ့ကျင့်ပေးရေး၊ ခန့်ထားရေးနှင့် ဆရာများ၏ အကျိုးစီးပွားဆောင်ရွက်နိုင်စေရေးတို့အတွက် ဆရာအတတ်ပညာရေး မူဝါဒများရေးဆွဲအကောင်အထည်ဖော်ရန်၊

(ဆ) တည်ရှိဆဲ နိုင်ငံတော်၏အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေးနှစ်ရှည်စီမံကိန်း၊ လူတိုင်းအကျုံးဝင်ပညာရေးလုပ်ငန်းစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့ပါးရေးစီမံကိန်းတို့ကို အထောက်အကူဖြစ်စေမည့် အခြေခံပညာရေးမူဝါဒများ ချမှတ်ရန်၊

(ဇ) အရှေ့တောင်အာရှဒေသနှင့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လိုက်လျောညီထွေရှိစေရန် ပညာရေးအသုံးစရိတ်မြှင့်တင်ပေးရန်နှင့် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေးအတွက် သီးခြားအသုံးစရိတ် စဉ်းစားပေးရန်၊

(ဈ) ကျောင်းပြင်ပမူလတန်းပညာရေး တန်းညှိအစီအစဉ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးတန်းညှိအစီအစဉ်များအတွက် အသုံးစရိတ်ပိုမိုဖြည့်တင်းပေးရန်၊ နှင့်

(ည) ပညာရေးလုပ်ငန်းများတွင် UN အဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ရန်။

ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ပညာရေး (ECCE) ဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအကြံပြုချက်များကို ထောက်ခံတင်ပြအပ်ပါသည်–

(က) မြန်မာနိုင်ငံ၏ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေးဝန်ဆောင်နိုင်မှုသည် အရှေ့တောင်အာရှဒေသအတွင်းရှိ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အလွန်ပင်အားနည်းနေသည့်အတွက် တစ်နည်းအားဖြင့် နောက်ကျကျန်နေသည့်အတွက် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ပညာရေးကို မြင့်မြင့်မားမားဦးစားပေး ဆောင်ရွက်ရန်၊

(ခ) ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်စလုံးမှ ECCE ဆရာများ အရည်အသွေးမြင့်မားလာစေရန်အတွက်လုပ်ငန်းခွင်အကြိုနှင့်လုပ်ငန်းခွင်အတွင်းသင်တန်းများ စဉ်ဆက်မပြတ်စီစဉ်ပေးရန်၊

(ဂ) ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခြေခံလိုအပ်ချက်များကို ပိုမိုသိရှိလာစေရန် မိဘများနှင့် ပြုစုစောင့်ရှောက်သူများအတွက် မိဘအုပ်ထိန်းမှုဆိုင်ရာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်၊

(ဃ) ECCE ဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အချင်းချင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် စာရင်းအင်းကောက်ယူမှုနှင့် ကွန်ယက်စနစ်ဖော်ထုတ်ရန်၊

(င) လက်ရှိဆောင်ရွက်နေသည့် ကျောင်းအခြေပြု၊ ရပ်ရွာအခြေပြုနှင့် အိမ်အခြေပြု အစရှိသည့် ECCE အစီအစဉ်များကို ယခုထက်ပိုမိုတိုးချဲ့ဆောင်ရွက်ရန်၊ နှင့်

(စ) ဆင်းရဲသောမိသားစုရှိကလေးများကို ပိုမိုအလေးထားဆောင်ရွက်နေသည့် အရှေ့တောင်အာရှဒေသအတွင်း အတူပူးပေါင်းဆောင်ရွက်မှု **လူတိုင်းအတွက်မူကြိုပညာရေး** စီမံကိန်းတွင်ပါဝင်ဆောင်ရွက်မှုကို အားပေးရန်။

အခြေခံပညာသင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန်အတွက် အောက်ဖော်ပြပါ အကြံပြုချက်များကို ထောက်ခံတင်ပြအပ်ပါသည်–

(က) အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေး နှစ်ရှည်စီမံကိန်း၏ ရေတိုစီမံကိန်းတွင်ချမှတ်ထားသောရည်မှန်းချက်များရရှိရေးအတွက် နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ရန်၊

(ခ) ပညာရေးနှင့်အလှမ်းဝေးကွာနေသောကလေးအုပ်စုအတွက် သင်ယူမှုအခွင့်အလမ်းများချဲ့ထွင်ပေးရန်၊

(ဂ) ကျောင်းအပ်နှံရေးသီတင်းပတ်၊ မူလတန်းလွန်ကျောင်းစီမံကိန်း၊ ရွှေ့လျားကျောင်းအစီအစဉ်၊ အသက်လွန်ကျောင်းသားများအတွက်အထူးအစီအစဉ်၊ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် စသည်တို့မှတစ်ဆင့် ကျောင်းအပ်နှုန်းပိုမိုမြင့်မားလာမှုကို ဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသ များတွင် ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးရန်၊

(ဃ) ဆင်းရဲသောကလေးများအတွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်၊

(င) ကျောင်းတွင်းအာဟာရကျွေးမွေးရေးအစီအစဉ်ကို ချဲ့ထွင်ဆောင်ရွက်ရန်၊

(စ) အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ရာစုနှစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူတိုင်းအတွက်ပညာရေးရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်ရေးအတွက် အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဆ) ကလေးတိုင်း မူလတန်းနှင့် အလယ်တန်းပညာရေးကို ရရှိစေရေးဆောင်ရွက်ရန်နှင့် အခြေခံပညာအဆင့်/အတန်း အားလုံးတွင် ထပ်ကျော့နှုန်း၊ ပြီးဆုံးနှုန်းတိုးတက်လာစေရန်အတွက် အထူးအလေးပေးဆောင်ရွက်ရန်၊

(ဇ) ပညာရေးနှင့် အလှမ်းဝေးကွာနေသောအုပ်စုများအတွက် ပညာသင်ယူမှုအခွင့်အလမ်းများရရှိလာစေရန် ဆောင်ရွက်ဆဲလူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်ကို ချဲ့ထွင်ဆောင်ရွက်ရန်၊

(ဈ) ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေတွင် လူတိုင်းအကျုံးဝင်ပညာရေးကိုဖော်ဆောင်နိုင်မည့်ပြင်ဆင်ချက်များထပ်မံထည့်သွင်းရန်၊ နှင့် ပြင်ဆင်ချက်များ၊ စည်းကမ်းဥပဒေများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတည်တံ့ခိုင်မြဲရေးပန်းတိုင် (၄) (Sustainable Development Goal – SDG 4) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာသဘောတူညီချက် (Convention on the rights of persons with disabilities CRPD) တို့နှင့်ကိုက်ညီမှုရှိစေရန်၊ နှင့်

(ည) အင်ချွန်းနည်းဗျူဟာ (Incheon Strategy)အရ မသန်စွမ်း ကလေးများအား ကျောင်းများတွင် အခြားကလေးများနည်းတူသင်ယူမှုအခွင့်အလမ်းများရရှိစေရန်နှင့် မသန်စွမ်းကလေးတစ်ဦးချင်းစီအတွက်သင်ယူမှုဖြစ်မြောက်စေရန် သင့်လျော်သောနည်းလမ်းများဖြင့် အထောက်အကူပေးရန်၊

(ဋ) ကျေးလက်နှင့်မြို့ပြအကြား၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ပညာသင်ယူမှုအခွင့်အလမ်းများ ကွာဟချက်ကိုလျှော့ချရန်၊

(ဌ) ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ရပ်ရွာအခြေပြုကျောင်းများကိုလည်း ဤအစီအစဉ်တွင် ထည့်သွင်းစဉ်းစားရန်၊

(ဍ) ကျောင်းအပ်နှုန်းမြင့်တက်လာစေရန်၊ ကျောင်းထွက်နှုန်းလျှော့ချရန်၊ ကျောင်းတက်မှန်ကန်စေရန်နှင့် ကလေးများသင်ယူမှုစွမ်းဆောင်ရည်မြင့်မားလာစေရန် ကျောင်းများတွင်အာဟာရကျွေးမွေးခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ရပ်ရွာအခြေပြုကျောင်းများကိုလည်း ဤအစီအစဉ်တွင် ထည့်သွင်းစဉ်းစားရန်၊ နှင့်

(ဎ) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနှင့် အသက်(၃) နှစ်မှ(၁၅)နှစ်အရွယ်ကလေးများအားလုံးအတွက် ငွေကြေးထောက်ပံ့သည့်အစီအစဉ်ကိုအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဤသို့ဆောင်ရွက်ရာတွင် အညီအမျှခွဲဝေပေးခြင်း (ညီမျှခြင်း – equality)အစား လိုအပ်ချက်ပေါ်မူတည်၍ထောက်ပံ့သည့်စနစ် (မျှတခြင်း – equity)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

ကျောင်းနေမြဲနှုန်းနှင့် ကျောင်းပြီးနှုန်းမြင့်မားလာစေရန်အတွက် အောက်ပါအကြံပြုချက်များကို ထောက်ခံတင်ပြအပ်ပါသည်–

(က) ကျောင်းနေမြဲရေးလုပ်ငန်းအစီအစဉ်များကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်၊

(ခ) အခြေခံပညာကျောင်းနေမြဲရေးနှင့် ပြီးဆုံးရေးအတွက် သတင်းအချက်အလက် ပညာရေးနှင့်ဆက်သွယ်ရေး ကိရိယာများ (Information, Education and Communication IEC materials) အသုံးပြု၍ လှုံ့ဆော်မှု လုပ်ငန်းများဆောင်ရွက်ရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများအတွက် သင်ကြားမှုသင်ယူမှုနည်းလမ်းကောင်းများ တည်ထွင်ဖော်ထုတ်ရန်၊

(ဃ) ကျောင်းတိုင်းတွင် စာသင်နှစ်တစ်နှစ်တာပတ်လုံးအတွက် သင်တန်းဆင်းဆရာအရေအတွက် လုံလောက်စွာရှိနေစေရန်၊

(င) ကလေးများ၏အခြေအနေ၊ စာသင်ခန်း၏အခြေအနေတို့အပေါ်မူတည်၍ သင်ကြား၊သင်ယူမှုပုံစံအမျိုးမျိုးကို အလျဉ်းသင့်သလို အသုံးပြုရန်၊ (ဥပမာ – အတန်းတွဲသင်ကြားနည်း)

(စ) အခြေခံပညာကျောင်းများတွင် ကွန်ပျူတာ၊ ပရိဂျက်တာ အစရှိသည့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ တပ်ဆင်ပေးရန်၊

(ဆ) လူတိုင်းအကျုံးဝင်အခြေခံပညာရေးအတွက် သင့်လျော်သော စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်ရန်။

ဘဝတွက်တာကျွမ်းကျင်စရာ သင်ကြားခြင်းနှင့်ပတ်သက်၍ အောက်ပါတို့ကိုထည့်သွင်းစဉ်းစားသင့်ပါသည်–

(က) ကျောင်းများတွင် ဘဝတွက်တာကျွမ်းကျင်စရာသင်ကြားပေးမှုကို ကြီးကြပ်ကွပ်ကဲခြင်းဖြင့် အားဖြည့်ပေးရန်၊

(ခ) ကျောင်းပြင်ပရောက်လူငယ်များအတွက် EXCEL အစီအစဉ်ကို တိုးချဲ့ပြီး နိုင်ငံတကာ/ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

စာတတ်မြောက်ရေးနှင့်တစ်သက်တာပညာရေးအတွက် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်–

(က) သက်ကြီးစာတတ်မြောက်မှုနှုန်းမြင့်မားစေခြင်းအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ကွာခြားမှုလျှော့ချရန်၊

(ခ) ရပ်ရွာပညာပဒေသာဌာနများမှတစ်ဆင့် တစ်သက်တာပညာရေးအားပေးဆောင်ရွက်ရန်၊

(ဂ) ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးဦးစီးဌာန (Department of Alternative Education – DAE) ကိုအားဖြည့်ပေးရန်။

အထက်ဖော်ပြပါများပြားလှသည့်အကြံပြုချက်များအနက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများမှာ–

- ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှု အခွင့်အလမ်းများ မြှင့်တင်ပေးရန်၊
- ကျေးလက်နှင့်မြို့ပြ ကွာဟချက် လျှော့ချရန်၊
- ဆရာများ၏စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ရင်းနှီးမြှုပ်နှံရန်၊
- လူတိုင်းအကျုံးဝင်ပညာရေး တိုးမြှင့်ဆောင်ရွက်ရန်၊
- စက်မှုသက်မွေးပညာရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊
- အလုပ်အကိုင်ကိုဖောင်းပေးသည့် (တစ်နည်းအားဖြင့်) လုပ်ငန်းခွင်အတွက် ပြင်ဆင်ပေးသည့် သင်ရိုးညွှန်းတမ်းကို ရေးဆွဲအကောင်အထည်ဖော်ရန်၊
- အခြေခံပညာရေးကဏ္ဍ၏ အရည်အသွေးအာမခံချက် သေချာစေရန် တို့ဖြစ်သည်။

နိဂုံး

ဤလေ့လာမှုတွင် မြန်မာနိုင်ငံရှိကျောင်းပြင်ပရောက်ကလေးများနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာတွေ့ရှိချက်များစွာပါဝင်သည်။ ဥပမာအားဖြင့် မူလတန်းတွင်ကျောင်းတက်နေသောကလေးများ အနက် ၁၈.၁၂ ရာခိုင်နှုန်းသောကလေးများသည် ကျောင်းထွက်ရန်အလားအလာရှိသောကလေးများ ဖြစ်နေသည်။ (သို့မဟုတ်) ကျေးလက်ဒေသရှိ မူကြိုအရွယ်ကလေးများ၏ ၈၀.၆၅ ရာခိုင်နှုန်းသည် မည်သည့်မူကြိုအခွင့်အရေးမှမရရှိကြပါ။ (သို့မဟုတ်) မူလတန်းကလေးများအနက် ၁၂.၂၆ ရာခိုင်နှုန်းသည် ကျောင်းပြင်ပသို့ရောက်ရှိနေကြသည်။ (သို့မဟုတ်) ၂၀၁၄–၂၀၁၅ ပညာသင်နှစ်တွင် နိုင်ငံတော်အဆင့် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသော ကလေးရာခိုင်နှုန်းမှာ (၁၀.၆) ရာခိုင်နှုန်းဖြစ်သည်။

မြန်မာနိုင်ငံရှိကျောင်းနေအရွယ်ကလေးများအနေနှင့် ပညာသင်ယူမှုအခွင့်အလမ်းများရရှိရန် အတားအဆီးများစွာနှင့် ရင်ဆိုင်နေကြရသည်။ မိသားစုတာဝန်ယူမှု၊ ဆင်းရဲနွမ်းပါးမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ သဘာဝဘေးအန္တရာယ်နှင့်မငြိမ်းချမ်းမှု အစရှိသည်တို့သည် ကလေးများ၊ အထူးသဖြင့် ကျေးလက်ဒေသနေကလေးများကို ကျောင်းပြင်ပသို့ရောက်ရှိစေပြီး ရှောင်လွှဲ၍မရ ကလေးလုပ်သားအဖြစ်သို့ရောက်ရှိကြရသည်။ မူလတန်းတွင် ကျေးလက်ဒေသရှိမိန်းကလေးများ၏ ကျောင်းထွက်နိုင်ခြေသည် မြို့ပြနေမိန်းကလေးထက်အဆ(၂၀)ပိုမိုမြင့်မားနေသည်။ ကချင်ပြည်နယ်တွင် မူလတန်းကလေးများ၏ (၈၃.၂) ရာခိုင်နှုန်းသည် ကျောင်းထွက်ရန်အလားအလာရှိနေသည်။

နည်းဗျူဟာများကို အမျိုးသားပညာရေးကဏ္ဍစီမံကိန်း (၂၀၁၆–၂၀၂၁)တွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်အသိပေးရန်၊ ကျေးလက်/မြို့ပြကွာဟချက်မရှိစေရန်အတွက် လိုအပ်ချက်များကိုသိရှိရန်နှင့် ကလေးများကျောင်းပြင်ပရောက်ရှိခြင်းမှကာကွယ်ရန် သတင်းအချက်အလက်များအရေးတကြီးလိုအပ်နေပြီး အဆိုပါအချက်အလက်များအပေါ် ဆန်းစစ်လေ့လာမှုများပြုလုပ်ရမည်ဖြစ်သည်။

ယခုလေ့လာဆန်းစစ်မှုမှာ အဆိုပါလုပ်ငန်းစဉ်များ၏အစပင်ဖြစ်ပါသည်။

အခန်း (၁) နိဒါန်း

၁.၁။ သုတေသနလုပ်ငန်းရည်ရွယ်ချက်

မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ဆန်းစစ်လေ့လာခြင်းသုတေသနသည် UNICEFနှင့် UNESCO-UIS တို့ ၂၀၁၀ခုနှစ်မှစတင်ဆောင်ရွက်ခဲ့သည့် ကမ္ဘာ့ကျောင်းပြင်ပရောက်ကလေးများအခြေအနေလေ့လာခြင်း ပဏာမခြေလှမ်း၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဤသုတေသနလုပ်ငန်းကို ၂၀၁၆ခုနှစ် မေလမှစတင်၍ ပညာရေးဝန်ကြီးဌာနနှင့် UNESCO-UIS, UNICEF, OPM တို့ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကျောင်းပြင်ပရောက်ကလေးများ၏အခြေအနေကို ဆန်းစစ်လေ့လာခြင်းပဏာမခြေလှမ်း၏ အဓိကရည်ရွယ်ချက်မှာ ကျောင်းပြင်ပရောက်ကလေးများ၏ ပမာဏနှင့် ကျောင်းပြင်ပရောက်ရခြင်း၏ အကြောင်းရင်းဇစ်မြစ်ကို ပိုမိုစနစ်ကျစွာစိစစ်အကဲဖြတ်နိုင်ရန်နှင့် ခိုင်မာသောပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် အထောက်အကူဖြစ်စေရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံကျောင်းပြင်ပရောက်ကလေးများ အခြေအနေလေ့လာခြင်း ပဏာမခြေလှမ်း၏ရည်ရွယ်ချက်များမှာ–

(၁) ကျောင်းပြင်ပရောက်မူလတန်းကြို၊ မူလတန်းနှင့် အလယ်တန်းအရွယ်ကလေးများ၏ အခြေအနေကို လေ့လာဆန်းစစ်ရန်၊
(၂) မူလတန်းကြို၊ မူလတန်းနှင့် အလယ်တန်းအရွယ်ကလေးများ ကျောင်းပြင်ပရောက်ရခြင်း အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ရန်၊
(၃) ရာစုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတည်တံ့ခိုင်မြဲရေးပန်းတိုင်နှင့် လူတိုင်းအတွက်ပညာရေးဦးတည်ချက်တို့ပြည့်မီရေးအတွက် မူလတန်းကြို၊ မူလတန်းနှင့် အလယ်တန်းအရွယ်ကလေးများ၏ ကျောင်းထွက်မှုနှုန်းလျော့ချနိုင်ရန် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ထောက်ခံတင်ပြပေးရန်၊
(၄) မူဝါဒဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများဖော်ထုတ်ရန်။

ဤရည်ရွယ်ချက်များသည် အဆင်းရဲဆုံးကလေးများ၊ လူသားချင်းညှာတာထောက်ထားမှု အများဆုံးလိုအပ်နေသောကလေးများနှင့် ၎င်းတို့၏မိသားစုများကိုဦးစားပေးမည့် UNICEF ၏အစီအစဉ်နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီမှုစာတမ်းတွင် ပညာသင်ယူမှုအခွင့်အရေးကို ဦးစားပေးဆောင်ရွက်မည့်အစီအစဉ်တို့နှင့် ကိုက်ညီမှုရှိပါသည်။ ဤသုတေသနစာတမ်းသည် ကျောင်းပြင်ပတွင်ရောက်ရှိနေသော ကျောင်းနေအရွယ်ကလေးများ၏အခြေအနေ၊ ကျောင်းပြင်ပသို့ရောက်ရှိစေသည့်အကြောင်းရင်းများ၊ တစ်နည်းအားဖြင့် ကလေးများပညာသင်ယူမှုအခွင့်အလမ်းကို အနှောက်အယှက်အဟန့်အတားဖြစ်စေသည့်အရာများနှင့် မူဝါဒဆိုင်ရာတုံ့ပြန်ချက်များကို ဖော်ပြထားသောစာတမ်းဖြစ်ပါသည်။

၁.၂။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု အကြောင်းအရာ

ကလေးများကျောင်းပြင်ပရောက်ရခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာများနှင့် အပြန်အလှန်ဆက်စပ်ပတ်သက်မှုရှိသည်။ နိုင်ငံ၏ဒေသန္တရဆိုင်ရာ အကြောင်းအရာများ၊ လူမှုစီးပွားရေးအခြေအနေ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် နိုင်ငံရေးတည်ငြိမ်မှုအတိုင်းအတာတို့သည် မြန်မာကလေးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများကို ပုံဖော်ပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အရှေ့တောင်အာရှတွင်တည်ရှိသည့် အချုပ်အခြာအာဏာပိုင်စိုးသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှာ ဘင်္ဂလားဒေ့(ချ်)နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ယိုးဒယားနိုင်ငံများဖြစ်ကြသည်။ စတုရန်းကီလိုမီတာပေါင်း (၆၇၆၅၇၈) သို့မဟုတ် စတုရန်းမိုင်ပေါင်း (၂၆၁၂၇) ကျယ်ဝန်းပြီး တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၃၅)မျိုးရှိသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆက်စပ်အကြောင်းအရာအချို့ကို အောက်ဖော်ပြပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ဇယား ၁. ၁။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြောင်းအရာများ

နှစ်စဉ် လူဦးရေတိုးပွားနှုန်း (%)[၃]	၂၀၁၄		၀.၈၅%
	၂၀၁၅		၀.၈၆%
	၂၀၁၆		၀.၈၂%
	၂၀၁၇		၀.၈၂%
မွေးဖွားနှုန်း (အမျိုးသမီးတစ်ယောက်၏)	၂၀၁၇		၂.၂
(၅)နှစ်အောက်ကလေး သေဆုံးနှုန်း (ကလေးတစ်ထောင်လျှင်)	၂၀၀၉–၂၀၁၀ (MICS)		၄၆.၁
မွေးကင်းစသေဆုံးနှုန်း (အရွယ်မွေးကလေး၁၀၀၀၏)	၂၀၁၇		၄၀
စာတတ်မြောက်နှုန်း (၂၀၁၅)[၄]	၁၅–၂၄	စုစုပေါင်း	၉၆.၃၃
		ကျား	၉၆.၃၄
		မ	၉၆.၃၂
	၁၅နှစ်နှင့်အထက်	စုစုပေါင်း	၉၃.၀၂
		ကျား	၉၅.၁၇
		မ	၉၁.၁၅
	၆၅နှစ်နှင့်အထက်	စုစုပေါင်း	၈၂.၅၄
		ကျား	၉၀.၉၇
		မ	၇၆.၁၄

[၃] Country Meters, "*Quick Facts about the Population of Myanmar, 2017*", retrieved 21 February, 2017 from http://countrymeters.info/en/Myanmar

[၄] UNESCO UIS, retrieved 13 March, 2016

ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု မြန်မာကျပ် (သန်းထောင်ပေါင်း)[၅]	၂၀၁၆–၂၀၁၇	၈၄.၁၈
တစ်ဦးချင်းအသားတင်ကုန်ထုတ်လုပ်မှု (မြန်မာကျပ်)[၆]	၂၀၁၆–၂၀၁၇	၁၅၈၄.၉ ၉၆၁ မြန်မာကျပ်

၁.၂.၁။ မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာအကြောင်းအရာများ။

မြန်မာနိုင်ငံ၏လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်းကီလိုမီတာလျှင် (၈၀.၆) ဦးရှိပြီး၊ ၂၀၁၇၊ ဖေဖော်ဝါရီ စာရင်းအရ လူဦးရေ (၅၄ ၆၁၂ ၀၁၁)ရှိသည်။ ၂၀၁၇ခုနှစ်အတွင်းလူဦးရေ (၄၄၆၇၆၃)ဦး တိုးလာနိုင်ချေရှိပြီး ၂၀၁၈ခုနှစ်၊ နှစ်ဦးပိုင်းတွင် မြန်မာနိုင်ငံ၏လူဦးရေသည် (၅၄ ၉၉၆ ၅၈၈) ဖြစ်လာနိုင်သည်။ ၂၀၁၇ခုနှစ်တွင် အမျိုးသားဦးရေသည် စုစုပေါင်းလူဦးရေ၏ (၄၉.၃%)ဖြစ်ပြီး အမျိုးသမီးဦးရေမှာ (၅၀.၇%) ဖြစ်သည်။ သို့ဖြစ်၍လူဦးရေစုစုပေါင်း၏ ကျား/မ အချိုးမှာ (၀.၉၇၂) ဖြစ်သည်။ ဆိုလိုသည်မှာ အမျိုးသမီးအယောက် (၁၀၀၀) ရှိလျှင် အမျိုးသား (၉၇၂)ယောက် ရှိသည်။ ဤအချိုးသည် ၂၀၁၆ ခုနှစ်စာရင်းအရ ကမ္ဘာ့လူဦးရေ ကျား/မ အချိုးဖြစ်သည့် အမျိုးသား (၁၀၁၆)ယောက်လျှင် အမျိုးသမီး (၁၀၀၀)ယောက်ရှိသည့်အချိုးအောက် လျော့နည်းနေသည်။[၇]

ပုံ ၁. ၁။ မြန်မာနိုင်ငံ၏ အသက်အလိုက်လူဦးရေပြန့်ချက်ပြပုံ[၈]



ပုံ (၁.၁) နှင့် ပုံ (၁.၂)တို့သည် မြန်မာနိုင်ငံ၏ လူဦးရေပြန့်ချက်ကို ဖော်ပြသည်။ အသက် (၁၅)နှစ်နှင့် (၆၅)နှစ်အကြားလူဦးရေမှ အများဆုံးဖြစ်သည်။

---

၅ Ministry of Planning and Finance, Republic of the Union of Myanmar, "*2016-2017 Citizen's Budget*". www.mof.gov.mm

၆ Ibid

၇ "*Map of the World by Sex ratio of total population*", retrieved from 21 February 2017 from https://en.worldstat.info/World/List_of_countries_by_Sex_ratio_of_total_population

၈ Country Meters, "*Quick Facts about the Population of Myanmar, 2017*".

ပုံ ၁. ၂။ မြန်မာနိုင်ငံ၏လူဦးရေကို ကျား/မ ခွဲ၍ ပြသခြင်း[၉]



လူဦးရေ၏မှီခိုနေထိုင်သူအချိုးဆိုသည်မှာ အလုပ်မလုပ်ဘဲသူတစ်ပါး (အလုပ်လုပ်သူ၊ ထုတ်လုပ်နိုင်စွမ်းရှိသူများ)အပေါ် မှီခိုနေထိုင်သူအချိုးကိုဆိုလိုသည်။ မှီခိုနေထိုင်သူများတွင် အသက်(၁၅)နှစ်အောက်အရွယ်နှင့် အသက်(၆၅)နှစ်နှင့်အထက်အရွယ်များပါဝင်သည်။ သို့ဖြစ်၍ လူဦးရေ၏အလုပ်လုပ်နိုင်စွမ်း တစ်နည်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းရှိသူများတွင် အသက်(၁၅)နှစ်မှ (၆၄)နှစ်အရွယ်များပါဝင်သည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းမှီခိုနေထိုင်သူအချိုးမှာ (၄၈.၂%)ဖြစ်၍ မှီခိုသူဦးရေမြင့်မားလှဘဲ အလုပ်လုပ်သော ထုတ်လုပ်နိုင်စွမ်းဦးရေ၏တစ်ဝက်အောက်တွင်သာရှိနေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံတွင် အလုပ်လုပ်သောလူဦးရေသည် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အသုံးစရိတ်ထောက်ပံ့ပေးနိုင်သည်။ မှီခိုသူဦးရေမှာ (၅၀%)အောက်သာရှိသည့်အတွက် အလုပ်လုပ်သောထုတ်လုပ်နိုင်စွမ်းရှိသူလူဦးရေအပေါ် ဖိအားနည်းပါးသည်။ ကလေးမှီခိုသူအချိုးမှာ အလုပ်လုပ်ခွင့်ရှိသည့် အနိမ့်ဆုံးအသက်(၁၅)နှစ်အောက် ကလေးများအချိုးဖြစ်သည်။ မြန်မာနိုင်ငံ၏ ကလေးမှီခိုသူအချိုးမှာ (၄၀.၈%) ဖြစ်သည်။ အသက်အရမှီခိုသူအချိုးမှာ အလုပ်မလုပ်နိုင်တော့သည့်အသက်(၆၅)နှစ်နှင့်အထက် လူဦးရေအချိုးဖြစ်သည်။ မြန်မာနိုင်ငံ၏ အသက်အရမှီခိုသူအချိုးမှာ (၇.၅%) ဖြစ်သည်။[၁၀]

လူသက်တမ်းသည်လည်း နိုင်ငံတစ်နိုင်ငံအတွက်အရေးကြီးသောအညွှန်းကိန်းတစ်ခုဖြစ်သည်။ ကလေးတစ်ယောက်မွေးဖွားလာပြီးနောက် နှစ်ပေါင်းမည်မျှအသက်ရှင်ရမည်ကို ဖော်ပြသည့်ကိန်းတစ်ခုဖြစ်သည်။ ဘဝတစ်လျှောက်လုံးအတွက် မွေးဖွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းတို့ကိုပြောင်းလဲမှုမရှိဟု ယူဆ၍ တွက်ချက်ရခြင်းဖြစ်သည်။ မြန်မာလူမျိုးများ (ကျားမအားလုံး) အတွက် လူသက်တမ်းသည် (၆၄.၉) နှစ်ဖြစ်ပါပြီး အမျိုးသားများအတွက်(၆၂.၆)နှစ်ဖြစ်ကာ အမျိုးသမီးများအတွက်(၆၇.၃)နှစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏လူသက်တမ်းသည် ကမ္ဘာ့လူသက်တမ်းဖြစ်သည့်(၇၁)နှစ်အောက်လျော့နည်းနေသည်။[၁၁]

---

[၉] Ibid

[၁၀] The estimation data for section "Myanmar age dependency ratio" is based on the latest demographic and social statistics by United Nations Statistics Division (United Nations Statistics Division, Demographic and Social Statistics – external link).

[၁၁] UN Department of Economic and Social Affairs. "*World Mortality Report 2013*"

၁.၂.၂။ လူမှုစီးပွားရေးဆိုင်ရာဆက်စပ်အကြောင်းအရာများ။

အရှေ့တောင်အာရှပင်မဒေသအတွင်း အကြီးဆုံးနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသည် လူဦးရေသိပ်သည်းမှု အနည်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြေဆီသြဇာပြည့်ဝသည့်လယ်မြေများကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ်အားထားပြီး သဘာဝသယံဇာတပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်သည်။ ပထဝီအနေအထားအရ ကမ္ဘာ့စီးပွားရေးအင်အား အကြီးဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိသည့်အတွက် အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်မှုအချက်အချာကျသောနိုင်ငံ အဖြစ်ရပ်တည်ကာ နိုင်ငံ၏တွင်းထွက်ပစ္စည်းများ၊ သဘာဝဓါတ်ငွေ့နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ အဓိကပေးသွင်းသူအဖြစ် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာနိုင်သည်။

အာရှအရှေ့ပိုင်းတွင် မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံဖြစ်လာသည်။ ၂၀၁၄–၂၀၁၅တွင် မြန်မာနိုင်ငံ၏စီးပွားရေး (၈.၅%) တိုးတက်လာရာမှ ၂၀၁၅–၂၀၁၆တွင် မြစ်ရေကြီးခြင်း၊ ရင်းနှီးမြှုပ်နှံမှုအားနည်းခြင်းတို့ကြောင့် အလယ်အလတ်အဆင့်မှ (၆.၅%)သို့ လျော့ကျသွားပါသည်။ လတ်တလော၌ တစ်နှစ်လျှင်စီးပွားရေးတိုးတက်မှုကို အလယ်အလတ်ဖွံ့ဖြိုးမှု (၈.၂%)သို့ ရောက်ရှိရန် ရည်ရွယ်ထားရှိသည်။ မြန်မာနိုင်ငံသည် အာရှတွင် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံပေါင်း (၁၈၆)နိုင်ငံအနက် မြန်မာနိုင်ငံသည်အဆင့် (၁၄၅)တွင်ရှိပြီး လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း (၀.၅၅၆)ရှိသည်ဟု ၂၀၁၆ခုနှစ် လူသားဖွံ့ဖြိုးမှုအစီရင်ခံစာတွင် ဖော်ပြထားသည်။[12] မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှု စစ်စစ်အကဲဖြတ်ခြင်းအစီရင်ခံစာတွင် ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းသည် ၂၀၀၄–၂၀၀၅ တွင် (၃၂.၁%) ရှိခဲ့ရာမှ ၂၀၀၉–၂၀၁၀တွင် (၂၅.၆%)နှင့် ၂၀၁၅ခုနှစ်တွင် (၁၉.၄%)ထိ လျော့ကျခဲ့ကြောင်းဖော်ပြထားသည်။ ကမ္ဘာ့ဘဏ်၏ စီစစ်တည်းဖြတ်ချက်ပေါ်အခြေခံ၍ ဆင်းရဲနွမ်းပါးခြင်းရာခိုင်နှုန်းသည် ၂၀၀၄တွင် (၄၄.၅%) ရှိခဲ့ရာမှ ၂၀၀၉–၂၀၁၀တွင် (၃၇.၅%)ရှိပြီး ၂၀၁၅ခုနှစ်တွင် (၂၆.၁%)အထိ လျော့ကျခဲ့ကြောင်း စာရင်းသွင်းခဲ့သည်။[13]

ဆင်းရဲနွမ်းပါးသူအများစုမှာ ကျေးလက်ဒေသများတွင်နေထိုင်ကြသူများဖြစ်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် ပုံကျအလုပ်များအပေါ် အဓိကမှီခိုနေထိုင်ကြသူများဖြစ်ကြသည်။ အသေးစားလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကြောင့် ကျေးလက်နေဆင်းရဲသားများအတွက် ငွေကြေးဖောင်းပွမှုမှာ မထောင်းသာလှသော်လည်း မြို့ပြနေဆင်းရဲသားများမှာမူ ကုန်ဈေးနှုန်းမြင့်တက်မှုဒဏ်ကို မြင့်မြင့်မားမားခံစားကြရသည်။

အရှေ့တောင်အာရှနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏လူသက်တမ်းသည် အနိမ့်ဆုံးဖြစ်ပြီး တစ်နှစ်အောက်နှင့် (၅)နှစ်အောက်ကလေးသေနှုန်းမှာ ဒုတိယအမြင့်ဆုံးဖြစ်သည်။ လူဦးရေ၏ သုံးပုံတစ်ပုံသာလျှင် လျှပ်စစ်မီးရရှိပြီး၊ လမ်းပန်းဆက်သွယ်ရေးအနေနှင့် စတုရန်းကီလိုမီတာ(၁၀၀၀)လျှင် လမ်းရရှိမှု (၂၁၉.၈)ကီလိုမီတာသာလျှင်ရှိနေသေးသည့်အတွက် ဖွဲ့ဖြိုးမှုနိမ့်ကျနေပါသေးသည်။ ဆက်သွယ်ရေးကဏ္ဍအနေနှင့် ၂၀၁၄ခုနှစ်တွင် လက်ကိုင်ဖုန်းနှင့် အင်တာနက်အသုံးပြုမှုသည် ၂၀၁၃ခုနှစ် တွင် (၂၀%)နှင့် (၁၀%) အောက်လျော့နည်းနေရာမှ ၂၀၁၄ခုနှစ်တွင် (၆၀%)နှင့် (၂၅%)အထိ အသီးသီး

---

[12] Human Development Report 2016 Human Development for Everyone UNDP retrieved 26 February 2018 from http://hdr.undp.org/en/data

[13] "*Myanmar Poverty Assessment 2017: Part One Examination of Trends between 2004/05 and 2015*". Retrieved November 24, 2017 from http://www.worldbank.org/en/country/myanmar/overview

သိသိသာသာတိုးတက်လာသည်။[၁၄] ဆက်သွယ်ရေးကဏ္ဍတွင် မူဝါဒများချမှတ်ဆောင်ရွက်ခဲ့သည့် အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများရှိလာပြီး တိုးတက်လာသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှု ဒုတိယလှိုင်းကို ၂၀၁၂ခုနှစ် နှစ်လယ်လောက်တွင် ကြေငြာခဲ့ပြီး စွမ်းအင်၊ သစ်တော၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခွန်ဘဏ္ဍာနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အစိုးရ၏ ချုပ်ကိုင်မှုကိုလျှော့ချခဲ့သည်။ ကမ္ဘာ့ဘဏ်၏ဖော်ပြချက်အရ မြန်မာနိုင်ငံ၏နိုင်ငံခြားငွေ ရင်းနှီးမြှုပ်နှံမှု သည် ၂၀၁၀ခုနှစ်တွင် ဒေါ်လာသန်း(၉၀၀) ရှိခဲ့ရာမှ ၂၀၁၃ခုနှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း (၂.၃) အထိမြင့်တက်လာသည်။[၁၅] ၂၀၁၅ခုနှစ်မတ်လတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ ဒေါ်လာသန်း(၈)ထောင် ကျော်ရှိကြောင်း၊[၁၆] ၂၀၁၀ခုနှစ်ကထက် (၂၅)ဆမြင့်တက်လာကြောင်း နိုင်ငံတော်အစိုးရကကြေငြာချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်အနေနှင့် အမေရိက၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျနှင့် ဂျပန်တို့မှ စီးပွားရေးဆိုင်ရာပိတ်ဆို့မှုအချို့ကို လျှော့ချခဲ့ပြီး နိုင်ငံပေါင်းစုံမှကုမ္ပဏီများ နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံ မှုများစတင်ဆောင်ရွက်လာကြသည်။ ကမ္ဘာ့ဘဏ်မှ(၂၅)နှစ်အတွင်းနိုင်ငံတော်အတွက်ပထမဆုံးချေးငွေ ဒေါ်လာ(၂၄၅)သန်း ထုတ်ချေးခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးသည် ၂၀၁၀ခုနှစ်တွင် ဒေါ်လာသန်း ထောင်ပေါင်း(၄၅) ရှိခဲ့ရာမှ ၂၀၃၀ခုနှစ်တွင် ဒေါ်လာသန်းထောင်ပေါင်း (၂၀၀) အထိတိုးတက်လာ ဖွယ်ရှိကြောင်း McKinsey အစီရင်ခံစာတွင်ဖော်ပြထားသည်။[၁၇]

၁.၂.၃။ နိုင်ငံရေးဆိုင်ရာဆက်စပ်အကြောင်းအရာများ။

ဥပဒေပြုရေးအာဏာ

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာသည် ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ပြည်ထောင်စုလွှတ်တော်တွင် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် **ပြည်သူ့လွှတ်တော်**နှင့် တိုင်းဒေသကြီးများနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာရွေးကောက်တင်မြှောက်သည့် **အမျိုးသားလွှတ်တော်**ဟူ၍ လွှတ်တော် နှစ်ရပ်ပါရှိသည်။ ပြည်သူ့လွှတ်တော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား (၁၁၀)ဦး အပါအဝင်ကိုယ်စားလှယ် (၄၄၀)ဦး ပါဝင်သည်။ အမျိုးသားလွှတ်တော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား (၅၆)ဦး အပါအဝင်ကိုယ်စားလှယ် (၂၂၄)ဦး ပါဝင်သည်။[၁၈]

---

[၁၄] The World Bank in Myanmar "*Myanmar Overview*", retrieved 21 February 2017 from http://www.worldbank.org/en/country/myanmar/overview

[၁၅] The World Bank, "*Foreign Direct Investment*", retrieved 21 February 2017 from http://data.worldbank.org/indicator/bx.kit.dinv.cd.wd

[၁၆] "*Myanmar Investment*" retrieved 21 February 2017 from http://www.reuters.com/article/2015/03/25/myanmar-investment-indus13n0wr25q20150325

[၁၇] "*2013 McKinsey report*", retrieved 21 February 2017 from http://www.mckinsey.com/insights/asia-pacific/myanmars_moment

[၁၈] Constitution of the Republic of the Union of Myanmar (2008)

တရားစီရင်ရေးအာဏာ

နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများ အပါအဝင် အဆင့်ဆင့်သောတရားရုံးများအား ခွဲဝေအပ်နှင်းသည်။ ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တစ်ရပ် ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချုန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများရှိသည်။ တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး တရားလွှတ်တော်တစ်ရပ်စီ လည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော်တစ်ရပ်စီ လည်းကောင်းထားရှိသည်။

အုပ်ချုပ်ရေးအာဏာ

နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအားကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ဥပဒေဖွဲ့စည်းပုံအခြေခံဥပဒေအရသတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းသည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် ခရိုင်အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်အုပ်ချုပ်ရေးစသည့် တာဝန်များထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများပါဝင်သည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ် ရှိသည်။ တိုင်းဒေသကြီး(၇)ခုမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပြီး ပြည်နယ်(၇) ပြည်နယ်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြသည်။

ပဋိပက္ခအခြေအနေ

ကချင်၊ ရှမ်းမြောက်နှင့် ရခိုင်ဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခဖြစ်ပွားမှုရှိသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်၍ **၂၁ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံ** ကျင်းပ၍နိုင်ငံတော်ငြိမ်းချမ်းသာယာရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ(၂၁)ရာစုပင်လုံညီလာခံတွင် နိုင်ငံတော်အစိုးရကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

၁.၂.၄။ ပညာရေးဆိုင်ရာဆက်စပ်အကြောင်းအရာများ။

မြန်မာနိုင်ငံ၏ပညာရေးစနစ်

အခြေခံပညာကဏ္ဍတွင် အထက်တန်းကျောင်းပေါင်း (၃၈၃၀)ကျောင်း၊ အလယ်တန်းကျောင်းပေါင်း (၁၄၂၈၀)ကျောင်းနှင့် မူလတန်းကျောင်းပေါင်း (၂၇၈၇၁)ကျောင်းရှိသည့်အတွက် စုစုပေါင်းအခြေခံပညာကျောင်း (၄၅၉၈၁)ကျောင်းရှိပါသည်။ ၎င်းတို့အနက် (၄၁၁၄၃)ကျောင်းသည် ကျေးလက်ဒေသ

တွင် တည်ရှိနေသည်။[၁၉] ကျောင်းအားလုံးနီးပါးမှာ နိုင်ငံတော်ကျောင်းများဖြစ်ကြသော်လည်း ပုဂ္ဂလိက ကျောင်းများလည်း တိုးချဲ့ဖွင့်လှစ်လာသည်။ သာသနာရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက် တွင်ဖွင့်လှစ်သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် တိုင်းရင်းသားလူမျိုးစုများ ဦးဆောင် ဖွင့်လှစ်သည့် ရပ်ရွာအခြေပြု တိုင်းရင်းသားကျောင်းများလည်းရှိသည်။ ကျောင်းအများစုမှာ ပညာရေး ဝန်ကြီးဌာနကပြဋ္ဌာန်းသည့် နိုင်ငံတော်အခြေခံပညာသင်ရိုးကို အသုံးပြုကြသည်။ ကမ္ဘာ့နိုင်ငံအများစု တွင် မသင်မနေရပညာရေးကို အသက်(၁၅)နှစ်မှ (၁၆)နှစ် အရွယ်အထိထားရှိကြသော်လည်း မြန်မာ နိုင်ငံတွင်မူ မသင်မနေရပညာရေးကို မူလတန်းပညာရေးပြီးဆုံးသည်အထိ၊ အသက်အားဖြင့် (၉)နှစ် အထိသာ ဆောင်ရွက်နိုင်သေးသည်။

၂၀၁၅ခုနှစ်အထိ မြန်မာနိုင်ငံ၏ ပညာရေးဖွဲ့စည်းပုံမှာ (၅-၄-၂) စနစ်ဖြစ်ပြီး တရားဝင်မူလတန်း ကျောင်းဝင်နှစ်မှာ (၅)နှစ်ဖြစ်သည်။ မူလတန်းကို (၅)နှစ် တက်ရောက်သင်ကြားရပြီး မူလတန်း အောက်ဆင့် (သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်း)နှင့် မူလတန်းအထက်ဆင့် (တတိယတန်းနှင့် စတုတ္ထတန်း)ဟူ၍ ခွဲခြားထားသည်။ အလယ်တန်းတွင် (၄)နှစ် (ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ)၊ အထက်တန်းတွင် (၂)နှစ် (နဝမတန်းနှင့် ဒသမတန်း) တက်ရောက်ကြရ၍ အခြေခံပညာပြီးဆုံးရန် စုစုပေါင်း (၁၀)နှစ်ကြာမြင့်သည်။ မူလတန်းသည် မသင်မနေရပညာရေးဖြစ်၍ အသက် (၅)နှစ်မှ (၉)နှစ်အထိ စုစုပေါင်း (၅)နှစ်ဖြစ်သည်။ ပညာသင်နှစ်မှာ ဇွန်လမှ မတ်လကုန်အထိဖြစ်သည်။ ကျောင်းသားများသည် မူလတန်းပြီးဆုံးကြောင်းစာမေးပွဲကို စတုတ္ထတန်းနှစ်ဆုံးတွင် လည်းကောင်း၊ အလယ်တန်း ပြီးဆုံးကြောင်းကို အဋ္ဌမတန်းနှစ်ဆုံးတွင် လည်းကောင်းဖြေဆိုကြရသည်။ စာသင်နှစ်ကို ပထမနှစ်ဝက်၊ ဒုတိယနှစ်ဝက်ဟူ၍ နှစ်ပိုင်းခွဲထားပြီး ခန့်မှန်းခြေ (၃၆)ပတ်ရှိသည်။

ဇယား ၁.၂။ ကျောင်းနေအရွယ် ကလေးဦးရေကို အသက်အပိုင်းအခြားနှင့် ကျောင်းအဆင့်အလိုက် ဖော်ပြခြင်း

အသက်အပိုင်းအခြား	ကျောင်းအဆင့်	ကျောင်းသားဦးရေ
(၃)နှစ်မှ (၄)နှစ်	မူလတန်းကြို	၂ ၄၃၈ ၅၇၅
(၅)နှစ်မှ (၉)နှစ်	မူလတန်း	၄ ၇၂၄ ၅၆၁
(၁၀)နှစ်မှ (၁၃)နှစ်	အလယ်တန်း	၃ ၉၀၇ ၆၀၈
(၁၄)နှစ်မှ (၁၅)နှစ်	အထက်တန်း	၁ ၈၅၀ ၄၉၂
(၁၆)နှစ်မှ (၂၀)	တက္ကသိုလ်	၄ ၃၁၃ ၆၁၅

ရင်းမြစ်။ မြန်မာနိုင်ငံ သန်းခေါင်စာရင်း (၂၀၁၅)

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ စနစ်သစ်ပညာရေးကို အကောင်အထည်ဖော်ခဲ့သည်။ စနစ်သစ် ပညာရေး၏ဖွဲ့စည်းပုံမှာ သူငယ်တန်း+၁ (တစ်နည်း သူငယ်တန်း+၅-၄-၃)ပုံစံဖြစ်သည်။ စနစ် ဟောင်းမှ စနစ်သစ်သို့ကူးပြောင်းသွားမည့်အစီအစဉ်ကိုအောက်ပါပုံဖြင့် ဖော်ပြထားသည်။

[၁၉] အခြေခံပညာဦးစီးဌာန (၂၀၁၃၊၂၀၁၇)

ပုံ ၁. ၃။ စနစ်သစ်ပညာရေးဖွဲ့စည်းပုံ အကောင်အထည်ဖော်မည့် အစီအစဉ်

Academic Year	KG	G-1	G-2	G-3	G-4	G-5	G-6	G-7	G-8	G-9	G-10	G-11	G-12
		A1	A2	A3	A4	A5	A6	A7	A8	A9	A10	A11	
2016-2017	B1		A1	A2	A3	A4	A5	A6	A7	A8	A9	A10	
2017-2018		B1		A1	A2	A3	A4	A5	A6	A7	A8	A9	
2018-2019			B1		A1	A2	A3	A4	A5	A6	A7	A8	
2019-2020				B1		A1	A2	A3	A4	A5	A6	A7	
2020-2021					B1		A1	A2	A3	A4	A5	A6	
2021-2022						B1		A1	A2	A3	A4	A5	A6
2022-2023							B1		A1	A2	A3	A4	A5
2023-2034								B1		A1	A2	A3	A4
2024-2025									B1		A1	A2	A3
2025-2026										B1		A1	A2
2026-2027											B1		A1
2027-2028												B1	
2028-2029													B1

Note: A1, A2, etc. and B1 represent the groups of students
Source: DERPT, MOE

သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်ကို ၂၀၁၆–၂၀၁၇ပညာသင်နှစ်တွင်လည်းကောင်း၊ ပထမတန်းသင်ရိုးသစ်ကို ၂၀၁၇–၂၀၁၈ပညာသင်နှစ်တွင်လည်းကောင်း ကျောင်းသားအုပ်စု (B_1) ဖြင့်စတင်အကောင်အထည်ဖော်ခဲ့သည်။ ပုံ ၁.၃ အရ ဤအုပ်စုဝင်ကျောင်းသားများမှာ သင်ရိုးသစ်ဖြင့်သင်ကြားမည့် စနစ်သစ်မူလတန်းပညာရေးကို ၂၀၂၁–၂၀၂၂တွင် ပြီးဆုံးမည်ဖြစ်သည်။ စနစ်သစ်အလယ်တန်းပညာရေး ဆဋ္ဌမတန်းသင်ရိုးညွှန်းတမ်းသစ်ကို ၂၀၁၉–၂၀၁၀ ပညာသင်နှစ်တွင် ကျောင်းသားအုပ်စု (A_2)ဖြင့်စတင်မည်ဖြစ်ပြီး၊ စနစ်သစ်အထက်တန်းပညာရေး ဒသမတန်းသင်ရိုးသစ်ကို ၂၀၂၀–၂၀၂၁ ပညာသင်နှစ်တွင် ကျောင်းသားအုပ်စု (A_5)ဖြင့်စတင်မည်ဖြစ်သည်။ ပထမဆုံးကျောင်းသားအုပ်စု (B_1)သည် စနစ်သစ်အခြေခံပညာရေးကို ၂၀၂၉ ခုနှစ်တွင်ပြီးဆုံးသွားမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်နှင့်ဒီဂရီကောလိပ်ပေါင်း (၄၈)ကျောင်း ပညာရေးကောလိပ်ပေါင်း (၂၄)ကျောင်းနှင့် ကွန်ပျူတာနှင့်နည်းပညာတက္ကသိုလ်ပေါင်း (၆၀)ကျောင်းရှိပြီး၊ အခြားဝန်ကြီးဌာနများအောက်တွင် တက္ကသိုလ်ပေါင်း (၂၆)ကျောင်းရှိသည်။ ထို့အတူ နည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်းပေါင်း (၃၃)ကျောင်းရှိပြီး (နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ၂၀၁၇) သူနာပြုသင်တန်းကျောင်း (၂၅)ကျောင်း၊ သားဖွားသင်တန်းကျောင်း (၂၂)ကျောင်းနှင့် အားကစားသိပ္ပံကျောင်း (၄)ကျောင်း (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ၂၀၁၇) ရှိပါသည်။

ပညာရေးအသုံးစရိတ်

၂၀၁၆–၂၀၁၇ဘဏ္ဍာနှစ်အတွက် ပညာရေးအသုံးစရိတ်မှာ မြန်မာကျပ်ငွေ သန်းထောင်ပေါင်း (၁၆၃၁) ဖြစ်သည်။ ၎င်းတို့အနက် မြန်မာကျပ်ငွေသိန်း (၆၈၂၂၀.၇၇၅)သည် အခမဲ့မူလတန်းပညာရေးနှင့် အလယ်တန်းနှင့်အထက်တန်းပညာရေးအတွက် အခမဲ့ကျောင်းသုံးစာအုပ်ဖြန့်ဝေပေးရန် အသုံးပြုသည်။

အောက်ဖော်ပြပါဇယား ၁.၃ သည် ၂၀၁၆–၁၇ဘဏ္ဍာနှစ်အတွက်သုံးစွဲသည့် ပညာရေးအသုံးစရိတ်အချို့ကိုဖော်ပြထားခြင်းဖြစ်ပါသည်။

ဇယား ၁. ၃။ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွက် သုံးစွဲသည့် ပညာရေးအသုံးစရိတ်အချို့[20]

စဉ်	အကြောင်းအရာ	မြန်မာကျပ် (သန်းပေါင်း)
၁	သမ္မတ၏ ပညာတော်သင်ဆု	၁၄၉ ၆၇၈
၂	အခမဲ့မူလတန်းပညာရေးနှင့် အလယ်တန်းနှင့် အထက်တန်း ပညာရေးအတွက် ကျောင်းသုံးစာအုပ် အခမဲ့ပေးဝေခြင်း	၆၈ ၂၂၀ .၇၇၅
၃	ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး	၂၄ ၄၃၂ .၂၂၁
၄	ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ	၆၃ ၀၀၀ .၀၀၀
၅	ကျောင်း အဆောက်အဦများဆောက်လုပ်ခြင်း	၁၄၁ ၀၂၃ .၃၅၄
၆	တိုင်းရင်းသားဘာသာစကားသင်ကြားပေးသူ ဆရာများအတွက် လစာ	၅ ၄၉၁ .၅၀၀
၇	ပြည်တွင်းအခွန်ဦးစီးဌာနမှ တယ်လီဖုန်းခေါ်ဆိုခြင်းအပေါ် ကောက်ခံသည့် အခွန်ငွေ၏ ၅% (မြန်မာကျပ် ၇ ၅၀၀ ၀၀၀) ကို ပညာရေးဘတ်ဂျက်အဖြစ်သုံးခြင်း	၇ ၅၀၀ .၀၀၀

၂၀၁၁–၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၆–၂၀၁၇ဘဏ္ဍာနှစ်အတွင်း ပညာရေးအသုံးစရိတ် တိုးတက်လာမှုအခြေအနေကို ပုံ(၁.၄)တွင်ဖော်ပြထားသည်။

ပုံ ၁. ၄။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပညာရေးအသုံးစရိတ် တိုးတက်လာမှု အခြေအနေ



Source: 2016-2017 Citizen's Budget, Ministry of Planning and Finance

အခမဲ့မသင်မနေရမူလတန်းပညာရေးအစီအစဉ်

နိုင်ငံတော်အစိုးရ၏ အခမဲ့မသင်မနေရ မူလတန်းအစီအစဉ်ကို (၂၀၁၁–၂၀၁၂)ပညာသင်နှစ်တွင်လည်းကောင်း၊ အလယ်တန်းပညာရေးကို (၂၀၁၂–၂၀၁၃)ပညာသင်နှစ်တွင်လည်းကောင်း၊ အထက်တန်းပညာရေးကို (၂၀၁၅–၂၀၁၆)ပညာသင်နှစ်တွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်

[20] 2016-2017 Citizen's Budget, Ministry of Planning and Finance; p. 21, 35pp

အတွက် အသားတင်ကျောင်းအပ်နှုန်းနှင့် အတန်းကူးပြောင်းနှုန်းများ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာသည်။ ဤအစီအစဉ်အရ အစိုးရကျောင်းအားလုံးတွင် အခမဲ့ကျောင်းသုံးစာအုပ်နှင့်ကျောင်းဝတ်စုံဖြန့်ဝေခြင်း၊ ကျောင်းလခအခမဲ့၊ ဗလာစာအုပ်အခမဲ့နှင့် မိဘဆရာအသင်းကြေးအခမဲ့တို့ရရှိခဲ့သည်။ ထို့ပြင် နိုင်ငံတော်အစိုးရမှ အခြေခံပညာကျောင်းအားလုံးအတွက် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေထောက်ပံ့ပေးခြင်းဖြင့် ရပ်ရွာနှင့်မိဘများမှ တာဝန်ယူခဲ့သည့် ကျောင်းလုပ်ငန်းလည်ပတ်ရန် ကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်ခဲ့သည်။ ဤအစီအစဉ်သည် မိသားစုပညာရေးအသုံးစရိတ်ကို သိသိသာသာလျှော့ချပေးနိုင်သည့်အတွက် မိဘများအကြား ထင်ပေါ်ကျော်ဇောလျက်ရှိသည်။

စာတတ်မြောက်မှုနှုန်း

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် မြင့်မားသည်။ အသက်အလိုက် စာတတ်မြောက်မှုနှုန်းကို ဇယား (၁.၄)ဖြင့် ဖော်ပြအပ်ပါသည်။

ဇယား ၁. ၄။ အသက်အလိုက်စာတတ်မြောက်သူဦးရေနှင့် စာတတ်မြောက်မှုနှုန်းကို ကျားမခွဲခြားဖော်ပြခြင်း (၂၀၁၄–၂၀၁၅)

အသက်အုပ်စု	စုစုပေါင်းဦးရေ	မဦးရေ	ကျားဦးရေ	စာတတ်နှုန်း
၁၅ မှ ၂၄နှစ်	၇ ၆၈၈ ၅၃၀	၄ ၀၅၂ ၀၄၅	၃ ၆၃၆ ၄၈၅	၉၄.၀ %
၁၅နှစ်နှင့်အထက်	၂၈ ၂၂၇ ၁၉၂	၁၄ ၈၂၅ ၅၇၂	၁၃ ၄၀၁ ၆၂၀	၈၉.၉ %
၆၅နှစ်နှင့်အထက်	၂ ၁၅၁ ၆၂၇	၁ ၁၄၄ ၃၃၅	၁ ၀၀၇ ၂၉၂	၇၂.၇ %

ရင်းမြစ်။ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန (၂၀၁၄–၂၀၁၅)၊ ပညာရေးဝန်ကြီးဌာန

၁.၃။ သုတေသနနည်းလမ်း

ကျောင်းပြင်ပတွင်ရောက်ရှိနေသော ကလေးများ၏အခြေအနေကို လေ့လာရာတွင် စနစ်တကျစိစစ်လေ့လာနိုင်ရန်အတွက် အဓိကကျသောခြားနားချက်/ကွာဟမှု(၃)ခုကိုအာရုံစူးစိုက်လေ့လာစေပါသည်။

(က) ကျောင်းပြင်ပရောက်ကလေးများနှင့် ကျောင်းထွက်ရန်အလားအလာရှိသော ကျောင်းသားများအကြား အချက်အလက်ကွာဟချက်များ၊
(ခ) ပညာသင်ယူမှုအခွင့်အလမ်းကို အဟန့်အတားဖြစ်စေသည့် အဓိကကန့်သတ်ချက်များကို စိစစ်လေ့လာရာတွင် ကွာဟချက်များ၊ နှင့်
(ဂ) တွေ့ကြုံနေရသည့်ကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန်အတွက် ထိရောက်သောမူဝါဒများဖော်ပြရာတွင် ကွာဟချက်များ။

ဤကွာဟချက်(၃)မျိုးလုံးသည် တစ်ခုနှင့်တစ်ခုပင်ကိုယ်အားဖြင့် ဆက်စပ်မှုရှိနေပါသည် (ပုံ ၁.၅)။

ကျောင်းပြင်ပရောက်ကလေးများအခြေအနေကိုလေ့လာခြင်း ပဏာမခြေလှမ်းသည် သုတေသနမှ မူဝါဒ၊ မူဝါဒမှလုပ်ဆောင်ချက်တို့ကို ဆက်စပ်ပေးရန်နှင့် ပညာသင်ယူမှုအခွင့်အလမ်းဆိုင်ရာကိစ္စရပ်များတွင် အကောင်အထည်ဖော်သူများ ပါဝင်လုပ်ဆောင်လာစေရန် ရည်ရွယ်သည်။ ပညာရေးမှဖယ်ထုတ်ထားခြင်းမရှိစေရန်အတွက် ပိုမိုထိရောက်သောမူဝါဒများ ချမှတ်ရမည်ဖြစ်ရာ အထောက်အထားခိုင်လုံသော အကြောင်းပြချက်များ လိုအပ်နေပါသည်။

ပုံ ၁. ၅။ ကျောင်းပြင်ပရောက်ကလေးများအခြေအနေ၊ ကန့်သတ်ချက်များနှင့် မူဝါဒတုန့်ပြန်ချက်များ ဆက်စပ်မှုအခြေအနေပြပုံ



ချန်လှပ်ထားခံရခြင်းရှုထောင့်(၅)မျိုးပုံစံ (Five Dimensions of Exclusion Model)

ဤသုတသနတွင် ကျောင်းပြင်ပရောက်ကလေးများအခြေအနေဆန်းစစ်လေ့လာခြင်း ပဏာမခြေလှမ်းမှ ဖော်ထုတ်ခဲ့သည့် ချန်လှပ်ထားခံရခြင်း ရှုထောင်(၅)မျိုးပုံစံကို အသုံးပြု၍လေ့လာဆန်းစစ်ခဲ့ပါသည်။[၂၁]

အသက်အရွယ်အလိုက် (၃)အုပ်စု၊ ကျောင်းတက်မှုအခြေအနေအလိုက် (၂)အုပ်စုနှင့် စုစုပေါင်းအုပ်စု (၅)စုခွဲ၍ လေ့လာသည့်ပုံစံဖြစ်သည်။

- အသက်အုပ်စု (၃)အုပ်စု။ မူကြိုအရွယ်ကလေးများ၊ မူလတန်းအရွယ်ကလေးများနှင့် အလယ်တန်းအရွယ်ကလေးများနှင့်
- ကျောင်းတက်မှုအခြေအနေအရအုပ်စု(၂)စု။ ကျောင်းပြင်ပရောက်ရှိနေသောကလေးများ အုပ်စုနှင့် ကျောင်းထွက်ရန်အလားအလာရှိသောကျောင်းတက်နေသည့်ကျောင်းသားများအုပ်စု။

ကလေးများပညာရေးမှ ချန်လှပ်ထားခံရခြင်းနှင့်ပတ်သက်၍ အဓိပ္ပါယ်(၂)မျိုးဖွင့်ဆိုနိုင်ပါသည်။ ကျောင်းပြင်ပတွင် ရောက်ရှိနေသောကလေးများသည် ပညာရေးမှချန်လှပ်ထားခံရခြင်းဖြစ်ပြီး၊ ကျောင်းထွက်ရန်အလားအလာရှိသော ကလေးများမှာ ပညာရေးအတွင်းချန်လှပ်ထားခံရခြင်းဖြစ်ပါသည်။

ချန်လှပ်ထားခံရခြင်းရှုထောင့်(၅)မျိုးပုံစံမှာ–

(၁) **ရှုထောင့်(၁)**။ မူကြိုကျောင်း (သို့မဟုတ်) မူလတန်းကျောင်းတွင် **မရောက်ရှိနေသော** မူကြိုအရွယ်ကလေးများ။

[၂၁] UNICEF and UNESCO-UIS, 2011

(၂) **ရှုထောင့်(၂)။** မူလတန်းကျောင်း (သို့မဟုတ်) အလယ်တန်း/အထက်တန်းကျောင်းတွင် **မရောက်ရှိနေသော** မူလတန်းအရွယ်ကလေးများ။

(၃) **ရှုထောင့်(၃)။** မူလတန်း (သို့မဟုတ်) အလယ်တန်း/အထက်တန်းကျောင်းတွင် **မရောက်ရှိနေသော** အလယ်တန်းအရွယ်ကလေးများ။

(၄) **ရှုထောင့်(၄)။** **ကျောင်းထွက်ရန် အလားအလာရှိသော** မူလတန်းကျောင်းသားများ။

(၅) **ရှုထောင့်(၅)။** **ကျောင်းထွက်ရန်အလားအလာရှိသော** အလယ်တန်းကျောင်းသားများ။

အောက်ဖော်ပြပါ ပုံ(၁.၆)သည် ဤသုတေသနစာတမ်းတွင် အဓိကထားစိစစ်လေ့လာမည့် ကလေးအုပ်စုတစ်စုစီအတွက် ကလေးများကျောင်းပြင်ပသို့ရောက်ရှိနေသည် (သို့မဟုတ်) ကလေးများကျောင်းတက်နေသော်လည်း ကျောင်းထွက်သွားရန်အလားအလာရှိနေသည်တို့ကို ဖော်ပြသည့် ချန်လှပ်ထားခံရခြင်း ရှုထောင့်(၅)မျိုးပုံစံ အနှစ်ချုပ်ဖြစ်ပါသည်။

ပုံ ၁. ၆။ ချန်လှပ်ထားခံရခြင်းရှုထောင့် (၅)မျိုးပုံစံအနှစ်ချုပ်



ရင်းမြစ်။ UNICEF and UNESCO-UIS (2011)

ရှုထောင့် (၂)နှင့် (၃)ကို သုံးအုပ်စုထပ်မံခွဲပါသည်။[JJ] (UIS and UNICEF, 2005)

- ယခင်ကကျောင်းတက်ခဲ့ပြီးကျောင်းထွက်ခဲ့သည့်ကလေးများ၊
- လုံးဝကျောင်းမတက်ဖူးသောကလေးများ၊ နှင့်
- အနာဂတ်တွင် ကျောင်းတက်ရန်အလားအလာရှိသောကလေးများ။

ယေဘုယျအားဖြင့် မူလတန်းသို့မဟုတ်အလယ်တန်းအရွယ်ကလေးများ မူလတန်းသို့မဟုတ်အလယ်တန်းပညာရေးတွင်ပါဝင်နေလျှင် ကျောင်းတက်နေသည်ဟုယူဆသည်။ သို့ရာတွင် သင်ယူမှုနှင့်နှိုးနွယ်

JJ UNICEF and UNESCO-UIS, 2011

သည့်လုပ်ငန်းများတွင်ပါဝင်နေသူဖြစ်သော်လည်း အောက်ဖော်ပြပါကလေးအုပ်စုနှစ်စုကိုမူ ကျောင်းပြင်ပရောက်ကလေးများဟု သတ်မှတ်သည်။

- မူကြိုအရွယ်နှင့်အထက်ကလေးများသည် မူကြိုကျောင်းတွင် တက်ရောက်နေစေကာမူ ထိုကျောင်းသည် မူကြိုပညာရေးအရည်အသွေးများနှင့် ကိုက်ညီမှုမရှိ၊ ကျောင်းရှိဆရာများ၏ အရည်အသွေးသည်လည်း စံမမှီလျှင် တစ်နည်းအားဖြင့် ကျောင်းနှင့်ထိုကျောင်းရှိဆရာများ၏ စံသည် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေးအရည်အသွေးစံများပြည့်မီခြင်းမရှိပါက အဆိုပါကလေးများကို ကျောင်းပြင်ပရောက်ကလေးများဟု သတ်မှတ်သည်။
- မူလတန်းအရွယ်နှင့်အထက် ကလေးများသည် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များတွင် ပါဝင်နေစေကာမူ ထိုအစီအစဉ်များသည် ကျောင်းပညာရေးနှင့် တန်းညှိချိတ်ဆက်ထားခြင်းမရှိပါက အဆိုပါကလေးများကို ကျောင်းပြင်ပရောက်ကလေးများဟု သတ်မှတ်သည်။

ရှုထောင့်တစ်ခုခြင်းစီနှင့်ဆက်စပ်၍ ကျောင်းပြင်ပရောက်ကလေးများ၏အခြေအနေလေ့လာခြင်းပဏာမခြေလှမ်း၏ အရေးကြီးသောပန်းတိုင်တစ်ခုမှာ အခွင့်အရေးအဆုံးရှုံးရဆုံးသော ကလေးများကို ခွဲခြားစိစစ်ဖော်ထုတ်ရန်ဖြစ်သည်။ ကျောင်းပြင်ပရောက်ကလေးများအခြေအနေလေ့လာခြင်း ပဏာမခြေလှမ်းကို လက်နက်သဖွယ်အသုံးပြု၍ နိုင်ငံတော်အဆင့် အမျိုးသားမူဝါဒချမှတ်ရန်အတွက် ဤသုတေသနသည် အရေးအကြီးဆုံးနှင့် ဆက်စပ်မှုအရှိဆုံးသောပြဿနာများကို ခွဲခြမ်းစိတ်ဖြာစိစစ်လေ့လာရန်ဖြစ်သည်။

၁.၄။ သုတေသနဆောင်ရွက်သည့်ကာလ

ဤသုတေသနစာတမ်းသည် ၂၀၁၁–၂၀၁၂ပညာသင်နှစ်မှ ၂၀၁၄–၂၀၁၅ပညာသင်နှစ်အတွင်း ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို လေ့လာခဲ့သည်။ မြန်မာနိုင်ငံတွင် စနစ်သစ်ပညာရေးကို ၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ဖြစ်ရာ ဤသုတေသနဆောင်ရွက်သည့်ကာလသည် စနစ်ဟောင်းပညာရေးကျင့်သုံးသည့် ကာလသာလျှင်ဖြစ်ပါသည်။

၁.၅။ အဓိကပူးပေါင်းဆောင်ရွက်သူများ

မြန်မာနိုင်ငံတွင် ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို ဆန်းစစ်လေ့လာခြင်းလုပ်ငန်းဆောင်ရွက်ရန် အောက်ပါအတိုင်းအဖွဲ့များဖွဲ့စည်းခဲ့သည်–

(၁) **ဦးစီးကော်မတီ** – ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဆက်စပ်ဝန်ကြီးဌာန (၉)ခုမှ ညွှန်ကြားရေးမှူးချုပ်များနှင့် UNICEF, UNESCO တို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။

(၂) **နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့** – ဤအဖွဲ့တွင် ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာန (၉)ခု၊ UNICEF, UNESCO တို့မှ အဖွဲ့ဝင်များ ပါဝင်သည်။

(၃) **ပင်မလုပ်ငန်းအဖွဲ့** – ပင်မလုပ်ငန်းအဖွဲ့ (၂)ဖွဲ့ ရှိသည်–

(က) **ကျောင်းပြင်ပရောက်ကလေးများအကြောင်းလေ့လာသည့်အဖွဲ့.** – ဤအဖွဲ့တွင် ဗဟိုစာရင်းအင်းအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနစာရင်းအင်းအဖွဲ့တို့မှ စာရင်းအင်းကျွမ်းကျင်ပညာရှင်များ ပါဝင်သည်။

(ခ) **ကလေးများကျောင်းပြင်ပရောက်ရခြင်းအကြောင်းရင်းရှာဖွေသည့်အဖွဲ့.** – ဤအဖွဲ့တွင် ပညာရေးဝန်ကြီးဌာန၊ သုတေသနအဖွဲ့မှ ပညာရေးမူဝါဒဆိုင်ရာသုတေသနပညာရှင်များ ပါဝင်သည်။

မြန်မာနိုင်ငံတွင် ကျောင်းပြင်ပရောက်ကလေးများအခြေအနေ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးစီးဌာနများ၊ အဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်အထူးလိုအပ်သည်။ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ (၁)သက်ဆိုင်ရာဌာနများအနေနှင့် အချက်အလက်များထုတ်ပေးရန်နှင့် စိစစ်ရန်၊ (၂) ကျောင်းပြင်ပရောက်ကလေးများအား စိစစ်လေ့လာရန် အထောက်အကူဖြစ်စေမည့် ကွန်ရက်ဖွဲ့စည်းရန်၊ နှင့် (၃) ကျောင်းပြင်ပရောက်ကလေးအရေအတွက်လျော့ချရန်အတွက် ဌာနပေါင်းစုံ ပူးပေါင်းအကောင်အထည်ဖော်ရမည့် ရေရှည်စီမံကိန်းများ ဖော်ထုတ်ရန်တို့ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

၁. အခြေခံပညာဦးစီးဌာန (DBE)၊ ပညာရေးဝန်ကြီးဌာန၊
၂. ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (DERPT)၊ ပညာရေးဝန်ကြီးဌာန၊
၃. ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန (DAE)၊ ပညာရေးဝန်ကြီးဌာန၊
၄. နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန (DTVET)၊ ပညာရေးဝန်ကြီးဌာန၊
၅. ဗဟိုစာရင်းအင်းအဖွဲ့ (CSO)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
၆. စီမံကိန်းဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
၇. ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊
၈. လူမှုဖူလုံရေးဦးစီးဌာန (DSW)၊ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊
၉. ပညာရေးနှင့် လေ့ကျင်းရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊
၁၀. ပြည်သူ့အင်အားဦးစီးဌာန (DOP)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊
၁၁. အလုပ်သမားဦးစီးဌာန (DOL)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊
၁၂. အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊
၁၃. တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊
၁၄. သာသနာထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊
၁၅. မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန (MLRC)
၁၆. မြန်မာနိုင်ငံ UNICEF ရုံး
၁၇. မြန်မာနိုင်ငံ UNESCO ရုံး

၁.၆။ အသုံးပြုခဲ့သည့်အချက်အလက်ဆိုင်ရာအရင်းအမြစ်များနှင့် ၎င်းတို့၏ကန့်သတ်ချက်များ

၁.၆.၁။ အသုံးပြုခဲ့သည့်အချက်အလက်ဆိုင်ရာအရင်းအမြစ်များ

အုပ်ချုပ်မှုဆိုင်ရာ ပညာရေးအချက်အလက်များ (Administrative data)၊ မြန်မာနိုင်ငံကလေးလုပ်သားစစ်တမ်းအစီရင်ခံစာ (၂၀၁၅) (LFS 2015)၊ အိမ်ထောင်စုများ၏စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း (IHLCAS 2010) နှင့် ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း (၂၀၁၄)တို့ကိုအသုံးပြုခဲ့သည်။

(က) **မြန်မာနိုင်ငံကလေးလုပ်သားစစ်တမ်း အစီရင်ခံစာ (၂၀၁၅) (LFS 2015)**၊

မြန်မာနိုင်ငံကလေးလုပ်သားစစ်တမ်း အစီရင်ခံစာ (၂၀၁၅) (LFS 2015) ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာတွင် ထုတ်ဝေဖြန့်ချီခဲ့သည်။ ၎င်းစစ်တမ်းသည် အလုပ်သမားဦးစီးဌာန၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းတို့ ၂၀၁၅ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ပူးပေါင်းဆောင်ရွက်ခဲ့သည့် တစ်နိုင်ငံလုံးကိုယ်စားပြု စစ်တမ်းတစ်ခုဖြစ်သည်။ ဤစစ်တမ်းမှ အသက်အရွယ်၊ ကျား/မ၊ နေထိုင်ရာကျေးလက်မြို့ပြ၊ ကြွယ်ဝမှုအညွှန်းကိန်း၊ ကလေးလုပ်သား၊ မသန်စွမ်းကလေးများနှင့် မိဘ၏ပညာရေးအခြေအနေများအလိုက် သတင်းအချက်အလက်များကိုပေးစွမ်းနိုင်သည်။

အားသာချက်များ။

- ကြီးကြပ်ရေးမှူးများ၊ ကွပ်ကဲသူများ၊ လေ့လာကြည့်ရှုသူများနှင့် လူတွေ့မေးမြန်းသူများအတွက် သင်တန်းအကြိမ်ကြိမ်ပေးခြင်း၊
- ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့တို့မှ လိုအပ်သည့်အထောက်အပံ့များအလုံအလောက်ပေးခြင်း၊
- ကျောင်းတက်ခြင်းနှင့်ပတ်သက်၍ မူလတန်းမှအထက်တန်းအထိ အချက်အလက် ကောက်ခံခဲ့သည့်အတွက် ဤစစ်တမ်းသည် မူလတန်းမှအထက်တန်းအဆင့်အထိ အကျုံးဝင်ခြင်း၊
- ဤစစ်တမ်းတွင်အသုံးပြုခဲ့သည့် အဓိပ္ပါယ်သတ်မှတ်ချက်များသည် စံအဓိပ္ပါယ်သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိသည့်အပြင် အခြားအချက်အလက်ဆိုင်ရာ ရင်းမြစ်များနှင့်လည်း ကိုက်ညီမှုရှိခြင်း၊
- နမူနာကောက်ယူမှုပုံစံသည် အခွင့်အရေးဆုံးရှုံးရဆုံးသော ကလေးအုပ်စုအများစုကို ကိုယ်စားပြုခြင်း၊
- ကျောင်းတွင်းနှင့် ကျောင်းပြင်ပရောက်ကလေးများဆိုင်ရာ အချက်အလက်များကို စစ်တမ်းတစ်ခုတည်းမှ ရရှိနိုင်ခြင်း၊
- တစ်ဦးတစ်ယောက်ခြင်းအတွက် ကျား/မ၊ တည်နေရာ၊ ကြွယ်ဝမှု၊ မိသားစုဆိုင်ရာ အချက်အလက်များနှင့် အိမ်ထောင်စုဆိုင်ရာ အချက်အလက်များကိုပေးနိုင်ခြင်း၊
- သန်းခေါင်စာရင်းကောက်ခံခြင်းထက် အကြိမ်ရေပိုလုပ်နိုင်ပြီး ကုန်ကျမှုနည်းခြင်း၊

- သန်းခေါင်စာရင်းထက် ကျောင်းထွက်ရခြင်းအကြောင်းရင်းများ၊ အိမ်မှကျောင်းသို့အကွာအဝေး၊ ပညာရေးအပေါ် အိမ်ထောင်စု၏ အသုံးစရိတ်စသည့် ပညာရေးဆိုင်ရာအချက်အလက်များပိုမိုပါဝင်ခြင်း။

အားနည်းချက်များ။

- တစ်ကြိမ်တစ်ခါတည်းသာ ကောက်ထားသော အချက်အလက်များဖြစ်ခြင်း၊
- ကလေးများ အသက်အရွယ်နှင့်ပတ်သက်၍ ဖြေဆိုသူများ၏ ဖြေကြားချက်များအရသာရေးမှတ်ထားခြင်း၊
- လူတွေ့မေးမြန်းသူများအနေနှင့် ပထမဦးဆုံးအတွေ့အကြုံဖြစ်သည့်အတွက် အချက်အလက်များတွင် အားနည်းချက်ရှိနိုင်ခြင်း၊
- ကျောင်းပညာသင်နှစ်စပြီး (၆)လကျော်ကြာမြင့်ပြီးမှ အချက်အလက်ကောက်ယူခဲ့သည့်အတွက် ကလေးများ အသက်အရွယ်နှင့်ပတ်သက်ပြီး သုံးသပ်ရာတွင် ကွာဟချက်ကြီးမားနေခြင်း၊
- ပညာရေးနှင့်ပတ်သက်သည့် အချက်အလက်များသည် ပညာသင်နှစ်တစ်နှစ်အတွက်သာ ကောက်ထားခြင်း၊
- နမူနာကောက်ယူမှုပုံစံသည် ကျောင်းပြင်ပရောက်ကလေးများအတွက်ရည်ရွယ်ကောက်ယူခဲ့ခြင်းမဟုတ်ဘဲ အလုပ်လုပ်သည့်အသက်အရွယ် အလုပ်သမားအင်အားစစ်တမ်းသာဖြစ်နေခြင်း။

(ခ) **အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေဘက်စုံ လေ့လာမှုစစ်တမ်း (IHLCAS 2009-2010)**

အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းသည် နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်များ၊ လုပ်ငန်းဆောင်ရွက်သူများအတွက် နိုင်ငံတော်အတွင်း အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေအတွက် စာရင်းအင်းဆိုင်ရာအချက်အလက်များကိုပေးသည်။ ဤစစ်တမ်းကို စီမံကိန်းဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ UNICEF၊ နှင့် Swedish International Development Cooperation Agency (Sida) တို့ပူးပေါင်းဆောင်ရွက်ခဲ့သည်။ သုတေသနပြုနည်းလမ်းနှင့်လုပ်ငန်းစဉ်သည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိပြီး စစ်တမ်းကောက်ယူသည့်အဖွဲ့သည် ကမ္ဘာ့ဘဏ်၊ ဆွီဒင်စာရင်းအင်းအဖွဲ့နှင့် UNICEF, UNDP တို့မှ ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာဆိုင်ရာကြီးကြပ်ကွပ်ကဲမှု၊ ထောက်ပံ့ပေးမှုများကို ရရှိခဲ့သည်။ ဤမိတ်ဖက်အဖွဲ့အစည်းများသည် စစ်တမ်းကောက်ယူရာတွင် အစီအစဉ် စတင်ပုံဖော်သည်မှစ၍ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ စီစစ်လေ့လာသည်အထိ ကြီးကြပ်ကွပ်ကဲခဲ့ကြသည်။ ဤစစ်တမ်းသည် နိုင်ငံတော်ကိုယ်စားပြုစစ်တမ်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်တည်းအတွက် အချက်အလက်များကို အချိန်ခွဲ၍လေ့လာသည့် ဒေါင်လိုက်လေ့လာမှုပုံစံ (panel study) (၅၀%)ပါဝင်ပြီး အိမ်ထောင်စုပေါင်း (၁၈ ၆၆၀)ကိုလေ့လာခဲ့သည့်စစ်တမ်းဖြစ်သည်။

အားသာချက်များ

- ကျောင်းတွင်းနှင့် ကျောင်းပြင်ပရောက်ကလေးများဆိုင်ရာ အချက်အလက်များကို စစ်တမ်းတစ်ခုတည်းမှ ရရှိနိုင်ခြင်း၊
- တစ်ဦးတစ်ယောက်ခြင်းအတွက် ကျား/မ၊ တည်နေရာ၊ ကြွယ်ဝမှု၊ မိသားစုဆိုင်ရာအချက်အလက်များနှင့် အိမ်ထောင်စုဆိုင်ရာအချက်အလက်များကို ပေးနိုင်ခြင်း၊
- သန်းခေါင်စာရင်းကောက်ခံခြင်းထက် အကြိမ်ရေပိုလုပ်နိုင်ပြီး ကုန်ကျမှုနည်းခြင်း၊

- သန်းခေါင်စာရင်းထက် ကျော်ငးထွက်ရခြင်းအကြောင်းရင်းများ၊ အိမ်မှကျောင်းသို့အကွာအဝေး၊ ပညာရေးအပေါ် အိမ်ထောင်စု၏ အသုံးစရိတ်စသည့် ပညာရေးဆိုင်ရာအချက်အလက်များပိုမိုပါဝင်ခြင်း။

အားနည်းချက်များ

- ကိုယ်စားပြုမှုဆိုင်ရာပြဿနာများရှိခြင်း၊
  - အိမ်ထောင်စုအတွင်း မပါဝင်သောသူများ။ (ဥပမာ — အိမ်ခြေမဲ့များ၊ ဂေဟာ/ရိပ်သာကဲ့သို့သောနေရာများတွင် နေထိုင်သူများ၊ ဆေးရုံတက်နေရသူများ၊ ရွှေ့လျားသွားလာနေသည့်သူများ)၊
  - ပညာရေးအဆင့်များ။ ကိုယ်ပိုင်ကျောင်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကဖွင့်လှစ်ထားသည့်ကျောင်းများ၊ ကျောင်းပြင်ပနှင့် ဘာသာရေးကျောင်းများကိုထည့်သွင်းမစဉ်းစားခြင်း သို့မဟုတ် အဓိပ္ပါယ်မပြတ်သားခြင်း၊
- နမူနာကောက်ယူမှုကြောင့်မဟုတ်သည့်အမှား[၂၃] (ဥပမာ–လူတွေ့မေးမြန်းသူကြောင့်အမှား) ရှိနိုင်ခြင်း၊
- နမူနာကောက်ယူမှုအမှားရှိနိုင်ခြင်း၊
  - အိမ်ထောင်စုများမှာ ကိုယ်စားပြုမှုအားနည်းခြင်း – မခိုင်ခံ့သော (ပြိုကွဲလုနီးပါးဖြစ်နေသော) အိမ်ထောင်စုများ၊ ဝေးလံခေါင်ဖျားဒေသများနှင့် ဆင်းရဲသားရပ်ကွက်များ
- နမူနာကောက်ယူမှုပုံစံသည် ကျောင်းပြင်ပကလေးများအတွက်ရည်ရွယ်သည့် ပုံစံမဟုတ်ခြင်း၊
- နှစ်စဉ် ကောက်ယူမှုမဟုတ်ခြင်း၊
- အသက်အရွယ်နှင့်ပတ်သက်၍ ဖော်ပြမှုမှားနိုင်ခြင်း။

(ဂ) အုပ်ချုပ်မှုဆိုင်ရာပညာရေးအချက်အလက်များ (ပညာရေးဝန်ကြီးဌာန အချက်အလက်များ)

ကောင်းမွန်သောအုပ်ချုပ်မှုဆိုင်ရာအချက်အလက်များ၏ အင်္ဂါရုပ်များမှာ(၁)စနစ်တစ်ခုလုံးကို စီမံခန့်ခွဲရန်အတွက် ခိုင်မာသည့်နည်းလမ်းများဖြင့် ပုံစံတကျကောက်ထားသည့် အချက်အလက်များဖြစ်ခြင်း၊ (၂) အချိန်နှင့်တပြေးညီ နှစ်စဉ်ကောက်ယူသည့် အချက်အလက်များဖြစ်ခြင်းနှင့် (၃) ကျောင်းအလိုက်စာရင်းမှသည် မြို့နယ်အချုပ်၊ ခရိုင်အချုပ်၊ ပြည်နယ်တိုင်းဒေသကြီးအချုပ်၊ ပြည်ထောင်စုအချုပ်စသည်ဖြင့် အဆင့်အသီးသီးအတွက် အချက်အလက်များရရှိနိုင်ခြင်း တို့ဖြစ်သည်။

အားသာချက်များ

- မူဝါဒဆိုင်ရာဆောင်ရွက်မှုအညွှန်းကိန်းများကိုပေးခြင်း၊
- ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များနှင့် နှစ်ပတ်လည်အစီအစဉ်များ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ခြင်း၊
- အခြားကဏ္ဍ အချက်အလက်များဖြစ်သည့် ကျန်းမာရေး၊ ရေနှင့်မိလ္လာ၊ ရေဆိုးနုတ်စနစ် စသည်တို့နှင့်လည်း ဆက်စပ်မှုရှိနိုင်သည့် ခရိုင်အလိုက်၊ ကျား/မ၊ ကျေးလက်/မြို့ပြ အစရှိသည့် အုပ်ချုပ်မှုဆိုင်ရာအချက်အလက်မျိုးစုံ ရရှိနိုင်ခြင်း။

[23] ဤအမှားသည် အချက်အလက်ကောက်ယူစဉ် အမှန်တန်ဖိုးမှ ကွာခြားသွားစေသည့်အမှားဖြစ်သည်။

အားနည်းချက်များ

- ကျောင်းပြင်ပကလေးများ၏ လူမှုစီးပွားရေးဆိုင်ရာဝိသေသလက္ခဏာများနှင့် ပတ်သက်၍ အချက်အလက်များမရရှိနိုင်ခြင်း။

(ဃ) **သန်းခေါင်စာရင်းနှင့် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၁၄)**

၂၀၁၄ခုနှစ် သန်းခေါင်စာရင်းစာရင်းနှင့် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်းသည်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ UNFPA၏ နည်းပညာထောက်ပံ့မှုဖြင့် ၂၀၁၄ခုနှစ် မတ်လ(၃၀)ရက်မှ ဧပြီ(၁၀)ရက်နေ့အထိ နှစ်(၃၀)အတွင်းပထမဦးဆုံး ဆောင်ရွက်ခဲ့သည့်သန်းခေါင်စာရင်းဖြစ်သည်။ စာရင်းကောက်သူအင်အား (၁၁၀ ၀၀၀)သည် အိမ်ထောင်စုပေါင်း (၁၂)သန်းကျော်သို့ဝင်ရောက်၍ လူမှုရေး၊ စီးပွားရေးနှင့် လူတို့နှင့် ဆက်စပ်သောအကြောင်းအရာများ စာရင်းကိုကောက်ခံခဲ့သည်။ ဆောင်ရွက်ဆဲပြုပြင်ပြောင်းလဲမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် အစိုးရကောင်းဖြစ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဆန်းစစ်မှုပြီးဆုံးပြီးနောက် ရလဒ်ကို ကြေငြာခဲ့သည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူပြည်သားများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် မူဝါဒများဖော်ထုတ်ရန်နှင့် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရန် ကောက်ခံရရှိခဲ့သည့် စာရင်းအင်းအချက်အလက်များကို အစိုးရ၊ တက္ကသိုလ်များ၊ သုတေသနဌာနများ၊ မြို့ပြဆိုင်ရာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားစာရင်းအင်း အချက်အလက် အသုံးပြုလိုသူများ သုံးစွဲနိုင်သည်။

အားသာချက်များ

- နိုင်ငံတော်ကို ကိုယ်စားပြုခြင်း၊
- ကျောင်းတွင်းနှင့် ကျောင်းပြင်ပရောက်ကလေးများဆိုင်ရာအချက်အလက်များကို ရင်းမြစ်တစ်ခုတည်းမှ ရရှိနိုင်ခြင်း၊
- လူတစ်ဦးတစ်ယောက်ချင်းနှင့် အိမ်ထောင်စုတစ်ခုချင်းစီ၏ ဝိသေသလက္ခဏာများဖြစ်သည့် ကျား/မ၊ နေထိုင်ရာဒေသ၊ ကျေးလက်/မြို့ပြ၊ ကြွယ်ဝမှု၊ မိသားစုအခြေအနေ အစရှိသည့် သတင်းအချက်အလက်မျိုးစုံကို ပေးနိုင်ခြင်း။

အားနည်းချက်များ

- အကြိမ်ရေနည်းခြင်း၊
- ပညာရေးဆိုင်ရာအချက်အလက်ရရှိမှုအားနည်းခြင်း

ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေအညွှန်းကိန်းများကို တွက်ချက်ရန်အတွက် ပကတိပြည့်စုံကောင်းမွန်သော စာရင်းအင်းအချက်အလက်ဟူ၍မရှိပါ။ စာရင်းအင်းအချက်အလက်များအချင်းချင်း အားဖြည့်ပေးခြင်းနှင့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် သင့်လျော်ရာအချက်အလက်များကိုသုံးနိုင်ခြင်းသာဖြစ်ပါသည်။ လူမှုဖူလုံရေး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များကို ရှုထောင့်(၁) အတွက်အသုံးပြုသည်။ အိမ်ထောင်စုစစ်တမ်းများနှင့် သန်းခေါင်စာရင်းစစ်တမ်းတို့သည် ရှုထောင့်(၂)နှင့်(၃)တို့အတွက် အကောင်းဆုံး အချက်အလက်ရင်းမြစ်များဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များသည် ရှုထောင့် (၄)နှင့် (၅)တို့အတွက် အကောင်းဆုံးရင်းမြစ်များဖြစ်ကြသည်။။

အညွှန်းကိန်းတစ်ခုတည်းကို မတူညီသောရင်းမြစ်များအသုံးပြု၍ တွက်ချက်ရာတွင် ကွဲပြားမှုများတွေ့ရနိုင်သည်။ ဤသို့ဖြစ်ရခြင်းမှာ စာရင်းကောက်ယူမှုနည်းလမ်းနှင့် အခြားသောအကြောင်းအရာများကွဲပြားသောကြောင့်ဖြစ်နိုင်သည်။ ဥပမာအားဖြင့် ကျောင်းအပ်နှန်းနှင့်ပတ်သက်၍ ကျောင်းများမှကောက်ခံသောအချိန်နှင့် အိမ်ထောင်စုစစ်တမ်းမှ ကောက်ခံသောအချိန် ကွာခြားမှုရှိသည်။ အိမ်ထောင်စုစစ်တမ်းသည် ကျောင်းပညာသင်နှစ်နှင့် ကိုက်ညီမှုမရှိသည့်အတွက် အသက်အလိုက် ကျောင်းနေနှုန်းကို ဖော်ပြရာတွင် ကွာခြားမှုဖြစ်လာစေနိုင်သည်။ သို့ဖြစ်၍ စိစစ်သုံးသပ်ရာတွင် သတိထားသုံးသပ်ရမည်။ ပထမအချက်အနေနှင့် အိမ်ထောင်စုစစ်တမ်း၌ ကလေးများကျောင်းတက်ခြင်းရှိမရှိစုံစမ်းရာတွင် မည်သည့်အတန်းတွင်တက်နေသည် ကိုမစဉ်းစားပါ။ အသက်(၁၂)နှစ်အရွယ် ကလေးတစ်ယောက် သူငယ်တန်းတွင်ကျောင်းတက်နေလျင်ပင် ကျောင်းတက်နေသည်ဟုသာမှတ်တမ်းယူရသည်။ ဒုတိယအချက်အနေနှင့် အိမ်ထောင်စုစစ်တမ်း၌ အသက်ကိုမှတ်တမ်းယူရာတွင် မိဘများအနေနှင့် မပြည့်သေးသောအသက်ကိုပြောသူရှိသကဲ့သို့ ပြည့်ပြီးသောအသက်ကိုပြောသူများလည်းရှိသည့်အတွက် ကွဲလွဲနိုင်သည်။

ကျောင်းပြင်ပရောက်ကလေးများလေ့လာသည့် အညွှန်းကိန်းများနှင့်ပတ်သက်၍ တိုက်ရိုက်အတိအကျကိုက်ညီသောစာရင်းအင်းအချက်အလက်ဟူ၍မရှိပါ။ အိမ်ထောင်စုစစ်တမ်းမှရရှိသည့် ကျောင်းပြင်ပရောက်ကလေးအရေအတွက်နှင့် အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များမှရရှိသည့် ကျောင်းပြင်ပရောက်ကလေးအရေအတွက်ကို တိုက်ရိုက်နှိုင်းယှဉ်၍မရနိုင်ပါ။ သို့ရာတွင် နိုင်ငံအတွင်းကျောင်းပြင်ပရောက်ကလေးများ၏အခြေအနေကိုထောက်ပြနိုင်သည်။ မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် အလွန်အရေးကြီးသည့် ကျောင်းပြင်ပရောက်ကလေးများအရေအတွက်ကို ထောက်ပြနိုင်သည့်အတွက် အုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များနှင့် အိမ်ထောင်စုစစ်တမ်း အချက်အလက်နှစ်ခုစလုံးသည် အလွန်အသုံးဝင်ပါသည်။

၁.၆.၂။ ကြုံတွေ့ရသည့် အချက်အလက်ဆိုင်ရာ ပြဿနာများ

ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို ဆန်းစစ်လေ့လာအကဲဖြတ်ရာတွင် စိန်ခေါ်မှုများရှိပါသည်။ ရှုထောင့်(၅)မျိုးပုံစံနှင့်ပတ်သက်၍ အခြေခံအကျဆုံး စိန်ခေါ်မှုတစ်ရပ်မှာ ရှုထောင့်(၁)၊ (၂) နှင့် (၃)တို့သည် အသက်အတိအကျဖော်ပြသည့် အချက်အလက်များအပေါ်အခြေခံပြီး ရှုထောင့် (၄)နှင့် (၅)သည် အတန်းအရ အချက်အလက်များပေါ် အခြေခံသည်။

မြန်မာနိုင်ငံ ကလေးလုပ်သားစစ်တမ်းကို အဓိကအချက်အလက်ရင်းမြစ်အဖြစ် အသုံးပြုသည့်အတွက်၊ ၎င်းစစ်တမ်း၏ အချက်အလက်မူကြမ်းကို မရရှိနိုင်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ ကျောင်းပညာသင်နှစ်ပြီး(၆)လကျော်မှ အသက်အရွယ်ဆိုင်ရာအချက်အလက်များကို ကောက်ခံရသည့်အတွက် အသက်အရွယ်ဆိုင်ရာအချက်အလက်များ ကွာခြားချက်သည် ကျောင်းပြင်ပဆိုင်ရာအညွှန်းကိန်းများ၏ ရာခိုင်နှုန်းများတွက်ချက်ရာတွင် နောက်ထပ်ပြဿနာတစ်ရပ်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ အညွှန်းကိန်းများမှာ ကျောင်းပြင်ပရောက်ကလေးများဆိုင်ရာ အညွှန်းကိန်းများနှင့်ကွဲလွဲသည့်အတွက် အုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များတွင်လည်း ကန့်သတ်ချက်များရှိသည်။ ထို့ပြင် ပညာရေးကဏ္ဍတွင် EMISသည် အပြည့်အဝမပြီးစီးသေးပါ။ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များဖြစ်သည့် မိဘပညာရေး၊ အိမ်ထောင်စု၏ ကြွယ်ဝမှုအစရှိသည့် အချက်အလက်များ EMISတွင်မပါဝင်ပါ။

မြန်မာနိုင်ငံတွင် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေဘက်စုံ လေ့လာမှုစစ်တမ်းကို ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဤစစ်တမ်းမဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးကာလနှစ်ခုအကြား အချက်အလက်ကွာဟချက် များစွာရှိနေသည်။ ဥပမာအားဖြင့် စစ်တမ်းမဆောင်ရွက်မီ မြန်မာနိုင်ငံလူဦးရေမှာ သန်း(၆၀)ရှိခဲ့ရာမှ စစ်တမ်းကောက်ပြီးနောက် လူဦးရေမှာ (၅၁) သန်းဝန်းကျင် (အတိအကျ – ၅၁၄၈၆၂၅၃) ဟုကြေငြာခဲ့သည်။ ကျောင်းပြင်ပကလေးများ အခြေအနေကိုပဏာမလေ့လာဆန်းစစ်ခြင်းသုတေသနသည် ၂၀၁၄–၂၀၁၅ပညာသင်နှစ်ကို အဓိကထား လေ့လာခြင်းဖြစ်ပြီး အချို့အညွှန်းကိန်းများတွင် တိုးတက်မှု/ဆုတ်ယုတ်မှုတို့ကို စိစစ်ရန်အတွက် ၂၀၁၁–၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၄–၂၀၁၅ ပညာသင်နှစ်အထိ အချက်အလက်များကိုအသုံးပြုရသည်။ ဤသို့သောအခြေအနေတွင် ဖော်ပြပါလူဦးရေကွာဟချက်သည် စာတမ်းအပေါ်တွင် သက်ရောက်မှု ရှိနေပါသည်။

အခန်း (၂) မြန်မာနိုင်ငံကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေ

၂.၁။ နိဒါန်း

ဤအခန်းသည် မြန်မာနိုင်ငံအတွင်း ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကလေးများ၏အတိုင်းအတာကို ဆန်းစစ်လေ့လာပြီး ရှင်းရှင်းလင်းလင်းဖော်ပြရန် ရည်ရွယ်သည်။ စိစစ်လေ့လာရာတွင် ကျောင်းပြင်ပ ရောက်ကလေးများအခြေအနေကို ကလေးတစ်ဦးချင်းနှင့် အိမ်ထောင်စုတစ်ခုချင်း၏ သွင်ပြင်လက္ခဏာများနှင့်ဆက်စပ်လေ့လာခြင်းကို အလေးပေးဆောင်ရွက်ခဲ့သည့်နည်းတူ လတ်တလောကျောင်းတက်နေသော်လည်း ကျောင်းထွက်ရန်အလားအလာရှိသည့်ကလေးများကိုလည်း အလေးပေးလေ့လာခဲ့သည်။ မြန်မာနိုင်ငံတွင် ပညာရေးမှပစ်ပယ်ခံရခြင်းကို လျှော့ချနိုင်ရန်အတွက် မူဝါဒများပေါ်ထွက်လာစေရန် နိုင်ငံတော်အတွင်းမည်သည့်ကလေးများ ပစ်ပယ်ခံနေရသည့်အကြောင်း အသေးစိတ်အချက်အလက်များ လိုအပ်သည်။ အကယ်၍နိုင်ငံတော်၏မူဝါဒသည် ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးများ ကျောင်းထွက်ခြင်းမှကာကွယ်ရန် ချမှတ်နိုင်ပါက ပစ်ပယ်ခံကလေးပမာဏ လျော့နည်းလာမည်ဖြစ်သည်။ သို့ဖြစ်၍ အောက်ဖော်ပြပါမေးခွန်း(၃)ခုအပေါ်အခြေခံပြီး မူကြိုအရွယ်၊ မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ် ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို ဤအခန်းတွင် အလေးပေးဖော်ပြထားသည်။

- မြန်မာနိုင်ငံတွင် ကလေးအရေအတွက်မည်မျှ ကျောင်းပြင်ပရောက်ရှိနေသနည်း။
- ကျောင်းပြင်ပရောက်ရှိနေသည့် ကလေးအုပ်စု၏ အခြေအနေများမှာ ဘာတွေဖြစ်သနည်း။ (ရှုထောင့် ၁၊ ၂ နှင့် ၃)
- ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးများ၏အခြေအနေများမှာ ဘာတွေဖြစ်သနည်း၊ (ရှုထောင့် ၄ နှင့် ၅)

အောက်ဖော်ပြပါဇယားတွင် ကျောင်းအပ်နှံနှုန်းကို အတန်းအလိုက်နှင့် ကျား/မအလိုက်ဖော်ပြထားသည်။ အခြေခံပညာရေးဖွဲ့စည်းပုံမှာ (၅–၄–၂) ဖြစ်သည့်အတွက် မူလတန်းတွင် (၅)နှစ်၊ အလယ်တန်းတွင် (၄)နှစ်နှင့် အထက်တန်းတွင် (၂)နှစ်နေရမည်ဖြစ်သည်။ တရားဝင်အခြေခံပညာကျောင်းဝင်သက်မှာ (၅) နှစ်ဖြစ်သည်။ ဇယားတွင် သက်ဆိုင်ရာအတန်းများအတွက် တရားဝင်အသက်အုပ်စုကို အပြာရောင်ခြယ်ပြထားသည်။

ဇယား ၂. ၁။ ကျောင်းအပ်နှံနှုန်းကို အတန်းအလိုက်နှင့် ကျား/မအလိုက်ဖော်ပြခြင်း

ကျား/မ	အသက်	မူကြို	မူလတန်း	အလယ်တန်း	အထက်တန်း
ကျား	၄	၂၃.၁၈			
	၅		၉၇.၃၆		
	၆		၉၈.၁၉		
	၇		၉၈.၂၃		
	၈		၉၆.၁၄		
	၉		၉၅.၆၉		
	၁၀		၃၃.၃၁	၄၁.၀၉	
	၁၁		၁၃.၂၅	၆၄.၂၄	

	၁၂		၃.၆၅	၇၀.၇၂	
	၁၃		၁.၁၈	၅၈.၆၈	
	၁၄		၀.၃၄	၂၆.၅၃	၂၃.၅
	၁၅		၀.၀၇	၇.၆၂	၃၀.၉
	၁၆		၀.၀၁	၁.၉၄	၁၅.၀
	၁၇		၀.၀၀	၀.၅၉	၄.၁
မ	၄	၂၃.၆၂			
	၅		၈၈.၄၆		
	၆		၉၈.၃၁		
	၇		၉၇.၀၈		
	၈		၉၃.၁၂		
	၉		၉၆.၆၈		
	၁၀		၃၃.၁၀	၄၁.၈	
	၁၁		၁၂.၀၈	၆၇.၉	
	၁၂		၃.၀၂	၇၀.၉	
	၁၃		၁.၀၉	၆၂.၇	
	၁၄		၀.၂၉	၂၈.၀	၂၇.၄
	၁၅		၀.၀၄	၇.၅	၄၁.၈
	၁၆		၀.၀၁	၁.၈	၂၀.၀
	၁၇		၀.၀၅	၀.၄	၃.၄
ပေါင်း	၄	၂၃.၄၀			
	၅		၉၂.၉၆		
	၆		၉၈.၂၅		
	၇		၉၇.၆၆		
	၈		၉၄.၆၆		
	၉		၉၆.၃၃		
	၁၀		၃၃.၂၁	၄၁.၄	
	၁၁		၁၂.၆၈	၆၆.၀	
	၁၂		၃.၄၉	၇၀.၈	
	၁၃		၁.၃၃	၆၀.၆	
	၁၄		၀.၃၂	၂၇.၃	၂၅.၅
	၁၅		၀.၀၆	၇.၆	၃၆.၃
	၁၆		၀.၀၁	၁.၉	၁၇.၅
	၁၇		၀.၀၇	၀.၅	၃.၈

ရင်းမြစ်။ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များ၊ (၂၀၁၄–၂၀၁၆)။ DERPT, MOE

မူကြိုမှလွဲ၍ ကျန်အတန်းအားလုံးတွင် အသက်လွန်ကျောင်းသားများရှိနေကြောင်း ထင်ရှားစွာတွေ့ရှိနိုင်သည်။ အကြောင်းမှာ မြန်မာနိုင်ငံတွင် တရားဝင်ကျောင်းအပ်ရမည့်အသက်မှာ (၅)နှစ်ဖြစ်၍ (၅)နှစ် အရွယ်ကလေးများအားလုံးနီးပါး ကျောင်းအပ်ကြသောကြောင့်ဖြစ်သည်။

ပုံ ၂.၁။ ကျောင်းအပ်နှန်းကို အတန်းအလိုက်နှင့် ကျား/မအလိုက်ဖော်ပြခြင်း



ရင်းမြစ်။ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များ၊ (၂၀၁၄–၂၀၁၆)။ DERPT, MOE

၂.၂။ ရှုထောင့် (၁)။ ကျောင်းတွင်မရှိသည့် မူကြိုအရွယ်ကလေးများ

မြန်မာနိုင်ငံတွင် **ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ** ချမှတ်ပြီးဖြစ်သော်လည်း မူကြိုအရွယ်ကလေး ၇၆%ကျော်မှာ ကျောင်းပြင်ပသို့ရောက်ရှိနေဆဲဖြစ်သည်။ ကျား/မ ကွာခြားမှုမရှိသော်လည်း ကျေးလက်နှင့်မြို့ပြကွာဟချက်မှာ ကြီးမားပြီး ကျေးလက်ကလေးများသည် မြို့ပြကလေးများလောက် မူကြိုအခွင့်အရေးမရရှိကြပါ။

အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် မူကြိုဝန်ဆောင်မှုတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ECCD အစီအစဉ်များသည် ကလေးများ၏ ဉာဏ်ရည်၊ အပြုအမူနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုများကိုရရှိစေနိုင်ပြီး အကျိုးဆက်အနေနှင့် မူလတန်းကျောင်းတက်မှုနှင့်သင်ယူမှုကို ကောင်းကျိုးသက်ရောက်စေနိုင်သည့်အတွက် ကျောင်းပြင်ပရောက်မူကြိုကလေးများ၏ သွင်ပြင်လက္ခဏာများကို ဆက်လက်လေ့လာဆန်းစစ်ပြီး ECCD မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေသည်။

အရည်အသွေးကောင်းမွန်သော ရှေးဦးကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Early Childhood Care and Development – ECCD) အစီအစဉ်သည် ပညာရေးရလဒ်ကောင်းများကို ရရှိစေနိုင်သည်။ ဤအစီအစဉ်သည် ကလေးငယ်များအတွက် လိုအပ်သည့် ဉာဏ်ရည်၊ အပြုအမူနှင့် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှုများရရှိစေနိုင်ပြီး အကျိုးဆက်အနေနှင့် မူလတန်းကျောင်းတက်မှုနှင့်သင်ယူမှုကိုကောင်းကျိုးသက်ရောက်စေနိုင်သည်။ ဆင်းရဲသားမိသားစုများအပေါ် အကျိုးသက်ရောက်မှုပိုများကြောင်း နိုင်ငံတော်တော်များများ၏ အတွေ့အကြုံများက သက်သေပြနေသည်။ ECCD ကြောင့် ဆင်းရဲသားမိသားစုများမှကလေးများအတွက် အကျိုးကျေးဇူးအများဆုံးရရှိစေနိုင်မည်ဖြစ်သော်

လည်း ဆင်းရဲသားမိသားစုမှ ကလေးများ၏ မူကြိုတက်ရောက်မှုသည် ချမ်းသာသောမိသားစုမှကလေးများအောက်လျော့နည်းသည်။[၂၄]

ဤအပိုင်းတွင်ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ၏အခြေအနေကို အသက်အရွယ်၊ ကျား/မ နှင့်အခြား ဝိသေသလက္ခဏာများအရ လေ့လာဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ကလေးများအသက် (၅)နှစ်ပြည့်လျှင် တရားဝင်ကျောင်းအပ်နှံခွင့်ရသည်။ မြန်မာနိုင်ငံတွင် ECCD မူဝါဒအရ အသက်(၃) နှစ်မှ(၅)နှစ်အရွယ်ကလေးများကို မူကြိုအရွယ်ကလေးများဟု အဓိပ္ပါယ်သတ်မှတ်သော်လည်း ကျောင်းပြင်ပရောက်ကလေးများအခြေအနေလေ့လာသည့်နည်းလမ်းအရ ကျောင်းကြီးမတက်မီတစ်နှစ်ဖြစ်သည့် အသက်(၄)နှစ်အရွယ်ကိုသာဤသုတေသနတွင်လေ့လာခဲ့သည်။

၂.၂.၁။ ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ၏အခြေအနေကို ကျား/မနှင့် ကျေးလက်/မြို့ပြအခြေအနေအရလေ့လာခြင်း

ဇယား ၂. ၂။ ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးရာခိုင်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြ အလိုက်ဖော်ပြခြင်း (ရွှေထောင့် ၁) (၂၀၁၄–၂၀၁၅ ပညာသင်နှစ်)

ကျေး/မြို့	ကျား/မ	အရေအတွက်			ရာခိုင်နှုန်း	
		ကျောင်းပြင်ပ	ကျောင်းတွင်း	စုစုပေါင်း	ကျောင်းပြင်ပ	ကျောင်းတွင်း
မြို့ပြ	ကျား	၁၄၈၀၄၁	၈၂၄၄၁	၂၃၀၄၈၂	၆၄.၂၃	၃၅.၇၇
	မ	၁၄၀၅၆၆	၈၃၀၃၉	၂၂၃၆၀၅	၆၂.၈၆	၃၇.၁၄
	စုစုပေါင်း	၂၈၈၆၀၇	၁၆၅၄၈၀	၄၅၄၀၈၇	၆၃.၅၆	၃၆.၄၄
ကျေးလက်	ကျား	၅၉၇၃၀၃	၁၄၃၁၃၇	၇၄၀၄၄၀	၈၀.၆၇	၁၉.၃၃
	မ	၅၈၄၄၆၇	၁၄၀၄၃၃	၇၂၄၉၀၀	၈၀.၆၃	၁၉.၃၇
	စုစုပေါင်း	၁၁၈၁၇၇၀	၂၈၃၅၇၀	၁၄၆၅၃၄၀	၈၀.၆၅	၁၉.၃၅
စုစုပေါင်း	ကျား	၇၄၅၉၀၇	၂၂၅၀၁၅	၉၇၀၉၂၂	၇၆.၈၂	၂၃.၁၈
	မ	၇၂၄၄၇၁	၂၂၄၀၃၅	၉၄၈၅၀၅	၇၆.၃၈	၂၃.၆၂
	စုစုပေါင်း	၁၄၇၀၃၇၈	၄၄၉၀၅၀	၁၉၁၉၄၂၇	၇၆.၆၁	၂၃.၃၉

ရင်းမြစ်။ DERPT (2014-2015), MOE

(၂၃.၃၉%)သော မူကြိုအရွယ်ကလေးများသည် မူကြိုပညာရေးအခွင့်အလမ်း ရရှိခဲ့သည်။ ECCD မူဝါဒတွင် (၂၂.၉%)သော ကလေးများသည် မူကြိုဝန်ဆောင်မှုကိုရရှိကြပြီး အများစုမှာ အလယ်အလတ်နှင့် မြင့်မားသောလစာရရှိသည့်မိသားစုများမှဖြစ်ကြသည်ဟုဖော်ပြထားသည်။[၂၁] တစ်ဖန်အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)၏ မူကြိုတက်ရောက်မှုပျမ်းမျှရာခိုင်နှုန်းမှာ ၂၀၁၀ခုနှစ်တွင် (၅၇%)ဖြစ်သည်ဟု ဖော်ပြထားသည်။[၂၆]

---

[၂၄] UNESCO. (2010) EFA Global Monitoring Report 2010: Reaching the marginalized. Paris: UNESCO.

[၂၁] The Republic of the Union of Myanmar, "*Myanmar Policy for Early Childhood Care and Development*", 2014, p. 4

[၂၆] Ibid p. 29

ပုံ ၂. ၂။ ကျောင်းတွင်းနှင့်ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ၏ အခြေအနေကို ကျား/မနှင့် ကျေးလက်/မြို့ပြ အခြေအနေအရဖော်ပြခြင်း



ရင်းမြစ်။ DERPT (2014-2015), MOE

ဇယား ၂. ၃။ ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးများ၏ အရေအတွက်နှင့် ရာခိုင်နှုန်းကို ကျား/မ အခြေအနေအရဖော်ပြခြင်း (၂၀၁၄–၂၀၁၅ ပညာသင်နှစ်)

ရှုထောင့် (၁) ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးများ၏ အရေအတွက်နှင့် ရာခိုင်နှုန်း ကို ကျား/မ အခြေအနေအရဖော်ပြခြင်း							
အရေအတွက်				ရာခိုင်နှုန်း			
အသက်	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	GPI
၄ နှစ်	၇၄၅၉၀၇	၇၂၄၄၇၁	၁၄၇၀၃၇၈	၇၆.၈၂	၇၆.၃၈	၇၆.၆၁	.၉၉၄

ရင်းမြစ်။ DERPT (2014-2015), MOE

ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးများတွင် ကျား/မ ခြားနားခြင်းသိသိသာသာမရှိပါ။ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးများ၏ ကျား/မ ခြားနားမှုအညွှန်းကိန်း (GPI) မှာ (၀.၉၉၄)ဖြစ်ပြီး UIS 2014 စာရင်းအင်းအရ ကမ္ဘာ့အညွှန်းကိန်းမှာ (၀.၉၉၂)ဖြစ်သည်။[၂၇] မြန်မာနိုင်ငံ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ဆန်းစစ်လေ့လာခြင်း၌ ၂၀၁၁ခုနှစ်တွင် ECCD သို့မဟုတ် မူကြိုဝန်ဆောင်မှုရရှိသည့် ကလေးဦးရေမှာ (၂၅၈၂၃၅) ဖြစ်သည်ဟုဖော်ပြထားသည်။[၂၈]

[၂၇] Source: UNESCO, UIS. Retrieved June 24, 2017 from http://data.worldbank.org/indicator/SE.ENR.PRIM.FM.ZS?end=2015&start=1970&view=chart

[၂၈] UNICEF. (2012b). "*Situation Analysis of Early Childhood Care and Development in Myanmar*". Yangon, Myanmar: UNICEF/Myanmar.

ပုံ ၂. ၃။ ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ (အသက် ၄နှစ်) ရာခိုင်နှုန်း



ရင်းမြစ်။ DERPT (2014-2015), MOE

မူကြိုကျောင်းအပ်နှံမှုနှင့်ပတ်သက်၍ ကျေးလက်နှင့်မြို့ပြ ကွာဟချက်အလွန်ကြီးမားကြောင်းတွေ့ရှိရသည်။ ပုံ (၂.၄)တွင် ထင်ရှားစွာတွေ့ရှိနိုင်သည်။

ပုံ ၂. ၄။ ကျောင်းတွင်းနှင့်ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေးများ၏အခြေအနေကို ကျေးလက်/ မြို့ပြအခြေအနေအရဖော်ပြခြင်း



ရင်းမြစ်။ DERPT (2014-2015), MOE

ကျေးလက်ဒေသ၏ ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးများရာခိုင်နှုန်းသည် မြို့ပြဒေသထက် (၁၇.၁%) များနေသည်။ အကယ်၍ အဆုံးအဖြတ်ပေးမည့်သူ၊ မူဝါဒရေးဆွဲမည့်သူများအနေနှင့် ဤကွာဟချက်ကို လျစ်လျူရှုထားမည်ဆိုပါက မူကြိုပညာရေးကဏ္ဍတွင် ကျေးလက်မြို့ပြကွာဟချက်သည် အလွန်ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်လာနိုင်သည်။

၂.၂.၂။ မူကြိုပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသော အဖွဲ့အစည်းများ

အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းပေါင်းများစွာက မူကြိုပညာရေးဝန်ဆောင်မှုကိုဆောင်ရွက်နေကြသည်။ မြို့ပြဒေသများတွင် ပုဂ္ဂလိကမူကြိုကျောင်းများစွာဖွင့်လှစ်ထားကြသော်လည်း အချက်အလက်များရရှိရန်ခက်ခဲနေသေးသည်။ ထို့အတူ အစိုးရမဟုတ်သောအဖွဲ့အစည်းများထံမှ အချက်အလက်များရရှိရန်ခက်ခဲနေပါသေးသည်။ ပုံ (၂.၅)သည် အဖွဲ့အစည်းအသီးသီး၏ မူကြိုဝန်ဆောင်မှုကို ဖော်ပြသည်။ သို့ရာတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဖွင့်လှစ်သည့် မူကြိုများနှင့် ပုဂ္ဂလိကမူကြိုများမှ စာရင်းအချို့လိုအပ်နေပါသေးသည်။ ပုံတွင် အစိုးရအဖွဲ့အစည်းများကပေးနိုင်သော ဝန်ဆောင်မှုသည် ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သာအဖွဲ့အစည်းများကပေးနိုင်သော ဝန်ဆောင်မှုအောက်များစွာလျော့နည်းနေကြောင်း တွေ့ရှိရသည်။ ထို့ပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် မေတ္တာဖောင်ဒေးရှင်း၊ ကရုဏာဖောင်ဒေးရှင်း၊ ရင်သွေးဖောင်ဒေးရှင်း၊ ကရင်ကွန်ဗင်းရှင်း၊ ကချင်ကွန်ဗင်းရှင်း၊ မြန်မာကွန်ဗင်းရှင်း၊ ပညာတန်ဆောင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ World Vision, Save the children တို့၏ဝန်ဆောင်မှုသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေကြောင်း ပုံတွင်တွေ့ရှိနိုင်သည်။

ပုံ ၂. ၅။ မူကြိုဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အဖွဲ့အစည်းအလိုက် နှိုင်းယှဉ်ဖော်ပြခြင်း



ရင်းမြစ်။ DERPT (2016)

ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများကအကောင်အထည်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအခြေပြုနေ့ကလေးထိန်းကျောင်းများတွင် မွေးစမှ (၅)နှစ်အရွယ်ကလေးပေါင်း (၂၁၇၃၀၀)ယောက် တက်ရောက်နေသည်။[၂၉]

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် UNICEF တို့ပူးပေါင်းဆောင်ရွက်ခဲ့သည့် Multiple Indicator Cluster Survey (MICS) (၂၀၀၉–၂၀၁၀)အရ (၂၂.၉%)သောကလေးများသည် ECCDအခွင့်အလမ်းများကိုခံစားကြရသည်။ ၎င်းတို့အနက် (၃၉.၁%)သည် မြို့ပြဒေသမှဖြစ်ပြီး (၁၅.၉%)သာလျှင် ကျေးလက်ဒေသမှဖြစ်သည်။ အချမ်းသာဆုံးအုပ်စုရှိ

[29] Source: Department of Education Planning and Training and UNICEF

မူကြိုကလေးရာခိုင်နှုန်းမှာ (၄၆%)ဖြစ်ပြီး အဆင်းရဲဆုံးအုပ်စုရှိမူကြိုကလေးရာခိုင်နှုန်းမှာ (၇.၆%)ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကယားပြည်နယ်၏ ECCD အပ်နှုန်းမှာ (၆၀.၇%)နှင့် အမြင့်ဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်၏ရာခိုင်နှုန်းမှာ (၅.၄%)ဖြင့် အနိမ့်ဆုံးဖြစ်သည်။[၃၀]

လေးနှစ်အတွင်း မူကြိုပညာရေးတိုးတက်မှုအခြေအနေကို လေ့လာရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် Save the children တို့၏ အချက်အလက်များကို အသုံးပြုခဲ့သည်။

ပုံ ၂. ၆။ မူကြိုတက်နေသည့် ကလေးအရေအတွက် တိုးတက်လာမှုအခြေအနေ



ရင်းမြစ်။ DERPT (2016)

အထက်ပါပုံတွင်(၄)နှစ်အတွင်း မူကြိုပညာရေးတိုးတက်လာမှုအခြေအနေကို တွေ့ရှိနိုင်သည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တစ်နှစ်အတွင်း (၉.၀၈%) တိုးတက်လာရာမှနောက်နှစ်များတွင် (၂၈.၅၂%)နှင့် (၁၆.၉၁%)တို့တိုးမြင့်လာသည်။ ပုံ (၂.၇)သည် မူကြိုပညာရေးတွင်ကျေးလက်နှင့်မြို့ပြကွာဟချက်ရှိနေသည်ကိုဖော်ပြနေသည်။

[30] "*Multiple Indicator Cluster Survey (MICS) 2009-2010*". Ministry of National Planning and Economic Development, Ministry of Health and UNICEF. p. 42. http://mics.unicef.org/files?job=W1siZiIsIjIwMTUvMDEvMjcvMTIvMzAvMDEvOTgzL015YW5tYXJfRmluYWxfbWluaV9ib29rbGV0LnBkZiJdXQ&sha=42b9a892dde6b320

ပုံ ၂. ၇။ မူကြိုပညာရေးတွင်ကျေးလက်နှင့်မြို့ပြကွာခြားချက်ရှိနေပုံ



မှတ်ချက်။ ပုံတွင်အသုံးပြုသောအချက်အလက်များမှာ နိုင်ငံတော်အဆင့်ကို ကိုယ်စားမပြုပါ။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် Save the Children တို့မှစာရင်းများသာလျှင်ဖြစ်သည်။

ဇယား ၂. ၄။ ပညာသင်နှစ်(၄)နှစ်စာ မူကြိုကျောင်းသားအရေအတွက်ကို ကျား/မခွဲ၍ဖော်ပြခြင်း*

ပညာသင်နှစ်	ကျား	မ	ပေါင်း	GPI
၂၀၁၂–၂၀၁၃	၆၂၅၃၂	၆၂၂၇၉	၁၂၄၈၁၁	၁.၀၀
၂၀၁၃–၂၀၁၄	၆၇၅၉၈	၆၈၅၄၂	၁၃၆၁၄၀	၁.၀၁
၂၀၁၄–၂၀၁၅	၈၅၁၇၂	၈၆၁၁၉	၁၇၁၂၉၁	၁.၀၁
၂၀၁၅–၂၀၁၆	၁၀၁၄၃၅	၉၈၈၁၄	၂၀၀၂၄၉	၀.၉၇

* - စာရင်းအင်းဆိုင်ရာအချက်အလက်များသည် နိုင်ငံတော်ကို ကိုယ်စားမပြုပါ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် Save the Children တို့မှစာရင်းများသာလျှင်ဖြစ်သည်။

GPI အရ ကျား/မ ကွဲခြားနားမှုမရှိကြောင်းတွေ့ရသည်။

၂.၃။ ရှုထောင့် ၂နှင့် ၃။ ကျောင်းပြင်ပရောက်မှုလတန်းအရွယ်နှင့် အလယ်တန်းအရွယ် ကလေးများ

ရှုထောင့် ၂။ မြန်မာနိုင်ငံတွင် မူလတန်းအရွယ် (အသက် ၅နှစ်မှ၉နှစ်)ကျောင်းပြင်ပရောက်ကလေး ရာခိုင်နှုန်းမှာ ၁၂.၃% ရှိပြီး ကျေးလက်နှင့်မြို့ပြဒေသများအကြား ကွာဟမှုအနည်းငယ်ရှိသည်။ အချမ်းသာဆုံးမိသားစုတွင် ကျောင်းအပ်နှုန်းအမြင့်ဆုံးဖြစ်ပြီး အဆင်းရဲဆုံးမိသားစုတွင် ကျောင်းအပ်နှုန်းအနိမ့်ဆုံးဖြစ်သည်။ မသန်စွမ်းကလေးများ၏ ကျောင်းအပ်နှုန်းသည်လည်းနိမ့်သည်။

ကလေးများအသက်(၅)နှစ်ပြည့်လျှင် ကျောင်းအပ်ရန် ဖြစ်သော်လည်း ကျေးလက်ဒေသများတွင် ကျောင်းအပ်နောက်ကျကြသည့်အတွက် မူလတန်းပညာရေးတွင် သက်လွန်ကျောင်းသားများရှိနေသည်။ တစ်ဖန် ကျောင်းအပ်နှုန်း၊ မူလတန်းပြီးဆုံးနှုန်းတို့တွင် ကျေးလက်မြို့ပြကွာဟချက်၊ ဆင်းရဲချမ်းသာကွာဟချက်များတွေ့ရှိရသည်။ ကျေးလက်တွင်သာမက မြို့ပြတွင်ပါ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ ပိုမိုရောက်ရှိနေကြသည်။

ကျောင်းတက်နှုန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မှလွဲပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကွာဟချက်သိသိသာသာမရှိပါ။ သို့ရာတွင် ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကွာခြားမှုရှိသည်။ မိဘပညာရေးမြင့်မားလာသည်နှင့်အမျှ ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်း လျော့ကျလာသည်။

ရှုထောင့် ၃။ ၂၀၁၅ခုနှစ်တွင် အလယ်တန်းအရွယ်ကလေးများ(အသက်၁၀နှစ်မှ၁၃နှစ်)၏ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းမှာ ၁၁.၆%ဖြစ်ပြီး ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိနေကြသည်။ ကျေးလက်မြို့ပြကွာခြားချက်သည် မူလတန်းအရွယ်ကလေးများထက်ပိုမိုမြင့်မားသည်။ ထို့အတူ လူမှုစီးပွားအခြေအနေ၊ ဒေသအခြေအနေ လိုက်၍ကွဲပြားခြားနားမှုများရှိသည်။ ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြားတွင်လည်းကောင်း၊ မိဘ/အိမ်ထောင်ဦးစီး၏ ပညာရေးအခြေအနေပေါ်လိုက်၍ လည်းကောင်း သိသိသာသာကွာခြားမှုရှိသည်။

ဤအပိုင်းတွင် ကျောင်းပြင်ပရောက်မူလတန်းအရွယ်နှင့် အလယ်တန်းအရွယ်ကလေးများ၏အခြေအနေကို အသက်အရွယ်၊ ကျား/မ၊ ကျေးလက်/မြို့ပြ၊ အရပ်ဒေသ၊ ကြွယ်ဝမှုအခြေအနေ၊ မသန်စွမ်းမှုအခြေအနေနှင့် ကလေးလုပ်သားအခြေအနေတို့နှင့် ဆက်စပ်လေ့လာခဲ့သည်။

၂.၃.၁။ ကျောင်းပြင်ပရောက်ကလေးများဦးရေနှင့် ရာခိုင်နှုန်းကို အသက်အရွယ်၊ ကျား/မ အခြေအနေအရဖော်ပြခြင်း

ဤအပိုင်းတွင် **မြန်မာနိုင်ငံကလေးလုပ်သားစစ်တမ်း (LFS)** ၏ပညာရေးဆိုင်ရာ မေးခွန်းလွှာများဖြစ်သည့် ကျောင်းနေအရွယ်ကလေးရှိသည့်အိမ်ထောင်စုရှိမိသားစုဝင်အရေအတွက်၊ လတ်တလောအခြေအနေတွင်ကျောင်းနေ/မနေ၊ အကယ်၍ကျောင်းနေခဲ့လျှင်မည်သည့်အတန်းရောက်နေသည် စသည်တို့အပေါ် ဆန်းစစ်မှုများပြုလုပ်ခဲ့ပြီး ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို အောက်ဖော်ပြပါညီမျှခြင်းများ အသုံးပြု၍တွက်ချက်ခဲ့သည်။

ကျောင်းပြင်ပရောက်မူလတန်းအရွယ်ကလေးများရာခိုင်နှုန်း = ၁၀၀% – မူလတန်းအသားတင် ကျောင်းဝင်နှုန်းအမှန်
ကျောင်းပြင်ပရောက်အလယ်တန်းအရွယ်ကလေးများရာခိုင်နှုန်း = ၁၀၀% – အလယ်တန်းအသားတင်ကျောင်းဝင်နှုန်းအမှန် — အလယ်တန်းအရွယ်ကလေး မူလတန်းတွင် ကျောင်းဝင်နှုန်း

ဇယား (၂.၅)တွင် ၂၀၁၅ခုနှစ်ရှိ ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းကို အသက်အလိုက်လည်းကောင်း၊ အသက်အုပ်စုအလိုက်လည်းကောင်းဖော်ပြထားသည်။ ကျောင်းပြင်ပရောက်မူလတန်းအရွယ် (အသက် ၅နှစ်မှ၉နှစ်) ကလေးရာခိုင်နှုန်းမှာ (၁၂.၀%)ဖြစ်ပြီး အရေအတွက်အားဖြင့် (၅၇၇၆၇၂)ဖြစ်သည်။ ကျောင်းပြင်ပရောက်အလယ်တန်းအရွယ် (အသက် ၁၀နှစ်မှ၁၃နှစ်) ကလေးရာခိုင်နှုန်းမှာ (၁၁.၇%)ဖြစ်ပြီး အရေအတွက်အားဖြင့် (၄၅၆၉၄၇)ဖြစ်သည်။

ဇယား ၂. ၅။ မူလတန်းအရွယ်နှင့်အလယ်တန်းအရွယ် ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းကို အသက်အရနှင့် ကျား/မ အရဖော်ပြခြင်း

ရှုထောင့်(၂)
မူလတန်းအရွယ် (အသက် ၅–၉) ကျောင်းပြင်ပရောက်ကလေးများအရေအတွက်နှင့် ရာခိုင်နှုန်းကို အသက်အရနှင့် ကျား/မ အရဖော်ပြခြင်း

အသက်	အရေအတွက်			ရာခိုင်နှုန်း			GPI
	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	
၅	၁၈၉၇၅၀	၁၅၃၃၅၄	၃၄၃၁၀၄	၅၄.၅	၄၃.၆	၄၉	.၈၀
၆	၅၄၈၆၂	၄၆၅၃၇	၁၀၁၃၉၉	၁၁	၈.၉	၁၀	.၈၁
၇	၁၉၀၉၁	၂၆၆၅၄	၄၅၇၄၅	၃.၉	၅.၅	၄.၇	၁.၄၁
၈	၂၄၈၈၁	၁၇၅၇၀	၄၂၄၅၁	၄.၄	၃.၃	၃.၉	၀.၇၅
၉	၂၂၃၀၃	၂၂၆၇၁	၄၄၉၇၄	၄.၉	၄.၉	၄.၉	၁.၀၀
ပေါင်း	**၃၁၀၈၆၆**	**၂၆၆၇၈၆**	**၅၇၇၆၇၂**	**၁၃**	**၁၁**	**၁၂**	**.၈၇**

ရှုထောင့် (၃)
အလယ်တန်းအရွယ် (အသက် ၁၀–၁၃) ကျောင်းပြင်ပရောက်ကလေးများအရေအတွက်နှင့် ရာခိုင်နှုန်းကို အသက်အရနှင့် ကျား/မ အရဖော်ပြခြင်း

အသက်	အရေအတွက်			ရာခိုင်နှုန်း			GPI
	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	
၁၀	၄၀၈၅၆	၄၆၂၁၈	၈၇၀၇၄	၇.၇	၈.၇	၈.၂	၁.၁၃
၁၁	၂၆၃၈၀	၃၀၀၉၀	၅၆၄၆၉	၆.၅	၇.၃	၆.၉	၁.၁၂
၁၂	၇၄၄၇၅	၆၉၀၀၀	၁၄၃၄၇၅	၁၃.၈	၁၂.၁	၁၂.၉	၀.၈၈
၁၃	၉၀၁၇၇	၇၉၇၅၂	၁၆၉၉၂၉	၁၉.၇	၁၇.၃	၁၈.၅	၀.၈၈
ပေါင်း	**၂၃၁၈၈၈**	**၂၂၅၀၆၀**	**၄၅၆၉၄၇**	**၁၁.၉၇**	**၁၁.၃၄**	**၁၁.၆၅**	**၀.၉၅**

Source: LFS, 2015

မှတ်ချက်။ ဇယားတွင် ပန်းရောင်ခြယ်ထားသောအကွက်များမှာ GPI > ၁.၀၃ ဖြစ်သည်။ အဓိပ္ပါယ်မှာ မိန်းကလေး များသည် ယောကျ်ားလေးများထက် ကျောင်းထွက်ပိုများသည်။ တစ်ဖန် အပြာရောင်ခြယ်ထားသောအကွက်များမှာ GPI < ၀.၉၇ ဖြစ်၍ အဓိပ္ပါယ်မှာ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်မှုပိုများသည်။

ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းသည် အသက်(၅)နှစ်အရွယ်တွင် အများဆုံး (ကျား ၅၄.၅%၊ မ ၄၃.၆% နှင့် ပေါင်း ၄၉%)ဖြစ်သည်။ ၎င်းနှုန်းသည် အသက်(၆)နှစ်အရွယ်တွင် ထိုးကျသွားပြီး၊ အသက် (၇)နှစ်နှင့်(၉)နှစ်အကြားတွင် (၄%)ဝန်းကျင်တွင်ရှိပါသည်။ သို့ရာတွင်၎င်းနှုန်းသည် အလယ်တန်းပညာရေးအစနှစ်ဖြစ်သည့် အသက်(၁၀)နှစ်တွင်ပြန်တက်လာပြီး အသက်(၁၃)နှစ်အရွယ်တွင် (၁၈.၅%) ဖြစ်သွားသည်။

မြန်မာနိုင်ငံတွင် မြို့နယ်အဆင့်၊ ပြည်နယ်တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့်ဟူ၍ အစိုးရစစ်စာမေးပွဲများရှိသည်။ မြို့နယ်အဆင့်မူလတန်းပြီးဆုံးကြောင်းစာမေးပွဲကို စတုတ္ထတန်းနှစ်ဆုံးတွင်လည်းကောင်း၊ ပြည်နယ်တိုင်းဒေသကြီးအဆင့် အလယ်တန်းပြီးဆုံးကြောင်းစာမေးပွဲကို အဋ္ဌမတန်းနှစ်ဆုံးတွင်လည်းကောင်း၊ နိုင်ငံတော်အဆင့်တက္ကသိုလ်ဝင်စာမေးပွဲကို ဒသမတန်းနှစ်ဆုံးတွင်လည်းကောင်းစစ်ဆေးသည်။ သို့ဖြစ်၍အသက်(၁၀)နှစ်အရွယ်ကလေးများ၏ ကျောင်းထွက်နှုန်းမြင့်မားလာရခြင်း အကြောင်းတစ်ခုမှာ မြို့နယ်အဆင့်မူလတန်းပြီးဆုံးကြောင်းစာမေးပွဲကြောင့်ဖြစ်သည်။ တစ်ဖန် ကျောင်းတည်နေရာသည်လည်း အကြောင်းပြချက်တစ်ခုဖြစ်နိုင်သည်။ ကျောင်းသတ်မှတ်ချက်နယ်မြေမူဝါဒအရ ကျောင်းများဖွင့်လှစ်ပေးခဲ့သော်လည်း အမှန်တကယ် လက်တွေ့ဘဝတွင်မူ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ငယ်ရွယ်သောကလေးများအတွက် ကျောင်းတက်ရန်အခက်အခဲ ဖြစ်နိုင်ခြေရှိသည်။ ထို့ပြင် ပညာသင်ယူရန်စိတ်မဝင်စားတော့ခြင်းသည် နောက်ထပ်အကြောင်းပြချက်တစ်ရပ်ဖြစ်နိုင်သည်။ စိတ်ပါဝင်စားမှုမရှိခြင်းသည် ကလေးများကျောင်းထွက်ရခြင်း၏အဓိကအကြောင်းပြချက်ဖြစ်သည်ဟု ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ချက် အဆင့်(၁)တွင် ဖော်ပြထားသည်။[၃၁]

ပုံ ၂. ၈။ ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို အသက်အရွယ်နှင့် ကျား/မ အရဖော်ပြခြင်း (၂၀၁၅)



ရင်းမြစ်။ LFS, 2015

[31] Myanmar Comprehensive Education Sector Review (CESR) Phase 1: Rapid Assessment. "*Technical Assistance Consultant's Report*". Prepared by Chris Spohr, Senior Education Economist, ADB Southeast Asia Social and Human Development Division (SEHS), in collaboration with the Comprehensive Education Sector Review (CESR) Team, and in dialogue with TA-financed consultants. Asian Development Bank. p. 66.

ကျောင်းပြင်ပရောက်ကလေးများ၏ ကျား/မ ခြားနားခြင်းကိုလေ့လာရာတွင် မူလတန်းနှင့် အလယ်တန်း ပုံစံခြင်းဆင်တူသည်ကိုတွေ့ရသည်။ ဇယား (၂.၅)တွင်တွေ့ရသည့်အတိုင်း ကျောင်းပြင်ပရောက် မူလတန်းအရွယ်ကလေးများ၏ ကျား/မခြားနားမှုအညွှန်းကိန်း GPI မှာ (၀.၈၇)ဖြစ်ပြီး အလယ်တန်း အရွယ်ကလေးများအတွက် GPI မှာ (၀.၉၅)ဖြစ်သည့်အတွက် မူလတန်းပညာရေး နှင့်အလယ်တန်း ပညာရေးနှစ်ခုစလုံးတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပပိုရောက် ကြောင်း တစ်နည်းအားဖြင့် ယောကျ်ားလေးများသည် မိန်းကလေးထက် အခွင့်အရေးပိုမိုဆုံးရှုံးရ ကြောင်းတွေ့ရှိရသည်။ LFS အရယောကျ်ားလေးများသည် ကလေးလုပ်သားအုပ်စုတွင် မိန်းကလေး များထက်ပိုမိုပါဝင်သည့်အတွက် ကျောင်းထွက်နှုန်းပိုမိုမြင့်မားလာရခြင်းလည်းဖြစ်နိုင်သည်။

မူလတန်းကလေးအုပ်စုတွင် ကျား/မ ကွာခြားမှုကြီးမားရခြင်းအကြောင်းရင်းမှာ အသက်(၅)နှစ်အရွယ် ယောကျ်ားလေးများ၏ကျောင်းထွက်နှုန်းသည် မိန်းကလေးများ၏ကျောင်းထွက်နှုန်းထက် များစွာ မြင့်မားနေရခြင်းကြောင့် (ကွာခြားချက် ၁၀.၉%) ဖြစ်သည်။ အလယ်တန်း၏ GPI မှာ (၀.၉၅)ဖြစ်ပြီး အသက် (၁၂)နှစ်နှင့် (၁၃)နှစ်များတွင် ကွာဟချက်ပိုမိုကြီးမားကြောင်း တွေ့ရှိရသည်။

၂.၃.၂။ နှစ်အလိုက် ကျောင်းပြင်ပရောက်ပလေးများအခြေအနေ

LFS အချက်အလက်များသည် တစ်ကြိမ်တည်းသာကောက်ခဲ့သည့်အချက်အလက်များဖြစ်၍ ဤအပိုင်း တွင်အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များကိုအသုံးပြုသည်။ ပုံ (၂.၁၀)သည် မူလတန်းအရွယ်ကလေး များ၏ကျောင်းထွက်နှုန်းကို ပညာသင်နှစ် (၄)နှစ်ဆက်တိုက်အတွက်ဖော်ပြထားသည်။ LFS (၂၀၁၅) အရ ယောကျ်ားလေးများသည် မိန်းကလေးများထက် မူလတန်းတွင်သာမက အလယ်တန်းတွင်ပါ ကျောင်းပြင်ပပိုမိုရောက်ရှိကြောင်း တွေ့ရှိခဲ့ရသော်လည်း အုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များအရ မူလတန်းတွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းထွက်မှုမြင့်မားပြီး အလယ် တန်းတွင်မူ ယောကျ်ားလေးများက မိန်းကလေးများထက် ကျောင်းထွက်မှုပိုများကြောင်း တွေ့ရှိရသည်။

အခန်း (၁)၊ အပိုင်း (၁.၇)တွင် ဖော်ပြခဲ့သည့်အတိုင်း အညွှန်းကိန်းတစ်ခုတည်းအတွက် မတူညီသော ရင်းမြစ်များကိုအသုံးပြု၍ တွက်ချက်ခြင်းကြောင့် ခြားနားချက်ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်းကို နားလည် နိုင်မည်ဖြစ်သည်။ ခြားနားချက်ဖြစ်ပေါ်ရခြင်းမှာ ၂၀၁၄ သန်းခေါင်စာရင်း မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး လူဦးရေကွာခြားချက်ကြောင့်လည်းဖြစ်နိုင်သည်။ ထို့ပြင် LFS ၏စစ်တမ်းကောက်ယူချိန် သည် ကျောင်းစဖွင့်ချိန်နှင့် ကိုက်ညီမှုမရှိခြင်းသည်လည်း (၅)နှစ်အရွယ် ကျောင်းပြင်ပရောက်ကလေး အရေအတွက် မြင့်မားလာစေနိုင်သည်။

ပုံ ၂.၉။ မူလတန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရှိမှုရာခိုင်နှုန်းကို ပညာသင်နှစ်အလိုက် ဖော်ပြခြင်း (ရှုထောင့် ၂)



Source: Administrative Data (2013-2016), DERPT, MOE

ကျောင်းပြင်ပရောက်နှုန်းသည် ၂၀၁၂–၂၀၁၃ ပညာသင်နှစ်တွင် (၅.၁၇%)ရှိခဲ့ရာမှ တဖြေးဖြေး ကျဆင်းလာရာ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်တွင် (၂.၀၂%)သာရှိကြောင်းတွေ့ရှိရသည်။

ပုံ (၂.၁၀)သည် ပညာသင်နှစ်(၄)နှစ်အတွက် မူလတန်းအရွယ်ကလေးများကျောင်းပြင်ပရောက် ရာခိုင်နှုန်းကိုသရုပ်ဖော်ထားပုံဖြစ်သည်။

ပုံ ၂.၁၀။ အလယ်တန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရှိမှု ရာခိုင်နှုန်းကို ပညာသင်နှစ် အလိုက် ဖော်ပြခြင်း (ရှုထောင့် ၃)



Source: Administrative Data (2013-2016), DERPT, MOE

တစ်နှစ်ချင်းစီအလိုက် ကျား/မ ခြားနားချက်ကိုလေ့လာကြည့်ရာ အသက်(၉)နှစ်အရွယ်အထိ မိန်းကလေးများသည်ယောကျ်ားလေးများထက် အခွင့်အရေးဆုံးရှုံးမှုပိုများပြီး အသက်(၁၀)နှစ်မှစတင်၍

ယောကျ်ားလေးများသည် မိန်းကလေးများထက် အခွင့်အရေးဆုံးရှုံးမှုပိုများသည်။ အကြောင်းမှာ ယောကျ်ားလေးများသည် အသက်အရွယ်ရလာသည်နှင့်အမျှ ကလေးလုပ်သားအုပ်စုတွင် ပိုမိုပါဝင်လာသောကြောင့်ဖြစ်သည်။

၂.၃.၃။ ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို အခြားဝိသေသလက္ခဏာများအရ ဖော်ပြခြင်း

ဤအပိုင်းသည် ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို LFS သုံး၍အခြားဝိသေသလက္ခဏာများ အရ အသေးစိတ်လေ့လာသည့်အပိုင်းဖြစ်သည်။ ဇယား (၂.၆)သည် ကျောင်းပြင်ပရောက်ကလေးများ ရာခိုင်နှုန်းကို နေထိုင်ရာဒေသ(ကျေးလက်/မြို့ပြ)၊ ကြွယ်ဝမှုအညွှန်းကိန်းနှင့် မသန်စွမ်းမှု အခြေအနေများအရ ဖော်ပြထားသည်။

ဇယား ၂. ၆။ ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ကျေးလက်/မြို့ပြ၊ ကြွယ်ဝမှုအညွှန်းကိန်းနှင့် မသန်စွမ်းမှု အခြေအနေများအရဖော်ပြခြင်း

	ရွယ်ထောင့် (၂) မူလတန်းအရွယ်ကလေး (အသက် ၅–၉)				ရွယ်ထောင့် (၃) အလယ်တန်းအရွယ်ကလေး အသက် (၁၀–၁၃)			
	ကျား	မ	ပေါင်း	GPI	ကျား	မ	ပေါင်း	GPI
ကျေးလက်/မြို့ပြ								
မြို့ပြ	၁၃.၅	၁၀.၁	၁၁.၉	၀.၇၅	၈.၆၄	၈.၉၉	၈.၈၁	၁.၀၄
ကျေးလက်	၁၃.၀	၁၁.၇	၁၂.၄	၀.၉၀	၁၃.၁၆	၁၂.၁၆	၁၂.၆၅	၀.၉၂
ကြွယ်ဝမှုအညွှန်းကိန်း								
အနိမ့်ဆုံး	၁၈.၁	၁၆.၂	၁၇.၂	၀.၉၀	၁၉.၃	၁၆.၃	၁၇.၇	၀.၈၄
ဒုတိယ	၁၂.၉	၁၀.၂	၁၁.၆	၀.၇၉	၁၄.၀	၁၂.၈	၁၃.၄	၀.၉၁
အလယ်	၉.၇	၁၁.၃	၁၀.၅	၁.၁၇	၈.၇	၁၂.၀	၁၀.၄	၁.၃၈
စတုတ္ထ	၁၀.၇	၈.၄	၉.၅	၀.၇၉	၇.၃	၇.၂	၇.၃	၀.၉၉
အမြင့်ဆုံး	၁၁.၇	၇.၃	၉.၅	၀.၆၂	၇.၈	၄.၂	၆.၀	၀.၅၄
မသန်စွမ်းကလေးများ								
သန်စွမ်း	၁၂.၈၆	၁၁.၀၂	၁၁.၉၄	၀.၈၆	၁၂.၃၄	၁၁.၁၁	၁၁.၇၂	၀.၉၀
မသန်စွမ်း	၅၈.၁၆	၄၀.၅၈	၄၆.၆၉	၀.၇၀	၄၅.၉၉	၃၄.၁၈	၃၉.၂၁	၀.၇၄
ပေါင်း	၁၃.၁၄	၁၁.၃၇	၁၂.၂၆	၀.၈၇	၁၂.၆၃	၁၁.၃၇	၁၁.၉၉	၀.၉၀

ရင်းမြစ်။ LFS, 2015

မှတ်ချက်။ ဇယားတွင် ပန်းရောင်ခြယ်ထားသောအကွက်များမှာ GPI > ၁.၀၃ ဖြစ်သည်။ အဓိပ္ပါယ်မှာ မိန်းကလေး များသည် ယောကျ်ားလေးများထက် ကျောင်းထွက်ပိုများသည်။ တစ်ဖန် အပြာရောင်ခြယ်ထားသောအကွက်များမှာ GPI < ၀.၉၇ ဖြစ်၍ အဓိပ္ပါယ်မှာ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်မှုပိုများသည်။

ဇယား (၂.၆)အရ ဝိသေသလက္ခဏာအားလုံးနီးပါးတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပို၍အခွင့်အရေးဆုံးရှုံးကြသည်။ သို့ရာတွင် အလယ်တန်းပညာရေးတွင် မြို့ပြမိန်းကလေးများသည် ယောကျ်ားလေးများထက် အခွင့်အလမ်းဆုံးရှုံးမှုပိုများပြီး အလယ်အလတ်ကြွယ်ဝမှုအညွှန်းကိန်းတွင် မူလတန်းတွင်သာမက အလယ်တန်းတွင်ပါ မိန်းကလေးများသည်ယောကျ်ားလေးများထက် အခွင့်အလမ်းပိုမိုနည်းနေသည်။

ပုံ ၂. ၁၁။ မူလတန်းနှင့် အလယ်တန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြအရဖော်ပြခြင်း (၂၀၁၅)



ရင်းမြစ်။ LFS (2015)

ပုံ (၂.၁၁)တွင် မူလတန်းအဆင့်၌ မြို့ပြယောကျ်ားလေးများ၏ OOSC နှုန်းသည် ကျေးလက်ယောကျ်ားလေးများနှုန်းထက် ပိုမိုမြင့်မားနေပြီး၊ ကျေးလက်မိန်းကလေးများ၏ OOSC နှုန်းသည် မြို့ပြမိန်းကလေးများ၏နှုန်းထက် ပိုမိုမြင့်မားနေကြောင်းတွေ့ရှိရသည်။ သို့ရာတွင် အလယ်တန်းတွင်မူ ကျေးလက်ယောကျ်ားလေးနှင့်မိန်းကလေးများ၏ OOSC နှုန်းများသည် မြို့ပြယောကျ်ားလေး၊ မိန်းကလေးများ၏နှုန်းထက် မြင့်မားနေကြောင်းတွေ့ရှိရသည်။ မူလတန်းတွင် မြို့ပြယောကျ်ားလေးများသည် ကျေးလက်ယောကျ်ားလေးများထက် (၀.၅%)ပိုမိုမြင့်မားပြီး၊ ကျေးလက်မိန်းကလေးများသည် မြို့ပြမိန်းကလေးများထက် (၁.၆%) ပိုမိုမြင့်မားသည်။ အလယ်တန်းတွင်မူ ကျေးလက်ယောကျ်ားလေးများသည် မြို့ပြယောကျ်ားလေးများထက် (၄.၅၂%)ပိုမိုမြင့်မားပြီး၊ ကျေးလက်မိန်းကလေးများသည် မြို့ပြမိန်းကလေးများထက် (၄.၅၂%) ပိုမိုမြင့်မားသည်။ ရာခိုင်နှုန်းခြားနားချက်မှာ မြင့်မားသည့်အတွက် ကျေးလက်နှင့်မြို့ပြကွာဟချက် ကြီးမားသည်ဟု ကောက်ချက်ဆွဲနိုင်သည်။

ပုံ ၂.၁၂။ ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ကြွယ်ဝမှုအညွှန်းကိန်းအရ နှိုင်းယှဉ်ဖော်ပြခြင်း



ရင်းမြစ်။ LFS, 2015

ဇယား(၂.၆)နှင့် ပုံ (၂.၁၂) တို့တွင်ဖော်ပြထားသည့်အတိုင်း မူလတန်းနှင့်အလယ်တန်းနှစ်ခုစလုံးတွင် ကြွယ်ဝမှုအညွှန်းကိန်းမြင့်လာသည်နှင့်အမျှ OOSC နှုန်းနိမ့်လာသည်။ ကျား/မ စုစုပေါင်း၌ အနိမ့်ဆုံးကြွယ်ဝမှုအညွှန်းကိန်းတွင် မူလတန်း OOSC နှုန်းသည်(၁၇.၂%) ဖြစ်ပြီး၊ အလယ်တန်း OOSC နှုန်းသည် (၁၇.၇%) ဖြစ်သည်။ ကြွယ်ဝမှုမြင့်မားလာသည်နှင့်အမျှ OOSC နှုန်း နိမ့်လာရာ ကြွယ်ဝမှုအညွှန်းကိန်း အမြင့်ဆုံးတွင်မူလတန်း OOSC နှုန်းသည် (၉.၅%)အထိလည်းကောင်း အလယ်တန်း OOSC နှုန်းသည် (၆%)အထိလည်းကောင်း ကျဆင်းသွားသည်။ တူညီသောပုံစံကို ကျောင်းပြင်ပရောက် အလယ်တန်းမိန်းကလေးများတွင်တွေ့ရှိရသည်။ မူလတန်းနှင့်အလယ်တန်းပညာရေး နှစ်ခုစလုံး၏ကြွယ်ဝမှုအညွှန်းကိန်းအားလုံးနီးပါးတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် OOSC နှုန်းပိုမိုမြင့်မားသည်။ ဤအချက်ကိုဇယားတွင် အပြာရောင်ဖြင့် ခြယ်ပြထားသည်။ သို့ရာတွင် ပြောင်းပြန်အနေအထားကို ကြွယ်ဝမှုအညွှန်းကိန်းအလယ်အလတ်တွင်တွေ့ရှိရသည်။ ဇယားတွင် ပန်းရောင်ဖြင့်ခြယ်ပြထားသည်။ မူလတန်းနှင့်အလယ်တန်းနှစ်ခုစလုံးတွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် OOSC နှုန်းပိုမိုမြင့်မားသည်။ စတုတ္ထကြွယ်ဝမှုအညွှန်းကိန်းတွင် ကျား/မ ခြားနားမှုမရှိကြောင်းတွေ့ရှိရသည်။

မသန်စွမ်းကလေးများနှင့်ပတ်သက်၍လည်း ဆန်းစစ်လေ့လာမှုပြုလုပ်ခဲ့သည်။ ပုံ (၂.၁၃)သည် ကျောင်းတွင်းကျောင်းပြင်ကလေးရာခိုင်နှုန်းကို သန်စွမ်းမှု/မသန်စွမ်းမှုတို့နှင့်လည်းကောင်း၊ အသက်အုပ်စုနှင့် ကျား/မ အရလည်းကောင်းဖော်ပြထားသည်။

ပုံ ၂. ၁၃။ ကျောင်းတွင်း နှင့် ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို သန်စွမ်းမှု/မသန်စွမ်းမှု၊ အသက်အုပ်စုနှင့် ကျား/မအရဖော်ပြခြင်း



ရင်းမြစ်။ LFS (2015)

မူလတန်းအရွယ်မသန်စွမ်းကလေးများအနက် (၄၆.၆၉%)သောကလေးများသည် လည်းကောင်း၊ အလယ်တန်းအရွယ် မသန်စွမ်းကလေးများအနက် (၃၉.၂၁%)သောကလေးများသည် လည်းကောင်း ကျောင်းပြင်ပသို့ရောက်ရှိနေကြောင်း LFS ၏ မသန်စွမ်းဆိုင်ရာအချက်အလက်များအရသိရှိရသည်။ မူလတန်းနှင့် အလယ်တန်းနှစ်ခုလုံးတွင် ကျား/မ ခြားနားကြောင်းတွေ့ရှိရပြီး ယောကျ်ားလေး မသန်စွမ်းကလေးများသည် မိန်းကလေးမသန်စွမ်းကလေးများထက် ကျောင်းပြင်ပပိုမိုရောက်ရှိနေသည်။ မသန်စွမ်းကလေးများသည် ကျောင်းပြင်ပရောက်နိုင်ခြေပိုများကြောင်း ပုံတွင်တွေ့ရှိနိုင်သည်။

၂.၃.၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျောင်းပြင်ပရောက်ကလေးများအခြေအနေ

မြန်မာနိုင်ငံတွင် ပြည်နယ်(၇)ခု၊ တိုင်းဒေသကြီး(၇)ခုရှိသည်။ ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက်နှိုင်းယှဉ်ရာတွင် အဆိုပါပြည်နယ်တိုင်းဒေသကြီး (၁၄)ခုအပြင် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်ကိုပါထည့်သွင်းလေ့လာခဲ့သည်။ ဇယား (၂.၇)နှင့် ပုံ (၂.၁၄)တို့တွင် မူလတန်းနှင့်အလယ်တန်းအရွယ်ကလေးများ၏ OOSC နှုန်းများမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြားတွင် ကွာဟချက်အလွန်ကြီးမားကြောင်းတွေ့ရှိရသည်။

ဇယား ၂. ၇။ ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖော်ပြခြင်း(၂၀၁၅)

ပြည်နယ်/ တိုင်းဒေသကြီး	ရှုထောင့် (၂) မူလတန်းအရွယ်ကလေး (၅–၉)				ရှုထောင့် (၃) အလယ်တန်းအရွယ်ကလေး (၁၀–၁၃)			
	ကျား	မ	ပေါင်း	GPI	ကျား	မ	ပေါင်း	GPI
ကချင်	၉.၅၃	၉.၃၀	၉.၄၁	၀.၉၈	၈.၉၁	၄.၆၉	၆.၇၆	၀.၅၃
ကယား	၁၁.၆၄	၂.၉၈	၇.၂၈	၀.၂၆	၁၁.၇၇	၁၄.၂၀	၁၂.၉၉	၁.၂၁
ကရင်	၁၂.၅၃	၁၄.၉၂	၁၃.၇၄	၁.၁၉	၁၉.၃၁	၁၃.၀၃	၁၆.၀၃	၀.၆၇
ချင်း	၁၅.၈၆	၁၅.၉၅	၁၅.၉၀	၁.၀၁	၇.၁၁	၁.၃၁	၄.၁၇	၀.၁၈

စစ်ကိုင်း	၁၄.၉၉	၁၄.၇၂	၁၄.၈၆	၀.၉၈	၉.၁၀	၉.၉၆	၉.၅၆	၁.၀၉
တနင်္သာရီ	၁၄.၉၁	၁၀.၇၂	၁၂.၇၀	၀.၇၂	၅.၀၃	၈.၈၁	၆.၈၈	၁.၇၅
ပဲခူး	၁၀.၆၂	၁၁.၅၉	၁၁.၁၃	၁.၀၉	၈.၅၅	၁၂.၄၄	၁၀.၄၃	၁.၄၅
မကွေး	၁၀.၁၆	၈.၈၄	၉.၅၀	၀.၈၇	၆.၉၂	၇.၆၀	၇.၂၉	၁.၁၀
မန္တလေး	၁၂.၂၃	၁၁.၁၃	၁၁.၇၀	၀.၉၁	၁၁.၄၅	၇.၁၈	၉.၂၃	၀.၆၃
မွန်	၁၇.၆၈	၁၃.၉၉	၁၅.၉၅	၀.၇၉	၁၀.၁၈	၁၂.၄၅	၁၁.၃၄	၁.၂၂
ရခိုင်	၃၄.၃၁	၃၃.၃၇	၃၃.၈၄	၀.၉၇	၃၆.၉၀	၃၃.၈၈	၃၅.၃၉	၀.၉၂
ရန်ကုန်	၁၄.၈၆	၅.၉၀	၁၀.၆၉	၀.၄၀	၁၁.၀၆	၉.၉၂	၁၀.၄၈	၀.၉၀
ရှမ်း	၆.၇၅	၈.၁၉	၇.၄၆	၁.၂၁	၁၃.၀၅	၉.၇၇	၁၁.၄၅	၀.၇၅
ဧရာဝတီ	၁၁.၆၆	၈.၃၉	၉.၉၉	၀.၇၂	၁၃.၇၂	၁၆.၇၉	၁၅.၁၉	၁.၂၂
နေပြည်တော်	၁၀.၉၂	၈.၄၂	၉.၇၁	၀.၇၇	၃.၂၄	၅.၀၂	၄.၂၂	၁.၅၅
ပြည်ထောင်စု	၁၃.၁၄	၁၁.၃၇	၁၂.၂၆	၀.၈၇	၁၂.၀၀	၁၁.၃၆	၁၁.၆၇	၀.၉၅

ရင်းမြစ်။ LFS (2015)

ပုံ ၂. ၁၄။ ပြည်နယ်/တိုင်းဒေသကြီးများ၏ ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ပြည်ထောင်စုအချုပ်၏နှုန်းနှင့် နှိုင်းယှဉ်ဖော်ပြခြင်း



ရင်းမြစ်။ LFS, 2015

မူလတန်း၏ပြည်ထောင်စုအချုပ် OOSC နှုန်းမှာ (၁၂.၃%) ဖြစ်ပြီး အလယ်တန်း၏ပြည်ထောင်စုအချုပ်နှုန်းမှာ (၁၁.၇%) ဖြစ်သည်။ ပြည်ထောင်စုအချုပ် OOSC နှုန်းနှင့် နှိုင်းယှဉ်လျှင် မူလတန်းတွင် ကရင်၊ချင်း၊မွန်၊ရခိုင်ပြည်နယ်များနှင့် စစ်ကိုင်း၊တနင်္သာရီတိုင်းဒေသကြီးများ၏ OOSC နှုန်းများသည် ပြည်ထောင်စုအချုပ်နှုန်းထက် ကျော်လွန်နေကြောင်းနှင့် အလယ်တန်းတွင် ကယား၊ကရင်နှင့်ရခိုင် ပြည်နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ OOSC နှုန်းသည် ပြည်ထောင်စုအချုပ်၏နှုန်းထက် ကျော်လွန်နေကြောင်းတွေ့ရှိရသည်။ အလယ်တန်းတွင် မွန်ပြည်နယ်၏နှုန်းမှာ (၁၁.၃%)ဖြစ်ပြီး၊ ရှမ်းပြည်နယ်၏နှုန်းမှာ (၁၁.၅%)ဖြစ်၍ ပြည်ထောင်စုအချုပ်နှုန်းနှင့်နီးကပ်လျက်ရှိသည်။

မူလတန်းနှင့် အလယ်တန်းနှစ်အုပ်စုလုံးတွင် အမြင့်ဆုံး OOSC နှုန်းကို ရခိုင်ပြည်နယ်တွင်တွေ့ရပြီး၊ ဒုတိယအမြင့်ဆုံးကို ကရင်ပြည်နယ်တွင်တွေ့ရသည်။ ရခိုင်ပြည်နယ်၏ OOSC နှုန်းသည် မူလတန်းတွင် (၃၃.၈%)နှင့် အလယ်တန်းတွင် (၃၅.၄%)ဖြစ်၍ အခြားပြည်နယ်/တိုင်းဒေ သကြီးများနှင့်နှိုင်းယှဉ်လျှင် သိသိသာသာမြင့်မားလျက်ရှိသည်။ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၏ OOSC နှုန်းသည် မူလတန်းတွင်သာပြည်ထောင်စုအချုပ်နှုန်းထက်မြင့်မားပြီး၊ ကယားပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့၏ OOSC နှုန်းသည် အလယ်တန်းတွင်သာပြည်ထောင်စုအချုပ်နှုန်းထက်မြင့်မားသည်။

ကယားပြည်နယ်၏ OOSC နှုန်းသည် မူလတန်းတွင် (၇.၃%) နှင့်အနိမ့်ဆုံးဖြစ်သည်။ ထို့အတူ အလယ်တန်းတွင်ချင်းပြည်နယ်နှင့် နေပြည်တော်တို့၏ OOSC နှုန်းသည် (၄.၂%)နှင့် အနိမ့်ဆုံးဖြစ်သည်။ ကယားပြည်နယ်၏ မူလတန်း OOSC နှုန်းမှာ (၇.၃%)နှင့် အလယ်တန်း OOSC နှုန်းမှာ (၁၃%) ဖြစ်ပြီး၊ ချင်းပြည်နယ်၏ မူလတန်း OOSC နှုန်းမှာ (၁၅.၉%)နှင့် အလယ်တန်း OOSC နှုန်းမှာ (၄.၂%) ဖြစ်၍ဆန့်ကျင်ဖက်အခြေအနေကို တွေ့ရှိရသည်။

မူလတန်းအရွယ်ကျောင်းပြင်ပရောက်ကလေးများအတွက် ပြည်ထောင်စုအချုပ်၏ GPI မှာ (၀.၈၇) ဖြစ်ပြီး အလယ်တန်းအရွယ်ကလေးများအတွက် ပြည်ထောင်စုအချုပ်၏ GPI မှာ (၀.၉၅)ဖြစ်သည်။ သို့ဖြစ်၍ ကျား/မခြားနားချက်ကို မူလတန်းတွင်သာမက အလယ်တန်းတွင်ပါတွေ့ရသည်။ သို့ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအလိုက်ကြည့်လျှင် ချင်းပြည်နယ်မူလတန်းအရွယ်ကလေးများတွင် ကျား/မ ကွာခြားချက်မရှိကြောင်း GPI (၁.၀၁)အရပြောနိုင်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နှင့် ရခိုင်ပြည်နယ်တို့၏ GPI မှာ (၀.၉၇နှင့်၁.၀၃)အကြားရှိ၍ ကျား/မကွာဟချက်မရှိကြောင်းတွေ့ရသည်။

ကျား/မ ကွာဟချက်ကို ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင်ကြီးကြီးမားမားတွေ့ရှိရပြီး ယောကျ်ားလေးများသည် မိန်းကလေးများထက် အခွင့်အလမ်းပိုနည်းကြောင်းတွေ့ရှိရသည်။ ပြည်ထောင်စုအချုပ်အနေနှင့် မူလတန်းအရွယ်ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပပိုမိုရောက်ရှိကြသည်။ သို့ရာတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းပြင်ပပိုမိုရောက်ရှိကြသည်။ အလယ်တန်းကလေးများ၏ GPI သည် မူလတန်းကလေးများ၏ GPI ထက်မြင့်မားနေသော်လည်း အလယ်တန်းကလေးများတွင်လည်း ကျား/မ ကွာခြားချက်ရှိနေကြောင်းတွေ့ရှိရသည်။ ချင်းပြည်နယ်တွင် ကျား/မ ကွာဟချက်အလွန်ကြီးမားပြီး အလယ်တန်းအရွယ်ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိနေကြသည်။ အလယ်တန်းအရွယ်ကလေးများနှင့်ပတ်သက်၍ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ ပိုမိုရောက်ရှိကြပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိကြသည်။

ပြည်နယ်တိုင်းဒေသကြီးအလိုက် မူလတန်းနှင့် အလယ်တန်းအရွယ် ကျောင်းပြင်ပရောက်ကလေးများ၏ရာခိုင်နှုန်းကို နောက်ဆက်တွဲ (က) ရှိ ဇယားတွင် တွေ့မြင်နိုင်သည်။

အသက်အလိုက် OOSC နှုန်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ခြားနားချက်ကြီးကြောင်း နောက်ဆက်တွဲ(က)ပါပုံများတွင် ထင်ရှားစွာတွေ့ရှိနိုင်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် OOSC နှုန်းအမြင့်ဆုံးကို အသက် (၅)နှစ်အရွယ်၊ ဒုတိယအမြင့်ဆုံးကို အသက် (၆)နှစ်အရွယ်တွင်တွေ့ရပြီး အသက် (၇)နှစ်မှ(၉)နှစ်အထိ ဆက်လက်ကျဆင်းသွားသည်။ တဖန် အသက် (၁၀)နှစ်မှ(၁၃)အထိ တဖြည်းဖြည်းပြန်မြင့်တက်လာသည်။ ရခိုင်ပြည်နယ်၏ OOSC နှုန်းမှာ မူလတန်းတွင်သာမက အလယ်တန်းတွင်ပါအမြင့်ဆုံးဖြစ်ပြီး ကျန်ပြည်နယ်/တိုင်းဒေသကြီးများ၏ OOSC နှုန်းနှင့်များစွာကွာခြားနေသည်။

၂.၃.၅။ ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ကလေးလုပ်သားအခြေအနေအရ ဖော်ပြခြင်း

အလုပ်လုပ်သောကလေးများသည် အလုပ်မလုပ်သောကလေးများထက် ကျောင်းပြင်ပရောက်နိုင်ခြေ ပိုများသည်။ မူလတန်းအဆင့်၌ အလုပ်လုပ်သောကလေးများ၏ (၃၆.၈%)သည် ကျောင်းပြင်ပတွင် ရောက်ရှိနေကြပြီး အလယ်တန်းအဆင့်၌ အလုပ်လုပ်သောကလေးများ၏ (၉၄.၅%)သည် ကျောင်းပြင်ပတွင် ရောက်ရှိနေကြသည်။ အလယ်တန်းဆင့်ကျောင်းပြင်ပရောက်ကလေးများတွင် ရာခိုင်နှုန်းအနည်းငယ်သာလျှင်ကျောင်းတက်နိုင်ကြောင်းတွေ့ရှိရသည်။

ဇယား ၂. ၈။ မူလတန်းနှင့် အလယ်တန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ကျား/မ နှင့် ကလေးအလုပ်သမားအခြေအနေအရဖော်ပြခြင်း (၂၀၁၅)

	ရွာထောင့် (၂) **ကျောင်းပြင်ပရောက်မူလတန်းအရွယ်ကလေးများ (အသက် ၅-၉)**				**ရွာထောင့် (၃)** **ကျောင်းပြင်ပရောက်အလယ်တန်းအရွယ်ကလေးများ (အသက် ၁၀-၁၄)**			
ကျား/မ	ကျား	မ	ပေါင်း	GPI	ကျား	မ	ပေါင်း	GPI
အလုပ်လုပ်သောကလေး	၃၈.၃	၃၅.၃	၃၆.၈	၀.၉၂	၉၄.၅	၉၄.၄	၉၄.၅	၁.၀၀
အလုပ်မလုပ်သောကလေး	၁၃.၁	၁၁.၃	၁၂.၂	၀.၈၇	၈.၇	၈.၇	၈.၇	၁.၀၀

ရင်းမြစ်။ DOL

မူလတန်းဆင့်နှင့်အလယ်တန်းဆင့်နှစ်ခုလုံးတွင် ကျောင်းပြင်ပရောက်ကလေးများ၏ GPI မှာ (၁.၀၀) ဖြစ်သည့်အတွက် ကျား/မ ခြားနားမှုမရှိကြောင်းတွေ့ရသည်။ သို့ရာတွင် မူလတန်းဆင့်၌မူ ကျောင်းပြင်ပရောက်ကလေးများ၏ GPI မှာအလုပ်လုပ်သောကလေးများအတွက် (၀.၉၂)နှင့် အလုပ်မလုပ်သောကလေးများအတွက် (၀.၈၇)ဖြစ်၍ ကျား/မ ခြားနားကြောင်းတွေ့ရှိရသည်။ ဆိုလိုသည်မှာ အလုပ်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ မူလတန်းအရွယ်ယောကျ်ားလေးများသည် မိန်းကလေးများထက် အခွင့်အလမ်းဆုံးရှုံးမှုပိုများသည်။

ကလေးအလုပ်သမားနှင့် ကျောင်းပြင်ပရောက်အခြေအနေကို ကျား/မ၊ ပြည်နယ်/တိုင်းဒေသကြီး၊ အိမ်ထောင်ဦးစီး၏ပညာရေးနှင့် ကြွယ်ဝမှုတို့အရ အသေးစိတ်ဆန်းစစ်လေ့လာနိုင်ရန် ဇယား ၂.၉ တွင် ခွဲခြားဖော်ပြထားသည်။

ဇယား ၂. ၉။ အသက် (၅)နှစ် မှ (၁၇)နှစ်အထိ ကျောင်းပြင်ပရောက်ကလေးများအခြေအနေ နှင့် ကလေးလုပ်သားအခြေအနေကို ဆက်စပ်ဖော်ပြခြင်း (LFS 2015)

	ကျောင်းပြင်ပ ရောက် ကလေး ရာခိုင်နှုန်း	အလုပ်လုပ် သော ကလေး ရာခိုင်နှုန်း	ကျောင်းပြင်ပ ရောက်ကလေး များအနက် အလုပ်လုပ် သောကလေး ရာခိုင်နှုန်း[၃၂]	အလုပ်လုပ် သောကလေး များအနက် ကျောင်းပြင်ပ ရောက်ကလေး ရာခိုင်နှုန်း[၃၃]
ကျား/ မ				
စုစုပေါင်း	၁၂	၁.၇	၁၂.၆	၉၁.၃
ကျား	၁၂.၆	၁.၈	၁၃.၂	၉၁.၀
မ	၁၁.၄	၁.၅	၁၂	၉၁.၅
GPI	၀.၉၀	၀.၈၃	၀.၉၁	၁.၀၁
ပြည်နယ်/ တိုင်းဒေသကြီး				
ကချင်	၈.၂	၀.၇	၇.၁	၈၇.၇
ကယား	၉.၈	၀.၇	၇.၆	၁၀၀.၀
ကရင်	၁၄.၈	၀.၆	၃.၆	၈၉.၈
ချင်း	၁၀.၉	၀.၆	၀.၉	၁၅.၆
စစ်ကိုင်း	၁၂.၆	၁.၂	၈.၈	၈၈.၈
တနင်္သာရီ	၁၀	၀.၆	၅.၉	၁၀၀
ပဲခူး	၁၀.၈	၂.၁	၁၈.၆	၉၅.၆
မကွေး	၈.၅	၁.၄	၁၆.၅	၁၀၀
မန္တလေး	၁၀.၅	၁.၇	၁၆	၁၀၀
မွန်	၁၃.၉	၁.၃	၆.၈	၇၃.၁
ရခိုင်	၃၄.၃	၂.၃	၆.၃	၉၅.၉
ရန်ကုန်	၁၀.၅	၂	၁၄.၆	၇၇.၆
ရှမ်း	၉.၃	၁.၇	၁၈.၆	၁၀၀
ဧရာဝတီ	၁၂.၃	၂.၅	၁၈.၄	၈၉.၆
နေပြည်တော်	၇.၅	၀.၄	၃	၅၆.၉
အိမ်ထောင်ဦးစီးပညာရေး				
ပညာမတတ်	၂၃.၇	၂.၂	၈.၉	၉၄.၇
မူလတန်း	၁၀.၅	၁.၉	၁၆.၅	၉၀.၅
အလယ်တန်းနှင့်အထက်	၇.၄	၀.၆	၇.၁	၈၇.၇

[32] The numerator to estimate the percentage of children in child labour who are out-of-school includes children aged 5-13 out of school who, during the week preceding the survey, were involved in child labour. The denominator is the total number of children in child labour.

[33] The numerator to estimate the percentage of children out of school who are involved in child labour includes children aged 5-13 out of school who, during the week preceding the survey, were involved in child labour. The denominator is the total number of children out of school.

	ကျောင်းပြင်ပ ရောက် ကလေး ရာခိုင်နှုန်း	အလုပ်လုပ် သော ကလေး ရာခိုင်နှုန်း	ကျောင်းပြင်ပ ရောက်ကလေး များအနက် အလုပ်လုပ် သောကလေး ရာခိုင်နှုန်း[၃၂]	အလုပ်လုပ် သောကလေး များအနက် ကျောင်းပြင်ပ ရောက်ကလေး ရာခိုင်နှုန်း[၃၃]
ကြွယ်ဝမှုအညွှန်းကိန်း				
အဆင်းရဲဆုံး	၁၇.၄	၂.၁	၁၁.၆	၉၄.၈
ဒုတိယ	၁၂.၄	၂.၂	၁၅	၈၃.၄
အလယ်အလတ်	၁၀.၄	၁.၃	၁၁.၉	၉၅.၃
စတုတ္ထ	၈.၅	၁.၁	၁၃.၃	၉၉.၇
အချမ်းသာဆုံး	၇.၈	၁	၁၁	၈၅.၄

ရင်းမြစ်။ LFS (2015)

ဇယား (၂.၉) တွင် ဖော်ပြထားသည့်အတိုင်း ကျောင်းပြင်ပရောက်ကလေးများ၊ အလုပ်လုပ်သောကလေးများနှင့် ကျောင်းပြင်ပရောက်ကလေးများအနက် အလုပ်လုပ်သောကလေးများအကြားတွင် GPI များမှာ (၀.၉၀)၊ (၀.၈၃၃)နှင့် (၀.၉၁)တို့အသီးသီးဖြစ်ကြသည့်အတွက် ကျား/မကွဲပြားခြားနားမှု သိသိသာသာ ကြီးမားကြောင်းတွေ့ရှိရသည်။ ပို၍တိကျစွာဆိုရလျှင် ကျောင်းပြင်ပရောက်ယောကျ်ားလေးများသည် ကျောင်းပြင်ပရောက် မိန်းကလေးများထက် ကလေးအလုပ်သမားအုပ်စုတွင် ပိုမိုပါဝင်သည်။ သို့ရာတွင် အလုပ်လုပ်သောကလေးများအုပ်စုတွင် ယောကျ်ားလေးနှင့် မိန်းကလေးခြားနားမှုမရှိပါ။

ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်၏ရာခိုင်နှုန်းမှာ (၃၄.၃%)နှင့် အမြင့်ဆုံးဖြစ်သည်။ ဒုတိယအမြင့်ဆုံးမှာ ကရင်ပြည်နယ် (၁၄.၈%)နှင့် တတိယအမြင့်ဆုံးမှာ မွန်ပြည်နယ် (၁၃.၉%)ဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏နှုန်းကွာခြားချက်မှာ (၁၉.၅%)ဖြစ်၍ ရခိုင်ပြည်နယ်သည်အခြားပြည်နယ်များနှင့် ကွာဟချက်အလွန်ကြီးမားကြောင်းတွေ့နိုင်သည်။ နေပြည်တော်၏ ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းမှာ (၇.၅%)ဖြင့် အနည်းဆုံးဖြစ်ပြီး၊ ကချင်ပြည်နယ်(၈.၂%)၊ မကွေးတိုင်းဒေသကြီး(၈.၅%)၊ ရှမ်းပြည်နယ်(၉.၃%)နှင့်ကယားပြည်နယ်(၉.၈%)တို့ကို ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်း(၁၀%)အောက်ရှိသောဒေသများအဖြစ်တွေ့ရှိရသည်။

အလုပ်လုပ်သောကလေးများရာခိုင်နှုန်းနှင့်ပတ်သက်၍ အမြင့်ဆုံးရာခိုင်နှုန်းကို ဧရာဝတီတိုင်းတွင် (၂.၅%)ဖြင့် တွေ့ရှိရပြီး၊ ဆက်လက်၍ ရခိုင်ပြည်နယ် (၂.၃%)နှင့် ပဲခူးတိုင်းဒေသကြီး (၂.၁%) တို့ကို တွေ့ရှိရသည်။ အနိမ့်ဆုံးရာခိုင်နှုန်းများကို နေပြည်တော်တွင် (၀.၄%)နှင့် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၀.၆%)တွေ့ရှိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြားခြားနားမှုမကြီးမားပါ။

ပုံ ၂.၁၅။ အလုပ်လုပ်သောကလေးများအနက် ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းကို ပြည်နယ်/တိုင်းဒေသကြီးအရဖော်ပြခြင်း



ရင်းမြစ်။ LFS (2015)

အထက်ပါပုံတွင်ဖော်ပြထားသည့်အတိုင်း ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ အလုပ်လုပ်သောကလေးအားလုံး (၁၀၀%)သည် ကျောင်းပြင်ပရောက်ကလေးများဖြစ်ကြသည်။ ထို့အတူ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ အလုပ်လုပ်သောကလေးများအနက် (၉၀%)ကျော်သည်လည်း ကျောင်းပြင်ပရောက်ကလေးများဖြစ်ကြသည်။ အနည်းဆုံးနှုန်းအနေနှင့် ချင်းပြည်နယ်တွင်အလုပ်လုပ်သောကလေးများ၏ (၁၅.၆%)၊ ဒုတိယအနည်းဆုံးအနေနှင့် နေပြည်တော်တွင်ငင်းကလေးများ၏ (၅၆.၉%)တို့သည် ကျောင်းပြင်ပရောက်ကလေးများဖြစ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် ချင်းပြည်နယ်နှင့် နေပြည်တော်တို့မှလွဲ၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အလုပ်လုပ်သောကလေးအများစုမှာ ကျောင်းပြင်ပရောက်ကြသည်။

ဇယား (၂.၉) တွင် အိမ်ထောင်ဦးစီး၏ပညာရေးအခြေအနေနှင့် ကျောင်းပြင်ပရောက်ကလေးများ၊ အလုပ်လုပ်သောကလေးများသည် နီးနီးစပ်စပ်ဆက်စပ်လျက်ရှိကြောင်းတွေ့မြင်နိုင်သည်။ ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းနှင့် အလုပ်လုပ်သောကလေးရာခိုင်နှုန်းအမြင့်ဆုံးကို ပညာမတတ်သော အိမ်ထောင်ဦးစီးများ၏သားသမီးများတွင်တွေ့ရှိရသည်။

ထို့အတူ ကြွယ်ဝမှုအညွှန်းကိန်းနှင့် ကျောင်းပြင်ပရောက်ကလေးများ၊ အလုပ်လုပ်သောကလေးများသည်လည်းဆက်စပ်မှုရှိကြောင်း ဇယား(၂.၉)တွင်တွေ့မြင်နိုင်သည်။ ကြွယ်ဝမှုအညွှန်းကိန်းမြင့်လာသည်နှင့်အမျှ ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းနိမ့်လာသည်။ ကြွယ်ဝမှုအညွှန်းကိန်းအနိမ့်ဆုံးတွင် ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းမှာ (၇.၈%)ဖြစ်ပြီး ကြွယ်ဝမှုအညွှန်းကိန်းအမြင့်ဆုံးတွင် (၁.၀%)သာရှိတော့သည်။ သို့ရာတွင် ကျောင်းပြင်ပရောက်ကလေးများအနက် အလုပ်လုပ်သောကလေးများနှင့်ပတ်သက်၍ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းအမြင့်ဆုံးကို ဒုတိယအဆင်းရဲဆုံးမိသားစုတွင်တွေ့ရပြီး ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းအနိမ့်ဆုံးကို ကြွယ်ဝမှုအညွှန်းကိန်းအမြင့်ဆုံးတွင်တွေ့ရှိရသည်။ အလုပ်လုပ်သောကလေးများအနက် ကျောင်းပြင်ပရောက်ကလေးများနှင့်ပတ်သက်၍

အခြင့်ဆုံးကျောင်းပြင်ပရောက်နှုန်းကို စတုတ္ထလေးပိုင်းစိတ်တွင်တွေ့ရပြီး နှုန်းအနိမ့်ဆုံးကို ဒုတိယလေးပိုင်းစိတ်တွင်တွေ့ရသည်။

ဇယား (၂.၁၀)သည် အသက် (၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ ကျောင်းနေသောအခြေအနေနှင့် ကလေးလုပ်သားအခြေအနေတို့ကို ကျား/မ၊ ပြည်နယ်/တိုင်းဒေသကြီး၊ အသက်အုပ်စု (မူလတန်း/အလယ်တန်းအရွယ်)၊ နေထိုင်ရာဒေသ (ကျေးလက်/မြို့ပြ)၊ အိမ်ထောင်ဦးစီး၏ပညာရေးနှင့် ကြွယ်ဝမှုအညွှန်းကိန်းတို့အရဖော်ပြထားသည်။

ဇယား ၂. ၁၀။ အသက် (၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ ကျောင်းနေသောအခြေအနေနှင့် ကလေးလုပ်သားအခြေအနေတို့ကိုဖော်ပြခြင်း

	ကျောင်းနေသော ကလေး	ကျောင်းနေသော ကလေးများအနက် အလုပ်လုပ်သော ကလေး	ကျောင်းနေသော ကလေးများအနက် အလုပ်မလုပ်သောကလေး
ကျား/မ			
စုစုပေါင်း	၈၇.၈	၈.၁	၈၉.၁
ကျား	၈၇.၁	၇.၈	၈၈.၆
မ	၈၈.၅	၈.၅	၈၉.၇
GPI	၁.၀၂	၁.၀၉	၁.၀၁
ပြည်နယ်/တိုင်းဒေသကြီး			
ကချင်	၉၁.၇	၁၂.၃	၉၂.၂
ကယား	၉၀.၂	၀	၉၀.၉
ကရင်	၈၅.၂	၁၀.၂	၈၅.၆
ချင်း	၈၈.၉	၈၄.၄	၈၈.၉
စစ်ကိုင်း	၈၇.၁	၃.၃	၈၈.၂
တနင်္သာရီ	၈၉.၈	၀	၉၀.၃
ပဲခူး	၈၉.၁	၄.၄	၉၀.၉
မကွေး	၉၁.၄	၀	၉၂.၇
မန္တလေး	၈၉.၄	၀	၉၀.၉
မွန်	၈၅.၈	၂၆.၉	၈၆.၆
ရခိုင်	၆၅.၁	၄.၁	၆၆.၅
ရန်ကုန်	၈၈.၈	၂၂.၄	၉၀.၁
ရှမ်း	၉၀.၄	၀	၉၂
ဧရာဝတီ	၈၇.၆	၁၀.၄	၈၉.၇
နေပြည်တော်	၉၂.၃	၄၃.၁	၉၂.၄
အသက်အုပ်စု			
၅–၉ နှစ်	၈၇.၅	၆၃.၂	၈၇.၅
၁၀–၁၃နှစ်	၈၈.၂	၅.၅	၉၁.၁

	ကျောင်းနေသော ကလေး	ကျောင်းနေသော ကလေးများအနက် အလုပ်လုပ်သော ကလေး	ကျောင်းနေသော ကလေး များအနက် အလုပ် မလုပ်သောကလေး
ကျေးလက်/မြို့ပြ			
ကျေးလက်	၈၉.၄	၁၇.၆	၉၀.၄
မြို့ပြ	၈၇.၃	၅.၅	၈၈.၇
အိမ်ထောင်ဦးစီး၏ပညာရေး			
ပညာမတတ်	၇၅.၉	၅.၃	၇၇.၅
မူလတန်း	၈၉.၃	၈.၆	၉၀.၈
အလယ်တန်းနှင့် အထက်	၉၂.၅	၁၂.၃	၉၃
ကြွယ်ဝမှုအညွှန်းကိန်း			
အဆင်းရဲဆုံး	၈၂.၃	၃.၂	၈၄
ဒုတိယ	၈၇.၄	၁၆.၆	၈၉
အလယ်အလတ်	၈၉.၂	၄.၇	၉၀.၄
စတုတ္ထ	၉၁.၅	၀.၃	၉၂.၅
အချမ်းသာဆုံး	၉၂	၁၄.၆	၉၂.၈

ရင်းမြစ်။ LFS (2015)

ပုံ (၂.၁၆)သည် အသက်(၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ၏ (က) ကျောင်းတက်နေသောရာခိုင်နှုန်း၊ (ခ) ကျောင်းတက်နေသောကလေးများအနက် အလုပ်လုပ်သောကလေးများရခိုင်နှုန်း၊ နှင့် (ဂ) ကျောင်းတက်နေသောကလေးများအနက် အလုပ်မလုပ်သောကလေးများ၏ ရာခိုင်နှုန်း တို့ကိုဖော်ပြထားသည်။

ပုံ ၂. ၁၆။ ကျောင်းတက်နေသော အသက်(၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ၏ ကလေးလုပ်သားအခြေအနေကို ကျား/မ အလိုက်ဖော်ပြခြင်း



ရင်းမြစ်။ LFS (2015)

ဇယား (၂.၁၀)နှင့် ပုံ (၂.၁၆)တို့အရ ကျောင်းတက်နေသော အသက်(၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ၏ ကလေးလုပ်သားအခြေအနေတွင် ကျား/မ ခြားနားမှုမရှိကြောင်းတွေ့ရှိရသည်။ ကျောင်းတက်နေသောကလေးများ၏ GPI မှာ (၁.၀၂)၊ ကျောင်းတက်နေသောကလေးများအနက် အလုပ်လုပ်သောကလေးများ၏ GPI မှာ (၁.၀၉)နှင့် ကျောင်းတက်နေသောကလေးများအနက် အလုပ်မလုပ်သောကလေးများ၏ GPI မှာ (၁.၀၁)ဖြစ်သည်။

ပုံ ၂. ၁၇။ ကျောင်းတက်နေသော (၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများ၏ ကလေးလုပ်သားအခြေအနေကို ပြည်နယ်/တိုင်းဒေသကြီးအလိုက်ဖော်ပြခြင်း



ရင်းမြစ်။ LFS (2015)

ကျောင်းတက်နေသောကလေးများရာခိုင်နှုန်းမှာ ရခိုင်ပြည်နယ်မှလွဲ၍ ပြည်နယ်/တိုင်းဒေသကြီးများအကြားခြားနားမှု သိပ်မရှိပါ။ ရခိုင်ပြည်နယ်၏ကျောင်းတက်နှုန်းမှာ (၆၅.၁%)ဖြစ်ပြီး အခြားပြည်နယ်/တိုင်းဒေသကြီးများ၏ကျောင်းတက်နှုန်းမှာ (၈၅%)ဝန်းကျင်ဖြစ်သည်။ ပုံ (၂.၂၂)တွင်ထင်ရှားစွာတွေ့မြင်နိုင်သည်။ အလားတူပုံစံကို ကျောင်းတက်နေသောကလေးများအနက် အလုပ်မလုပ်သောကလေးများအုပ်စုတွင်တွေ့ရသည်။ သို့ရာတွင် ကျောင်းတက်နေသောကလေးများအနက် အလုပ်လုပ်သောကလေးများအုပ်စုတွင် ပုံစံပြောင်းလဲသွားသည်။ အမြင့်ဆုံးနှုန်းကို ချင်းပြည်နယ်တွင် (၈၈.၉%)ဖြင့်တွေ့ရသည်။ အဓိပ္ပါယ်မှာ အလုပ်လုပ်နေသောကလေးများအနက် (၈၈.၉%)သောကလေးများမှာကျောင်းတက်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အလုပ်လုပ်နေသောကလေးများအနက် ကျောင်းတက်သောကလေးရာခိုင်နှုန်းများမှာ (၃.၃%)၊ (၄.၄%) နှင့် (၄.၁%)တို့အသီးသီးဖြစ်ကြသည့်အတွက် ၎င်းပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ကျောင်းတက်နေသောကလေးများအနက် ရာခိုင်နှုန်းအနည်းငယ်သောကလေးများကသာလျှင် ကျောင်းတက်ကြသည်။ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် အလုပ်လုပ်သောကလေးများအားလုံးကျောင်းမတက်ရောက်ကြပါ။

ပုံ ၂.၁၈။ အသက်အုပ်စုအလိုက် ကျောင်းတက်သောကလေးရာခိုင်နှုန်း



ရင်းမြစ်။ LFS (2015)

ကျောင်းတက်သောကလေးရာခိုင်နှုန်းမှာ မူလတန်းအရွယ်ကလေးများအတွက် (၈၇.၅%)ဖြစ်ပြီး အလယ်တန်းအရွယ်ကလေးများအတွက် (၈၈.၂%)ဖြစ်သည့်အတွက် ခြားနားမှုသိပ်မရှိပါ။ ထို့အတူ ကျောင်းတက်သောကလေးများအနက် မူလတန်းအရွယ်အလုပ်လုပ်သောကလေး ရာခိုင်နှုန်းမှာ (၈၇.၅%)နှင့် အလယ်တန်းအရွယ်အလုပ်လုပ်သောကလေးရာခိုင်နှုန်းမှာ (၉၁.၁%)ဖြစ်၍ ခြားနားခြင်း မရှိလှပါ။ သို့ရာတွင် ကျောင်းတက်နေသောကလေးများအနက် အလုပ်လုပ်သောကလေးရာခိုင်နှုန်း တွင်မူ ခြားနားကြောင်း၊ မူလတန်းအတွက် (၆၃.၂%)ရှိပြီး အလယ်တန်းအတွက် (၅.၅%)သာရှိသည့် အတွက် ခြားနားခြင်း (၅၇.၇%)ရှိကြောင်း၊ သိသိသာသာကွာခြားကြောင်းတွေ့ရှိရသည်။ ကျေးလက်နှင့်မြို့ပြကွာခြားချက်ကိုတွေ့ရပြီး မြို့ပြနေကလေးများသည် ကျေးလက်နေကလေးများထက် ကလေးလုပ်သားအုပ်စုတွင် ပိုမိုပါဝင်သည်။

တစ်ဖန် ကျောင်းတက်သောကလေးရာခိုင်နှုန်းနှင့် အိမ်ထောင်ဦးစီး၏ပညာရေး ဆက်စပ်မှုရှိကြောင်းတွေ့ရှိရသည်။ ပညာမတတ်သောအိမ်ထောင်ဦးစီးရှိသည့် မိသားစုများတွင် (၁) ကျောင်းတက်သောကလေးရာခိုင်နှုန်း၊ (၂) ကျောင်းတက်သောကလေးများအနက် အလုပ်လုပ်သောကလေးရာခိုင်နှုန်းနှင့် (၃) အလုပ်မလုပ်သောကလေးများ၏ရာခိုင်နှုန်းများသည် အနိမ့်ဆုံးဖြစ်သည်။

ထို့အတူ (၁) ကျောင်းတက်သောကလေးရာခိုင်နှုန်းနှင့် (၂) ၎င်းတို့အနက်အလုပ်မလုပ်သောကလေးရာခိုင်နှုန်းများသည် ကြွယ်ဝမှုအညွှန်းကိန်းနှင့် ဆက်စပ်မှုရှိကြောင်းတွေ့ရသည်။ အနိမ့်ဆုံးရာခိုင်နှုန်းများကို ကြွယ်ဝမှုအနိမ့်ဆုံးအညွှန်းကိန်းတွင်တွေ့ရသည်။ သို့ရာတွင် ကျောင်းတက်သောကလေးများအနက်အလုပ်လုပ်သော ကလေးရာခိုင်နှုန်းတွင်မူ အမြင့်ဆုံးနှုန်းသည် ဒုတိယအဆင်းရဲဆုံးအုပ်စုတွင်ရှိပြီး ဆက်လက်၍ အချမ်းသာဆုံးအုပ်စု၊ အလယ်အလတ်နှင့် အဆင်းရဲဆုံးအုပ်စုများတွင်တွေ့ရသည်။ စတုတ္ထအုပ်စုတွင် အလုပ်လုပ်သောကလေးများအနက် ၀.၃% သောကလေးများသည်သာလျှင် အလုပ်လုပ်ကြသည်။

ကလေးလုပ်သားထုမှာ ပမာဏအားဖြင့် နည်းသည်ဟုဆိုသော်လည်း ပြဿနာအတိုင်းအတာနှင့် ပြောရလျှင်မူပြင်းထန်သည်ဟုဆိုနိုင်သည်။ ကလေးအရေအတွက် အနည်းငယ်အပေါ်သာသက်ရောက်မှု

ရှိပြီး၊ ကျောင်းပြင်ပရောက်ရခြင်းအကြောင်းရင်းတစ်ရပ်အနေနှင့် သိသာထင်ရှားမှုမရှိသော်လည်း ကလေးလုပ်သားအုပ်စုရှိ ကလေးများမှာမူ ကျောင်းပြင်ပရောက်ရှိရန် အလားအလာပိုရှိသည်။

၂.၄။ ရှုထောင့်၄နှင့်၅။ မူလတန်းနှင့်အလယ်တန်းကျောင်းတက်နေသောကလေးများအနက် ကျောင်းထွက်ရန် အလားအလာရှိသောကလေးများ

ရှုထောင့်(၄)သည် မူလတန်းတွင်ကျောင်းတက်နေသောကလေးများအနက် ကျောင်းထွက်ရန် အလားအလာရှိသော ကလေးများကိုလေ့လာခြင်းဖြစ်သည်။ ဤရှုထောင့်တွင်လည်း ယောကျ်ားလေးများသည်မိန်းကလေးများထက်လည်းကောင်း ကျေးလက်နေကလေးများသည်မြို့ပြနေကလေးများထက်လည်းကောင်း ကျောင်းထွက်သွားနိုင်ခြေပိုရှိသည်။

ရှုထောင့်(၅)သည် အလယ်တန်းတွင်ကျောင်းတက်နေသောကလေးများအနက် ကျောင်းထွက်ရန် အလားအလာရှိသော ကလေးများကိုလေ့လာခြင်းဖြစ်သည်။ အတန်းကြီးလာသည်နှင့်အမျှ ကျား/မ ညီမျှခြင်းအညွှန်းကိန်းကြီးလာသည့်အတွက် ယောကျ်ားလေးများသည် မိန်းကလေးများထက် အတန်းကြီးလာလေ ကျောင်းထွက်ရန်အလားအလာပိုရှိလေဖြစ်သည်။ အခြားရှုထောင့်များနည်းတူ ကျေးလက်ဒေသရှိကလေးများသည် မြို့ပြဒေသရှိကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။

ရှုထောင့်(၄)နှင့်(၅)သည် မူလတန်းနှင့်အလယ်တန်းများတွင် ကျောင်းတက်နေသောကလေးများအနက် ကျောင်းထွက်ရန်အလားအလာရှိသော ကလေးများကို လေ့လာသည့်အပိုင်းဖြစ်သည်။ ဤအပိုင်းတွင် ကလေးများကျောင်းထွက်နိုင်ခြေကို ခန့်မှန်းနိုင်သည့် ထပ်ကျော့နှုန်း၊ ရှင်သန်မှုနှုန်း၊ မူလတန်း/အလယ်တန်းပြီးမြောက်နှုန်း၊ အတန်းကူးပြောင်းနှုန်းနှင့် ကျောင်းထွက်နှုန်းစသည့် အညွှန်းကိန်းများကို လေ့လာသည်။

ဤအပိုင်းသည် မူလတန်းနှင့်အလယ်တန်းပညာရေးမှ ပစ်ပယ်ခံရနိုင်ခြေရှိသော ကျောင်းသားများကို လေ့လာသည့်အပိုင်းဖြစ်ပြီး ကလေးအုပ်စုနှစ်အုပ်စုဖြစ်သည့် (က) ကျောင်းအပ်နှောက်ကျ၍ဖြစ်စေ၊ အတန်းတစ်တန်းတည်းကို အကြိမ်ကြိမ်ထပ်ကျော့တက်နေရ၍ဖြစ်စေ၊ အဆိုပါအကြောင်းနှစ်ရပ်လုံးကြောင့်ဖြစ်စေ အတန်းအလိုက်ရှိရမည့်အသက်ထက် (၂)နှစ်နှင့်အထက် ပိုကြီးနေသောကလေးများနှင့် (ခ) တိုးပွားလာသောကျောင်းထွက်နှုန်းကြောင့် ကျောင်းထွက်ရန်အလားအလာရှိသောကလေးများ ကို အလေးပေးလေ့လာသည်။ ၂၀၁၀–၂၀၁၁ မှ ၂၀၁၄–၂၀၁၅ ပညာသင်နှစ် (၅)နှစ်အတွက် အုပ်ချုပ်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အသုံးပြုသည်။

၂.၄.၁။ ကျောင်းထွက်နှုန်း

၂.၄.၁.၁။ အတန်းအလိုက်နှင့်ကျား/မအလိုက်ကျောင်းထွက်နှုန်း

ဤအပိုင်းသည် ယမန်နှစ်ကကျောင်းတက်ခဲ့သော်လည်း ယခုနှစ်တွင်ကျောင်းမတက်သော ကလေးများ၊ တစ်နည်းအားဖြင့် ကျောင်းထွက်သွားသော ကလေးများကို ဆန်းစစ်လေ့လာသည်။ ၂၀၁၄၊ ၂၀၁၅ အုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များကိုအသုံးပြု၍ ကျောင်းထွက်နှုန်းကို ကျား/မ၊ ကျေးလက်/မြို့ပြ နှင့်အတန်းအဆင့်အလိုက် ဇယား(၂.၁၁)ဖြင့် ဖော်ပြထားသည်။ ကျောင်းထွက်သွားသောကလေး

အရေအတွက်ကိုတည် ယမန်နှစ်ကကျောင်းတက်သော ကလေးအရေအတွက်နှင့် စားခြင်းဖြင့် ကျောင်းထွက်နှုန်း ကိုတွက်ချက်သည်။

ဇယား ၂. ၁၁။ ၂၀၁၄–၂၀၁၅ပညာသင်နှစ်အတွက် ကျောင်းထွက်နှုန်းကို အတန်းအလိုက်၊ ကျား/မ နှင့် ကျေးလက်/မြို့ပြအလိုက်ဖော်ပြခြင်း

ပညာရေးအဆင့်		မူလတန်း					အလယ်တန်း			
အတန်း		၁	၂	၃	၄	၅	၆	၇	၈	၉
မြို့ပြ	ကျား	၇.၁	၂.၉	၀.၂	၀.၄	၀	၅.၆	၅.၃	၅.၇	၈.၈
	မ	၃.၉	၀	၀	၀.၂	၀.၅	၀	၀	၀	၀
	ပေါင်း	၅.၆	၁.၅	၀.၁	၀.၃	၀.၂	၂.၈	၂.၆	၂.၈	၄.၃
ကျေးလက်	ကျား	၁၇.၈	၇.၂	၅.၂	၁၂.၃	၁၉.၅	၉.၈	၁၁.၇	၂၂.၆	၃၆.၉
	မ	၁၇.၃	၆.၇	၄.၈	၁၀.၄	၁၇.၆	၉.၀	၁၀.၃	၁၈.၆	၂၉.၂
	ပေါင်း	၁၇.၆	၇.၀	၅.၀	၁၁.၄	၁၈.၅	၉.၄	၁၁.၀	၂၀.၅	၃၂.၉
ပြည်ထောင်စု	ကျား	၁၆.၂	၆.၂	၄.၀	၉.၆	၁၁.၄	၈.၂	၈.၆	၁၃.၆	၁၉.၇
	မ	၁၅.၂	၅.၀	၃.၆	၈.၀	၉.၆	၆.၀	၆.၀	၉.၁	၁၁.၅
	ပေါင်း	၁၅.၇	၅.၆၂	၃.၈	၈.၈	၁၀.၅	၇.၀	၇.၃	၁၁.၃	၁၅.၅
GPI		၀.၉၃	၀.၈၂	၀.၉၁	၀.၈၃	၀.၈၄	၀.၇၃	၀.၇၀	၀.၆၇	၀.၅၉

ရင်းမြစ်။ Administrative Data (2014-2015), DERPT, MOE

မူလတန်းဆင့်တွင် အမြင့်ဆုံးကျောင်းထွက်နှုန်းကို (၁၅.၇၁%)ဖြင့် အခြေခံပညာဝင်ပေါက်ဖြစ်သည့် သူငယ်တန်းတွင်တွေ့ရှိရပြီး ဒုတိယအမြင့်ဆုံးကို (၁၀.၅၀%)ဖြင့် မူလတန်းပညာရေး၏နောက်ဆုံး အတန်းဖြစ်သည့် စတုတ္ထတန်းတွင်တွေ့ရှိရသည်။ ကျောင်းထွက်နှုန်းသည် ပဉ္စမတန်းတွင် (၇.၀၅%) သို့ကျသွားပြီး တစ်ဖြည်းဖြည်းမြင့်တက်လာရာ အလယ်တန်းပညာ နောက်ဆုံးအတန်းဖြစ်သည့် အဋ္ဌမတန်းတွင် (၁၅.၅%)ဖြစ်လာသည်။

မူလတန်းပညာရေးရရှိရန် ကျောင်းနေမြဲရေး အထူးသဖြင့် သူငယ်တန်း ကျောင်းနေမြဲရေးသည် ကျောင်းထွက်နှုန်းကို လျော့ချနိုင်သည်။ အပိုင်း (၂.၁)တွင်ဖော်ပြပြီး ဖြစ်သည့်အတိုင်း အသက်(၄)နှစ် အရွယ်ကလေးများ၏ (၂၃.၄%)သာလျှင်မူကြိုပညာရေးအခွင့်အလမ်းကိုရရှိခဲ့ကြသည်။ အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် ဤရာခိုင်နှုန်းမှာအလွန်နည်းပါသည်။ သူငယ်တန်းကျောင်းထွက်နှုန်းမြင့်မားရခြင်း အကြောင်းရင်းမှာ မူကြိုအခွင့်အရေးမရရှိခြင်း၊ အကြောင်းဆက်အနေနှင့် သူငယ်တန်းကလေးများတွင် ကျောင်းနေရန် အဆင်သင့်မဖြစ်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်။

အတန်းအလိုက် ကျောင်းထွက်နှုန်း၏ GPI ကို ပုံ (၂.၂၃)ဖြင့် ဖော်ပြထားသည်။ ပုံတွင် အနီရောင်မျဉ်းသည် စံပြု GPI တန်ဖိုး (၁)နှင့်ညီမျှသည်။ အတန်းကြီးလာသည်နှင့်အမျှ ကျောင်းထွက်နေသောကလေးများ၏ ကျား/မ ခြားနားမှုကြီးမားလာကြောင်း တွေ့နိုင်သည်။ ဇယား (၂.၁၁)တွင် ကျား/မ ကွဲပြားမှုကို ထင်ထင်ရှားရှားတွေ့နိုင်ပြီး အတန်းအားလုံးတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်နှုန်းပိုမိုမြင့်မားကြောင်းကောက်ချက်ဆွဲနိုင်သည်။ မြန်မာနိုင်ငံတွင် ယောကျ်ားလေးများသည် အပစ်ပယ်ခံဖြစ်နိုင်ခြေ ပိုမိုမြင့်မားသည်။ အကြောင်းမှာ ယောကျ်ားလေးများသည် အသက်အရွယ်ရလာသည်နှင့်အမျှ ကလေးအလုပ်သမားအုပ်စုတွင် ပိုမိုပါဝင်လာသောကြောင့်ဖြစ်နိုင်သည်။

ပုံ ၂.၁၉။ အတန်းအလိုက် ကျောင်းထွက်နှုန်း၏ ကျား/မတူညီမှုအညွှန်းကိန်း



ရင်းမြစ်။ Administrative Data (2014-2015), DERPT, MOE

ကျား/မခြားနားမှုရှိသည့်နည်းတူ ကျောင်းထွက်နှုန်းတွင်လည်း ကျေးလက်နှင့်မြို့ပြကွာဟချက်ရှိသည်။ ကျေးလက်ဒေသရှိကလေးများ၏ ကျောင်းထွက်နှုန်းသည် မြို့ပြဒေသရှိကလေးများ၏ ကျောင်းထွက်နှုန်းထက် ပိုမြင့်သည်။

ပုံ ၂.၂၀။ မူလတန်းအတန်းအလိုက် ကျောင်းထွက်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြ အခြေအနေအရ ဖော်ပြခြင်း



ရင်းမြစ်။ Administrative Data (2014-2015), DERPT, MOE

အထက်ပါပုံတွင် မူလတန်း၌ကျေးလက်နှင့်မြို့ပြ ကွာခြားမှုကြီးမားကြောင်းတွေ့ရှိနိုင်သည်။ မူလတန်းပညာရေးတွင် ကျေးလက်၏ကျောင်းထွက်နှုန်းသည် မြို့ပြ၏ကျောင်းထွက်နှုန်းထက် များစွာမြင့်မားနေသည်။ သူငယ်တန်းတွင် ကျောင်းထွက်နှုန်းအများဆုံးဖြစ်ပြီး၊ ပထမတန်းနှင့်ဒုတိယတန်းတွင် နှုန်းကျသွားသော်လည်း တတိယတန်းနှင့်စတုတ္ထတန်းတွင် နှုန်းပြန်လည်မြင့်တက်လာသည်။ တူညီသောပုံစံကို ကျေးလက်ဒေသ၏ ကျား/မ ကျောင်းထွက်နှုန်းများတွင်တွေ့ရှိရသည်။ မြို့ပြဒေသတွင်မူ

စတုတ္ထတန်း ယောကျ်ားလေးများတွင်လည်းကောင်း၊ ပထမတန်းနှင့်ဒုတိယတန်းမိန်းကလေးများတွင်လည်းကောင်း ကျောင်းထွက်သူမရှိပါ။

ပုံ ၂.၂၁။ အလယ်တန်းအတန်းအလိုက် ကျောင်းထွက်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြ အခြေအနေအရ ဖော်ပြခြင်း



Source: Administrative Data (2014-2015), DERPT, MOE

အထက်ပါပုံတွင် အလယ်တန်း၌ ကျေးလက်နှင့်မြို့ပြ ကွာခြားမှုကြီးမားကြောင်းတွေ့ရှိနိုင်သည်။ အလယ်တန်းပညာရေးတွင် ကျေးလက်၏ကျောင်းထွက်နှုန်းသည် မြို့ပြ၏ကျောင်းထွက်နှုန်းထက်များစွာမြင့်မားနေသည်။ မြို့ပြဒေသများတွင် ကျောင်းထွက်သူမိန်းကလေးလုံးဝမရှိပါ။ မြို့ပြဒေသများတွင် ယောကျ်ားလေးများ၏ ကျောင်းထွက်နှုန်းမြင့်မားရခြင်းမှာ မြို့ပြဒေသရှိယောကျ်ားလေးများသည် ကလေးအလုပ်သမားအုပ်စုတွင် ပိုမိုပါဝင်ကြသောကြောင့်ဖြစ်သည်။ အလယ်တန်းပညာရေး၏ နောက်ဆုံးအတန်းဖြစ်သည့် အဋ္ဌမတန်းတွင် ကျောင်းထွက်နှုန်းအများဆုံးဖြစ်ပြီး၊ အလယ်တန်းပညာရေးအစတန်းဖြစ်သည့် ပဉ္စမတန်းတွင်ကျောင်းထွက် အနည်းဆုံးဖြစ်သည်။ ကျား/မ နှစ်မျိုးလုံးတွင် အသက်ကြီးလာသည်နှင့်အမျှ ကျောင်းထွက်နှုန်းမြင့်မားးလာသည်။

၂.၄.၁.၂။ အတန်းအလိုက်နှင့်ပြည်နယ်/တိုင်းဒေသကြီးအလိုက် မူလတန်းမပြီးဆုံးမီကျောင်းထွက်နှုန်းနှင့် အလယ်တန်းမပြီးဆုံးမီကျောင်းထွက်နှုန်း

ဇယား (၂.၁၂)သည် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းနှင့် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းများကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ကျေးလက်/မြို့ပြအလိုက် ဖော်ပြထားသည်။ ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် ကျေးလက်နှင့်မြို့ပြ ကွာဟချက်အလွန်ကြီးမားကြောင်းတွေ့ရသည်။

ဇယား ၂. ၁၂။ မူလတန်းမပြီးဆုံးမီကျောင်းထွက်နှုန်းနှင့် အလယ်တန်းမပြီးဆုံးမီကျောင်းထွက်နှုန်း များကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ကျေးလက်/မြို့ပြအလိုက်ဖော်ပြခြင်း (၂၀၁၄–၁၅)

ပြည်နယ်/ တိုင်းဒေသကြီး	ကျေးလက်/ မြို့ပြ	အတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်း	
		မူလတန်း	အလယ်တန်း
ကချင်	ပေါင်း	၄၉.၀	၆၄.၂
	မြို့ပြ	၀	၀
	ကျေးလက်	၆၂.၄	၈၃.၀
ကယား	ပေါင်း	၂၆.၇	၂၀.၇
	မြို့ပြ	၀	၀
	ကျေးလက်	၃၆.၆	၄၁.၂
ကရင်	ပေါင်း	၃၅.၁	၄၅.၅
	မြို့ပြ	၀	၀
	ကျေးလက်	၄၁.၃	၆၂.၇
ချင်း	ပေါင်း	၃၂.၈	၂၈.၀
	မြို့ပြ	၀	၀
	ကျေးလက်	၃၉.၄	၅၀.၃
စစ်ကိုင်း	ပေါင်း	၂၀.၅	၃၄.၀
	မြို့ပြ	၀	၀
	ကျေးလက်	၂၄.၁	၄၉.၅
တနင်္သာရီ	ပေါင်း	၈.၅	၂၁.၉
	မြို့ပြ	၀.၈	၀
	ကျေးလက်	၁၁.၁	၃၈.၀
ပဲခူး	ပေါင်း	၁၇.၈	၆၂.၈
	မြို့ပြ	၀	၄၂.၈
	ကျေးလက်	၁၁.၂	၇၃.၅
မကွေး	ပေါင်း	၂၆.၅	၃၃.၆
	မြို့ပြ	၀	၀
	ကျေးလက်	၃၀.၆	၄၆.၉
မန္တလေး	ပေါင်း	၁၆.၈	၁၉.၁
	မြို့ပြ	၀	၃.၆
	ကျေးလက်	၂၃.၆	၃၁.၂
မွန်	ပေါင်း	၂၀.၄	၁၇.၁
	မြို့ပြ	၀	၀
	ကျေးလက်	၂၇.၀	၂၇.၆
ရခိုင်	ပေါင်း	၃၈.၃	၂၅.၇
	မြို့ပြ	၀	၀
	ကျေးလက်	၄၂.၉	၃၇.၁

ရန်ကုန်	ပေါင်း	၉.၀	၁၂.၆
	မြို့ပြ	၀	၃.၀
	ကျေးလက်	၂၃.၀	၃၇.၈
ရှမ်း	ပေါင်း	၂၉.၂	၂၅.၁
	မြို့ပြ	၀	၁၃.၅
	ကျေးလက်	၄၀.၄	၃၇.၇
ဧရာဝတီ	ပေါင်း	၃၂.၈	၁၇.၄
	မြို့ပြ	၀	၀
	ကျေးလက်	၁၉.၂	၁၇.၈
နေပြည်တော်	ပေါင်း	၂၃.၈	၁၄.၈
	မြို့ပြ	၀	၀
	ကျေးလက်	၃၃.၀	၂၇.၄

ရင်းမြစ်။ Administrative Data (2015), DERPT, MOE

တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံး၏ မြို့ပြများတွင် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သွားသူလုံးဝမရှိပါ။ ကျေးလက်နှင့် မြို့ပြကွာဟချက်ကြီးမားကြောင်း၊ ကျေးလက်ကလေးများသည် မြို့ပြကလေးများထက် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းပိုမိုမြင့်မားကြောင်း အထက်ဖော်ပြပါဇယားတွင် တွေ့နိုင်သည်။ ကချင်ပြည်နယ်တွင် (၄၉.၀၁%)ဖြင့် အများဆုံးတွေ့ရှိရပြီး၊ ရခိုင်ပြည်နယ် (၃၈.၂၇%)နှင့် ဧရာဝတီတိုင်းဒေသကြီး (၃၂.၇၈%) တို့ဆက်လက်လိုက်ပါသည်။ (ဇယားတွင် ပန်းရောင်ဖြင့်ဖော်ပြထားသည်။) အနိမ့်ဆုံးနှုန်းကို (၈.၄၆%)ဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း ဒုတိယအနိမ့်ဆုံးကို (၈.၉၈%)ဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်းတွေ့ရသည်။ (ဇယားတွင် အပြာရောင်ဖြင့် ဖော်ပြထားသည်။)

ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၏ မြို့ပြဒေသများတွင် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်သူများရှိသည်။ အမြင့်ဆုံးနှုန်းကို ကချင်ပြည်နယ်တွင် (၆၄.၁၇%)ဖြင့်တွေ့ရပြီး၊ ပဲခူးတိုင်းဒေသကြီး (၆၂.၇၈%)နှင့် ကရင်ပြည်နယ် (၄၅.၅၅%)တို့လိုက်ပါသည်။ မူလတန်းကဲ့သို့ပင် အလယ်တန်းတွင်လည်း ကျေးလက်နှင့် မြို့ပြကွာခြားချက်ကြီးမားပြီး၊ ကျေးလက်ကလေးများသည် မြို့ပြကလေးများထက် အတန်းမပြီးဆုံးမီ ကျောင်းပိုထွက်ကြသည်။

၂.၄.၂။ ရှင်သန်မှုနှုန်း

၂.၄.၂.၁။ မူလတန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းနှင့် အလယ်တန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်း

ဤအပိုင်းသည် မူလတန်း (စတုတ္ထတန်း)နှင့် အလယ်တန်း (အဋ္ဌမတန်း) ပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကို စိစစ်လေ့လာသည့်အပိုင်းဖြစ်သည်။ နောက်ဆုံးအတန်းအထိ ရှင်သန်မှုနှုန်းဆိုသည်မှာ မူလတန်း၏ပထမဆုံးသောအတန်း (သူငယ်တန်း) သို့ဝင်ရောက်လာသည့်အုပ်စုရှိကလေးများအနက် မူလတန်းနောက်ဆုံးအတန်း (စတုတ္ထတန်း) အထိရောက်ရှိလာမည့်ကလေးများ ရာခိုင်နှုန်းကိုဆိုလိုသည်။ စာမေးပွဲကျရှုံးခြင်းကို ထည့်သွင်းမစဉ်းစားပါ။ ဤသုတေသနတွင် အတန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကိုတွက်ချက်ရာတွင်ကလေးအုပ်စုနှစ်စုကိုသာအသုံးပြုသည်။

ဇယား (၂.၁၃)သည် ၂၀၁၄–၂၀၁၅ ပညာသင်နှစ်အတွင်း မူလတန်း/အလယ်တန်း ပထမဦးဆုံးအတန်းသို့ဝင်ရောက်လာသည့် ကလေးများအုပ်စု၏ မူလတန်း/အလယ်တန်း နောက်ဆုံးအတန်းသို့ ရောက်ရှိလာမည့်ကလေးများရာခိုင်နှုန်းကို ဖော်ပြထားသည်။

ဇယား ၂. ၁၃။ အတန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကို ကျား/မ အလိုက်ဖော်ပြခြင်း (၂၀၁၄–၁၅)

	ကျား	မ	ပေါင်း	GPI
မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း (%)	၈၈.၄	၉၀.၃	၈၉.၄	၁.၀၂
အလယ်တန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း (%)	၇၉.၈	၈၈.၃	၈၄.၂	၁.၁၁

ရင်းမြစ်။ Administrative Data (2015), DERPT, MOE

မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်းသည် ယောကျ်ားလေးများတွင် (၈၈.၄%)နှင့် မိန်းကလေးများတွင် (၉၀.၃%)ရှိသည်။ ဤနှုန်းနှစ်ခုကြား GPI သည်(၁.၀၂)ဖြစ်၍ ကျား/မခြားနားမှုမရှိကြောင်းတွေ့နိုင်သည်။ သို့ရာတွင် အလယ်တန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်းသည် ယောကျ်ားလေးများတွင် (၇၉.၈%)နှင့် မိန်းကလေးများ တွင် (၈၈.၃%)ရှိ၍ ဤနှုန်းနှစ်ခုကြား GPI သည်(၁.၁၁)ဖြစ်သည့်အတွက် ကျား/မ ခြားနားမှုရှိကြောင်းတွေ့နိုင်သည်။ မိန်းကလေးများသည် ယောကျ်ားလေးများ ထက် ရှင်သန်မှုနှုန်းမြင့်ကြောင်း၊ တစ်နည်းအားဖြင့် ယောကျ်ားလေးများသည် မိန်းကလေးများထက် အခွင့်အရေးဆုံးရှုံးမှုပိုကြောင်း သုံးသပ်ရသည်။

ပြည်ထောင်စုအချုပ်၌ မူလတန်းတွင် (၈၉.၄%)ရှိခဲ့ရာမှ အလယ်တန်းတွင် (၈၄.၂%)ရှိသည့် အတွက် သိသိသာသာကျဆင်းသွားကြောင်း ပုံ (၂.၂၂)တွင် တွေ့နိုင်သည်။ ဤသို့ကျဆင်းသွားရခြင်းအကြောင်းရင်းမှာ ယောကျ်ားလေးများ၏ ရှင်သန်မှုနှုန်းမှာ မူလတန်းတွင် (၈၈.၄%)မှ အလယ်တန်းတွင် (၇၉.၈%) သို့ကျဆင်းသွားရခြင်းကြောင့်ဖြစ်သည်။

ပုံ ၂. ၂၂။ အတန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကို ကျား/မ အလိုက်ဖော်ပြခြင်း (၂၀၁၄–၂၀၁၅)



ရင်းမြစ်။ Administrative Data, 2015, DERPT, MOE

ဇယား ၂. ၁၄။ မူလတန်းနှင့် အလယ်တန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းကို နေထိုင်ရာဒေသ (ကျေးလက်/မြို့ပြ) အလိုက်ဖော်ပြခြင်း (၂၀၁၄–၂၀၁၅)

ကျေးလက်/ မြို့ပြ	မူလတန်းရှင်သန်မှုနှုန်း (%)				အလယ်တန်းရှင်သန်မှုနှုန်း (%)			
	ကျား	မ	ပေါင်း	GPI	ကျား	မ	ပေါင်း	GPI
ကျေးလက်	၉၉.၁	၁၀၀.၀	၉၉.၅	၁.၀၁	၉၁.၀	၁၀၀.၀	၉၅.၆	၁.၁၀
မြို့ပြ	၇၇.၈	၇၈.၆	၇၈.၂	၁.၀၁	၆၃.၉	၇၂.၃	၆၈.၂	၁.၁၃
ပြည်ထောင်စု	၈၈.၄	၉၀.၃	၈၉.၄	၁.၀၂	၇၉.၈	၈၈.၃	၈၄.၂	၁.၁၁

ရင်းမြစ်။ Administrative Data, 2015, DERPT, MOE

ရှင်သန်မှုနှုန်းတွင်လည်း ကျေးလက်နှင့်မြို့ပြကွာဟချက်ရှိကြောင်း၊ ကျေးလက်၏ရှင်သန်မှုနှုန်းသည် မြို့ပြအောက်များစွာလျော့နည်းနေကြောင်းတွေ့ရှိရသည်။ မြို့ပြ၏မူလတန်းရှင်သန်မှုနှုန်းမှာယောကျ်ား လေးများတွင် (၉၉.၁%)နှင့် မိန်းကလေးများတွင်(၁၀၀%)ဖြစ်ပြီး အလယ်တန်းရှင်သန်မှုနှုန်းမှာ ယောကျ်ားလေးများတွင် (၉၁%)နှင့် မိန်းကလေးများတွင်(၁၀၀%)ဖြစ်သည်။ မြို့ပြ၌ မိန်းက လေးများ၏ရှင်သန်မှုနှုန်းမှာ မူလတန်းတွင်သာမက အလယ်တန်းတွင်ပါ ရာခိုင်နှုန်းပြည့် (၁၀၀%) ဖြစ်သည်။ ဤနှုန်းများသည် ကျေးလက်တွင်သိသိသာသာကျဆင်းသွားသည်။ ပြည်ထောင်စုအချုပ်၏ ရှင်သန်မှုနှုန်းကျဆင်းရခြင်းမှာ ကျေးလက်ဒေသ၏ရှင်သန်မှုနှုန်းကျဆင်းရခြင်းကြောင့်ဖြစ်သည်။

မူလ တန်းတွင် ကျား/မခြားနားမှုမရှိသော်လည်း အလယ်တန်းတွင် ကျား/မ ခြားနားမှုရှိသည်။ ဇယား (၂.၁၅)တွင် ပန်းရောင်ဖြင့်ခြယ်သထားသော GPI တန်ဖိုးများအရ ကျေးလက်/မြို့ပြနှစ်ခု စလုံးတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် အခွင့်အရေးဆုံးရှုံးမှုပိုများနေကြောင်း ဖော်ပြသည်။

ဇယား ၂. ၁၅။ နှစ်အလိုက် အတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း (ပြည်ထောင်စုအချုပ်)

ပညာသင်နှစ်	မူလတန်း				အလယ်တန်း			
	ကျား	မ	ပေါင်း	GPI	ကျား	မ	ပေါင်း	GPI
၂၀၁၀–၂၀၁၁	၇၉.၄	၇၉.၃	၇၉.၃	၁.၀၀	၇၈.၀	၈၆.၄	၈၂.၂	၁.၁၁
၂၀၁၁–၂၀၁၂	၈၁.၃	၈၂.၃	၈၁.၈	၁.၀၁	၇၈.၄	၈၆.၄	၈၂.၅	၁.၁၀
၂၀၁၂–၂၀၁၃	၈၅.၆	၈၆.၃	၈၅.၉	၁.၀၁	၈၁.၂	၉၀.၁	၈၅.၈	၁.၁၁
၂၀၁၃–၂၀၁၄	၉၀.၁	၉၀.၉	၉၀.၅	၁.၀၁	၈၀.၃	၈၉.၄	၈၅.၀	၁.၁၁
၂၀၁၄–၂၀၁၅	၈၈.၄	၉၀.၃	၈၉.၄	၁.၀၂	၇၉.၈	၈၈.၃	၈၄.၂	၁.၁၁

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

နှစ်အလိုက် အတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်းနှင့်ပတ်သက်၍သုံးသပ်ရာ၌မူလတန်းတွင် ကျား/မ ခြားနားမှုမရှိသော်လည်း အလယ်တန်းတွင်မူ ပညာသင်နှစ်အားလုံး၌ GPI သည် (၁.၁) ဝန်းကျင်တွင် ရှိသည့်အတွက် ကျား/မ ခြားနားမှုရှိကြောင်းတွေ့ရှိရသည်။ အလယ်တန်းတွင် ယောကျ်ားလေးများ သည် မိန်းကလေးများထက် အခွင့်အရေးပိုမိုဆုံးရှုံးရသည်။

ပုံ ၂.၃၃။ နှစ်အလိုက် မူလတန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း (၂၀၁၁–၂၀၁၅)



ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

အထက်ပါပုံတွင် ကျား/မ ခြားနားမှုမရှိကြောင်း တွေ့ရှိနိုင်သည်။ မူလတန်းရှင်သန်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ်တိုးတက်လာသော်လည်း ၂၀၁၄–၂၀၁၅ ပညာသင်နှစ်တွင်မူ ပြန်လည်ကျဆင်းသွားသည်။

ပုံ ၂.၃၄။ နှစ်အလိုက် အလယ်တန်းပြီးဆုံးသည်အထိ ရှင်သန်မှုနှုန်း (၂၀၁၁–၂၀၁၅)



Source: Administrative Data (2011-2015), DERPT, MOE

အလယ်တန်းတွင် ကျား/မ ကွာခြားမှုမြင့်ကြောင်း၊ ယောကျ်ားလေးများသည် မိန်းကလေးများထက် ရှင်သန်မှုနိမ့်ကြောင်းတွေ့ရသည်။

၂.၄.၂.၂။ အတန်းအလိုက်ရှင်သန်မှုနှုန်း

ဇယား ၂. ၁၆။ အတန်းအလိုက်ရှင်သန်မှုနှုန်းကို ပညာသင်နှစ် (၅)နှစ်အတွက်ဖော်ပြခြင်း (ပြည်ထောင်စုအချုပ်)

ပညာသင်နှစ်	မူလတန်း (%)					အလယ်တန်း (%)			
	သူငယ်တန်း	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ	ဆဋ္ဌမ	သတ္တမ	အဋ္ဌမ
၂၀၁၀–၁၁	၈၇.၄	၉၄.၈	၉၄.၁၃	၉၂.၉	၇၉.၃	၉၁.၄	၉၀.၂	၈၈.၁	၈၂.၂
၂၀၁၁–၁၂	၈၆.၁	၉၅.၃	၉၅.၄၆	၉၂.၇	၈၁.၈	၉၀.၄	၉၀.၃	၈၉.၁	၈၂.၅
၂၀၁၂–၁၃	၈၄.၅	၉၅.၃	၉၅.၁၃	၉၃.၀	၈၅.၉	၉၃.၇	၉၃.၁	၉၃.၃	၈၅.၈
၂၀၁၃–၁၄	၈၃.၀	၉၄.၄	၉၅.၁၆	၉၂.၉	၉၀.၅	၉၃.၈	၉၃.၃	၉၂.၂	၈၅.၀
၂၀၁၄–၁၅	၈၄.၁	၉၄.၃	၉၆.၁၉	၉၁.၁	၈၉.၄	၉၂.၉	၉၂.၇	၈၈.၇	၈၄.၂

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

သူငယ်တန်း၏ရှင်သန်မှုနှုန်းသည် ၂၀၁၀–၂၀၁၁ ပညာသင်နှစ်မှ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်အတွင်း တဖြည်းဖြည်းလျော့နည်းလာရာမှ ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် ပြန်လည်မြင့်တက်လာသည်။ သို့ရာတွင် စတုတ္ထတန်း၌မူ ၂၀၁၀–၂၀၁၁ပညာသင်နှစ်မှ ၂၀၁၃–၂၀၁၄ပညာသင်နှစ်အတွင်း တဖြည်းဖြည်းမြင့်တက်လာရာမှ ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် (၁.၁%)အထိပြန်လည်လျော့ကျလာသည်။ အနိမ့်ဆုံးရှင်သန်မှုနှုန်းကို ၂၀၁၀–၂၀၁၁ပညာသင်နှစ်၊ စတုတ္ထတန်းတွင် (၇၉.၃%)ဖြင့်တွေ့ရှိရပြီး အမြင့်ဆုံးနှုန်းကို ၂၀၁၄–၂၀၁၅ပညာသင်နှစ်၊ ဒုတိယတန်းတွင် (၉၆.၂%)ဖြင့်တွေ့ရှိရသည်။

ဇယား (၂.၁၇) တွင်မြို့ပြဒေသ၏ အတန်းအလိုက်ရှင်သန်မှုနှုန်းကိုဖော်ပြထားသည်။ ပညာသင်နှစ် (၅)နှစ်လုံးအတွက် မြို့ပြတွင် အတန်းအားလုံး၏ရှင်သန်မှုနှုန်းများမြင့်မားကြောင်းတွေ့နိုင်သည်။ အနိမ့်ဆုံးရှင်သန်မှုနှုန်းကို ၂၀၁၃–၂၀၁၄ပညာသင်နှစ်၊ သူငယ်တန်းတွင် (၉၀.၆၆%)ဖြင့်တွေ့ရှိရသည်။ အမြင့်ဆုံးရှင်သန်မှုနှုန်းများကို ၂၀၁၀–၂၀၁၁ပညာသင်နှစ်၊ စတုတ္ထတန်းတွင် (၉၉.၇၉%)ဖြင့်လည်းကောင်း၊ ၂၀၁၁–၂၀၁၂ပညာသင်နှစ်၊ စတုတ္ထတန်းတွင် (၉၉.၇၄%)ဖြင့်လည်းကောင်း၊ ၂၀၁၂–၂၀၁၃ပညာသင်နှစ်၊ ပထမတန်းတွင် (၉၉.၆၄%)ဖြင့်လည်းကောင်း၊ ၂၀၁၃–၂၀၁၄ပညာသင်နှစ်၊ ပဉ္စမတန်းတွင် (၉၉.၇၃%)ဖြင့်လည်းကောင်း၊ ၂၀၁၄–၂၀၁၅ပညာသင်နှစ်၊ ဒုတိယတန်းတွင် (၉၉.၈၈%) ဖြင့်လည်းကောင်းတွေ့ရှိရသည်။ အတန်းအလိုက်ရှင်သန်မှုနှုန်းများကို နှိုင်းယှဉ်လေ့လာရာတွင် မူလတန်းဝင်ပေါက်အတန်းဖြစ်သည့် သူငယ်တန်း၏ရှင်သန်မှုနှုန်းနှင့် အလယ်တန်းနောက်ဆုံးအတန်း ဖြစ်သည့် အဋ္ဌမတန်း၏ရှင်သန်မှုနှုန်းများမှာ နိမ့်နေကြောင်းတွေ့ရသည်။ ယေဘုယျအားဖြင့် မူလတန်းနောက်ဆုံးအတန်းဖြစ်သည့် စတုတ္ထတန်း၏ရှင်သန်မှုနှုန်းမှာ အမြင့်ဆုံးဖြစ်သည်။

ဇယား ၂. ၁၇။ ပညာသင်နှစ် (၅)နှစ်အတွက် အတန်းအလိုက် ရှင်သန်မှုနှုန်း (မြို့ပြ)

ပညာသင်နှစ်	မူလတန်း (%)					အလယ်တန်း (%)			
	သူငယ်တန်း	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ	ဆဋ္ဌမ	သတ္တမ	အဋ္ဌမ
၂၀၁၀–၁၁	၉၄.၄	၉၉.၃	၉၈.၉	၉၈.၁	၉၉.၈	၉၆.၀	၉၆.၀	၉၉.၅	၉၅.၈
၂၀၁၁–၁၂	၉၂.၆	၉၈.၇	၉၈.၈	၉၇.၅	၉၉.၇	၉၅.၉	၉၆.၉	၉၉.၄	၉၅.၇
၂၀၁၂–၁၃	၉၂.၂	၉၉.၆	၉၈.၆	၉၇.၄	၉၉.၅	၉၃.၀	၉၃.၇	၉၉.၂	၉၅.၃
၂၀၁၃–၁၄	၉၀.၇	၉၇.၇	၉၇.၃	၉၆.၇	၉၉.၇	၉၉.၇	၉၉.၀	၉၈.၆	၉၅.၃
၂၀၁၄–၁၅	၉၄.၁	၉၈.၈	၉၉.၉	၉၉.၇	၉၉.၈	၉၇.၁	၉၇.၄	၉၇.၂	၉၅.၆

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

ဇယား (၂.၁၈)တွင် ကျေးလက်ဒေသ၏ ပညာသင်နှစ် (၅)နှစ်အတွက် အတန်းအလိုက် ရှင်သန်မှုနှုန်းကိုဖော်ပြထားသည်။ မြို့ပြဒေသနှင့်နှိုင်းယှဉ်လျှင် ကျေးလက်၏ရှင်သန်မှုနှုန်းများမှာ များစွာလျော့နည်းနေကြောင်း အထူးသဖြင့် မူလတန်းနှင့်အလယ်တန်းနောက်ဆုံးအတန်းများတွင် များစွာလျော့နည်းနေကြောင်းတွေ့ရသည်။ အနိမ့်ဆုံးနှုန်းကို ၂၀၁၀–၂၀၁၁ပညာသင်နှစ်၊ အဋ္ဌမတန်းတွင် (၆၀.၀%)ဖြင့်တွေ့ရပြီး အမြင့်ဆုံးနှုန်းကို ၂၀၁၄–၂၀၁၅ပညာသင်နှစ်၊ ဒုတိယတန်းတွင် (၉၅.၀%)ဖြင့်တွေ့ရသည်။

အလားတူပုံစံကို ပညာသင်နှစ်အားလုံးတွင်တွေ့ရှိရသည်။ သူငယ်တန်းတွင်ရှင်သန်မှုနှုန်းအနိမ့်ဆုံးဖြစ်ပြီး ဒုတိယတန်းအထိတဖြည်းဖြည်းမြင့်တက်လာကာ တတိယတန်းနှင့်စတုတ္ထတန်းတွင် ပြန်လည်နိမ့်ဆင်းသွားသည်။ တစ်ဖန် ပဉ္စမတန်းတွင်ပြန်တက်လာပြီးနောက် ဆဋ္ဌမတန်းမှစ၍ပြန်ကျသွားသည်။ အမြင့်ဆုံးနှုန်းများကို ပထမတန်းတွင် ၂၀၁၀–၂၀၁၁ ပညာသင်နှစ်၌ (၉၃.၆%)ဖြင့်လည်းကောင်း၊ ဒုတိယတန်းတွင် ၂၀၁၁–၂၀၁၂ပညာသင်နှစ်၌(၉၄.၅%)ဖြင့်လည်းကောင်း၊ ၂၀၁၂–၂၀၁၃ ပညာသင်နှစ်၌ (၉၄.၁%)ဖြင့်လည်းကောင်း၊ ၂၀၁၃–၂၀၁၄ပညာသင်နှစ်တွင် (၉၄.၅%)ဖြင့်လည်းကောင်း၊ ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် (၉၅.၀%)ဖြင့်လည်းကောင်းတွေ့ရှိရသည်။

စတုတ္ထတန်းတွင် ရှင်သန်မှုနှုန်းသည် ၂၀၁၀–၂၀၁၁တွင် (၆၉.၀%) ရှိခဲ့ရာမှ ၂၀၁၃–၂၀၁၄အထိတဖြည်းဖြည်းမြင့်တက်သွားပြီး တဖန် ၂၀၁၄–၂၀၁၅တွင် ပြန်လည်ကျဆင်းသွားသည်။ အလားတူပုံစံကို အဋ္ဌမတန်းတွင်တွေ့ရှိရသည်။ အနိမ့်ဆုံးနှုန်းကို ၂၀၁၀–၂၀၁၁ပညာသင်နှစ်တွင် (၆၀.၀%)ဖြင့်တွေ့ရှိရပြီး ၂၀၁၁–၂၀၁၂ နှင့် ၂၀၁၂– ၂၀၁၃ပညာသင်နှစ်များတွင် မြင့်တက်လာကာ ၂၀၁၃–၂၀၁၄ နှင့် ၂၀၁၄–၂၀၁၅ပညာသင်နှစ်များတွင် ပြန်လည်ကျဆင်းသွားပြန်သည်။

ဇယား ၂. ၁၈။ ပညာသင်နှစ် (၅)နှစ်အတွက် အတန်းအလိုက် ရှင်သန်မှုနှုန်း (ကျေးလက်)

ပညာသင်နှစ်	မူလတန်း (%)					အလယ်တန်း (%)			
	သူငယ်တန်း	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ	ဆဋ္ဌမ	သတ္တမ	အဋ္ဌမ
၂၀၁၀–၁၁	85.7	93.6	92.8	91.3	69.0	89.0	86.9	76.4	60.0
၂၀၁၁–၁၂	84.5	94.3	94.5	91.2	71.6	87.7	86.6	78.3	64.1
၂၀၁၂–၁၃	82.7	94.1	94.1	91.4	78.2	94.1	92.7	87.5	72.4
၂၀၁၃–၁၄	81.2	93.6	94.5	91.7	82.1	91.1	90.4	84.8	68.2
၂၀၁၄–၁၅	82.2	93.0	95.0	88.5	81.2	90.6	89.0	79.4	66.6

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

၂.၄.၃။ အတန်းအလိုက်ထပ်ကျော့နှုန်းကို ကျား/မဖြင့်ဖော်ပြခြင်း

ထပ်ကျော့နှုန်းသည် ကျောင်းထွက်ရန်ဖြစ်နိုင်ခြေကို ရှာဖွေရာတွင် အရေးကြီးသောအညွှန်းကိန်းတစ်ခု ဖြစ်သည်။ ကလေးတစ်ယောက် အတန်းတစ်တန်းတွင် ကြိမ်ဖန်များစွာကျရှုံးနေလျှင် ကလေးအတွက် ကျောင်းဆက်တက်ရန်လှုံ့ဆော်မှုလျော့နည်းသွားစေနိုင်သကဲ့သို့ မိသားစုဝင်များအနေနှင့်လည်းကလေး ကျောင်းဆက်တက်နိုင်ရန်အတွက် ပံ့ပိုးပေးရန်ခက်ခဲလာစေနိုင်သည်။

ဇယား (၂.၁၉)သည် မူလတန်းနှင့် အလယ်တန်းပညာရေး၏ထပ်ကျော့နှုန်းများကို အတန်းအလိုက်၊ ကျား/မနှင့် ကျေးလက်/မြို့ပြနေထိုင်ရာဒေသအလိုက် ၂၀၁၄–၂၀၁၅ပညာသင်နှစ်အတွက်ဖော်ပြထား သည်။ ဤအပိုင်းတွင်လည်း အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များကို အသုံးပြုသည်။ ထပ်ကျော့နှုန်း များသည် အတန်းအားလုံးအတွက် နည်းပါးသည်။ အမြင့်ဆုံးနှုန်းကို အဋ္ဌမတန်းယောကျ်ားလေးများ တွင် (၂.၅%)ဖြင့်တွေ့ရပြီး၊ အနိမ့်ဆုံးနှုန်းကို ဆဋ္ဌမတန်းမိန်းကလေးများတွင် (၀.၃%)ဖြင့်တွေ့ရ သည်။

ဇယားအရ မြို့ပြမူလတန်းကျောင်း အတန်းငယ်များတွင် ထပ်ကျော့နှုန်းမြင့်မားကြောင်းသုံးသပ်နိုင် သည်။ မြို့ပြသူငယ်တန်းတွင် (၇.၅%)သောကလေးများ စာမေးပွဲကျရှုံးပြီးအတန်းထပ်ကျော့တက်နေ ရသည်။ ဤနှုန်းသည် ပထမတန်းတွင် (၄.၉%)ဖြင့် တစ်ဝက်နီးပါးလျော့ကျသွားပြီး၊ ဒုတိယ တန်းအထိ ဆက်လက်ကျဆင်းသွားသည်။ တတိယတန်း၊စတုတ္ထတန်းတို့တွင် မသိမသာပြန်တက်လာ ကာ ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းတို့တွင် ပြန်လည်ကျဆင်းသွားသည်။ သို့ရာတွင် အလယ် တန်းနောက်ဆုံးအတန်းဖြစ်သည့် အဋ္ဌမတန်းတွင် ထပ်ကျော့နှုန်း (၂.၄%)အထိပြန်လည်မြင့်တက်လာ သည်။ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းမှာ ပြည်နယ်/တိုင်းဒေသကြီးအဆင့် အလယ်တန်းပြီးဆုံး ကြောင်းစာမေးပွဲကြောင့်ဖြစ်နိုင်ခြေရှိသည်။

ကျေးလက်ဒေသ၏ အတန်းအလိုက်ထပ်ကျော့နှုန်းနိမ့်သည့်အတွက် ပြည်ထောင်စုအချုပ် အတန်း အလိုက်ထပ်ကျော့နှုန်းနိမ့်သည်။ မည်သို့ဆိုစေကာမူ ဤအနည်းငယ်သောကလေးများအနေနှင့် အတန်းတစ်တန်းတည်းတွင် အကြိမ်ကြိမ်ထပ်ကျော့နေရခြင်းကြောင့် အတန်းမပြီးဆုံးမီကျောင်းထွက် သွားရန်အလားအလာရှိနေသကဲ့သို့ အတန်းငယ်များတွင် ထပ်ကျော့နေရသူများအနေနှင့် နောင်အတန်း များတွင်ကျောင်းထွက်သွားရန် ဖြစ်နိုင်ခြေများသည်။ အထက်တွင်ဖော်ပြခဲ့သည့် (၇.၅%)သော သူငယ်တန်းနှစ်ကျယောကျ်ားလေးများသည် နောင်အနာဂတ်တွင် ကျောင်းထွက်သွားရန်အလားအလာ အရှိဆုံး ကလေးများဖြစ်နေသည်။

ဇယား ၂. ၁၉။ အတန်းအလိုက် မူလတန်းနှင့်အလယ်တန်းထပ်ကျော့နှုန်းကို ကျား/မ နှင့် ကျေးလက်/မြို့ပြအခြေအနေအရဖော်ပြခြင်း (၂၀၁၄–၂၀၁၅)

အတန်း	မူလတန်း (%)					အလယ်တန်း (%)			
	သူငယ်တန်း	ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ	ဆဋ္ဌမ	သတ္တမ	အဋ္ဌမ
ကျား/မ									
ကျား	၁.၆	၁.၂	၁.၁	၁.၂	၁.၅	၀.၇	၀.၆	၀.၆	၂.၅
မ	၁.၃	၀.၈	၀.၇	၀.၇	၀.၉	၀.၄	၀.၃	၀.၄	၁.၅
ပေါင်း	၁.၅	၁.၀	၀.၉	၁.၀	၁.၂	၀.၅	၀.၄	၀.၅	၂.၀
GPI	၀.၇၉	၀.၆၇	၀.၆၅	၀.၆၀	၀.၆၂	၀.၅၅	၀.၅၃	၀.၅၉	၀.၅၈

ကျေးလက်/မြို့ပြ									
ကျေးလက်	၇.၅	၄.၉	၄.၂	၄.၃	၅.၁	၀.၅	၀.၄	၀.၅	၂.၄
မြို့ပြ	၁.၅	၁.၁	၁.၀	၁.၁	၁.၂	၁.၆	၀.၄	၀.၄	၁.၇
ပြည်ထောင်စု	၁.၅	၁.၀	၀.၉	၁.၀	၁.၂	၀.၅	၀.၄	၀.၅	၂.၀

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

ပုံ (၂.၂၅)သည် ထပ်ကျော့နှုန်း၏ ကျား/မ ခြားနားမှုအညွှန်းကိန်းကိုဖော်ပြသည်။ ယောကျ်ားလေးများသည် ၎င်းတို့နှင့် အုပ်စုတူမိန်းကလေးများထက် ထပ်ကျော့နှုန်းပိုမိုမြင့်မားသည်။

ပုံ ၂. ၂၅။ အတန်းအလိုက် ထပ်ကျော့နှုန်းကို ကျား/မအလိုက်ဖော်ပြခြင်း



ရင်းမြစ်။ Administrative Data, DERPT, MOE (2014-2015)

၂.၄.၄။ အသက်လွန်ကျောင်းသားများပြန့်ချက်

ကျောင်းထွက်နှုန်းမြင့်မားရခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ရပ်မှာ အသက်လွန်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အတန်းတစ်တန်း၌ တက်ရောက်နေသော ကျောင်းသားများ၏အသက်ကွာဟချက် သိပ်မရှိပါ။ ဇယား (၂.၂၀)တွင် အသက်လွန်ကျောင်းသားများ၏အသက်ပျံ့နှံ့ချက်ကို အုပ်ချုပ်ရေးဆိုင်ရာစာရင်းအချက်အလက်များအရလည်းကောင်း၊ LFS အချက်အလက်များအရလည်းကောင်းနှိုင်းယှဉ်ဖော်ပြထားသည်။ တရားဝင်ကျောင်းတက်အသက်နှင့်ကိုက်ညီသည့် ကျောင်းသားများရာခိုင်နှုန်းများကို ဇယားတွင် အပြာရောင်ဖြင့် ခြယ်သထားသည်။ ကျန်ရာခိုင်နှုန်းများမှာ တရားဝင်အသက်အောက် ငယ်သော/ထက်ကြီးသော ရာခိုင်နှုန်းများဖြစ်သည်။ စာရင်းအင်းဆိုင်ရာအချက်အလက်များအရ မူလတန်းတွင် အသက်လွန်ကျောင်းသား (၁၀.၃%)၊ အလယ်တန်းတွင် အသက်လွန်ကျောင်းသား (၁၃.၈%)နှင့် အထက်တန်းကျောင်းသား (၂၆.၃%)ရှိသည်။

ဇယား ၂. ၂၀။ အသက်လွန်ကျောင်းသားများပြန့်ချက် ရာခိုင်နှုန်း

ကျား/မ	အသက်ပြန့်ချက်	အုပ်ချုပ်မှု အချက်အလက်များ			LFS အချက်အလက်များ		
		မူ	လယ်	ထက်	မူ	လယ်	ထက်
ကျား	တရားဝင်အသက်ထက်ငယ်	–	–	–	၀	၀.၂	၁.၀
	တရားဝင်အသက်	၈၉.၅	၈၆.၁	၇၃.၀	၇၀.၃	၆၉.၂	၄၂.၅
	(၁) နှစ်ကြိုး	၆.၈	၁၀.၁	၁၉.၄	၁၅.၄	၁၇.၃	၃၁.၁
	(၂) နှစ်ကြိုး	၂.၈	၂.၉	၇.၆	၆.၆	၉.၂	၂၅.၄
	(၃) နှစ်ကြိုး	၀.၇	၀.၇	–	၄.၉	၂.၉	၀
	(၄) နှစ်ကြိုး	၀.၃	၀.၂	–	၂.၈	၁.၂	၀
	သက်ကြီး ပေါင်း	၁၀.၆	၁၃.၉	၂၇.၀	၂၉.၇	၃၀.၆	၅၆.၅
မ	တရားဝင်အသက်ထက်ငယ်	–	–	–	၀	၀.၂	၁.၁
	တရားဝင်အသက်	၈၉.၈	၈၆.၄	၇၄.၃	၇၂.၀၃	၇၁.၉	၄၀.၄
	(၁) နှစ်ကြိုး	၆.၇	၁၀.၁	၂၀.၄	၁၄.၈	၁၆.၇	၃၂.၀
	(၂) နှစ်ကြိုး	၂.၅	၂.၇	၅.၄	၅.၅	၇.၃	၂၆.၆
	(၃) နှစ်ကြိုး	၀.၈	၀.၇	–	၅.၀	၂.၉	၀
	(၄) နှစ်ကြိုး	၀.၃	၀.၂	–	၂.၇	၁.၀	၀
	သက်ကြီး ပေါင်း	၁၀.၂	၁၃.၆	၂၅.၇	၂၈.၀	၂၇.၉	၅၈.၅
ပေါင်း	တရားဝင်အသက်ထက်ငယ်	–	–	–	၀	၀.၂	၁.၀
	တရားဝင်အသက်	၈၉.၇	၈၆.၂	၇၃.၇	၇၁.၂	၇၀.၆	၄၁.၄
	(၁) နှစ်ကြိုး	၆.၈	၁၀.၁	၂၀.၀	၁၅.၁	၁၇.၀	၃၁.၆
	(၂) နှစ်ကြိုး	၂.၆	၂.၈	၆.၄	၆.၀	၈.၂	၂၆.၁
	(၃) နှစ်ကြိုး	၀.၇	၀.၇	–	၅.၀	၂.၉	၀
	(၄) နှစ်ကြိုး	၀.၃	၀.၂	–	၂.၈	၁.၁	၀
	သက်ကြီး ပေါင်း	၁၀.၃	၁၃.၈	၂၆.၃	၂၈.၉	၂၉.၂	၅၇.၆

ရင်းမြစ်။ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များ (၂၀၁၄–၂၀၁၅)နှင့် LFS (၂၀၁၅)

အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များနှင့် LFS အချက်အလက်များအကြား ကွာဟချက်ရှိကြောင်းတွေ့ရသည်။ ရင်းမြစ်နှစ်ခု၏ အချက်အလက်များကောက်ယူချိန်မတူညီခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်နိုင်သည်။ ကျောင်းအပ်နှံနှုန်းကို ကျောင်းဖွင့်စတွင်ကောက်ယူပြီး အိမ်ထောင်စုစစ်တမ်းတွင် ကျောင်းတက်နှုန်းကိုကောက်ယူရာတွင် ၂၀၁၅ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်းကောက်ယူခဲ့သည်။ သို့ရာတွင် ရခိုင်ပြည်နယ်၌စာရင်းကောက်ယူရာတွင် ဝေးလံဒေသ/သွားလာရေးခက်ခဲသည့်ဒေသများနှင့် ပဋိပက္ခဖြစ်နေသောဒေသများရှိသည့်အတွက် ၂၀၁၅ခုနှစ် ဧပြီလအထိအချိန်တိုးကောက်ယူခဲ့ရသည်။

LFS စစ်တမ်းသည်မြန်မာတစ်နိုင်ငံလုံးကို ကိုယ်စားပြုသည်ဟုဆိုသော်လည်း ရှမ်းပြည်နယ်၊ ဝမ်ဟောင်၊ မိုင်းမော်၊ ဝိန်းကောင်း၊ မိုင်းပေါက်၊ ပန်ဆန်းမြို့နယ်များနှင့် ကျောက်မဲမြို့နယ်ရှိ မိုင်းလုံမြို့နယ်ခွဲများတွင် ငြိမ်းချမ်းမှုမရှိသည့်အတွက် စစ်တမ်းမကောက်ယူနိုင်ခဲ့ပါ။ ထို့အတူ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ အချို့သောဒေသများတွင်လည်း စစ်တမ်းမကောက်ယူနိုင်ခဲ့ပါ။ အချက်အလက်ရင်းမြစ် နှစ်ခုအကြား ကွဲပြားမှုရှိစေကာမူ ရင်းမြစ်နှစ်ခုစလုံးအရ သက်လွန်ကျောင်းသားများတွင် ကျား/မခြားနားမှုမရှိကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံပညာရေးမူဝါဒတွင် အသက်(၅)နှစ်ပြည့်ပြီးသူကလေးတိုင်း ကျောင်းအပ်နှံရမည်ဟုပါရှိသည်။ သို့ဖြစ်၍ အသက်(၅) နှစ်ပြည့်ပြီးသောကလေးအများစု

မှာကျောင်းအပ်နှံကြသော်လည်း ကျောင်းအပ်နောက်ကျခြင်း၊ စာမေးပွဲကျခြင်းတို့ကြောင့်ကျောင်းများတွင် သက်လွန်ကျောင်းသားများရှိနေသေးသည်။

ဇယား(၂.၂၀)ပါ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များအရ မူလတန်းတွင် သက်လွန်ကျောင်းသား(၁၀%)၊ အလယ်တန်းတွင်သက်လွန်ကျောင်းသား (၁၄%)ရှိသည်။ ရှိရမည့်အသက်ထက်အနည်းဆုံးတစ်နှစ်ပိုကြီးသူ မူလတန်းတွင် (၆%)ရှိပြီး အလယ်တန်းတွင် (၁၀%) ရှိသည်။ မူလတန်းကျောင်းတွင် သက်လွန်ကျောင်းသားများ၏ အသက်မှာ (၁၀)နှစ်မှ(၁၃)နှစ်ကြားရှိပြီး အလယ်တန်းတွင် သက်လွန်ကျောင်းသားများ၏အသက်မှာ (၁၄)နှစ်မှ(၁၆)နှစ်ကြားရှိသည်။

ဇယား(၂.၂၀)တွင် ဖော်ပြထားသည့်အတိုင်း LFS အရ မူလတန်းနှင့်အလယ်တန်းတွင် သက်လွန်ကျောင်းသား (၃၀.၀%)ခန့်ရှိသည်။ ရှိရမည့်အသက်ထက်အနည်းဆုံးတစ်နှစ်ပိုကြီးသူ မူလတန်းတွင် (၁၅.၁%) ရှိပြီး အလယ်တန်းတွင် (၁၇.၀%) ရှိသည်။ တရားဝင်အသက်အောက်ငယ်သူရာခိုင်နှုန်းအနည်းငယ်ကို အလယ်တန်းတွင်တွေ့ရသည်။

၂.၄.၅။ ကျောင်းထွက်ရန်အလားအလာရှိသောကလေးများ

ဇယား (၂.၂၁)သည် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးဦးရေနှင့် ရာခိုင်နှုန်းကိုဖော်ပြသည်။ ၂၀၁၀–၂၀၁၁ပညာသင်နှစ်မှလွဲ၍ ကျောင်းထွက်ရန်အလားအလာရှိသောကလေးများရာခိုင်နှုန်းမှာမြင့်မားလာကြောင်း၊ ၂၀၁၁–၂၀၁၂ပညာသင်နှစ်တွင် (၁၆.၂%)ရှိခဲ့ရာမှ ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် (၁၈.၁%)သို့မြင့်တက်သွားကြောင်း၊ မူလတန်းတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိကြောင်းတွေ့ရသည်။

ဇယား ၂. ၂၁။ မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးဦးရေနှင့် ရာခိုင်နှုန်း (၂၀၁၁–၂၀၁၅)

ပညာသင်နှစ်	ကျောင်းထွက်ရန်အလားအလာရှိသည့် ရာခိုင်နှုန်း						GPI
	ကျား		မ		ပေါင်း		
	%	အရေအတွက်	%	အရေအတွက်	%	အရေအတွက်	
၂၀၁၀–၂၀၁၁	၁၈.၂	၃၈၇,၈၆	၁၅.၂	၃၁၃,၁၃	၁၆.၇	၇၀၀,၉၉	၀.၈၄
၂၀၁၁–၂၀၁၂	၁၆.၆	၃၆၀,၅၅	၁၅.၃	၃၁၆,၅၂	၁၆.၂	၆၇၇,၀၀၇	၀.၉၂
၂၀၁၂–၂၀၁၃	၁၇.၄	၃၈၂,၅၁၁	၁၅.၈	၃၃၀,၅၅၄	၁၆.၈	၇၁၃,၁၅	၀.၉၁
၂၀၁၃–၂၀၁၄	၁၈.၀	၃၉,၆၂၅	၁၇.၅	၃၆၂,၁၄၃	၁၇.၆	၇၅၄,၆၈	၀.၉၇
၂၀၁၄–၂၀၁၅	၁၉.၈	၄၂၄,၁၁၄	၁၆.၆	၃၄၁,၈၈	၁၈.၁	၇၇၀,၃၂	၀.၈၄

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

မူလတန်းနောက်ဆုံးနှစ်မရောက်မီ ကျောင်းထွက်ရန်အလားအလားရှိသောကလေးများ ရာခိုင်နှုန်းကို ကျေးလက်/မြို့ပြအခြေအနေအရ ဇယား (၂.၂၂)တွင် ဖော်ပြထားသည်။ ပညာသင်နှစ် (၅)နှစ်စလုံးအတွက် ကျေးလက်များတွင် ဤနှုန်းမြင့်မားနေကြောင်းတွေ့ရသည်။ ၂၀၁၄–၂၀၁၅တွင် ကျောင်းထွက်ရန်အလားအလာရှိသော ကျောင်းသားများနှုန်းမှာ ယောကျ်ားလေးများတွင် (၁၉.၈%)၊ မိန်းကလေးများတွင် (၁၆.၆%)နှင့် ကျား/မပေါင်းတွင် (၁၈.၁%)ဖြစ်သည်။ ကျေးလက်ယောကျ်ားလေးများ၏နှုန်းသည် မြို့ပြယောကျ်ားလေးများ၏နှုန်းထက် (၆)ဆမြင့်မားပြီး၊ ကျေးလက်မိန်းကလေးများ၏နှုန်းသည် မြို့ပြမိန်းကလေးများ၏နှုန်းထက် အဆ(၂၀)မြင့်မားနေသည်။

ဇယား ၂. ၂၂။ မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးရာခိုင်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြအခြေအနေအရ ဖော်ပြခြင်း (၂၀၁၀–၂၀၁၅)

ကျေးလက်/မြို့ပြ	ကျား/မ	ကျောင်းထွက်ရန်အလားအလာ	၂၀၁၀–၁၁	၂၀၁၁–၁၂	၂၀၁၂–၁၃	၂၀၁၃–၁၄	၂၀၁၄–၁၅
ကျေးလက်	ကျား	%	၄.၄	၄.၈	၉.၂	၉.၃	၄.၃
		အရေအတွက်	၂၀၅၄၁	၂၂၄၀၁	၄၂၉၆၇	၄၂၂၇၂	၁၉၂၀၃
	မ	%	၄.၄	၇.၁	၂.၂	၈.၂	၁.၃
		အရေအတွက်	၁၉၃၇၆	၃၁၅၇၁	၉၆၈၁	၃၆၀၄၉	၅၇၄၈
	ပေါင်း	%	၄.၄	၆.၀	၅.၈	၈.၇	၂.၈
		အရေအတွက်	၃၉၉၁၇	၅၃၉၇၂	၅၃၆၄၈	၇၈၃၂၇	၂၄၉၅၁
မြို့ပြ	ကျား	%	၂၁.၉	၁၉.၈	၁၉.၄	၁၉.၃	၂၄.၁
		အရေအတွက်	၃၆၅၇၆၂	၃၃၈၂၀၃	၃၃၄၄၈၅	၃၃၃၀၆၂	၄၁၄၅၀၁
	မ	%	၁၈.၂	၁၇.၆	၂၀.၁	၂၁.၁	၂၀.၉
		အရေအတွက်	၂၉၃၂၂၄	၂၈၆၃၂၂	၃၃၂၁၇၉	၃၄၅၆၄၃	၃၃၅၉၇၈
	ပေါင်း	%	၂၀.၀	၁၉.၀	၂၀.၀	၂၀.၁	၂၂.၃
		အရေအတွက်	၆၅၈၉၈၆	၆၂၄၅၂၅	၆၆၆၆၆၄	၆၇၈၇၀၅	၇၅၀၄၇၉
ပြည်ထောင်စု အချုပ်	ကျား	%	၁၈.၂	၁၆.၆	၁၇.၄	၁၈.၀	၁၉.၈
		အရေအတွက်	၃၈၇၄၈၆	၃၆၀၃၅၅	၃၈၂၅၇၁	၃၉၂၆၂၅	၄၂၉၄၁၄
	မ	%	၁၅.၂	၁၅.၃	၁၅.၈	၁၇.၅	၁၆.၆
		အရေအတွက်	၃၁၃၃၁၃	၃၁၆၆၅၂	၃၃၀၅၅၄	၃၆၂၁၄၃	၃၄၁၃၁၈
	ပေါင်း	%	၁၆.၇	၁၆.၂	၁၆.၈	၁၇.၆	၁၈.၁
		အရေအတွက်	၇၀၀၇၉၉	၆၇၇၀၀၇	၇၁၃၁၂၅	၇၅၄၇၆၈	၇၇၀၇၃၂

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

ကျေးလက်/မြို့ပြကွာခြားချက်ကို အထက်ပါဇယားတွင်တွေ့ရှိနိုင်ပြီး အမြင့်ဆုံးနှုန်းများကို ကျေးလက်ဒေသများတွင်၊ အထူးသဖြင့် ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် တွေ့ရသည်။

ဇယား (၂.၂၃)တွင် ပညာသင်နှစ်(၅)နှစ်အတွက် အလယ်တန်းကလေးများ၏ ကျောင်းထွက်ရန်အလားအလာရှိသော ကလေးများရာခိုင်နှုန်းကိုဖော်ပြထားသည်။ ဤနှုန်းသည် ၂၀၁၀–၂၀၁၁တွင် (၂၀.၇%)မှ ၂၀၁၃–၂၀၁၄တွင် (၁၄.၂%)အထိလျော့ကျလာပြီး၊ ၂၀၁၄–၂၀၁၅တွင် (၁၈.၁%)သို့ပြန်လည်မြင့်တက်လာသည်။ မူလတန်းကလေးများကဲ့သို့ပင် အလယ်တန်းတွင်ယောကျ်ားလေးများသည်မိန်းကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။

ဇယား ၂. ၂၃။ အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးဦးရေနှင့် ရာခိုင်နှုန်း (၂၀၁၁–၂၀၁၅)

ပညာသင်နှစ်	ကျောင်းထွက်ရန်အလားအလာရှိသည့် ရာခိုင်နှုန်း						GPI
	ကျား		မ		ပေါင်း		
	%	အရေအတွက်	%	%	အရေအတွက်	%	
၂၀၁၀–၂၀၁၁	၂၀.၂	၁၈၄၅၃၃	၁၉.၄	၁၇၈၅၆	၂၀.၇	၃၆၃၀၄၉	၀.၉၆
၂၀၁၁–၂၀၁၂	၂၀.၉	၁၉၅၆၂၉	၁၇.၉	၁၇၀၆၁၅	၂၀.၀	၃၆၆၂၄၄	၀.၈၆
၂၀၁၂–၂၀၁၃	၁၃.၂	၁၃၁၅၀၁	၁၁.၉	၁၂၁၆၀၂	၁၃.၄	၂၅၃၁၀၃	၀.၉၁
၂၀၁၃–၂၀၁၄	၁၅.၅	၁၆၃၇၂၁	၁၁.၄	၁၂၃၄၉၀	၁၄.၂	၂၈၇၂၁	၀.၇၃
၂၀၁၄–၂၀၁၅	၂၁.၀	၂၂၃၇၁၃	၁၄.၇	၁၆၃၀၄၅	၁၈.၁	၃၈၇၅၈	၀.၇၀

ရင်းမြစ်။ Administrative Data (2011-2015), DERPT, MOE

အလယ်တန်းကလေးများ၏ ကျောင်းထွက်ရန်အလားအလာဖြစ်နိုင်ခြေကို ကျေးလက်/မြို့ပြအရ ဇယား (၂.၂၄)တွင် ဖော်ပြထားသည်။ မူလတန်းကဲ့သို့ပင် အလယ်တန်းတွင်လည်း ကျေးလက်/မြို့ပြကွာခြား ချက်အလွန်ကြီးမားသည်။ ကျေးလက်နေအလယ်တန်းကလေးများသည် မြို့ပြနေကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။

ဇယား ၂. ၂၄။ အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကလေးရာခိုင်နှုန်းကို ကျား/မနှင့် ကျေးလက်/မြို့ပြအခြေအနေအရ ဖော်ပြခြင်း (၂၀၁၁–၂၀၁၅) (DERPT)

ကျေးလက်/မြို့ပြ	ကျား/မ	ကျောင်းထွက်ရန်အလားအလာ	၂၀၁၀–၁၁	၂၀၁၁–၁၂	၂၀၁၂–၁၃	၂၀၁၃–၁၄	၂၀၁၄–၁၅
မြို့ပြ	ကျား	%	၅.၈	၅.၄	၆.၄	၃.၈	၁၁.၁
		အရေအတွက်	၁၉၁၃၀	၁၈၃၇၈	၃၁၃၁၁	၁၃၅၇၈	၃၉၁၂၆
	မ	%	၃.၁	၂.၆	၅.၆	၀.၃	၀
		အရေအတွက်	၁၀၁၁၃	၈၈၆၈	၁၈၆၂၅	၉၁၅	၀
	ပေါင်း	%	၄.၆	၄.၂	၆.၄	၂.၂	၅.၅
		အရေအတွက်	၂၉၂၄၃	၂၇၂၄၆	၄၉၉၃၆	၁၄၄၉၃	၃၉၁၂၆
ကျေးလက်	ကျား	%	၃၃.၁	၃၄.၂	၁၈.၃	၂၅.၁	၃၁.၂
		အရေအတွက်	၁၉၃၇၂၇	၂၀၄၉၆၂	၁၂၁၉၄၅	၁၇၅၇၃၁	၂၂၂၅၉၆
	မ	%	၃၁.၀	၂၈.၉	၁၆.၀	၁၉.၉	၂၆.၈
		အရေအတွက်	၁၈၃၇၂၇	၁၇၉၃၇၄	၁၀၉၂၆၄	၁၄၅၅၄၄	၁၉၈၆၈၆
	ပေါင်း	%	၃၃.၇	၃၂.၆	၁၉.၀	၂၃.၈	၂၉.၄
		အရေအတွက်	၃၇၇၄၅	၃၈၄၃၃၆	၂၃၁၂၀၉	၃၂၁၂၇၅	၄၂၁၂၈၂
ပြည်ထောင်စု အချုပ်	ကျား	%	၂၀.၂	၂၀.၉	၁၃.၂	၁၅.၅	၂၁.၀
		အရေအတွက်	၁၈၄၅၂၃	၁၉၅၆၂၉	၁၃၁၅၀၁	၁၆၃၇၂၁	၂၂၃၇၁၃
	မ	%	၁၉.၄	၁၇.၉	၁၁.၉	၁၁.၄	၁၄.၇
		အရေအတွက်	၁၇၈၅၆	၁၇၀၆၁၅	၁၂၁၆၀၂	၁၂၃၄၉၀	၁၆၃၀၄၅
	ပေါင်း	%	၂၀.၇	၂၀.၀	၁၃.၄	၁၄.၂	၁၈.၁
		အရေအတွက်	၃၆၃၀၄၉	၃၆၆၂၄၄	၂၅၃၁၀၃	၂၈၇၂၁	၃၈၇၅၈

ပုံ (၂.၂၆)သည် မူလတန်း/အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့်ကျောင်းသားများ၏ GPI ကိုပညာသင်နှစ်(၅)နှစ်အတွက် ဖော်ပြထားသည်။ ကျား/မကွာခြားချက်ရှိပြီး မူလတန်းတွင်သာမကအလယ်တန်းတွင်ပါ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။

ပုံ ၂. ၂၆။ မူလတန်း/အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာရှိသည့် ကျောင်းသားများ၏ GPI ကို နှစ်အလိုက်ဖော်ပြခြင်း



ရင်းမြစ်။ Administrative Data, DERPT, MOE (2011-2015)

ဇယား (၂.၂၅)တွင် အစိမ်းနုရောင်သည် ကျောင်းထွက်ရန်ရာခိုင်နှုန်း (၀%)ရှိသောဒေသများ၊ ရွှေဝါရောင်သည် ရာခိုင်နှုန်း (၁၀%)အောက်နိမ့်သောဒေသများနှင့် မီးခိုးရောင်သည် ရာခိုင်နှုန်း (၉၀%) ကျော်သောဒေသများကို ဖော်ပြသည်။ ကျောင်းထွက်ရန်အလားအလာရာခိုင်နှုန်း (၀%)ကို ကချင်ပြည်နယ်မြို့ပြများတွင် မူလတန်းနှင့်အလယ်တန်းနှစ်ဆင့်လုံး၌လည်းကောင်း၊ ကရင်ပြည်နယ်မြို့ပြများတွင် မူလတန်း၌လည်းကောင်း၊ ချင်းပြည်နယ်မြို့ပြများတွင် အလယ်တန်း၌လည်းကောင်းတွေ့ရသည်။ ကျောင်းထွက်ရန်အလားအလာရာခိုင်နှုန်း (၁၀%)အောက်ကို ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်မြို့ပြများတွင် မူလတန်း၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် အလယ်တန်း၌လည်းကောင်း တွေ့ရသည်။ ကျောင်းထွက်ရန်အလားအလာရာခိုင်နှုန်း (၉၀%)ကျော်ကို ကချင်ပြည်နယ်ကျေးလက်တွင် မူလတန်းနှင့်အလယ်တန်းနှစ်ဆင့်လုံး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးကျေးလက်တွင် အလယ်တန်း၌လည်းကောင်းတွေ့ရသည်။ ပြည်ထောင်စုအချုပ်အနေနှင့် ကျောင်းထွက်ရန်အလားအလာရာခိုင်နှုန်းအမြင့်ဆုံးကို ကချင်ပြည်နယ်တွင်မူလတန်း၌(၈၃.၂%) ဖြင့်တွေ့ရပြီး၊ ပဲခူးတိုင်းဒေသကြီးတွင် အလယ်တန်း၌ (၉၂.၈%)ဖြင့် တွေ့ရသည်။ ဇယားတွင် အနီရောင်ဖြင့်ခြယ်ပြထားသည်။ ဤရာခိုင်နှုန်းသည် ကျောင်းပြင်ပသို့ရောက်ရှိသည့်ကလေးရာခိုင်နှုန်းကို မြင့်မားစေနိုင်သည်။

မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်ဖြစ်နိုင်ခြေသည် ကျေးလက်ဒေသတွင်သာမက မြို့ပြဒေသများတွင်ပါတွေ့ရှိရသည်။ ကျေးလက်မြို့ပြကွာခြားချက်ကြီးမားစွာတွေ့ရှိရပြီး ကျေးလက်ရှိကလေးများသည်မြို့ပြရှိကလေးများထက်ကျောင်းထွက်ရန်အလားအလားပိုရှိသည်။ ကျောင်းထွက်နိုင်ခြေအနိမ့်ဆုံး

ရာခိုင်နှုန်းများကို ရန်ကုန်တိုင်းဒေသကြီးတွင် (၁၉.၉%) နှင့် မန္တလေးတိုင်းဒေသကြီးတွင် (၂၃.၇%) တွေ့ရှိရသည်။

မူလတန်းကဲ့သို့ပင် အလယ်တန်းတွင်လည်း ကျောင်းတွက်ရန်ဖြစ်နိုင်ခြေရှိသည့် ကလေးများကို ကျောလက်တွင်သာမက မြို့ပြတွင်ပါတွေ့ရသည်။ အမြင့်ဆုံးနှုန်းများကို ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တွင်တွေ့ရပြီး အနိမ့်ဆုံးနှုန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် (၂၅.၈%)၊ (၃၃.၈%)နှင့် (၃၇.၀%)တို့ဖြင့် အသီးသီးတွေ့ရသည်။

ဇယား ၂. ၂၅။ မူလတန်းမပြီးဆုံးမီနှင့် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်ရှိသော အလားအလာ ကို ပြည်နယ်/ တိုင်းဒေသကြီးအလိုက်ဖော်ပြခြင်း (၂၀၁၅)

ပြည်နယ်/ တိုင်းဒေသကြီး	ကျေးလက်/ မြို့ပြ	မူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာ		အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာ	
		အရေအတွက်	%	အရေအတွက်	%
ကချင်	ပေါင်း	၁၁၇၅၀၀	၈၃.၂	၇၆၄၆၀	၈၅.၀
	မြို့ပြ	၀	၀.၀	၀	၀.၀
	ကျေးလက်	၁၀၁၉၉၇	၉၁.၄	၅၇၅၆၀	၉၅.၈
ကယား	ပေါင်း	၁၀၃၅၁	၃၅.၉	၆၇၈၃	၄၁.၂
	မြို့ပြ	၃၄	၀.၅	၁၁၅၅	၁၆.၅
	ကျေးလက်	၁၀၃၉၅	၄၇.၀	၅၇၄၂	၆၀.၅
ကရင်	ပေါင်း	၉၉၄၉၇	၆၃.၅	၅၃၇၆၈	၇၇.၂
	မြို့ပြ	၀	၀.၀	၄၇၂၈	၂၂.၁
	ကျေးလက်	၉၆၄၅၂	၇၀.၀	၄၃၀၃၀	၈၉.၂
ချင်း	ပေါင်း	၃၂၂၃၀	၅၀.၀	၁၃၈၉၇	၄၈.၄
	မြို့ပြ	၃၉၇	၄.၆	၀	၀.၀
	ကျေးလက်	၃၁၇၇၅	၅၆.၈	၁၄၃၃၂	၇၀.၀
စစ်ကိုင်း	ပေါင်း	၁၄၀၈၇၂	၃၂.၀	၁၃၉၉၁၅	၅၄.၃
	မြို့ပြ	၅၅၉	၁.၀	၃၀၀၂	၅.၆
	ကျေးလက်	၁၄၀၁၈၉	၃၆.၅	၁၄၀၀၀၁	၆၈.၆
တနင်္သာရီ	ပေါင်း	၄၀၅၅၇	၂၆.၀	၂၉၁၀၉	၄၃.၀
	မြို့ပြ	၉၈၅၆	၂၉.၄	၂၂၆၀	၁၀.၆
	ကျေးလက်	၃၁၀၃၅	၂၅.၄	၂၇၆၆၅	၅၉.၆
ပဲခူး	ပေါင်း	၁၃၃၃၆၉	၃၂.၀	၁၉၀၃၁၇	၉၂.၈
	မြို့ပြ	၂၉၄၆၄	၄၀.၁	၄၂၁၆၁	၇၈.၅
	ကျေးလက်	၇၂၂၀၀	၂၁.၀	၁၄၅၇၈၈	၄၆.၃
မကွေး	ပေါင်း	၉၄၈၃၆	၃၁.၀	၉၂၈၆၁	၄၉.၈
	မြို့ပြ	၅၄၈၄	၁၄.၁	၆၈၂	၁.၉
	ကျေးလက်	၉၀၈၅၉	၃၄.၁	၉၄၂၅၂	၆၂.၉
မန္တလေး	ပေါင်း	၉၈၁၅၇	၂၃.၇	၈၇၃၆၁	၃၃.၈
	မြို့ပြ	၅၉၄၇	၅.၄	၁၁၃၇၆	၁၂.၀
	ကျေးလက်	၉၃၅၁၅	၃၀.၈	၇၈၀၀၈	၄၇.၈
မွန်	ပေါင်း	၁၅၀၄၅၉	၈၁.၂	၃၆၂၄၈	၄၀.၅
	မြို့ပြ	၁၃၈၄	၃.၄	၂၀၅	၀.၈
	ကျေးလက်	၁၂၁၃၂၃	၈၃.၉	၃၅၀၂၃	၅၆.၃
	ပေါင်း	၂၃၉၁၀၂	၆၂.၂	၄၈၇၆၅	၄၄.၂

ရခိုင်	မြို့ပြ	၂၈၃၁	၈.၆	၉၇	၀.၄
	ကျေးလက်	၂၃၃၇၈	၆၆.၅	၄၉၆၀၁	၅၇.၂
ရန်ကုန်	ပေါင်း	၈၄၈၄၂	၁၉.၉	၇၂၀၁၀	၂၅.၈
	မြို့ပြ	၁၃၆၆	၀.၆	၅၄၃၉	၃.၀
	ကျေးလက်	၇၇၆၁၂	၄၄.၀	၆၀၇၁၅	၆၄.၁
ရှမ်း	ပေါင်း	၂၁၄၆၃၆	၄၉.၃	၇၅၆၁၈	၄၃.၈
	မြို့ပြ	၁၂၃၉၇	၁၂.၅	၁၃၈၂၈	၁၉.၂
	ကျေးလက်	၂၀၂၅၇၃	၆၀.၂	၆၁၈၄၀	၆၁.၅
ဧရာဝတီ	ပေါင်း	၃၁၉၇၀၁	၅၃.၅	၉၀၈၁၈	၃၅.၄
	မြို့ပြ	၁၄၇၉၅	၂၃.၀	၆၀၉၃	၁၁.၄
	ကျေးလက်	၂၃၉၁၃၅	၄၄.၈	၇၇၄၄၅	၃၈.၁
နေပြည်တော်	ပေါင်း	၃၇၃၆၅	၃၉.၆	၁၉၈၇၂	၃၇.၀
	မြို့ပြ	၂၈၆	၁.၁	၉၀၂၉	၃၇.၇
	ကျေးလက်	၃၅၂၀၀	၅၁.၃	၁၁၆၄၀	၃၉.၀

ရင်းမြစ်။ Administrative Data (2015), DERPT, MOE

၂.၅။ ပစ်ပယ်ခံကလေးများအခြေအနေ

မြန်မာနိုင်ငံတွင် ပစ်ပယ်ခံကလေးများနှင့် ကျောင်းအပ်နှံခြင်းမရှိသော၊ ကျောင်းထွက်သွားသော၊ သို့မဟုတ်ကျောင်းထွက်ရန်အလားအလာရှိသောကလေးများမှာ ဝေးလံခေါင်သီသောဒေသတွင်နေထိုင်သူများနှင့် အလွန်အမင်းဆင်းရဲသောသူများဖြစ်ကြသည်။ ခက်ခဲသောအခြေအနေနှင့် ကြုံတွေ့နေကြရသောကလေးများဖြစ်သည့် မသန်စွမ်းသူများ၊ ကလေးအလုပ်သမားများနှင့် ပဋိပက္ခကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့နေရသူများကိုလည်း ပစ်ပယ်ခံ ကလေးများအဖြစ်တွေ့ရှိရသည်။

ဘာသာစကား – လူတိုင်းအကျုံးဝင်ပညာရေးနှင့်ပတ်သက်၍ အစီရင်ခံစာတစ်ခုတွင် တိုင်းရင်းသားကလေးများအတွက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများသို့တက်ရောက် ပညာသင်ယူရန် မြန်မာဘာသာစကားသည် အဟန့်အတားတစ်ခုဖြစ်နေပြီး တိုင်းရင်းသားဘာသာစကားဖြင့် သင်ယူနိုင်သောကျောင်း များစွာမရှိကြောင်းဖော်ပြထားသည်။[၃၄]

မြန်မာနိုင်ငံ၏ ကလေးလုပ်သား – LFS (2015) ကိုအသုံးပြု၍မြန်မာနိုင်ငံ၏ ကလေးလုပ်သားအခြေအနေကို ဆန်းစစ်လေ့လာရာ အလုပ်လုပ်သောကလေးများသည် အလုပ်မလုပ်သောကလေးများထက်ပို၍ ကျောင်းပြင်ပရောက်ရှိနေကြောင်း တွေ့ရှိခဲ့သည်။ မူလတန်းအရွယ်အလုပ်လုပ်သောကလေးများအနက် (၃၆.၈%)သောကလေးများသည် ကျောင်းပြင်ပသို့ရောက်ရှိနေကြပြီး၊ အလယ်တန်းအရွယ်အလုပ်လုပ်သောကလေးများအနက် (၉၄.၅%) သောကလေးများသည် ကျောင်းပြင်ပသို့ရောက်ရှိနေကြသည်။ အလယ်တန်းအရွယ်ကျောင်းပြင်ပရောက်ကလေးများတွင် အလုပ်မလုပ်သောကလေးရာခိုင်နှုန်းအနည်းငယ်သာရှိသည်။ ကျောင်းတက်နေသော အသက်(၅)နှစ်မှ(၁၃)နှစ်အရွယ်ကလေးများတွင် ကျား/မခြားနားမှုမရှိပါ။ သို့ရာတွင် အလုပ်လုပ်သောကလေးများစုစုပေါင်းတွင်လည်းကောင်း၊ အလုပ်လုပ်ရသည့်အတွက် ကျောင်းပြင်ပသို့ရောက်ရှိနေသောကလေးများတွင်လည်းကောင်း

[34] "*Myanmar Education Consortium Baseline Study Report Inclusive Education Component*". DantDaLun Management and Consulting Services, January 2015. p. 9.

ကျား/မ ကွာခြားမှုကြီးမားကြောင်း၊ ယောကျ်ားလေးများသည် မိန်းကလေးများထက် အခွင့်အရေး ဆုံးရှုံးမှုပိုကြောင်းတွေ့ရှိရသည်။ အသက်(၅)နှစ်မှ(၁၃)နှစ်အကြား ကလေးများ၏ ကလေးလုပ်သား ဖြစ်မှုနှင့် ကျောင်းတက်မှုအခြေအနေကို ပုံ (၂.၃၂)ဖြင့် ဖော်ပြထားသည်။

ပုံ ၂. ၂၇။ အသက်(၅)နှစ်မှ(၁၃)နှစ်အကြား ကလေးများ၏ ကလေးလုပ်သားဖြစ်မှုနှင့် ကျောင်းတက်မှု အခြေအနေ



ရင်းမြစ်။ LFS (2015)

ပြည်နယ်နှင့် တိုင်းဒေသကြီးများအရလေ့လာသုံးသပ်ရာ ကလေးအလုပ်သမားများတွင် ကွာခြားမှုသိသိသာသာမရှိပါ။ သို့ရာတွင် ကျောင်းပြင်ပရောက်ကလေးများအနက် အလုပ်လုပ်သောကလေးများတွင်မူ ကွာခြားမှုကြီးမားကြောင်း၊ အမြင့်ဆုံးရာခိုင်နှုန်းအဖြစ်(၁၈.၆%)နှင့် အနိမ့်ဆုံးရာခိုင်နှုန်းအဖြစ်(၀.၉%) ဖြစ်ကြောင်းတွေ့ရှိရသည်။ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကျောင်းပြင်ပရောက်ကလေးအားလုံးသည် ကလေးလုပ်သားများဖြစ်ကြသည်။ ထို့ပြင်ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (၉၀%)ကျော်သော ကျောင်းပြင်ပရောက်ကလေးများသည်လည်း ကလေးလုပ်သားများဖြစ်ကြသည်။ အနိမ့်ဆုံးရာခိုင်နှုန်းများမှာ ချင်းပြည်နယ်တွင် (၁၅.၆%)နှင့် နေပြည်တော်တွင် (၅၆.၉%)တို့ဖြစ်သည်။ အလားတူပင် ကျောင်းတက်နေသောကလေးများအနက် အလုပ်လုပ်သောကလေးများနှင့်ပတ်သက်၍လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ကွာခြားမှုရှိကြောင်းတွေ့ရှိရသည်။

မသန်စွမ်းခြင်း – မသန်စွမ်းခြင်းကို ခန္ဓာကိုယ်မသန်စွမ်းခြင်း၊ စကားမပြောနိုင်ခြင်း၊ ဉာဏ်ရည်မဖွံ့ဖြိုးခြင်း၊ ဉာဏ်ရည်နိမ့်ခြင်းစသည်ဖြင့်ဖော်ပြကြသည်။ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာသဘောတူညီချက်တွင် “မသန်စွမ်းကလေးများကို ကိုယ်ခန္ဓာမသန်စွမ်းခြင်း၊ စိတ်မကျန်းမာခြင်း၊ ဉာဏ်ရည်မဖွံ့ဖြိုးခြင်းနှင့် အကြားအာရုံ၊ အမြင်အာရုံချို့ယွင်းခြင်းရှိသောကလေးများသည် အခက်အခဲ/အဟန့်

အတားမျိုးစုံနှင့်ကြုံတွေ့ကြရသည့်အတွက် လူမှုအဖွဲ့အစည်းများအတွင်း အများနည်းတူပူးပေါင်းပါဝင်ဆောင်ရွက်ရန် အပြည့်အဝမစွမ်းဆောင်နိုင်ကြပါ" ဟုဖော်ပြထားသည်။[၂၅]

၂၀၁၄ခုနှစ် လူဦးရေစစ်တမ်း၌ မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ (၁၇.၂)သန်းရှိပြီး ၎င်းတို့အနက် (၁.၄%)၊ အရေအတွက်အားဖြင့် (၂၃၂၀၂၁)ဦးသည် ကလေးများဖြစ်ကြသည်ဟုဖော်ပြထားသည်။ မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးများအခြေအနေ စိစစ်လေ့လာသည့်အစီရင်ခံစာ (၂၀၁၆)တွင် "(၆၇%) သော မသန်စွမ်းကလေးများသည် ပုံမှန်ကျောင်းများတွင်မတက်ရောက်နိုင်ကြပါ" ဟုပါရှိသည်။[၂၆] ဤရာခိုင်နှုန်း သည် ပုံမှန်ကလေးများကျောင်းပြင်ပ ရောက်နှုန်း(၁၁%)ထက် များစွာပိုနေသည်။[၂၇]

အသက်(၂)နှစ်မှ(၄)နှစ်အရွယ် မသန်စွမ်းကလေးများ၏ (၉၃%)သည် ကျောင်းအဆင်သင့်ဖြစ်မှုအစီအစဉ်များတွင် ပါဝင်ရန်အခွင့်အရေးမရရှိကြပါ။ ထို့ပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများနှင့် အထူးကျောင်းများတွင်တက်ရောက်နေသော မသန်စွမ်းကလေးများအရေအတွက်မှာလည်း မပြောပလောက်ပါ။[၂၈]

LFSအရ မူလတန်းအရွယ်မသန်စွမ်းကလေးများ၏(၄၆.၇%)၊ အလယ်တန်းအရွယ်မသန်စွမ်း ကလေးများ၏(၃၉.၂%)သည် ကျောင်းပြင်ပရောက်နေကြသည်။ မူလတန်းတွင်သာမက အလယ်တန်းတွင်ပါကျား/မကွာခြားမှုရှိပြီး မသန်စွမ်းယောကျ်ားလေးများသည် မသန်စွမ်းမိန်းကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိနေသည်။

၂.၆။ စိစစ်လေ့လာချက်အကျဉ်းချုပ်

ဤအခန်းသည် မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို ချန်လှပ်ထားခံရခြင်း ရှုထောင့်(၅)မျိုးပုံစံဖြင့် လေ့လာတင်ပြခဲ့သည်။ ရှုထောင့်(၁) ကျောင်းပြင်ပရောက်မူကြိုအရွယ်ကလေးများ၊ ရှုထောင့်(၂) ကျောင်းပြင်ပရောက်မူလတန်းအရွယ်ကလေးများ၊ ရှုထောင့်(၃) ကျောင်းပြင်ပရောက် အလယ်တန်းအရွယ်ကလေးများ၊ ရှုထောင့်(၄) ကျောင်းတက်နေသောမူလတန်းအရွယ်ကလေးများ အနက် ကျောင်းထွက်ရန်အလားအလာရှိသောကလေးများ နှင့် ရှုထောင့်(၅) ကျောင်းတက်နေသော အလယ်တန်းအရွယ်ကလေးများအနက် ကျောင်းထွက်ရန်အလားအလာရှိသောကလေးများ တို့၏ အခြေအနေများကို စိစစ်လေ့လာခဲ့ပြီး တွေ့ရှိချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

---

[၂၅] UNICEF 2016. Situation Analysis of Children with Disabilities in the Republic of the Union of Myanmar. Yangon, UNICEF Myanmar. p. 2

[၂၆] Ibid. p. 2

[၂၇] Ibid. p. 2

[၂၈] Ibid. p. 2

ရှုထောင့် (၁)။ မူကြို သို့မဟုတ် မူလတန်းကျောင်းတွင် မရောက်ရှိနေသော မူကြိုအရွယ်ကလေးများ (အသက်၄နှစ်)

အသက်(၄)နှစ်အရွယ်ကလေးများ၏ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းမှာ (၇၆.၆%)ဖြစ်သည်။ မူကြို အခွင့်အရေးရရှိသူ ကလေးရာခိုင်နှုန်းမှာနည်းနေသေးသည်။ ကျား/မညီမျှခြင်းအညွှန်းကိန်း (GPI) မှာ (၀.၉၉)ဖြစ်၍ ကျား/မ ကွာခြားမှုမရှိပါ။ မူကြို၀န်ဆောင်မှုလုပ်ငန်းကို အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ တို့ကဆောင်ရွက်ကြသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုသည်အကျယ်ပြန့်ဆုံးဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ၏ ဝန်ဆောင်ပေးနိုင်မှုသည် ဒုတိယအကျယ်ပြန့်ဆုံးဖြစ်သည်။ ကျေးလက်ဒေသ၏မူကြိုအရွယ်ကလေးများကျောင်းပြင်ပရောက်ရှိမှုရာခိုင်နှုန်း (၈၀.၇%)သည် မြို့ပြ၏နှုန်း (၆၃.၆%)ထက်များစွာမြင့်မားနေသည်။ အကယ်၍ မူ၀ါဒရေးဆွဲသူများ၊ ဆုံးဖြတ်ချက်ချမည့်သူများအနေနှင့် ဤခြားနားချက်ကို လျစ်လျူရှုထားမည်ဆိုပါက မြန်မာနိုင်ငံမူကြိုကဏ္ဍတွင် ကျေးလက်/မြို့ပြကွာဟချက်သည် အလွန်ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်လာနိုင်သည်။

ရှုထောင့် (၂)။ မူလတန်း (သို့မဟုတ်) အလယ်တန်းကျောင်းများတွင် မရောက်ရှိနေသော မူလတန်းအရွယ်ကလေးများအခြေအနေ

ဤရှုထောင့်သည် ကျောင်းထွက်စောသော(သို့မဟုတ်)ကျောင်းလုံး၀မအပ်ဖူးသော အသက်(၅)နှစ်မှ(၉)နှစ်အရွယ် ကလေးများကိုလေ့လာသည်။ LFS (၂၀၁၅) အရကျောင်းပြင်ပရောက်မူလတန်းအရွယ်ကလေးများရာခိုင်နှုန်းမှာ (၁၂.၃%)ဖြစ်သည်။ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များအရ မူလတန်းအရွယ်ကလေးများ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းမှာ ၂၀၁၂–၂၀၁၃ ပညာသင်နှစ်မှ ၂၀၁၅–၂၀၁၆ပညာသင်နှစ်အတွင်း လျော့နည်းသွားကြောင်းတွေ့ရသည်။

မူလတန်းတရား၀င်ကျောင်း၀င်သက်ဖြစ်သည့် အသက်(၅)နှစ်အရွယ်တွင် (၄၉%)သောကလေးများသည် မည်သည့်ပညာရေး၀န်ဆောင်မှုကိုမှမရရှိကြပါ။ အသက်(၅)နှစ်အရွယ်တွင် ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းမှာ အမြင့်ဆုံးဖြစ်ပြီး အသက်(၆)နှစ်အရွယ်တွင် (၁၀%)သို့လျော့ကျသွားကာ အသက်(၇)နှစ်နှင့်(၉)နှစ်အကြားတွင် (၄%)၀န်းကျင်၌ရှိနေသည်။

ကျောင်းပြင်ပရောက်မူလတန်းအရွယ်ကလေးများ၏ GPI မှာ (၀.၈၇)ဖြစ်၍ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပပိုမိုရောက်ရှိနေသည်။ မူလတန်းအရွယ်ယောကျ်ားလေးများ၏နှုန်းသည် မိန်းကလေးများထက် (၂%) ပိုမိုမြင့်မားသည့်အတွက် ကျား/မ ကွာခြားမှုရှိသည်။ အသက်(၅)နှစ်အရွယ်ကလေးများတွင် ကျား/မခြားနားချက်ရာခိုင်နှုန်းမှာ (၁၀.၉%)ဖြစ်၍ ဤကွာခြားချက်သည် မူလတန်းအရွယ် ကလေးအားလုံး၏ ကျား/မကွာခြားချက်ကို သက်ရောက်နေဟန်ရှိသည်။

ပထ၀ီအနေအထားအရ ကျေးလက်ဒေသ၏ကျောင်းပြင်ပရောက်မူလတန်းအရွယ်ကလေးများရာခိုင်နှုန်းသည် (၁၂.၄%) ဖြစ်ပြီး မြို့ပြ၏နှုန်းသည် (၁၁.၉%) ဖြစ်၍ခြားနားမှုသည် (၀.၅%)ရှိသည့်အတွက် ကျေးလက်မြို့ပြခြားနားမှုသိပ်မရှိပါ။ သို့ရာတွင် ကျေးလက်ဒေသ၏ GPIသည် (၀.၉၀)နှင့် မြို့ပြဒေသ

၏ GPIသည်(၀.၇၅)ဖြစ်၍ ကျေးလက်တွင်သာမက မြို့ပြတွင်ပါ ယောကျ်ားလေးများသည် မိန်းက လေးများထက် ကျောင်းပြင်ပသို့ ပိုမိုရောက်ရှိနေကြသည်။ ရခိုင်ပြည်နယ်၏ မူလတန်းအရွယ်ကလေး များ၏ကျောင်းတက်ရာခိုင်နှုန်းသည် (၆၅.၁%)ဖြစ်ပြီး ကျန်ပြည်နယ်/တိုင်းဒေသကြီးများ၏နှုန်း သည် (၈၅%)ဝန်းကျင်နှင့်အထက်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်မှလွဲ၍ အခြားပြည်နယ်နှင့်တိုင်း ဒေသကြီးများအကြား ခြားနားမှုမရှိပါ။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၏ ကျောင်းပြင်ပရောက်ကလေးများရာခိုင် နှုန်းသည် ပြည်ထောင်စုအချုပ်နှုန်းထက်ကျော်လွန်နေသည်။ ထို့ပြင် ကျောင်းပြင်ပရောက်မူလတန်း အရွယ်ကလေးများရာခိုင်နှုန်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး များအကြားခြားနားမှုကြီးမားသည်။ ရခိုင်ပြည်နယ်၏ ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းနှုန်းမှာ (၃၄.၃%)ဖြင့် အမြင့်ဆုံးဖြစ်ပြီး ဒုတိယနှင့်တတိယအမြင့်ဆုံးများမှာ ကရင်ပြည်နယ် (၁၄.၈%)နှင့် မွန်ပြည်နယ် (၁၃.၉%) တို့ဖြစ် သည်။ ပထမနှင့်ဒုတိယအမြင့်ဆုံး ရာခိုင်နှုန်းများခြားနားချက်မှာ (၁၉.၅%)ဖြစ်၍ ခြားနားချက်ကြီး မားသည်။ အနိမ့်ဆုံးရာခိုင်နှုန်းများမှာ နေပြည်တော်(၇.၅%)၊ကချင်ပြည်နယ်(၈.၂%)၊ မကွေးတိုင်းဒေ သကြီး(၈.၅%)၊ ရှမ်းပြည်နယ်(၉.၃%)နှင့် ကယားပြည်နယ်(၉.၈%)တို့ဖြစ်ကြသည်။

ကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်းသည် ကြွယ်ဝမှုအညွှန်းကိန်းနှင့်လည်းကောင်း၊ အိမ်ထောင် ဦးစီး၏ ပညာရေးအခြေအနေနှင့်လည်းကောင်း၊ မသန်စွမ်းကလေးများအခြေအနေနှင့်လည်းကောင်း ဆက်စပ်မှုရှိသည်။

ကြွယ်ဝမှုအညွှန်းကိန်းအနိမ့်ဆုံးမိသားစုများတွင် OOSCနှုန်းအမြင့်ဆုံး(၁၇.၂%)ကို တွေ့ရပြီး၊ ကြွယ်ဝ မှုအညွှန်းကိန်းအမြင့်ဆုံးတွင် OOSCနှုန်းအနိမ့်ဆုံး (၇.၃%)ကိုတွေ့ရသည်။

အလားတူပုံစံကို အိမ်ထောင်ဦးစီး၏ပညာရေးနှင့် OOSC ဆက်စပ်မှုတွင်တွေ့ရသည်။ ပညာသင်ယူမှု မရှိခဲ့သောမိဘများ၏သားသမီးများသည် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိကြသည်။ မိဘများ၏ပညာရေး မြင့်မားလာသည်နှင့်အမျှ OOSCနှုန်းလျော့ကျသွားသည်။ ပညာအရည်အချင်း အလယ်တန်းနှင့်အထက် ရှိသောအိမ်ထောင်ဦးစီးဝင်ကလေးများ၏ OOSC နှုန်းသည် (၇.၄%)သာလျှင်ရှိတော့သည်။

ကျောင်းပြင်ပရောက်ကလေးများ အခြေအနေစိစစ်လေ့လာချက်အရ

- မူလတန်းအရွယ်ကလေးလုပ်သားများအနက် (၃၆.၈%)သည် ကျောင်းပြင်ပရောက်ကလေးများ ဖြစ်ကြသည်။
- မူလတန်းအရွယ်မသန်စွမ်း ကလေးများအနက် (၄၆.၇%)သောကလေးများသည် ကျောင်းပြင် ပရောက်ကလေးများဖြစ်သည်။
- မသန်စွမ်းယောကျ်ားလေးများသည် မသန်စွမ်းမိန်းကလေးများထက် ကျောင်းပြင်ပပိုမိုရောက်ရှိ ကြပြီး မသန်စွမ်းကလေးများသည် အခြားကလေးများထက် ကျောင်းပြင်ပသို့ရောက်ရှိရန် အလားအလာပိုရှိသည်။

ရှုထောင့် (၃)။ မူလတန်း (သို့မဟုတ်) အလယ်တန်း/အထက်တန်း ကျောင်းများတွင် မရောက်ရှိနေသော အလယ်တန်းအရွယ်ကလေးများအခြေအနေ

ရှုထောင့်(၃)သည် ကျောင်းထွက်စောသော (သို့မဟုတ်) ကျောင်းလုံးဝမအပ်ဖူးသော အလယ်တန်းအရွယ်ကလေး (အသက် ၁၀–၁၃နှစ်)များကိုကိုယ်စားပြုသည်။ ၂၀၁၅ခုနှစ် LFS စစ်တမ်းအရ အလယ်တန်းအရွယ်ကလေးများ၏ OOSCနှုန်းသည်(၁၁.၇%)ဖြစ်သည်။ အလယ်တန်းအတန်းအားလုံးအတွက် GPIသည် (၀.၉၅) ဖြစ်၍ယောကျ်ားလေးများသည် မိန်းကလေးများထက်ပို၍ ကျောင်းပြင်ပရောက်ရှိသည်။ အသက်(၁၀)နှစ်နှင့် (၁၁)နှစ်အရွယ်တွင် မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းပြင်ပပိုမိုရောက်ရှိသော်လည်း အသက်(၁၂)နှစ်နှင့်(၁၃)နှစ်အရွယ်တွင်မူ ယောကျ်ားလေးများသည် မိန်းကလေးများထက်ကျောင်းပြင်ပသို့ပိုမိုရောက်ရှိသည်။ အသက်(၁၃)နှစ်အရွယ်ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ OOSC နှုန်း ခြားနားချက်သည် (၂.၄%)ဖြစ်၍ ဤအရွယ် ကလေးများတွင် ကျား/မ ခြားနားချက်ကြီးမားသည်။ အလယ်တန်းဆင့်တွင် အတန်းကြီးလာသည်နှင့်အမျှ OOSC နှုန်းမြင့်မားလာသည်။ အသက်(၁၀)နှစ်အရွယ်တွင် OOSCနှုန်းသည်(၈.၂%)သာရှိခဲ့ရာမှ အသက်(၁၃)နှစ်အရွယ်တွင် OOSC နှုန်းသည် (၁၈.၅%) အထိမြင့်တက်လာသည်။

၂၀၁၂–၂၀၁၃ပညာသင်နှစ်မှစ၍ အလယ်တန်းအရွယ်ကလေးများ၏ OOSC နှုန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာကြောင်း အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များအရသိရှိရသည်။ မူလတန်းကလေးများအုပ်စုနည်းတူ ကျေးလက်ဒေသရှိအလယ်တန်းအရွယ်ကလေးများသည် မြို့ပြနေအလယ်တန်းအရွယ်ကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။ ကျေးလက်ဒေသရှိ ယောကျ်ားလေးများ၏ OOSCနှုန်းသည် မြို့ပြဒေသရှိ ယောကျ်ားလေးများ၏ OOSCနှုန်းထက် (၄.၅%) ပိုမြင့်ပြီး၊ ကျေးလက်ဒေသရှိမိန်းကလေးများ၏ OOSCနှုန်းသည် မြို့ပြဒေသရှိမိန်းကလေးများ၏ OOSC နှုန်းထက် (၃.၂%)ပိုမြင့်သည်။ အဓိပ္ပါယ်မှာ အလယ်တန်းတွင် ကျေးလက်ယောကျ်ားလေးများသည် မြို့ပြယောကျ်ားလေးများထက်လည်းကောင်း၊ ကျေးလက်မိန်းကလေးများသည် မြို့ပြမိန်း ကလေးများထက်လည်းကောင်း ကျောင်းပြင်ပသို့ပိုမိုရောက်ရှိနေကြသည်ဟူ၍ဖြစ်သည်။ ရာခိုင်နှုန်း ခြားနားချက်မြင့်မားသည့်အတွက် ကျေးလက်ကလေးများသည် မြို့ပြကလေးများထက် အခွင့်အရေး ပိုမိုဆုံးရှုံးနေသည်။

ပြည်နယ်/တိုင်းဒေသကြီးများအကြားတွင်လည်း အလယ်တန်းအရွယ်ကလေးများ၏ OOSC နှုန်းကွာခြားမှုကြီးမားသည်။ ပြည်ထောင်စုအချုပ် OOSCနှုန်းမှာ (၁၁.၇%)ဖြစ်သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ OOSC နှုန်းသည် ပြည်ထောင်စုအချုပ်၏ OOSC နှုန်းထက်ပိုမိုမြင့်မားနေသည်။ မွန်ပြည်နယ်၏ OOSC နှုန်းသည် (၁၁.၄%)ဖြစ်ပြီး ရှမ်းပြည်နယ်၏ OOSC နှုန်းသည် (၁၁.၅%)ဖြစ်၍ ပြည်ထောင်စုအချုပ်၏ OOSC နှုန်းနှင့် နီးကပ်နေသည်။ အမြင့်ဆုံး OOSC နှုန်းကို ရခိုင်ပြည်နယ်တွင်တွေ့ရပြီး ကရင်ပြည်နယ်၏ OOSC နှုန်းသည် ဒုတိယအမြင့်ဆုံးဖြစ်သည်။ ရခိုင်ပြည်နယ်၏ အလယ်တန်းအရွယ်ကလေးများ၏ OOSC နှုန်းသည် (၃၅.၄%)

ဖြင့် သိသိသာသာမြင့်မားနေသည်။ ဤအသက်အုပ်စုတွင် အနိမ့်ဆုံး OOSC နှုန်းကို ချင်းပြည်နယ်နှင့် နေပြည်တော်တွင် (၄.၂%)ဖြင့် တွေ့ရသည်။

အလယ်တန်းအရွယ်ကလေးများ၏ OOSC နှုန်းသည်လည်း မူလတန်းအရွယ်ကလေးများ၏ OOSC နှုန်းကဲ့သို့ပင် ကြွယ်ဝမှုအညွှန်းကိန်း၊ မိဘပညာရေး၊ မသန်စွမ်းမှုတို့နှင့်ဆက်စပ်မှုရှိသည်။ ၂၀၁၅ခုနှစ် LFS အရ အဆင်းရဲဆုံးကလေးများ၏ OOSC နှုန်းသည် (၁၇.၇%)ဖြင့်အမြင့်ဆုံးဖြစ်ပြီး ကြွယ်ဝမှုအမြင့်ဆုံးတွင်ရှိသောကလေးများ၏ OOSC နှုန်းသည် (၆%)ဖြင့်အနိမ့်ဆုံးဖြစ်သည်။ ပညာသင်ယူခဲ့ခြင်းမရှိသော မိဘများ၏ သားသမီးများသည် ကျောင်းပြင်ပရောက်ရှိရန် အလားအလာပိုရှိသည်။ မိဘပညာရေးမြင့်မားလာသည်နှင့်အမျှ OOSC နှုန်းသည်လျော့ကျသွားသည်။

ကျောင်းပြင်ပရောက်ကလေးများအခြေအနေ ဆန်းစစ်လေ့လာချက်အရ အလယ်တန်းအရွယ်အလုပ်လုပ်သောကလေးများအနက် (၉၄.၅%) သောကလေးများသည် ကျောင်းပြင်ပသို့ရောက်ရှိနေကြသည်။ ကျောင်းပြင်ပရောက်ကလေးများတွင် အလုပ်မလုပ်သောကလေးရာခိုင်နှုန်းအနည်းငယ်သာရှိသည်။ ထို့ပြင် မသန်စွမ်းကလေးများအနက် (၃၉.၂%)သည် ကျောင်းပြင်ပသို့ရောက်ရှိနေကြသည်။ မသန်စွမ်းယောကျ်ားလေးများသည် မသန်စွမ်းမိန်းကလေးများထက် ကျောင်းပြင်ပရောက်ရှိရန်အလားအလာပိုရှိသည်။

ရှုထောင့် (၄)။ မူလတန်းတွင်တက်ရောက်နေကြသော ကျောင်းသားများအနက် ကျောင်းထွက်ရန် အလားအလာရှိသောကလေးများ

ဤရှုထောင့်တွင် ကျောင်းထွက်ရန်အလားအလာရှိသော မူလတန်းကျောင်းသားအားလုံးပါဝင်သည်။ ကျောင်းထွက်နှုန်းသည် ကျောင်းထွက်ရန်အလားအလာကို ညွှန်ပြနိုင်သည့် အညွှန်းကိန်းတစ်ခုဖြစ်သည်။ မူလတန်း၌ ကျောင်းထွက်ရာခိုင်နှုန်းကို အခြေခံပညာရေးဝင်ပေါက်ဖြစ်သည့် သူငယ်တန်းတွင် (၁၅.၇%)ဖြင့်အမြင့်ဆုံးတွေ့ရပြီး မူလတန်းနောက်ဆုံးအတန်းဖြစ်သည့်စတုတ္ထတန်းတွင် (၁၀.၅%)ဖြင့်ဒုတိယအမြင့်ဆုံးတွေ့ရသည်။ မူလတန်းအတန်းအားလုံးတွင် ယောကျ်ားလေးများသည်မိန်းကလေးများထက် ကျောင်းထွက်နှုန်းပိုမိုမြင့်မားသည်။ ကျေးလက်ဒေသနေကလေးများသည် မြို့ပြဒေသနေကလေးများထက် မူလတန်း အတန်းအားလုံးတွင် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။

မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နှုန်းနှင့်ပတ်သက်၍ ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် ကျေးလက်/မြို့ပြကွာဟချက်အလွန်ကြီးမားပြီး ကျေးလက်ကလေးများသည် မြို့ပြကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိသည်။

မူလတန်းကလေးများ၏ရှင်သန်မှုနှုန်းသည် ယောကျ်ားလေးများတွင် (၈၈.၄%)နှင့် မိန်းကလေးများတွင် (၉၀.၃%)ရှိပြီး GPI မှာ (၁.၀၂)ဖြစ်၍ ကျား/မကွာခြားမှုမရှိပါ။ ကျေးလက်နှင့်မြို့ပြအကြားတွင် ကွာခြားမှုရှိပြီး ကျေးလက်ဒေသ၏ရှင်သန်မှုနှုန်းသည် မြို့ပြဒေသထက်လွန်စွာလျော့နည်းသည်။ ပြည်ထောင်စုအချုပ် ရှင်သန်မှုနှုန်းလျော့နည်းရခြင်းအကြောင်းရင်းမှာ ကျေးလက်ဒေသ၏ရှင်သန်မှုနှုန်းလျော့နည်းရခြင်းကြောင့်ဖြစ်သည်။ မူလတန်းတွင် ကျား/မ ကွာခြားမှုမရှိပါ။ ရှင်သန်မှုနှုန်းသည်

တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသော်လည်း ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် ပြန်လည်လျော့ကျသွားသည်။ ရှင်သန်မှုနှုန်းသည် သူငယ်တန်းတွင် ၂၀၁၀–၂၀၁၁ မှ ၂၀၁၃–၂၀၁၄ပညာသင်နှစ်အတွင်း ကျဆင်းနေရာမှ ၂၀၁၄–၂၀၁၅ ပညာသင်နှစ်တွင်ပြန်လည်မြင့်တက်လာသည်။ သို့ရာတွင် စတုတ္ထတန်း၌ ၂၀၁၀–၂၀၁၁ မှ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်များအတွင်း တိုးတက်လာရာမှ ၂၀၁၄–၂၀၁၅ ပညာသင်နှစ်တွင် (၁.၁%)အထိလျော့ကျသွားသည်။

ထပ်ကျော့နှုန်းသည် မူလတန်းအတန်းအားလုံးတွင် နိမ့်နေပြီး ယောကျ်ားလေးများသည် မိန်းကလေးများထက် အစဉ်အမြဲသာလွန်နေသည်။ အတန်းအချင်းချင်းနှိုင်းယှဉ်ရာတွင် မြို့ပြမူလတန်းအောက်ဆင့်အတန်းများတွင် ထပ်ကျော့နှုန်းများကိုတွေ့ရသည်။ မြို့ပြဒေသ၏ သူငယ်တန်းတွင် (၇.၅%)သောကလေးများမှာစာမေးပွဲကျရှုံးပြီး မူလအတန်းတွင်ပြန်တက်နေကြရသည်။ ဤကိန်းဂဏန်းသည် ပထမတန်းတွင် တစ်ဝက်နီးပါးကျဆင်းသွားပြီး (၄.၉%)သို့ရောက်ရှိသွားသည်။ ဒုတိယတန်းတွင် ဆက်လက်ကျဆင်းလာပြီး တတိယတန်းနှင့် စတုတ္ထတန်းတို့တွင် အနည်းငယ်မြင့်တက်လာသည်။ ကျေးလက်ဒေသ၏ ထပ်ကျော့နှုန်းနိမ့်သည့်အတွက် ပြည်ထောင်စုအချုပ်၏ထပ်ကျော့နှုန်းသည်လည်းနိမ့်သည်။ မည်သို့ပင်ဆိုစေ အတန်းတစ်တန်းတွင်ထပ်ကျော့တက်နေခြင်းသည် မူလတန်းမပြီးဆုံးမီကျောင်းထွက်သွားနိုင်ခြေကိုပိုမိုတွန်းအားပေးနေသည်။ မူလတန်းအောက်ဆင့်တွင်ထပ်ကျော့တက်နေရသောကလေးများအနေနှင့် နောက်ပိုင်းအတန်းများတွင် ကျောင်းထွက်သွားရန်ဖြစ်နိုင်ခြေပိုရှိသည်။ (၇.၅%)သောသူငယ်တန်းထပ်ကျော့ကလေးများအနေနှင့်အနာဂတ်တွင်ကျောင်းထွက်ရန်အလားအလာပိုရှိသည်။

အသက်လွန်ကျောင်းသားများသည်လည်း ကျောင်းထွက်ရန်အလားအလာပိုရှိသော ကလေးများဖြစ်ကြသည်။ မြန်မာနိုင်ငံ၌ အတန်းတစ်တန်းတည်းတွင်တက်နေသောကျောင်းသားများအနေနှင့် အသက်ကွာခြားချက်သိပ်မရှိပါ။ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များအရ မူလတန်းတွင်အသက်လွန်ကျောင်းသား (၁၀.၃%)ရှိသည်။

၂၀၁၀–၂၀၁၁ပညာသင်နှစ်မှလွဲ၍ မူလတန်းမပြီးဆုံးမီကျောင်းထွက်ရန်အလားအလာရှိသော ရာခိုင်နှုန်းသည်တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည်။ ပြည်ထောင်စုအချုပ်အနေနှင့် ၂၀၁၁–၂၀၁၂ပညာသင်နှစ်တွင် (၁၆.၂%)ရှိရာမှ ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် (၁၈.၁%)သို့ရောက်ရှိသွားသည်။ မူလတန်းတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက်ပို၍ မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သွားရန်အလားအလာပိုရှိသည်။

ကျေးလက်ဒေသ၏ မူလတန်းမပြီးဆုံးမီကျောင်းထွက်နှုန်းသည်ပညာသင်နှစ်(၅)နှစ်လုံးအတွက်မြင့်မားသည်။ ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် ယောကျ်ားလေးများ၏နှုန်းသည် (၁၉.၈%)၊ မိန်းကလေးများ၏နှုန်းသည် (၁၆.၆%)၊ ကျား/မ ပေါင်းတွင် (၁၈.၁%)ဖြစ်သည်။ ကျေးလက်ဒေသ၏နှုန်းသည် မြို့ပြဒေသ၏နှုန်းထက် ယောကျ်ားလေးများတွင် (၆)ဆ၊ မိန်းကလေးများတွင် အဆ(၂၀)ပိုမိုမြင့်မားနေသည်။ သို့ရာတွင် မူလတန်းမပြီးဆုံးမီကျောင်းထွက်နိုင်ခြေသည် ကျေးလက်တွင်သာမက

မြို့ပြတွင်ပါတွေ့ရှိရသည်။ ကျေးလက်မြို့ပြကွာခြားချက်ကြီးမားပြီး ကျေးလက်ဒေသရှိကလေးများသည် မြို့ပြဒေသရှိကလေးများထက် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေပိုရှိသည်။

ရှုထောင့် (၅)။ အလယ်တန်းတွင်တက်ရောက်နေကြသော ကျောင်းသားများအနက် ကျောင်းထွက်ရန် အလားအလာရှိသောကလေးများ

ဤရှုထောင့်တွင် ကျောင်းထွက်ရန်အလားအလာရှိသော အလယ်တန်းကျောင်းသားအားလုံးပါဝင်သည်။ အမြင့်ဆုံးကျောင်းထွက်နှုန်းကို အလယ်တန်းဆင့်နောက်ဆုံးအတန်းဖြစ်သည့် အဋ္ဌမတန်းတွင် (၁၅.၅%) ဖြင့်တွေ့ရပြီး အနိမ့်ဆုံးနှုန်းကို အလယ်တန်းဝင်ပေါက်ဖြစ်သည့် ပဉ္စမတန်းတွင် (၇.၁%) ဖြင့်တွေ့ရသည်။ ယောကျ်ားလေးများတွင်သာမကမိန်းကလေးများတွင်ပါ ကျောင်းထွက်နှုန်းသည် အတန်းကြီးလာသည်နှင့်အမျှ မြင့်တက်လာသည်။ ထို့အတူ အတန်းကြီးလာသည်နှင့်အမျှ ကျား/မ ကွာခြားမှုကြီးလာပြီး ယောကျ်ားလေးများသည်မိန်းကလေးများထက် ကျောင်းထွက်မှုပိုသည်။ မြန်မာနိုင်ငံအနေနှင့် ယောကျ်ားလေးများသည် ပိုမိုအပစ်ပယ်ခံရသည့်အခြေအနေနှင့် ကြုံတွေ့နေရသည်။ ယောကျ်ားလေးများသည် အသက်ရလာသည်နှင့်အမျှ ကလေးလုပ်သားအုပ်စုတွင် ပိုမိုပါဝင်လာရသောကြောင့်ဖြစ်နိုင်သည်။ အလားတူပင် ကျေးလက်ဒေသ၏ကျောင်းထွက်နှုန်းသည် မြို့ပြဒေသထက် ပိုမိုမြင့်မားသည်။

အလယ်တန်းမပြီးဆုံးမီ အမြင့်ဆုံးကျောင်းထွက်နှုန်းများကို ကချင်ပြည်နယ် (၆၄.၂%)၊ ပဲခူးတိုင်းဒေသကြီး (၆၂.၈%)နှင့် ကယားပြည်နယ် (၄၅.၅%) တို့တွင်တွေ့ရသည်။ မူလတန်းကဲ့သို့ပင် ကျေးလက်နှင့်မြို့ပြ ကွာခြားချက်ကြီးမားပြီး ကျေးလက်ကလေးများသည် မြို့ပြကလေးများထက်ပို၍ ကျောင်းထွက်ကြသည်။ အလယ်တန်းပြီးဆုံးသည်အထိရှင်သန်မှုနှုန်းသည် ယောကျ်ားလေးများတွင် (၇၉.၈%)၊ မိန်းကလေးများတွင် (၈၈.၃%)ရှိသည်။ GPI မှာ (၁.၁၁)ဖြစ်၍ မိန်းကလေးများသည် ယောကျ်ားလေးများထက် ပိုမိုရှင်သန်ကြသည်။

အလယ်တန်းရှင်သန်မှုနှုန်း (၈၄.၂%)သည် မူလတန်းရှင်သန်မှုနှုန်း (၈၉.၄%)အောက်လျော့နည်းသည်။ ဤသို့လျော့နည်းရခြင်းမှာ ယောကျ်ားလေးများ၏ရှင်သန်မှုနှုန်းသည် မူလတန်းတွင် (၈၈.၄%) ရှိခဲ့ရာမှ အလယ်တန်းတွင် (၇၉.၈%)အထိ လျော့နည်းသွားရခြင်းကြောင့်ဖြစ်သည်။ ရှင်သန်မှုနှုန်းတွင် ကျေးလက်နှင့်မြို့ပြ ကွာခြားကြောင်းလည်းတွေ့ရသည်။ ကျေးလက်၏ရှင်သန်မှုနှုန်းသည် မြို့ပြ၏နှုန်းထက်များစွာလျော့နည်းသည်။ နိုင်ငံတော်၏ရှင်သန်မှုနှုန်း လျော့နည်းရခြင်းအကြောင်းရင်းမှာ ကျေးလက်ဒေသ၏ ရှင်သန်မှုနှုန်းလျော့နည်းရခြင်းကြောင့်ဖြစ်သည်။ အတန်းအချင်းချင်းနှိုင်းယှဉ်ရာတွင် အလယ်တန်းဆင့်နောက်ဆုံးအတန်းဖြစ်သည့် အဋ္ဌမတန်း၏နှုန်းသည် အနိမ့်ဆုံး ဖြစ်သည်။

ထပ်ကျော့နှုန်းအမြင့်ဆုံးမှာ အဋ္ဌမတန်းတွင် (၂.၅%)ဖြစ်ပြီး အနိမ့်ဆုံးမှာ ဆဋ္ဌမတန်းတွင် (၀.၃%) ဖြစ်သည့်အတွက် အလယ်တန်းအတန်းအားလုံးအတွက် ထပ်ကျော့နှုန်းနိမ့်သည်။ ကျေးလက်ဒေသ၏ အတန်းတစ်တန်းစီအတွက် ထပ်ကျော့နှုန်းနိမ့်သည့်အတွက် ပြည်ထောင်စုအချုပ်၏ထပ်ကျော့နှုန်းသည် လည်းနိမ့်သည်။ ယောကျ်ားလေးများ၏ထပ်ကျော့နှုန်းသည် မိန်းကလေးများ၏နှုန်းထက် အစဉ်အမြဲနိမ့်လျက်ရှိသည်။ အုပ်ချုပ်မှုဆိုင်ရာအချက်အလက်များအရ ပြည်ထောင်စုအချုပ်အနေနှင့် အလယ်တန်းတွင်အသက်လွန်ကျောင်းသား (၁၃.၈%)ရှိသည်။ တရားဝင်အသက်ထက်တစ်နှစ်ပိုကြီးသောကလေးရာခိုင်နှုန်းမှာ (၁၀%)ခန့်ရှိပြီး အသက်လွန်ကျောင်းသားများ၏အသက်မှာ (၁၄)နှစ်နှင့်(၁၆)နှစ်အကြားတွင်ရှိသည်။

ယောကျ်ားလေးများသည် မိန်းကလေးများထက်ပို၍ အလယ်တန်းဆင့်မပြီးဆုံးမီကျောင်းထွက်ရန် အလားအလာပိုရှိသည်။ မူလတန်းကဲ့သို့ပင် ကျေးလက်နှင့်မြို့ပြအကြား ကွာခြားချက်ကြီးကြီးမားမား တွေ့ရပြီး ကျေးလက်ရှိကလေးများသည် မြို့ပြထက် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန် အလားအလာပိုရှိသည်။ ထို့အတူ အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်ရန်အလားအလာကို ကျေးလက်တွင်သာမက မြို့ပြတွင်ပါတွေ့ရသည်။ အမြင့်ဆုံးနှုန်းကို ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင်တွေ့ရပြီး အနိမ့်ဆုံးနှုန်းများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင်တွေ့ရသည်။

အခန်း (၃)။ ကျောင်းတက်ရန်အတားအဆီးများနှင့် မူဝါဒတုန့်ပြန်ချက်များ

မည်သည့်အတားအဆီးများသည် အန္တရာယ်အရှိဆုံးဖြစ်သနည်း။

ဤအခန်းသည် ကလေးများကျောင်းပြင်ပသို့ရောက်ရှိစေသည့် အတားအဆီးများ၊ အထူးသဖြင့် ကျယ်ကျယ်ပြန့်ပြန့်နှင့် သက်ရောက်မှုပြင်းထန်သော အတားအဆီးများကိုဖော်ပြရန် ရည်ရွယ်သည်။ ကလေးများကျောင်းပြင်ပသို့ရောက်ရခြင်း အကြောင်းရင်းများကိုစူးစမ်းရှာဖွေရာတွင် မြန်မာနိုင်ငံ ကလေးလုပ်သားစစ်တမ်းအစီရင်ခံစာ (၂၀၁၅) (LFS 2015)နှင့် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (IHLCAS 2009-2010) တို့ကိုအသုံးပြုသည်။

ဇယား ၃. ၁။ ကလေးများ ကျောင်းပြင်ပရောက်ရခြင်း အကြောင်းရင်းများ
(ကျောင်းပြင်ပရောက်ကလေးများ၏ ဖြေကြားချက်) (LFS 2015)

အကြောင်းပြချက်များ	ရာခိုင်နှုန်း
ကျောင်းစရိတ် မတတ်နိုင်ခြင်း	၂၇.၆
ကျန်းမာရေးမကောင်းခြင်း	၄.၀
စိတ်ဝင်စားမှုမရှိခြင်း/ အမှတ်မကောင်းခြင်း	၁၈.၆
မိသားစုကိုစောင့်ရှောက်ရခြင်း	၁၃.၁
စိုက်ပျိုးရေးလုပ်ငန်း လုပ်ရခြင်း	၁၂.၂
(စိုက်ပျိုးရေးမဟုတ်သော)အခြားလုပ်ငန်း လုပ်ရခြင်း	၁.၈
အိမ်နှင့်ကျောင်းဝေးလွန်းခြင်း	၁၄.၄
အခြား	၈.၃

ရင်းမြစ်။ LFS (2015)

အဓိကအကြောင်းရင်းအနေနှင့် ကျောင်းစရိတ်မတတ်နိုင်ခြင်းကို (၂၇.၆%) ဖြင့်တွေ့ရသည်။ ဆက်လက်၍ စိတ်ဝင်စားမှုမရှိခြင်း/ အမှတ်မကောင်းခြင်းတွင် (၁၈.၆%)၊ အိမ်နှင့်ကျောင်းဝေးလွန်းခြင်းတွင် (၁၄.၄%)၊ မိသားစုအတွက်စောင့်ရှောက်ရခြင်းတွင် (၁၃.၁%)နှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ရခြင်းတွင် (၁၂.၂%)ဖြစ်ကြောင်းတွေ့ရပြီး ကျန်းမာရေးမကောင်းခြင်း (၄%)နှင့် (စိုက်ပျိုးရေး မဟုတ်သော) အခြားလုပ်ငန်းလုပ်ရခြင်း (၁.၈%)တို့တွင် ရာခိုင်နှုန်းအနည်းငယ်တွေ့ရသည်။ မိသားစုကိုစောင့်ရှောက်ရခြင်း(သို့မဟုတ်) မိသားစုအတွက်ဝင်ငွေရှာရခြင်းတို့ကြောင့် ကျောင်းမတက်နိုင်သောကလေးရာခိုင်နှုန်းစုစုပေါင်းမှာ (၂၇.၁%)ဖြစ်သည်။ ကျောင်းစရိတ်မတတ်နိုင်ခြင်းသည်လည်း မိသားစု၏ စီးပွားရေး/ စားဝတ်နေရေးအခြေအနေနှင့် ဆက်စပ်လျက်ရှိသည်။ ကျောင်းတက်ရန် စိတ်မဝင်စားခြင်း၊ အမှတ်နည်းခြင်းနှင့် အိမ်နှင့်ကျောင်းဝေးကွာခြင်းစသည့် အကြောင်းပြချက်များ လည်းပေးလေ့ပေးထရှိပြီး နေမကောင်း၍ကျောင်းမတက်နိုင်ခြင်းအကြောင်းပြချက်မှာ ရှားပါးသည်။

IHLCAS (2009-2010) အရလည်း ကလေးများကျောင်းပြင်ပရောက်ရခြင်း၏ အကြောင်းရင်းများကို သိရှိစေနိုင်သည်။ ဤမေးခွန်းကိုဖြေကြားသူများမှာ စစ်တမ်းမကောက်မီတစ်နှစ်က ကျောင်းတက်ခဲ့ သော်လည်း စစ်တမ်းကောက်သည့်နှစ်တွင် ကျောင်းမတက်တော့သော ကလေးများဖြစ်သည်။

ဇယား ၃. ၂။ ကလေးများကျောင်းမတက်ရခြင်း အကြောင်းရင်းများ (IHLCAS)

အကြောင်းပြချက်များ	ရာခိုင်နှုန်း
ကုန်ကျစရိတ်များလွန်းခြင်း	၂၄.၉
ကျန်းမာရေးမကောင်းခြင်း	၂.၂
စိတ်ဝင်စားမှုမရှိခြင်း/ အမှတ်မကောင်းခြင်း	၂၇.၆
မိသားစုကိုစောင့်ရှောက်ရခြင်း	၂.၃
စိုက်ပျိုးရေးလုပ်ငန်း လုပ်ရခြင်း	၁၇.၄
(စိုက်ပျိုးရေးမဟုတ်သော)အခြားလုပ်ငန်း လုပ်ရခြင်း	၁၃.၆
အိမ်နှင့်ကျောင်းဝေးလွန်းခြင်း	၈.၄
ဆရာမရှိခြင်း	၃.၆
ကျောင်းအထောက်အပံ့မရှိခြင်း	၀.၀၄
အဝတ်အစား/ ဖိနပ် မရှိခြင်း	၀.၀၅
ရာသီဥတုမကောင်းခြင်း	၀.၀၁
အခြား	၀.၀၁

(၃၂%)သောကလေးများသည် မိသားစုများ၏ စီးပွားရေး/ စားဝတ်နေရေးအခြေအနေကြောင့် အလုပ်လုပ်ကြရသည့်အတွက်ကျောင်းထွက်ရခြင်းဖြစ်သည်။ ဒုတိယအမြင့်ဆုံးရာခိုင်နှုန်းကို (၂၇.၆%)ဖြင့် စိတ်ဝင်စားမှုမရှိခြင်း/ အမှတ်မကောင်းခြင်း အကြောင်းပြချက်တွင်တွေ့ရသည်။ ဤအကြောင်းပြချက်မှာ ကျောင်းအရည်အသွေးဆိုင်ရာပြဿနာနှင့်လည်းကောင်း၊ ကလေး၏စိတ်ပါဝင်စားမှု၊ ပညာရေးနှင့် ကျောင်းအပေါ်ထားရှိသည့် စိတ်ဓါတ်နှင့်လည်းကောင်း ဆက်စပ်မှုရှိသည်။ ကုန်ကျစရိတ်များလွန်းခြင်းကြောင့် ကျောင်းထွက်ရသည်ဆိုသည့် အကြောင်းပြချက်သည်လည်း အဓိကကျသော အကြောင်းပြချက်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့်ကျေးလက်ဒေသရှိကလေးများအတွက်အိမ်နှင့်ကျောင်းဝေးကွာခြင်းသည် ယေဘုယျကျသော အကြောင်းပြချက်ဖြစ်သည်။ နေမကောင်းခြင်း၊ မိသားစုကိုစောင့်ရှောက်ရခြင်း၊ ဆရာမရှိခြင်း၊ ကျောင်းထောက်ပံ့မှုမရှိခြင်း၊ အဝတ်အစား/ ဖိနပ်မရှိခြင်း၊ ရာသီဥတုဆိုးဝါးခြင်းစသည့် အကြောင်းပြချက်များကိုပေးသူ အနည်းငယ်သာရှိသည်။

ဖော်ပြပါအချက်အလက် အရင်းမြစ်နှစ်ခုအရ အကြောင်းပြချက်များကို ရာခိုင်နှုန်းများရာမှနည်းရာသို့ စီစဉ်ရာ (၁) ကျောင်းစရိတ်မတတ်နိုင်ခြင်း၊ (၂) စိတ်ပါဝင်စားမှုမရှိခြင်း၊ (၃) စိုက်ပျိုးရေးလုပ်ငန်းလုပ်ရခြင်း၊ (၄) မိသားစုကိုစောင့်ရှောက်ရခြင်း၊ (၅) (စိုက်ပျိုးရေးမဟုတ်သော) အခြားလုပ်ငန်းလုပ်ရခြင်းနှင့် (၆) ကျန်းမာရေးမကောင်းခြင်းတို့ကို တွေ့ရှိရသည်။ အပြည်ပြည်ဆိုင်ရာပညာရပ်ဝေါဟာရအရ ပထမအကြောင်းပြချက်သည် ကျောင်းနေစရိတ်အတွက် တိုက်ရိုက်ကုန်ကျငွေဖြစ်ပြီး၊ တတိယမှ ပဉ္စမအထိသည် ကျောင်းနေသည့်အတွက် အခွင့်အလမ်းစရိတ်ဖြစ်သည်။ "အခွင့်အလမ်းစရိတ်ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ရခြင်းနှင့် မိသားစုကိုစောင့်ရှောက်ရခြင်းတို့သည် ကျေးလက်ဒေသများအတွက်ပိုအရေးကြီးပြီး၊ (စိုက်ပျိုးရေးမဟုတ်သော) အခြားလုပ်ငန်းလုပ်ရခြင်းသည် မြို့ပြဒေသများအတွက် ပိုအရေးကြီးသည်"ဟု CESR Phase 2 ဖြည့်စွက်လေ့လာချက်တွင်ဖော်ပြထားသည်။[၃၆]

စာရွက်စာတမ်းအထောက်အထားများကို ပြန်လည်ဆန်းစစ်သုံးသပ်ချက်အရ မြန်မာနိုင်ငံတွင်ကလေးများ ကျောင်းပြင်ပရောက်ရခြင်း အကြောင်းအရင်းများစွာကို အထောက်အထားများဖြင့်တွေ့ရှိရသည်။

[၃၆] Myanmar Comprehensive Education Sector Review (CESR) Phase 2: "*In-Depth Analysis. Supplementary Annex: Updated Analysis of Education Access, Retention, and Attainment in Myanmar, with a Focus on Post-Primary Education*". 3 February 2014; minor updates/revision 30 May 2015). p. 14

ဤသုတေသန၏ ကျောင်းပြင်ပရောက်ကလေးများအခြေအနေကို စိစစ်လေ့လာတွေ့ရှိချက်များအရ ပညာသင်ယူမှုအခွင့်အလမ်းကို အဟန့်အတားဖြစ်စေသည့် ကန့်သတ်ချက်များကို နောက်ဆက်တွဲ(ခ)၊ ဇယား (ခ)တွင် ၎င်းတို့၏အရေးပါအရာရောက်မှု၊ ပြင်းထန်မှုတို့နှင့်အတူ ဖော်ပြထားသည်။ ကျောင်းပြင်ပသို့ရောက်ရှိနေသော ကလေးများ၏အခြေအနေကို ဆန်းစစ်လေ့လာခြင်းမှတွေ့ရှိချက်များနှင့် ပညာသင်ယူခွင့်ရရှိရေးအတွက် အဟန့်အတားဖြစ်စေသည့်အရာများ စိစစ်ရှာဖွေခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၏ ဆွေးနွေးရရှိချက်များအရ အောက်ပါအကြောင်းအရာများသည် ပညာသင်ယူခွင့်ရရှိရေးအတွက် အဟန့်အတားဖြစ်စေသည့် **ကန့်သတ်ချက်များ** ဖြစ်ကြောင်းသတ်မှတ်ခဲ့ပါသည်–

(၁) ဆင်းရဲနွမ်းပါးခြင်း
(၂) ကလေးအလုပ်သမား
(၃) ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုနှင့် အခြေခံပညာကျောင်းများလုံလောက်မှု မရှိခြင်း
(၄) မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှု အခွင့်အလမ်း
(၅) ပထဝီအနေအထားအရ ကွဲပြားခြားနားမှု

- လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဝေးလံခေါင်ဖျားဒေသများ
- သဘာဝဘေးအန္တရာယ်

(၆) ပညာရေး၏အရေးပါမှုနှင့် မိဘများ၏ပညာရေးအပေါ်စိတ်ပါဝင်စားမှု

- ပညာရေးအခြေခံအဆောက်အအုံ
- သင်ရိုးညွှန်းတမ်း
- ဆရာများ
- စာမေးပွဲစနစ်
- ကျောင်းပြင်ပပညာရေး
- စက်မှု သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး

ဤအရေးကြီးသောပြဿနာများကို နောက်အပိုင်းများတွင်ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ပြင် တည်ဆဲမူဝါဒများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်း ဆွေးနွေးသွားမည်ဖြစ်သည်။ နောက်ဆုံးအပိုင်းတွင် ကန့်သတ်ချက်များနှင့် မူဝါဒဆိုင်ရာတုန့်ပြန်ချက်များနှင့်ပတ်သက်၍ သုတေသနလေ့လာတွေ့ရှိချက်များကို အနှစ်ချုပ်ဖော်ပြသွားမည်ဖြစ်သည်။

၃.၁။ ကန့်သတ်ချက် (၁)။ ဆင်းရဲနွမ်းပါးခြင်း

ဆင်းရဲနွမ်းပါးခြင်းသည် ကလေးများပစ်ပယ်ခံရခြင်းအတွက် အကြီးမားဆုံးသော အဟန့်အတားတစ်ခုဖြစ်သည်။ ဆင်းရဲသားအများစုမှာ ကျေးလက်ဒေသများတွင်နေထိုင်ကြသူများဖြစ်သည့်အတွက် ဤအဟန့်အတားသည် ဆင်းရဲသောမိသားစုဝင်ကလေးများ အထူးသဖြင့် ကျေးလက်ဒေသနေကလေးများအပေါ် သက်ရောက်မှုအများဆုံးဖြစ်သည်။ LFS နှင့် IHLCAS တို့အရ ကလေးများကျောင်းပြင်ပရောက်ရှိရခြင်းအကြောင်းရင်းများမှာ ပညာသင်စရိတ်မတတ်နိုင်ခြင်းကြောင့်နှင့် ကုန်ကျစရိတ်များလွန်းခြင်းကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နေစေကာမူ ပစ်ပယ်ခံကလေးများရှိနေဆဲဖြစ်သည်။

အာရှတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၁၆ခုနှစ် လူသားဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် နိုင်ငံပေါင်း (၁၈၈)နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် (၁၄၅)တွင်ရှိကြောင်းဖော်ပြထားသည်။[၄၀] မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ဆင်းရဲမွဲတေမှုကိုဆန်းစစ်လေ့လာခဲ့သည်။ မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ခဲ့သည့် "အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း (IHLCAS 2009-2010)" အရ ဆင်းရဲမှုရာခိုင်နှုန်း သည် ၂၀၀၄–၂၀၀၅တွင် (၃၂.၁%)ရှိခဲ့ရာမှ ၂၀၀၉–၂၀၁၀တွင် (၂၅.၆%)နှင့် (၂၀၁၅)တွင် (၁၉.၄%) အထိလျော့ကျခဲ့သည်။ ဤလျော့ကျမှုပမာဏသည် ကမ္ဘာ့ဘဏ်၏ခန့်မှန်းချက်ဖြစ်သည့် "ဆင်းရဲမှုသည် ၂၀၀၄ခုနှစ်တွင် (၄၄.၅%)ရှိခဲ့ရာမှ ၂၀၀၉–၂၀၁၀တွင် (၃၇.၅%)နှင့် ၂၀၁၅တွင် (၂၆.၁%)ရှိသည်" ဆိုသည့်လျော့ကျမှုပမာဏနှင့်ကိုက်ညီမှုရှိသည်။ သို့ရာတွင် ဆင်းရဲမွဲတေမှုသည် သိသိသာသာရှိနေဆဲ အထူးသဖြင့် စိုက်ပျိုးရေးနှင့်ပျံကျအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနေကြသော ကျေးလက်ဒေသတွင်ရှိနေဆဲဖြစ်သည်။ ဆင်းရဲမွဲတေမှုမျဉ်းကြောင်းအနီးနေထိုင်သူများသည် စီးပွားရေးလှုပ်ခတ်မှုကို ခံကြရသည်။[၄၁]

၃.၁.၁။ အမျိုးသားကျေးလက်ဒေသဆင်းရဲမွဲတေမှုလျော့ချရေးမဟာဗျူဟာ

အနည်းဆုံး (၇၀%)သောဆင်းရဲနွမ်းပါးသူများသည် ကျေးလက်ဒေသများတွင်နေထိုင်ကြသည်။ ဆင်းရဲမွဲတေမှုလျော့ချခြင်းနှင့် ကြီးပွားချမ်းသာရေးခွဲဝေပေးခြင်းကြောင့် လိုအပ်သောဝန်ဆောင်မှုများ၊ စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များတိုးမြှင့်လာစေနိုင်သည်။ မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှုလျော့ချရေးမဟာဗျူဟာသက်သက်မရှိသော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ပေါင်းများစွာသည် "ရာစုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်" ပထမရည်မှန်းချက်ဖြစ်သော ဆင်းရဲမွဲတေမှုလျော့ချရေးကို အထောက်အကူဖြစ်စေသည်။

နိုင်ငံတော်အစိုးရသည် ဆင်းရဲမွဲတေမှုလျော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ် (PARDAP)၊ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးရေရှည်စီမံကိန်း (NCDP) နှင့် စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများအတွက်မူဘောင် (FESR) အပါအဝင်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အပြင် ပြုပြင်ပြောင်းလဲမှုများဆက်လက်ဆောင်ရွက်ရန်အတွက် ကျယ်ပြန့်သောရည်မှန်းချက်ပန်းတိုင်နှင့် သက်တမ်းလတ်ရည်ရွယ်ချက်များချမှတ်ခဲ့သည်။ နောင်လာမည့်သုံးနှစ်အတွင်းအောင်မြင်မှုအလျင်အမြန်ရရှိစေရန်အတွက် မူဝါဒလုပ်ငန်းစဉ်အပေါ်အာရုံစိုက်သည်။ PARDAP, NCDP နှင့် FESR တို့သည် ဦးစားပေးရလဒ် (၇)ခုပါဝင်သည့် "၂၀၁၁–၂၀၁၄ အမျိုးသားသက်တန်းလတ်ဦးစားပေးမူဘောင်" မှတဆင့် စိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အကူပေးသည်။ ပထမဦးစားပေးရလဒ်မှာ ဆင်းရဲမွဲတေမှုလျော့ချရေးအစီအမံများအပါအဝင် စားနပ်ရိက္ခာလုံခြုံမှုသေချာစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်သည်။ ဆဋ္ဌမဦးစားပေးရလဒ်မှာလူမှုအဖွဲ့အစည်း၏ရုပ်ပိုင်းဆိုင်ရာ၊ သဘာဝနှင့် လူသားရင်းနှီးမြှုပ်နှံမှုတို့ကို ကူညီပံ့ပိုးပေးခြင်းဖြင့် ကျေးလက်လူနေမှုဘဝမြှင့်တင်ပေးရန်ဖြစ်သည်။ မူလဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် စားနပ်ရိက္ခာလုံခြုံမှုရှိရေးသည် အဓိကဦးစားပေးအစီအစဉ်ဖြစ်သော်လည်း "မြန်မာနိုင်ငံမဟာဗျူဟာအခွင့်အလမ်းများအစီအစဉ်" (NMTPF) တွင်ဆင်းရဲမွဲတေမှုလျော့ချရေးအတွက် အစီအမံများပါဝင်ခြင်းသည် မဟာဗျူဟာမူဘောင်အတွင်း ပထမဦးဆုံးဖြစ်သည်။[၄၂]

---

[၄၀] http://hdr.undp.org/en/countries/profiles/MMR

[၄၁] "*Myanmar Poverty Assessment 2017: Part One Examination of Trends between 2004/05 and 2015*". Retrieved November 24, 2017 from http://www.worldbank.org/en/country/myanmar/overview

[၄၂] "*Myanmar Country Strategic Opportunities Programme*"

၃.၁.၂။ ကျေးလက်မြို့ပြကွာခြားချက်

ကျောင်းပြင်ပရောက်ကလေးများအခြေအနေဆန်းစစ်လေ့လာချက်အရ မူလတန်းအရွယ် ကလေးများအတွက် ကျေးလက်ဒေသ၏ OOSCနှုန်းသည် (၁၂.၄%)နှင့် မြို့ပြ၏နှုန်းသည် (၁၁.၉%) ဖြစ်ပြီး အလယ်တန်းအရွယ်ကလေးများအတွက် ကျေးလက်ဒေသ၏ OOSCနှုန်းသည် (၁၂.၇%)နှင့် မြို့ပြဒေသ၏နှုန်းသည် (၈.၈%)ဖြစ်သည်။ ဤသို့ကွာခြားရခြင်းသည် ဆင်းရဲမွဲတေခြင်းကြောင့်ပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ မသင်မနေရအခမဲ့မူလတန်းပညာရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် သွားလာရေးစရိတ်လျော့နည်းခြင်းစသည်တို့ကြောင့် မူလတန်းပညာသင်စရိတ်သည် အသက်သာဆုံး ဖြစ်သည်။ ဆန့်ကျင်ဖက်အနေနှင့် မူကြိုကလေးတစ်ယောက်အတွက် ပညာသင်စရိတ်သည် ကြီးမား လှသည်။ မူကြိုဝန်ဆောင်မှုသည် မြို့ပြဒေသရှိချမ်းသာသောလူနည်းစုအတွက်သာ ဖြစ်နေသေး သည်။[၄၃]

အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ကြားနေသည့် ကလေးများအတွက် ပညာရေးဝန်ကြီးဌာနသည် ကျောင်းလခလွတ်ငြိမ်းခွင့်၊ ကျောင်းသုံးစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များအခမဲ့ဝေငှခြင်း အစရှိသည့် ပညာရေးတိုက်ရိုက်ကုန်ကျစရိတ်များကို ထောက်ပံ့ ပေးလျက်ရှိသည်။ သို့ရာတွင် ကျောင်းသို့သွားလာစရိတ်၊ ကျောင်းလွယ်အိတ်၊ ခဲတံ၊ ခဲဖျက်၊ ကျောင်း ဝတ်စုံ၊ ထီး/မိုးကာ၊ ကျူရှင်စရိတ်၊ အဆောင်နေခ၊ စာမေးပွဲကြေးနှင့် အခြားကုန်ကျစရိတ်များ စသည် တို့အတွက် သွယ်ဝိုက်ကုန်ကျစရိတ်များရှိနေသေးသည်။ ပညာရေးဝန်ကြီးဌာနအနေနှင့် တိုက်ရိုက် ကုန်ကျစရိတ်များကိုအထောက်အပံ့ပေးနေသော်လည်း မိဘများအတွက် သွယ်ဝိုက်ကုန်ကျစရိတ်များ ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေသေးသည်။

၃.၁.၃။ ဗဟိုချုပ်ကိုင်မှုလျှော့ချသောပညာရေးအတွက်ရန်ပုံငွေ

ပညာရေးအတွက်ရန်ပုံငွေကို ဗဟိုချုပ်ကိုင်မှုမှလျှော့ချရခြင်း၏ရည်ရွယ်ချက်မှာ ကျောင်းဖွံ့ဖြိုးတိုးတက် ရေးအထောက်အကူပြုရန်ပုံငွေအစီအစဉ် (SISF) နှင့် ပညာသင်ထောက်ပံ့ရေးအစီအစဉ်များကို တိုးတက် ကောင်းမွန်စေရန်နှင့် တိုးချဲ့ဆောင်ရွက်ရာတွင် အကူအညီပေးရန်ဖြစ်သည်။ အခြေခံပညာမူလတန်း အားလုံး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရန်ပုံငွေကိုခံစားခွင့်ရှိသည်။

ဤအစီအစဉ်နှစ်ရပ်လုံးကို အရည်အသွေးပြည့်မီသော မသင်မနေရမူလတန်းပညာရေး အကောင်အ ထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ၂၀၀၉–၂၀၁၀ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ သည်။ တိကျသောရည်ရွယ်ချက်ချမှတ်ထားမှုမရှိခြင်း၊ တာဝန်နှင့်ဝတ္တရားများကို အသေးစိတ်ဖော်ပြမှု မရှိခြင်း၊ စွမ်းဆောင်ချက်အညွှန်းကိန်းများနှင့် ပညာရေးစနစ်အပေါ်ငင်းတို့၏သက်ရောက်မှုကို ကြီးကြပ်ကွပ်ကဲရန်ပြဋ္ဌာန်းချက်များမရှိခြင်းတို့ကြောင့် ကနဦးအစအကောင်အထည်ဖော်ရာတွင် အခက် အခဲများနှင့် ကြုံတွေ့ကြရသည်။ ထို့ပြင် အဓိကအကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် မြို့နယ် ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအတွက် သင်တန်းလည်းမရှိခဲ့ပါ။

ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအစီအစဉ် (SISF) သည် ဗဟိုချုပ်ကိုင်မှုလျှော့ချသောရန်ပုံ ငွေတစ်ရပ်ဖြစ်သည်။ ဤအစီအစဉ်သည် FESR ၏ရလဒ်တစ်ခုဖြစ်သည်။ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန်ရည်ရွယ် သည်။ ဤရန်ပုံငွေကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် အသုံးပြုနိုင်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သည့်အစီအစဉ်ဖြစ်သည်။ အနည်းငယ်ဖြင့်စခဲ့သော်လည်း

[၄၃] Ibid. p. 25

အလျင်အမြန်ကြီးထွားလာသည်။ ဇယား(၃.၃)တွင် ပညာသင်နှစ်အလိုက် SISF ဖြန့်ဝေမှုကိုဖော်ပြထားသည်။

ဇယား ၃. ၃။ ပညာသင်နှစ်အလိုက် SISF ဖြန့်ဝေမှု

အကျိုးကျေးဇူးခံစားရရှိသူ	ကျောင်းအရေအတွက်	ကျောင်းသားအရေအတွက်			မြန်မာကျပ်ငွေ
၂၀၁၄–၂၀၁၅ ပညာသင်နှစ်	၄၄ ၄၀၄	၁	မှ	၁၀၀	၈၀၀ ၀၀၀
• အခြေခံပညာကျောင်းများ		၁၀၁	မှ	၂၀၀	၁ ၀၀၀ ၀၀၀
		၂၀၁	မှ	၃၀၀	၁ ၂၀၀ ၀၀၀
		၃၀၁	မှ	၄၀၀	၁ ၄၀၀ ၀၀၀
		၄၀၁ နှင့် အထက်			၁ ၆၀၀ ၀၀၀
၂၀၁၆–၂၀၁၇ ပညာသင်နှစ်	၄၆ ၉၈၉	၁	မှ	၅၀	၄၀၀ ၀၀၀
• အခြေခံပညာကျောင်းများ		၅၁	မှ	၁၀၀	၈၀၀ ၀၀၀
• ဘုန်းတော်ကြီးသင်ကျောင်းများ		၁၀၁	မှ	၂၀၀	၁ ၀၀၀ ၀၀၀
• လေ့ကျင့်ရေးကျောင်းများ		၂၀၁	မှ	၃၀၀	၁ ၂၀၀ ၀၀၀
		၃၀၁	မှ	၄၀၀	၁ ၄၀၀ ၀၀၀
		၄၀၁	မှ	၅၀၀	၁ ၆၀၀ ၀၀၀
		၅၀၁ နှင့် အထက်			၁ ၈၀၀ ၀၀၀
၂၀၁၆–၂၀၁၇ ပညာသင်နှစ်	၄၇ ၅၅၇	၁	မှ	၅၀	၄၀၀ ၀၀၀
• အခြေခံပညာကျောင်းများ		၅၁	မှ	၁၀၀	၈၀၀ ၀၀၀
• ဘုန်းတော်ကြီးသင်ကျောင်းများ		၁၀၁	မှ	၂၀၀	၁ ၀၀၀ ၀၀၀
• လေ့ကျင့်ရေးကျောင်းများ		၂၀၁	မှ	၃၀၀	၁ ၂၀၀ ၀၀၀
		၃၀၁	မှ	၄၀၀	၁ ၄၀၀ ၀၀၀
		၄၀၁	မှ	၅၀၀	၁ ၆၀၀ ၀၀၀
		၅၀၁	မှ	၇၀၀	၁ ၈၀၀ ၀၀၀
		၇၀၁	မှ	၉၀၀	၂ ၂၀၀ ၀၀၀
		၉၀၁	မှ	၁၁၀၀	၂ ၆၀၀ ၀၀၀
		၁၁၀၁	မှ	၁၅၀၀	၃ ၀၀၀ ၀၀၀
		၁၅၀၁	မှ	၂၀၀၀	၃ ၄၀၀ ၀၀၀
		၂၀၀၁	မှ	၂၅၀၀	၃ ၈၀၀ ၀၀၀
		၂၅၀၁ နှင့် အထက်			၄ ၂၀၀ ၀၀၀
၂၀၁၆–၂၀၁၇ ပညာသင်နှစ်	၄၈ ၀၃၉	၁	မှ	၅၀	၄၀၀ ၀၀၀
• အခြေခံပညာကျောင်းများ		၅၁	မှ	၁၀၀	၈၀၀ ၀၀၀
• ဘုန်းတော်ကြီးသင်ကျောင်းများ		၁၀၁	မှ	၂၀၀	၁ ၀၀၀ ၀၀၀
• လေ့ကျင့်ရေးကျောင်းများ		၂၀၁	မှ	၃၀၀	၁ ၂၀၀ ၀၀၀
		၃၀၁	မှ	၄၀၀	၁ ၄၀၀ ၀၀၀
		၄၀၁	မှ	၅၀၀	၁ ၆၀၀ ၀၀၀
		၅၀၁	မှ	၇၀၀	၁ ၈၀၀ ၀၀၀
		၇၀၁	မှ	၉၀၀	၂ ၂၀၀ ၀၀၀
		၉၀၁	မှ	၁၁၀၀	၂ ၆၀၀ ၀၀၀
		၁၁၀၁	မှ	၁၅၀၀	၃ ၀၀၀ ၀၀၀
		၁၅၀၁	မှ	၂၀၀၀	၃ ၄၀၀ ၀၀၀
		၂၀၀၁	မှ	၂၅၀၀	၃ ၈၀၀ ၀၀၀
		၂၅၀၁ နှင့် အထက်			၄ ၂၀၀ ၀၀၀

ကျောင်းသားများပညာသင်ထောက်ပံ့ရေးအစီအစဉ်သည် ဆင်းရဲသောမိသားစုများမှကလေးများအတွက် အထောက်အပံ့ပေးသည့် ဗဟိုချုပ်ကိုင်မှုမှလျော့ချသည့် အစီအစဉ်နောက်တစ်မျိုးဖြစ်သည်။ ကလေးများပညာဆက်လက်သင်ယူနိုင်ရန်အတွက် မိသားစုကို ငွေကြေးထောက်ပံ့သည့်အစီအစဉ်ဖြစ်သည်။ ဆင်းရဲသောကလေးများအတွက် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကို ၂၀၁၁–၂၀၁၂ပညာသင်နှစ်တွင် စတင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနသည် ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် မြို့နယ်(၈)မြို့နယ်မှ ကျောင်းများကိုရွေးချယ်ကာ တိုးချဲ့ဒီဇိုင်းဖြင့် စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ ကျောင်းထွက်နှုန်းအများဆုံးဖြစ်သောကျောင်းများရှိ ငွေကြေးထောက်ပံ့မှုအများဆုံးလိုအပ်သည့် ကျောင်းသားများကို မြို့နယ်ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ဆုရွေးချယ်ရေးကော်မတီမှဆုံးဖြတ်ရွေးချယ်ခဲ့သည်။ ၂၀၁၅–၂၀၁၆ပညာသင်နှစ်တွင် မြို့နယ်ပေါင်း(၂၇) မြို့နယ်အထိတိုးတက်လာသည်။ ၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင် (၅၅)မြို့နယ်မှ ကျောင်းသားပေါင်း (၁၉၂၃၅၅)ယောက်အထိ ပညာသင်ထောက်ပံ့ကြေးပေးနိုင်ခဲ့သည်။ တိုးချဲ့ဒီဇိုင်းတွင် ကျောင်းထွက်ရန်အလားအလာအရှိဆုံး စတုတ္ထတန်းမှ ဒဿမတန်းအထိ ကျောင်းသားများကို အဓိကထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်းရဲသောကလေးအားလုံးကို ထောက်ပံ့နိုင်ရန်အတွက် ဤအစီအစဉ်ကိုတိုးချဲ့ရန်နှင့် ငွေကြေးပိုမိုသုံးစွဲရန် လိုအပ်သည်။ ကမ္ဘာ့ဘဏ်၏စစ်တမ်းအရ ပညာသင်ထောက်ပံ့ရေးအစီအစဉ်ကြောင့် ကျောင်းသားများ ကျောင်းအပ်နှုန်းပိုမိုမြင့်မားလာကြောင်းတွေ့ရသည်။

၃.၁.၄။ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်

မြန်မာနိုင်ငံတွင် လူမှုကာကွယ်ရေးအစီအစဉ်အနည်းငယ်သာရှိသည်။ ဆင်းရဲသောအိမ်ထောင်စုများ၊ လူသားချင်းစာနာထောက်ထားမှုလိုအပ်သော အိမ်ထောင်စုများအတွက် စနစ်တကျဖွဲ့စည်းထားသော ဘေးကင်းလုံခြုံရေးကွန်ယက်မရှိခြင်းကြောင့် ဆင်းရဲခြင်းနှင့်ဆက်စပ်လျက် ကလေးများပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးနေကြရသည်။ သို့ရာတွင် **မြန်မာနိုင်ငံ၏ လူမှုကာကွယ်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၄)**[၄၄] အရ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဆင်းရဲသောအိမ်ထောင်စုများ၊ လူသားချင်းစာနာထောက်ထားမှုလိုအပ်သော အိမ်ထောင်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဤအစီအစဉ်တွင် ဦးစားပေးလုပ်ငန်း (၈)ခု ပါဝင်ပြီး ၎င်းတို့အနက်(၄)ခုမှာ – ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်နှစ်နှစ်အောက်ကလေးများအတွက် ငွေကြေးထောက်ပံ့ရေး၊ ကလေးအသက်အရွယ်ကို တစ်ဖြည်းဖြည်းတိုးချဲ့သွားရေး၊ မသန်စွမ်းသူများကို ငွေကြေးထောက်ပံ့ရေးနှင့် လူမှုရေးပင်စင်ပေးရေးတို့ဖြစ်သည်။ ဤထောက်ပံ့ခြင်းသည် ခြွင်းချက်မရှိငွေလွှဲပြောင်းခြင်း (Unconditional Cash Transfer – UCT) ပုံစံဖြစ်သည်။ အခြားအစီအစဉ်တစ်ခုဖြစ်သည့် အလုပ်အကိုင်ရှာဖွေပေးခြင်းအစီအစဉ်သည် အခြေအနေအရငွေလွှဲပြောင်းခြင်း (Conditioned Cash Transfer – CCT) ပုံစံဖြစ်သည်။

ယနေ့အထိ အစီအစဉ်နှစ်ခုကိုသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သေးသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်(၂)နှစ်အောက်ကလေးများအတွက် ငွေကြေးထောက်ပံ့ရေးအစီအစဉ်ကို ပြည်နယ်တိုင်းဒေသကြီး(၃)ခုတွင်လည်းကောင်း၊ အသက်(၉၀)နှင့်အထက်ရှိသော သက်ကြီးရွယ်အိုများအတွက် ငွေကြေးထောက်ပံ့ရေးအစီအစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့်လည်းကောင်း ဆောင်ရွက်

---

[၄၄] The Republic of the Union of Myanmar. "*Myanmar National Social Protection Plan*". December 2014. p. 55. Retrieved December 5, 2017 from http://www.social-protection.org/gimi/gess/RessourcePDF.action?ressource.ressourceId=50377

နေပြီဖြစ်သည်။ ပညာရေးရလဒ်ကောင်းများရရှိလာစေရေးနှင့် ဆက်စပ်သောအစီအစဉ်တွင် အသက် (၅)နှစ်မှ (၁၅)နှစ်အထိကလေးများအား ငွေကြေးထောက်ပံ့ရေးအစီအစဉ်နှင့် ကျောင်းတွင်းအာဟာရကျွေးမွေးရေးအစီအစဉ်များပါဝင်သည်။ ဤအစီအစဉ်ကို ယနေ့တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။

(က) ငွေလွှဲပြောင်းအစီအစဉ် (Cash Transfer – CT Programme)

CT သည် ဆင်းရဲမွဲတေသူများနှင့် အားနည်းချက်ရှိသောအိမ်ထောင်စုများအား ငွေကြေး (သို့မဟုတ်) ငွေကြေးနှင့်အလားတူ (ဥပမာ – ငွေကြေးဖြတ်ပိုင်းများ)ကို လွှဲပြောင်းပေးသည့်အစီအစဉ်ဖြစ်သည်။လိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်းဖြင့် အကျိုးဖြစ်ထွန်းသောလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်လာစေနိုင်မည်ဖြစ်သည်။[၄၅] ခြွင်းချက်မရှိငွေလွှဲပြောင်းခြင်း (Unconditional Cash Transfer – UCT)သည် မည်သည့်အခြေအနေဟူ၍သတ်မှတ်ထားခြင်းမရှိဘဲ ဆင်းရဲမွဲတေခြင်းကိုလျှော့ချခြင်းဖြစ်ပြီး၊ အခြေအနေအရငွေလွှဲပြောင်းခြင်း (Conditioned Cash Transfer – CCT) သည် ကလေးများကျောင်းတက်ရန် (သို့မဟုတ်) ကျန်းမာရေးနှင့် အာဟာရဆိုင်ရာဝန်ဆောင်မှုများရရှိရန် အစရှိသည်ဖြင့် စီမံကိန်းရည်ရွယ်ချက်များပေါက်မြောက်စေမှုကို အခြေခံခြင်းဖြစ်သည်။[၄၆]

ကျောင်းထွက်နှုန်းကျဆင်းရေးနှင့် ဆင်းရဲမွဲတေသောကလေးများ၊ လူသားချင်းညှာတာထောက်ထားမှုအများဆုံးလိုအပ်နေသောကလေးများ ပညာသင်ယူမှုအခွင့်အလမ်းများပိုမို ရရှိရေးတို့အတွက် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပညာသင်ထောက်ပံ့ရေးအစီအစဉ်သည် မြန်မာနိုင်ငံ၏ အခြေအနေပေါ်မူတည်သည့် CCT အစီအစဉ်ဖြစ်သည်။ ဤပညာသင်ထောက်ပံ့ရေးအစီအစဉ်သည် ကျောင်းတွင်ရောက်ရှိနေပြီးသောကလေးများအတွက်ဖြစ်ပြီး မိဘ (သို့မဟုတ်)အုပ်ထိန်းသူများသို့ ငွေလွှဲပြောင်းပေးသည်။

လက်တွေ့ဆောင်ရွက်လာသည့် အတွေ့အကြုံများအရ (၁) အမှန်တကယ်လိုအပ်သော ကျောင်းများနှင့် ကလေးများကိုရွေးချယ်နိုင်ရန်အတွက် စံပြုအချက်အလက်များနှင့် ရပ်ရွာ၏ထောက်ခံချက်တို့ကို ပူးပေါင်းစဉ်းစားရန်၊ (၂) ရပ်ရွာအဆင့်တွင် ရပ်မိရပ်ဖများ၏ပူးပေါင်းဆောင်ရွက်မှုရယူရန် (၃) ဆောင်ရွက်နေသူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် (၄) ပညာသင်ထောက်ပံ့ကြေးနှင့်အတူ အခြားအထောက်အပံ့များ (တိုက်ရိုက်နှင့် သွယ်ဝိုက်ပညာသင်စရိတ်များ) ပေးရန်ဖော်ပြနေသည်။[၄၇] ဤပညာသင်ထောက်ပံ့ရေးအစီအစဉ်ကြောင့် ကလေးများ၏ပညာရေးတွင် မိဘများစိတ်ပါဝင်စားမှုရှိလာကြပြီး ကလေးများကျောင်းတက်နှုန်း မြင့်မားလာသည်။[၄၈]

၂၀၁၄ခုနှစ် လူမှုကာကွယ်ရေးမဟာဗျူဟာစီမံကိန်းအရ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးရှိ ကလေးအားလုံးအတွက် ငွေကြေးထောက်ပံ့မှုပေးရမည်ဖြစ်သည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ပထမနှစ်တွင် အသက်(၃)နှစ်အရွယ်ကလေးများမှ စတင်ထောက်ပံ့ရန်နှင့် တစ်နှစ်ပြီးတစ်နှစ် အသက်အရွယ်တိုးမြှင့်ပေးသွားရန်အစီအစဉ်

---

[၄၅] Baird S., McIntosh, C., and Özler, B. (2010) "*Cash or Condition? Evidence from a Cash Transfer Experiment*". Policy Research Working Paper 5259. Washington, DC: World Bank.

[၄၆] Fiszbein, A. and Schady, N., et al (2011) "Document of the World Bank". p. 18.

[၄၇] SC (Save the Children) (2015b) "*Qualitative Assessment: Consolidated Report Myanmar School Grant & Stipend Programme Phase 1 & 2*". Yangon: SC.

[၄၈] Ibid

ဖြစ်သည်။ ကလေးတစ်ယောက်အတွက် တစ်လလျှင်မြန်မာကျပ်ငွေ (၈၀၀၀) ကျပ် ထောက်ပံ့မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ အစီအစဉ်ပြီးဆုံးလျှင် စုစုပေါင်းပြည်တွင်းထုတ်ကုန်၏ (၀.၉၈%)ရှိမည်ဖြစ်သည်။[၄၆] ရည်ရွယ်ချက်မှာ မိသားစုများအားထောက်ပံ့ခြင်းအားဖြင့် ကလေးများ၏ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရန် နှင့် ကလေးအပေါ်အကောင်းဆုံးစိတ်ဝင်စားမှုရှိလာစေရန်ဖြစ်သည်။ သို့ရာတွင် ဤအစီအစဉ်ကို အကောင်အထည်မဖော်ရသေးပါ။

(ခ) ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်

ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်သည် အစားအစာလုံလောက်မှုမရှိသော ဧရိယာအတွင်းရှိ ကျောင်းအပ်နှံနိုင်သောကျောင်းများတွင် ကျောင်းတွင်းနေ့လည်စာ ကျွေးမွေးခြင်းနှင့်/သို့မဟုတ် အိမ်သို့ရိက္ခာထောက်ပံ့ခြင်းဖြစ်သည်။ ဤအစီအစဉ်တွင် ရပ်ရွာနှင့်မိသားစုများပူးပေါင်းပါဝင်လာစေရန် စီမံဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံတွင် ပရောဂျက်ဧရိယာများတွင်သာ ဆောင်ရွက်နိုင်သေးသည်။ ဥပမာ — ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ၂၀၁၆ခုနှစ် ကျောင်းတွင်းအာဟာရ ကျွေးမွေးရေးအစီအစဉ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး (၅)ခုရှိ မြို့နယ်ပေါင်း (၄၉)မြို့နယ်တွင်သာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သေးသည်။[၅၀]

၂၀၁၄ခုနှစ် လူမှုကာကွယ်ရေးမဟာဗျူဟာစီမံကိန်းအရ နိုင်ငံတော်အစိုးရ၏ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းဦးစားပေးအစီအစဉ်[၅၁] သည် ကျောင်းတက်နေသော ကလေးတစ်ယောက်ကို တစ်နေ့ထမင်းတစ်နပ်ကျွေးရန်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ အစိုးရကျောင်းများအားလုံးပါဝင်ပြီး ပညာသင်နှစ်တစ်နှစ်လုံးကျွေးမွေးသွားရန်ဖြစ်သည်။ အစပထမတွင် အစားအစာမလုံလောက်သောဧရိယာများအတွင်းရှိ ကျောင်းအပ်နှံနိုင်သော ကျောင်းများကို ရွေးချယ်အကောင်အထည်ဖော်ရန်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ကျောင်းအပ်နှံနိုင်မှုမြင့်မားလာရန်၊ ကျောင်းထွက်နှုန်းလျော့ချရန်၊ ကျောင်းတက်မှန်ရန်နှင့် ကလေးများ၏သင်ယူမှု အရည်အသွေးများမြင့်မားလာစေရန်တို့ဖြစ်သည်။ ကျောင်းအားလုံးတွင် အကောင်အထည်ဖော်နိုင်သည့်အချိန်တွင် ခန့်မှန်းကုန်ကျစရိတ်မှာ GDP၏ (၀.၆၄%)ဖြစ်ပြီး ၂၀၂၀ခုနှစ်တွင် ကလေးကိုးသန်းကျော်ရရှိနိုင်မည်ဖြစ်သည်။

၃.၁.၅။ ထောက်ခံအကြံပြုချက်များ

- ပညာရေးဝန်ကြီးဌာနအနေနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေအစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ရန်နှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်အကြံပြုပါသည်။ တိုးချဲ့ဆောင်ရွက်ရန်ဟုဆိုလိုသည်မှာ နှစ်စဉ်ထောက်ပံ့ငွေတိုးမြှင့်ပေးရန်ဖြစ်သည်။ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်ဆိုသည်မှာ ကမ္ဘာ့အတွေ့အကြုံများမှ တီထွင်ဆန်းသစ်ချက်များကို ရယူရန်နှင့်ယုံကြည်စိတ်ချရသောစီမံခန့်ခွဲမှုကို ရရှိရန်ဖြစ်သည်။ ရှိရင်းစွဲလမ်းညွှန်မှုများကိုပြင်

---

[၄၆] The Republic of the Union of Myanmar. "*Myanmar National Social Protection Plan*". December 2014. p. 55. Retrieved December 5, 2017 from http://www.social-protection.org/gimi/gess/RessourcePDF.action?ressource.ressourceId=50377

[၅၀] See for example https://www.wfp.org/sites/default/files/wfpMYA_SchoolFeeding_Apr16%20FINAL.pdf

[၅၁] The Republic of the Union of Myanmar. "*Myanmar National Social Protection Plan*". December 2014. p. 55. Retrieved December 5, 2017 from http://www.social-protection.org/gimi/gess/RessourcePDF.action?ressource.ressourceId=50377

ဆင်ခြင်း၊ သင်တန်းပေးခြင်းအားဖြင့် တီထွင်ဆန်းသစ်ချက်များကို ဆောင်ရွက်သင့်သည်။ တီထွင်ဆန်းသစ်ချက်များတွင် အောက်ပါတို့ကိုထည့်သွင်းစဉ်းစားသင့်သည်။ (၁) အတိအကျ သတ်မှတ်ထားသည့် အစီအစဉ်ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ချက်အညွှန်းကိန်းများ ပါဝင်ရန်၊ (၂) ထောက်ပံ့ငွေကို ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက်အသုံးပြုရန်၊ (၃) ကျောင်းအဆင့်အသုံးပြုမှုတွင် ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်တိုးမြှင့်ပေးရန်၊ (၄) ရပ်ရွာပါဝင်ဆောင်ရွက်မှုကိုအားပေးရန်၊ (၅) ငွေရေးကြေးရေးရှင်းတမ်းအတွက် စံပြုပုံစံဖော်ထုတ်ရန်၊ (၆) စာရင်းစစ်ဆေးခြင်းအတွက် တင်ကူးပြင်ဆင်စီမံထားချက်ပြုရန် နှင့် (၇) အစီအစဉ်တိုးတက်မှု အစီရင်ခံစာကို ပညာရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်စနစ်နှင့် ချိတ်ဆက်ထားရန်။

- ပညာရေးဝန်ကြီးဌာနအနေနှင့် ပညာသင်ထောက်ပံ့ရေးအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ရန်နှင့် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်အကြံပြုပါသည်။ အစိုးရအထောက်အကူပြု ကျောင်းအားလုံး ပညာသင်ထောက်ပံ့ကြေးခံစားခွင့်ရှိသော်လည်း ကျောင်းသား(၁၁၀၀၀)ကိုသာ ချီးမြှင့်နိုင်သေးသည့်အတွက် သက်ရောက်မှုအနေနှင့် အလွန်နည်းနေသေးသည်။ ပညာသင်ထောက်ပံ့ရေးအစီအစဉ်သစ်တွင် ကျောင်းအရေအတွက်နှင့် ကျောင်းသားဦးရေတိုးမြှင့်ရန် ပါဝင်သည်။ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်ဆိုသည်မှာ ကမ္ဘာ့အတွေ့အကြုံများမှ တီထွင်ဆန်းသစ်ချက်များကိုရယူရန်နှင့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည်။ ရှိရင်းစွဲလမ်းညွှန်မှုများကိုပြင်ဆင်ခြင်း၊ သင်တန်းပေးခြင်းအားဖြင့် တီထွင်ဆန်းသစ်ချက်များကို ဆောင်ရွက်သင့်သည်။ တီထွင်ဆန်းသစ်ချက်များတွင် အောက်ပါတို့ကိုထည့်သွင်းစဉ်းစားသင့်သည်။ (၁) အတိအကျ သတ်မှတ်ထားသည့် အစီအစဉ်ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ချက်အညွှန်းကိန်းများပါဝင်ရန်၊ (၂) ဆောင်ရွက်မည့်မြို့နယ်များရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ (၃) မြို့နယ်အတွင်း ကျောင်းများနှင့် ကျောင်းသားများရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိရန်၊ (၄) အခြေအနေပေါ်တွင်မူတည်ရွေးချယ်ရမည်ဖြစ်၍ ရွေးချယ်မည့်အခြေအနေကို တိတိကျကျသတ်မှတ်ထားရန်၊ (၅) ရပ်ရွာပါဝင်ဆောင်ရွက်မှုကိုအားပေးရန်၊ (၆) စာရင်းစစ်ဆေးခြင်းအတွက် တင်ကူးပြင်ဆင်စီမံထားချက်ပြုရန်နှင့် (၇) အစီအစဉ်တိုးတက်မှုအစီရင်ခံစာကို ပညာရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်စနစ်နှင့် ချိတ်ဆက်ထားရန်။
- ပညာရေးဝန်ကြီးဌာနအနေနှင့် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အစီအစဉ်များအကောင်အထည်ဖော်ခြင်းများ အားကောင်းလာစေရန် စွမ်းရည်မြှင့်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးသင့်သည်။
- ကျောင်းဖွံ့ဖြိုးတိုးတက်ရေးရံပုံငွေအစီအစဉ်တွင် အောက်ပါအချက်များကို စဉ်းစားသင့်သည်။ (၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ရပ်ရွာအခြေပြုကျောင်းများကိုလည်း ထည့်သွင်းရန်၊ (၂) ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆရာများအတွက် ရက်ရှည်သင်တန်းများပေးရန်၊ (၃) ကြံ့ခိုင်သော ကြီးကြပ်ကွပ်ကဲမှုနည်းလမ်းများဖော်ထုတ်ရန်၊ (၄) ကျောင်းအတွက် မိဘ/ရပ်ရွာ၏ ပံ့ပိုးကူညီမှုများကို အစားထိုးခြင်းမဖြစ်စေရန်၊ (၅) ကော်မတီအသစ်ဖွဲ့စည်းမည့်အစား ရှိပြီးသားမိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့၏ အင်အားကိုအပြည့်အဝအသုံးချရန်။
- ပညာသင်ထောက်ပံ့ရေးအစီအစဉ်တွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ (၁) စတုတ္ထတန်းအောက်ကလေးများကိုလည်း ထည့်သွင်းရန်၊ (၂) အခွင့်အရေး ပိုမိုဆုံးရှုံးနေသောကလေးများ အထူးသဖြင့်မသန်စွမ်းကလေးများအထိ အကျိုးခံစားခွင့်ရရှိစေရန် ပြည်တွင်း

/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် နှင့် (၃) ဝေးလံသောဒေသအတွက် တိုင်ကြားရန်(၇)ရက်တာအချိန်ပေးထားမှုသည် မလုံလောက်နိုင်သည့်အတွက် တိုင်ကြားချိန်ကာလ ပိုမိုတိုးမြှင့်ပေးရန်။

၃.၂။ ကလေးလုပ်သားများ

ကျောင်းထွက်ခြင်းသည် အလုပ်လုပ်ခြင်းနှင့်ဆက်စပ်နေသည်။ LFS KAP လေ့လာချက်အရ အလုပ်မလုပ်သောကလေးများ၏(၉၀%)သည် ကျောင်းတက်နိုင်ကြပြီး အလုပ်လုပ်သောကလေးများ၏(၁၀%)သည်သာလျှင် ကျောင်းတက်နိုင်ကြသည်။[၁၂] ကလေးများမူလတန်းပြီးဆုံးသည့်တရားဝင်အသက် (၁၀) နှစ်ဖြစ်ချိန်တွင် အသက်လွန်ကျောင်းသားအများစု၏မူလတန်းပြီးဆုံးသက်မှာ (၁၁)နှစ်နှင့် (၁၂)နှစ် ကြားရှိသည်။ တရားဝင်အလုပ်လုပ်ခွင့်ရရှိသည့် အနိမ့်ဆုံးအသက်မှာ (၁၄)နှစ်ဖြစ်သည်။ မူလတန်းပြီးဆုံးသက်နှင့် တရားဝင်အလုပ်လုပ်ခွင့် အနိမ့်ဆုံးအသက်တို့ကွာခြားချက်သည် ကလေးအလုပ်သမား အုပ်စုကို ပိုမိုကြီးထွားလာစေသည်။

ကျောင်းပြင်ပရောက်ကလေးများအခြေအနေ လေ့လာဆန်းစစ်ချက်အရ အလုပ်လုပ်သောကလေးများသည် အလုပ်မလုပ်သောကလေးများထက် ကျောင်းထွက်ရန်အလားအလာပိုရှိကြောင်းတွေ့ရသည်။ အလုပ်လုပ်သော မူလတန်းအရွယ်ကလေးများအနက် (၃၆.၈%)သည်လည်းကောင်း၊ အလုပ်လုပ်သော အလယ်တန်းအရွယ်ကလေးများအနက် (၉၄.၅%)သည်လည်းကောင်း ကျောင်းပြင်ပသို့ရောက်ရှိနေကြသည်။ အလယ်တန်းအရွယ်ကျောင်းပြင်ပရောက်ကလေးများအနက် ရာခိုင်နှုန်းအနည်းငယ်သာလျှင် အလုပ်မလုပ်ကြရပါ။ မူလတန်းနှင့်အလယ်တန်းအရွယ်ကလေးဦးရေနှင့် နှိုင်းစာလျှင် ကလေးလုပ်သားအရေအတွက်မှာ ပမာဏအားဖြင့်မပြောပလောက်သော်လည်း သက်ရောက်မှုကြီးမားသော ပြဿနာတစ်ရပ်ဖြစ်သည်။

မြန်မာကလေး အရေအတွက်တော်တော်များများသည် ကျောင်းထွက်ပြီးလုပ်ငန်းခွင်သို့ဝင်ရောက်နေကြသည်။

ကလေးများသည် လက်ဖက်ရည်ဆိုင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ အိမ်မှုကိစ္စများနှင့် လယ်ယာလုပ်ငန်းများတွင် အလုပ်လုပ်နေကြသည်။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (၂၀၁၄)အရ အသက်(၁၄)နှစ်မှ (၁၇)နှစ်အကြား ကလေးဦးရေစုစုပေါင်း၏ လေးပုံတစ်ပုံနီးပါးသည် အလုပ်လုပ်နေကြရသည်။ [၁၃] ရန်ကုန်၊ လှိုင်သာယာစက်မှုဇုံတွင် ILO ၏ လေ့လာချက်အရ အသက်(၁၀)နှစ်မှ (၁၇)နှစ်အတွင်း ကလေးများသည် ဈေးဆိုင်များ၊ စက်ရုံများ၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကအိမ်များတွင် အလုပ်လုပ်နေကြရပြီး ကလေးအများစုမှာ တရားဝင်အသက်မရောက်မီကပင် အလုပ်လုပ်ခဲ့ကြရသည်။[၁၄] ၂၀၁၄ခုနှစ်ကလေးလုပ်သားအညွှန်းကိန်းအရ နိုင်ငံပေါင်း

---

[၁၂] ILO. 2015. "*Knowledge, Attitudes, and Practices (KAP) Study on Child Labor in Yangon, Ayeyarwady Region, and Mon State*," (p. 38).

[၁၃] Ibid. p.11.

[၁၄] ILO. 2016. "*Child Labor Rapid Assessment in Hlaing Thar Yar Industrial Zone in Yangon, Myanmar*."

(၁၉၇)နိုင်ငံအနက် မြန်မာနိုင်ငံသည် ထိပ်ဆုံးအဆင့် (၁၀)တွင် ရောက်ရှိနေသည်။[၁၅] ဤကလေးလုပ်သားများ အခြေအနေသည် မြန်မာနိုင်ငံ၏ဂုဏ်သတင်းကို ညှိုးနွမ်းစေသည်။

ဆင်းရဲနွမ်းပါးခြင်းသည် ကလေးလုပ်သားဖြစ်ရခြင်း၏ အဓိကတရားခံဖြစ်သည်။

ကလေးများအလုပ်လုပ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အိမ်ထောင်စုငွေရေးကြေးရေးကြပ်တည်းခြင်းကြောင့်ဖြစ်သည်။[၁၆] မြန်မာနိုင်ငံတွင်ခန့်မှန်းခြေအားဖြင့် အိမ်ထောင်စုများအားလုံး၏ သုံးပုံတစ်ပုံသည် ဆင်းရဲမွဲတေကြသည်။[၁၇] ကလေးလုပ်သားများ၊ ၎င်းတို့၏မိဘများနှင့် ILO တွေ့ဆုံမေးမြန်းရာတွင် မိသားစုစားဝတ်နေရေးအတွက် ကလေးများတွင်လည်းတာဝန်ရှိသည်ဟု အများကယူဆကြကြောင်းနှင့် ဤအခြေခံယူဆချက်ကြောင့်ပင် ကလေးများအလုပ်လုပ်နေရသည်ကို လူ့အဖွဲ့အစည်းက လက်ခံကြကြောင်းတွေ့ရှိခဲ့သည်။[၁၈]

၃.၂.၁။ လက်ရှိဆောင်ရွက်ချက်များနှင့် အစပျိုးဆောင်ရွက်ချက်များ

ကလေးလုပ်သားကိစ္စရပ်အမျိုးမျိုးကို ဖြေရှင်းရန်အတွက် အဖွဲ့အစည်းများသည် ဆင်းရဲနွမ်းပါးခြင်းနှင့် ပညာရေးအပါအဝင်အစပျိုးဆောင်ရွက်ချက်များစွာကို ဆောင်ရွက်လျက်ရှိကြသည်။ အချို့အဖွဲ့အစည်းများသည် လူကုန်ကူးမှုနှင့် ကလေးစစ်သားပြဿနာများနှင့် ပတ်သက်၍လည်းကောင်း၊ အချို့အဖွဲ့အစည်းများသည် အထည်ချုပ်စက်ရုံများတွင်ပေါ်ပေါက်တတ်သော အလုပ်သမားပြဿနာများနှင့် ပတ်သက်၍ လည်းကောင်း၊ အချို့သည် ကလေးနှင့်လူငယ်အလုပ်သမားများနှင့် ပတ်သက်၍ လည်းကောင်း ဆောင်ရွက်နေကြသည်။

အဆိုပါလုပ်ငန်းများမှ ရရှိလာသည့် အတွေ့အကြုံများနှင့် အသိပညာများသည် ကလေးလုပ်သားကိစ္စနှင့်ပတ်သက်၍ အနာဂတ်လုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေသည်။ ဥပမာအားဖြင့်–

- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)သည် မြန်မာနိုင်ငံအစိုးရနှင့်အတူ ပူးပေါင်း၍ ကလေးလုပ်သားဥပဒေအပေါ် အကြံဉာဏ်ပေးခြင်းအပါအဝင် အလုပ်သမားဥပဒေပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်လျက်ရှိသည်။ ILO ၏ မြန်မာနိုင်ငံကလေးလုပ်သားပပျောက်ရေးစီမံကိန်း[၁၉] တွင် ကလေးများကို ကျောင်းသို့စေလွှတ်စေရန်အတွက် မိသားစုများအား မက်လုံးပေးခြင်းအစရှိသည့် ကလေးအလုပ်သမားများအတွက် ဝင်ရောက်စွက်ဖက်မှုပုံစံများစမ်းသပ်ရန် ရှေ့ပြေးစီမံကိန်းများပါဝင်သည်။ ILO သည်အစိုးရအလုပ်သမားစစ်ဆေးရေးမှူးများ၊ အလုပ်ရှင်နှင့်အလုပ်သမားများအတွက် အလုပ်သမားပြဿနာများနှင့်ပတ်သက်၍ သင်တန်းများလည်းပေးသည်။ ကလေးအလုပ်သမားနှင့်ပတ်သက်၍ ပြည်သူလူထု၏အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို မီဒီယာများအသုံးပြု၍လည်းကောင်း၊ ကျောင်းများနှင့် လူမှုအသိုင်းအဝိုင်းများနှင့် တိုက်ရိုက်ဆက်သွယ်၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

---

၁၅ Verisk Maplecroft. 2014. "*Child Labor Index 2014*."

၁၆ ILO KAP study, p. 35.

၁၇ According to World Bank estimates

၁၈ Interview, Myanmar Centre for Responsible Business.

၁၉ *The ILO's Myanmar Project on Elimination of Child Labor (My-PEC)* http://www.ilo.org/ipec/projects/global/WCMS_356062/lang--en/index.htm

- မြန်မာနိုင်ငံအထည်ချုပ်ထုတ်လုပ်ခြင်းလုပ်ငန်းအသင်း (MGMA)မှ အသင်းဝင်များအတွက် ကျင့်ဝတ်များကိုဖော်ထုတ်ထားသည်။ ဤအသင်းတွင် မြန်မာတစ်နိုင်ငံလုံးမှ အထည်ချုပ်စက်ရုံ ပေါင်း (၃၅၀)ဝန်းကျင်ပါဝင်သည်။
- ကလေးများပညာသင်ယူမှုအခွင့်အလမ်းရရှိရေးနှင့် ကဏ္ဍအားလုံးအတွက်အလုပ်လုပ်ခွင့် အနိမ့်ဆုံးအသက် သတ်မှတ်ရေးတို့အပေါ် သက်ရောက်စေမည့် ကလေးသူငယ်ဥပဒေနှင့် ပညာရေးဥပဒေပြောင်းလဲမှုများအပါအဝင် မြန်မာနိုင်ငံအစိုးရ၏ ကလေးသူငယ်အခွင့်အရေးဥပဒေပြင်ဆင်ရာတွင် UNICEF က အထောက် အပံ့ပေးခဲ့သည်။ ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးအလုပ်ယန္တရားများဖော်ထုတ်ရာတွင်လည်း အထောက်အကူပေးခဲ့သည်။ အလုပ်သမားဝန်ကြီးဌာန၊ စက်ရုံအလုပ်ရုံများနှင့် အထွေထွေအလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန[၆၀]မှ စက်ရုံအလုပ်ရုံများအတွက် အသိပညာပေးစာစောင်များပြုစုရာတွင်လည်းကောင်း၊ ကလေးအလုပ်သမားပြဿနာများနှင့်ပတ်သက်၍ အလုပ်သမားစစ်ဆေးရေးမှူးများအတွက် အရည်အသွေးမြှင့်တင်ပေးရန်လည်းကောင်း၊ ကြီးကြပ်ကွပ်ကဲမှုယန္တရားများ ဖော်ထုတ်ရာတွင်လည်းကောင်း UNICEF က အထောက်အကူပေးခဲ့သည်။ ကလေးအလုပ်သမားကာကွယ်တားဆီးရေးနှင့်ပြန်လည်ကုစားရေး အစီအစဉ်များတွင် မိတ်ဖက်များပိုမိုကျယ်ပြန့်စွာပါဝင်လာစေရေး လုပ်ငန်းများလည်းဆောင်ရွက်ဆဲဖြစ်သည်။
- Save the Children, World Vision အစရှိသည့်အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများသည်လည်း ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရ၏ လူမှုရေးအလုပ်အခြေခံအဆောက်အအုံပေါ်ပေါက်လာစေရေးလုပ်ငန်းတွင် ကူညီပံ့ပိုးပေးခဲ့သည်။
- မြန်မာမိုဘိုင်းပညာရေးစီမံကိန်း (MyME) သည် လက်ဖက်ရည်ဆိုင်များတွင်အလုပ်လုပ်နေသည့် ကလေးများအတွက် ရွှေ့လျားစာသင်ကျောင်းများအသုံးပြု၍ အသိပညာနှင့် ကျွမ်းကျင်မှုများလေ့ကျင့်ပေးသည်။
- မြန်မာနိုင်ငံအလုပ်အကိုင်တာဝန်ယူမှုဗဟိုဌာန (Myanmar Centre for Responsible Business) သည် ကလေးလုပ်သားအလေ့အကျင့် စုံစမ်းစစ်ဆေးမှုပါဝင်သည့် စက်မှုလုပ်ငန်းများတွင်ပေါ်ပေါက်တတ်သည့် လူ့အခွင့်အရေးဆိုင်ရာပြဿနာများကိုစစ်ဆေးအကဲဖြတ်ချက်များ ဖော်ထုတ်ခဲ့သည်။
- မြန်မာနိုင်ငံတာဝန်ရှိသော အရင်းအမြစ်ရှာဖွေရေးအဖွဲ့ (Myanmar Responsible Sourcing Working Group) သည် ကလေးလုပ်သားအပါအဝင် အထည်ချုပ်လုပ်ငန်းကဏ္ဍနှင့်ပတ်သက်သည့်လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို နားလည်သဘောပေါက်ရန်နှင့် ထိတွေ့ဆက်ဆံရန်နေရာတစ်ခုဖြစ်သည်။
- အမျိုးသားရေးနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တရားဝင်အလုပ်လုပ်ခွင့်အသက်အရွယ်နှင့် အလုပ်အကိုင်အခြေအနေများအပါအဝင် အလုပ်သမားရေးရာကိစ္စရပ်များ

[၆၀] Responsible for enforcing occupational health and safety rules, mainly through factory inspections and training.

အပေါ် ၎င်းတို့၏လူမှုရေးစွမ်းဆောင်ရည်နှင့် စီမံခန့်ခွဲမှုတိုးတက်လာစေရန်အတွက် ကုမ္ပဏီတစ်ခုချင်းစီကလည်း တက်ကြွစွာလုပ်ဆောင်နေကြသည်။

အထက်ဖော်ပြပါလုပ်ငန်းများမှတစ်ဆင့်ရရှိလာသည့်အတွေ့အကြုံများနှင့်အသိပညာများသည် ကလေးလုပ်သားနှင့်ပတ်သက်၍ အနာဂတ်လုပ်ငန်းစဉ်များချမှတ်ရာတွင် အသုံးဝင်သောထိုးထွင်းသိမြင်မှုကိုပေးသည်။

ကလေးသူငယ်အခွင့်အရေးနှင့်စီးပွားရေးအခြေခံမူ(CRBP)သည် ကလေးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်လမ်းညွှန်မှုနှင့်အတူ စီးပွားရေးလုပ်ငန်းများကိုကူညီပေးသည်။ UNICEF, Save the Children နှင့် United Nations Global Compact တို့၏ဦးဆောင်မှုဖြင့် CRBP သည် လုပ်ငန်းခွင်၊ ဈေးကွက်နှင့်ရပ်ရွာအတွင်း ကလေးသူငယ်အခွင့်အရေးကိုလေးစားခြင်းနှင့် ထောက်ခံမှုရရှိရန် ကုမ္ပဏီများအတွက် တိကျသောလုပ်ရပ်များနှင့် ကတိကဝတ်များကို စီစဉ်တင်ပြခဲ့သည်။[၆၁]

၃.၂.၂။ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး ရွေးချယ်မှုအခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း

လူငယ်လုပ်သားများအတွက် ဝင်ငွေရရှိစေရုံသာမက ၎င်းတို့၏ကျွမ်းကျင်မှုနှင့်အသိပညာ အဆင့်မြှင့်တင်ရန် အလုပ်နှင့်လေ့လာမှုရောစပ်သည့်အစီအစဉ်ကိုဖန်တီးပေးသည်။ ဤအစီအစဉ်သည် တစ်နေ့လျှင်လေးနာရီ တရားဝင်အလုပ်လုပ်ခွင့်ရရှိသည့် အသက် (၁၄)နှစ်နှင့် (၁၅)နှစ်အရွယ် လူငယ်လုပ်သားများနှင့် သက်ဆိုင်သည်။ လူငယ်အလုပ်သမားများကိုအလုပ်ခန့်လိုသည့် စက်ရုံအလုပ်ရုံပိုင်ရှင်များအတွက် အရင်းအမြစ်အဖြစ်ပေးသည်။ အစိုးရနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းနှစ်ရပ်လုံးသည် စက်မှုနှင့်သက်မွေးပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်လျက်ရှိသည်။ ဘုန်းတော်ကြီးသင်ပညာရေးသည်လည်း ကလေးများပညာရေးအတွက်တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည်။

၃.၂.၃။ ထောက်ခံအကြံပြုချက်များ

- ပညာရေးဝန်ကြီးဌာနသည် အလုပ်လုပ်သောကလေးများအတွက် ကျောင်းသို့ပြန်လည်ရောက်ရှိရေးအစီအစဉ်များကို အားပေးသင့်သည်။ သို့မဟုတ် အလုပ်လုပ်ခွင့်ပြုသည့် အသက်ရောက်သည်အထိ အသက်မွေးဝမ်းကြောင်းပညာသင်ကျောင်းများတက်ရောက်နိုင်ရန် အားပေးဆောင်ရွက်သင့်သည်။
- အမျိုးသားပညာရေးဥပဒေတွင် ကလေးလုပ်သားပပျောက်ရေးနှင့် ကာကွယ်ရေးမဟာဗျူဟာများကို ထည့်သွင်းသင့်သည်။
- ကလေးလုပ်သားများ၏အဆိုးဆုံးပုံစံများကို ဖယ်ရှားပစ်သင့်သည်။ တရားဝင်အလုပ်လုပ်နေသောကလေးများအတွက် မူဝါဒချမှတ်ခြင်း၊ ထိရောက်သော ပြန်လည်ထူထောင်ရေးအတွက် အစိုးရနှင့် အခြားသက်ဆိုင်သူများညှိနှိုင်းခြင်း၊ အလုပ်လုပ်သောကလေးများ ကျောင်းတွင်/ကျောင်းပြင်ပတွင် သင်ယူနိုင်ရန်အခွင့်အရေးများတိုးမြှင့်ပေးခြင်းနှင့် ကလေးရှိသောဆင်းရဲသည့်အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာအထောက်အကူပေးခြင်းစသည့် လုပ်ငန်းများချမှတ်ပေးသင့်သည်။

---

[၆၁] Children's Rights and Business Principles website, http://childrenandbusiness.org/the-principles/principle-2/

- ဆင်းရဲမွဲတေခြင်းကိုလျော့ချရန်(သို့မဟုတ်)ပပျောက်စေရန် လူကြီးများအတွက် ဝင်ငွေတိုးလုပ်ငန်း နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသင့်သည်။

၃.၃။ ကန့်သတ်ချက် (၃)။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျောင်းများလုံလောက်မှုမရှိခြင်း

ဤအဟန့်အတားသည် ကလေးများကျောင်းအပ်နှံမှု၊ ကျောင်းတက်မှန်ကန်မှု၊ အတန်းကူးပြောင်းမှုနှင့် ကျောင်းထွက်မှုတို့ကို အကြီးအကျယ်လွှမ်းမိုးမှုရှိသည်။

၃.၃.၁။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများလုံလောက်မှုမရှိခြင်း

မွေးစမှအသက်(၅)နှစ်အရွယ်အထိကလေးများအတွက် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အသက်(၃)နှစ်အောက်ကလေးများပြုစုပျိုးထောင်ရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်တွင်းနှင့်နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများသည် အရေးကြီးသောအခန်းကဏ္ဍပါဝင်နေသည်။ အသက်(၃)နှစ်မှ(၅)နှစ်အရွယ်ကလေးများအတွက် ဖော်ပြပါအဖွဲ့အစည်းများမှ မူကြိုကျောင်းများဖွင့်လှစ်ပေးကြသည်။ သို့ရာတွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများ၏အကျိုးခံစားနှုန်းသည် နိမ့်နေဆဲဖြစ်သည်။ ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ စာရင်းအင်းအရ မြန်မာနိုင်ငံတွင် ကျောင်းပြင်ပရောက် မူကြိုအရွယ်ကလေး (အသက် ၄နှစ်)များရာခိုင်နှုန်း သည် (၇၆.၆%) ဖြစ်ပြီး အရှေ့တောင်အာရှနှင့် ပစိဖစ်ဒေသတွင် အမြင့်ဆုံးဖြစ်သည်။ အကြောင်းရင်းမှာ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှု မလုံလောက်ခြင်းကြောင့်ဖြစ်သည်။

ကျေးလက်နှင့်မြို့ပြ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် တိုင်းရင်းသားမျိုးနွယ်စုများအကြား ကွာခြားမှုကြီးမားကြောင်းတွေ့ရသည်။ တိုင်းရင်းသားလူနည်းစုများနေထိုင်သည့်နယ်စပ်ဒေသများ၊ ဆင်းရဲမွဲတေသောလူအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းမှုမရှိသောဒေသများတွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများမှာအားအနည်းဆုံးဖြစ်သည်။ သို့ဖြစ်၍မိဘများ၏လိုအပ်ချက်များကိုဖြည့်ဆည်းရန်နှင့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် မူကြိုပညာရေးကိုကလေးအားလုံးရရှိရန်တို့အတွက် မူကြိုပညာရေးကို အလျင်အမြန်တိုးချဲ့ဆောင်ရွက်ရန်လိုအပ်နေသည်။

(က) ကျောင်းအခြေပြုမူကြိုများ

ပညာရေးဝန်ကြီးဌာနသည် မူကြိုပညာရေးသင်ရိုးညွှန်းတမ်းနှင့် ဆရာလမ်းညွှန်ပြုစုပြီးနောက် အခြေခံပညာမူလတန်းကျောင်းများတွင် မူကြိုတန်းများတွဲဖက်ဖွင့်လှစ်ခဲ့သည်။ ၂၀၁၆–၂၀၁၇ပညာသင်နှစ်တွင် ကျောင်းအခြေပြုမူကြိုကျောင်းပေါင်း (၄၂၉၀)ကျောင်းဖွင့်လှစ်ထားပြီး အသက် (၃)နှစ်မှ(၅)နှစ်အရွယ်ကလေး (၁၀၃၃၉၃)ယောက် တက်ရောက်ခဲ့သည်။[၆၂] ဤကျောင်းအခြေပြုမူကြိုကျောင်းအရေအတွက်မှာ ၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင်ရှိသောအခြေခံပညာကျောင်းများအားလုံး၏ (၉.၆%)သာလျှင်ရှိသည်။

[62] Source: Department of Education Planning and Training

ကျောင်းအခြေပြုမူကြိုကျောင်းများတွင်မူကြိုဆရာသီးခြားခန့်ထားခြင်းမရှိပါ။ ၎င်းတို့အတွက်ပေးသော လစာမှာနည်းလွန်းခြင်း/ပုံမှန်မရရှိခြင်းနှင့် အသက်မွေးဝမ်းကြောင်း/အလုပ်အကိုင်မှာ သေချာရေရာမှုမရှိခြင်းတို့ကြောင့် မူကြိုဆရာလုပ်လိုသူရှားပါးသည်။ မည်သို့ပင်ဆိုစေကာမူ ခန့်ထားသည့် မူကြိုဆရာများအတွက် အရည်အသွေးများမြှင့်တင်ပေးရန်လိုအပ်နေသည်။

မူကြိုကျောင်းများအတွက် သီးခြားစာသင်ခန်းမပေးနိုင်ကြပါ။ ထို့ပြင်မူကြိုအတွက် အတွင်း/အပြင်သင်ယူရန်နေရာများ၊ သင်ထောက်ကူပစ္စည်းများနှင့် မူကြိုကလေးများနှင့်သင့်လျော်သော အထောက်အပံ့များ (ကစားစရာများနှင့် ကလေးများအတွက်အိမ်သာများ စသည်) မထောက်ပံ့ပေးနိုင်သေးပါ။ အသက် (၅)နှစ်အောက်ကလေးများအား ကစားခြင်းဖြင့်သင်ယူစေခြင်းကို အားပေးဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၏ အကျိုးသက်ရောက်မှုကို အနည်းအကျဉ်းသာလျှင်သိရှိကြသေးသည်။

လတ်တလောအခြေအနေတွင် ပညာရေးဝန်ကြီးဌာနတွင် ရှေးဦးကလေးသူငယ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် သီးခြားငွေစာရင်းဘတ်ဂျက်မရှိသေးသည့်အပြင် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေအနည်းငယ်ကိုသာလျှင် အသုံးပြုနေသေးသည်။

(ခ) ဗုဒ္ဓဘာသာဘုန်းတော်ကြီးသင်ပညာရေးဝန်ဆောင်မှုများ

အချို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် မူကြိုအရွယ်ကလေးများအတွက် ပညာရေးဝန်ဆောင်မှုများရရှိနိုင်သည်။ သို့ရာတွင်စာရင်းဇယားအတိအကျမရရှိနိုင်သေးသည့်အတွက် လေ့လာမှုများပြုလုပ်ရန်လိုအပ်နေသည်။ ဤသို့လေ့လာရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ရှိနေသောကလေးများ၏ ကျန်းမာရေး၊ အာဟာရ၊ သန့်ရှင်းရေးနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ထည့်သွင်းလေ့လာသင့်သည်။[၆၃]

(ဂ) လူသားအရင်းအမြစ်များ

အခြေခံပညာဦးစီးဌာန၏ စာရင်းအင်းဆိုင်ရာအချက်အလက်များ (၂၀၁၆–၂၀၁၇) အရ အသက် (၃)နှစ်မှ (၅)နှစ်အရွယ်ကလေးဦးရေ (၁၀၃ ၃၉၃)ယောက်အတွက် မူကြိုဆရာ (၆ ၄၂၂)ယောက်ရှိ၍ ကျောင်းအခြေပြုမူကြိုများတွင် ဆရာကျောင်းသားအချိုးမှာ (၁း၁၆)ဖြစ်သည်။ မူလတန်းကျောင်းများရှိ အစိုးရခန့်နှင့် ရပ်ရွာခန့်မူကြိုဆရာများသည် လုပ်ငန်းခွင်အကြိုမူကြိုဆရာသင်တန်းသာလျှင်ရရှိခဲ့ကြသည်။ ၎င်းတို့အနက် အချို့ဆရာများသည် မူကြိုပညာရေးနှင့်ပတ်သက်၍ ရက်တိုလုပ်ငန်းဆွေးနွေးပွဲများရရှိခဲ့ကြသည်။ မူကြိုဆရာများအတွက် အလုပ်ခွင်သင်တန်းအနည်းငယ်သာလျှင်ရှိသည်။ သို့ဖြစ်၍ မူကြိုပညာရေးဝန်ဆောင်မှုလုပ်ငန်းများ နည်းလမ်းမှန်မှန်ဖြင့် မြန်မြန်ဆန်ဆန်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူကြိုဆရာများအတွက် သင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်သည်။

(ဃ) လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် မူကြိုဆရာအတတ်သင်တန်းများ

လတ်တလောအခြေအနေတွင် လုပ်ငန်းခွင်အကြိုဆရာအတတ်သင်တန်းများမရှိသေးသကဲ့သို့ တက္ကသိုလ်အဆင့်တွင်လည်း ရှေးဦးကလေးသူငယ်ပညာရေးဆိုင်ရာ ဒီပလိုမာ/ဘွဲ့ မပေးနိုင်သေးပါ။ သို့ဖြစ်၍ လုပ်ငန်းခွင်အကြို ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး (ECCD)နှင့် ရှေးဦးကလေးသူငယ်ပညာရေး (ECE) သင်တန်းများဖွင့်လှစ်ပေးရန် စနစ်သစ်တစ်ခုစီမံဖော်ထုတ်ပေးရန်

[63] Myanmar Policy for Early Childhood Care and Development. 2014. p. 43

လိုအပ်နေသည်။ ဤစနစ်သစ်သည် ECCD မူဝါဒလမ်းညွှန်မှုနှင့်ကိုက်ညီမှုရှိရမည်ဖြစ်ပြီး ECCD/ ECE သင်ရိုးညွှန်းတမ်းများ၊ သင်တန်းလက်စွဲများ၊ ပညာရေးဆိုင်ရာပစ္စည်းများ၊ သင်ပြနည်းများ၊ အထောက်အကူပစ္စည်းများ၊ စံချိန်စံညွှန်းများနှင့် စည်းမျဉ်းများလည်း ဖော်ထုတ်သင့်သည်။

လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ရက်တိုသင်တန်းအချို့ကို အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများကဆောင်ရွက်လျက်ရှိသည် (နောက်ဆက်တွဲ–၈)။ ဤသို့ဆောင်ရွက်ရာတွင် အချို့အဖွဲ့အစည်းများသည် UNICEF, UNESCO, WHO, UNDP နှင့် အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အထောက်အပံ့ကို ရရှိကြသည်။ အချို့လုပ်ငန်းခွင်အကြိုသင်တန်းများသည် ထောက်ပံ့ငွေရရှိသည့် အခြေအနေပေါ်မူတည်၍ ကြိုးကြားကြိုးကြားသာဆောင်ရွက်နိုင်ကြသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ECCD ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်ငန်းခွင်အကြိုသင်တန်းများပေါ်ထွက်လာရန် ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ECCD ဝန်ဆောင်မှုလုပ်ငန်းပုံစံအားလုံးအတွက် နိုင်ငံတော်နှင့်ပြည်နယ်/တိုင်းဒေသကြီးများတွင် လုပ်ငန်းခွင်သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရန် စနစ်မရှိသေးသည့်အတွက် ပေါ်ထွက်လာရန်အထူးလိုအပ်လျက်ရှိသည်။

(ဇ) ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (ECCD policy)

ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (၂၀၁၄)[64] ပေါ်ထွက်လာခြင်းသည် မြန်မာနိုင်ငံတွင် မကြုံဖူးသေးသော အခြေအနေဖြစ်ပြီး အဓိကသက်ရောက်မှုရှိရန်မျှော်မှန်းသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဦးဆောင်၍ အခြားဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မွေးစမှအသက်(၈)နှစ်အရွယ်ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှု၊ အာဟာရနှင့်ကျန်းမာရေး၊ ပညာရေးနှင့် ကလေးများအားအကာအကွယ်ပေးရေးတို့နှင့်စပ်လျဉ်း၍ ကလေးနှင့်မိသားစုဖွံ့ဖြိုးတိုးတက်ရေးအတွက်အလေးပေးသည်။

မူဝါဒမဟာဗျူဟာ (၃)တွင် မွေးစမှအသက်(၅)နှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများရရှိရန် ဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်ရန်၊ ကလေးတစ်ဦးချင်း၏စွမ်းအားရှိသလောက် ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ပြုစုပျိုးထောင်ပေးရန်နှင့် အထူးလိုအပ်ချက်ရှိသော ကလေးများအပေါ်ခွဲခြား ဆက်ဆံမှုမရှိစေရန် အရည်အသွေးရှိသည့် ဝန်ဆောင်မှုများပေးရမည်ဟု ဖော်ပြထားသည်။

မူဝါဒမဟာဗျူဟာ (၄)တွင် အသက် (၃)နှစ်နှင့် (၄)နှစ်အရွယ်ကလေးများအတွက် အရည်အသွေးမြင့်မားပြီး ယဉ်ကျေးမှုအရဖြစ်စေ၊ ဘာသာစကားအရဖြစ်စေကိုက်ညီသည့် လူတိုင်းအကြုံးဝင် မူကြိုပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မိဘပညာပေးလုပ်ငန်းများ၊ မိဘများပူးပေါင်းပါဝင်နိုင်သည့်လုပ်ငန်းများ၊ ရှေးဦးကလေးသူငယ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ရပ်ရွာနှင့် နိုင်ငံတော်အဆင့်အထိ အသိပညာမြှင့်တင်ပေးရေးလုပ်ငန်းဆွေးနွေးပွဲများ ဆောင်ရွက်ရန်ဖော်ပြထားသည်။

(စ) ထောက်ခံအကြံပြုချက်များ

- မူကြိုအရွယ်ကလေးများ ECCD ဝန်ဆောင်မှုများရရှိရန်အတွက် ပညာရေးဝန်ကြီးဌာနသည် မူလတန်းကျောင်းများတွင် ကျောင်းအခြေပြုမူကြိုများကို တိုးချဲ့ဖွင့်လှစ်ရန် အားပေးသင့်သည်။
- ပညာရေးဝန်ကြီးဌာနတွင် မူကြိုပညာရေးအတွက် သီးခြားဘတ်ဂျက်ထားရှိသင့်သည်။ ထို့ပြင် ECCD ပုံမှန်လုပ်ငန်းများနှင့် ဝန်ဆောင်မှုများသည် ကလေးများအတွက် အိမ်မှမူကြို၊ မူကြိုမှ

[64] https://www.unicef.org/myanmar/01_ECCD_Policy_E_Version Web_72_dpi.pdf

သူငယ်တန်း၊ ထိုမှတစ်ဆင့်မူလတန်းသို့ အတန်းကူးပြောင်းရလွယ်ကူစေရန် အထောက်အကူပြုသင့်သည်။ ရရှိထားသော သတင်းအချက်အလက်များအရ ပညာရေးဝန်ကြီးဌာနမှ ECCD အတွက်အသုံးပြုသည့် ဘတ်ဂျက်ပမာဏသည် ကလေးများ၏ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တိုးတက်ဆောင်ရွက်မည့်လုပ်ငန်းအတိုင်းအတာနှင့်နှိုင်းယှဉ်လျှင် လွန်စွာနည်းနေသည်။ ECCD မူဝါဒတွင်ချမှတ်ထားသည့် ရည်ရွယ်ချက်များပေါက်မြောက်အောင်မြင်စေလိုပါက ပညာရေးဝန်ကြီးဌာနသည် ECCD အတွက် ဘတ်ဂျက်ပိုမိုအသုံးပြုရန်လိုအပ်သည်။

- ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့သည် ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် ကိုက်ညီမှုရှိသည့် လူတိုင်းအကျုံးဝင်မူကြိုပညာရေး၊ မိဘပညာပေးပညာရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။ ထို့ပြင် မူကြိုပညာရေးသည် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်းသိရှိစေရန် ရပ်ရွာအဆင့်မှ နိုင်ငံတော်အဆင့်အထိ အသိပေးလုပ်ငန်းဆွေးနွေးပွဲများဆောင်ရွက်သင့်သည်။
- ပညာရေးဝန်ကြီးဌာနသည် အသက်(၄)နှစ်မှ(၅)နှစ်အရွယ်ကလေးများ အိမ်မှမူကြို၊ မူကြိုမှသူငယ်တန်း၊ ထိုမှတစ်ဆင့် မူလတန်းသို့ အတန်းကူးပြောင်းရလွယ်ကူစေရန် ခိုင်မာသော အတန်းကူးပြောင်းရေးအစီအစဉ်များကို ဖော်ထုတ်သင့်သည်။ ၎င်းအစီအစဉ်၌ ကျောင်းများတွင် မိဘများပါဝင်မှု၊ မိခင်ဘာသာစကားကိုအသုံးပြုမှု၊ အတန်းငယ်များအတွက် ကလေးများတက်ကြွစွာသင်ယူနိုင်ရေးအတွက် ကလေးဗဟိုပြုချဉ်းကပ်နည်းများအသုံးပြုမှု၊ ကစားခြင်းဖြင့်သင်ယူမှု၊ သင်ယူရန်နေရာများဖြင့်သင်ယူမှု အစရှိသည်တို့ပါဝင်ရမည်။
- ECCD မူဝါဒနှင့် ကိုက်ညီစေရန် ကလေးများအသက်(၈)နှစ်အရွယ်ရောက်သည်အထိ ECCD ဝန်ဆောင်မှုများရရှိစေသင့်သည်။

၃.၃.၂။ ကျောင်းများလုံလောက်မှုမရှိခြင်း

ဤအခန်းတွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သက်မွေးဝမ်းကြောင်းပညာသင်ကျောင်းများအကြောင်းဆွေးနွေးထားသည်။

(က) အခြေခံပညာကျောင်းများ

ဇယား ၃. ၄။ အခြေခံပညာကျောင်း၊ ဆရာနှင့် ကျောင်းသားအရေအတွက် (၂၀၁၆–၂၀၁၇)

	ကျောင်း	ဆရာ	ကျောင်းသား
အထက်တန်း	၄ ၀၀၀	၄၂ ၆၈၇	၁ ၀၄၇ ၉၇၉
အလယ်တန်း	၇ ၃၅၆	၁၀၇ ၀၅၃	၂ ၉၇၇ ၁၁၄
မူလတန်းလွန်	၇ ၇၂၃		
မူလတန်း	၂၇ ၃၈၉	၂၄၉ ၇၉၆	၅ ၁၅၁ ၃၆၁
စုစုပေါင်း	၄၆၄၆၈	၃၉၉ ၅၃၆	၉ ၁၇၆ ၄၅၄

ရင်းမြစ်။ အခြေခံပညာဦးစီးဌာန (၂၀၁၆–၂၀၁၇)

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း (၃၃၀)ရှိပြီး ကျေးရွာပေါင်း (၇၀ ၈၃၈)ရွာ[၆၅] ရှိသည့်အတွက် ယေဘုယျ အားဖြင့် ကျေးရွာ(၂)ရွာလျှင် မူလတန်းကျောင်း တစ်ကျောင်းနှုန်းရှိသည်။

အိမ်နှင့်ကျောင်းအကွာအဝေး။ မူလတန်းပညာရေးပြီးဆုံးပြီးနောက် အလယ်တန်းဆက်တက်ရန် အနီးဆုံးဒေသရှိကျောင်းနှင့် အိမ်အကွာအဝေးမှာ မူလတန်းကထက် ပိုမိုဝေးကွာလာသည်။ ကျောင်းနှင့်အိမ်အကွာအဝေးမှာ ကလေးများကျောင်းမတက်ရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်လာသည့်အတွက် IHLCAS မေးခွန်း (တက်ရောက်နေသောကျောင်းသည်မည်သည့်နေရာတွင်ရှိသနည်း) အပေါ်အခြေခံ၍ လေ့လာမှုကိုအသေးစိတ်ဆောင်ရွက်ခဲ့သည်။ ဤမေးခွန်းကို ဖြေဆိုသူ (၉၅၀၂၁) ယောက်အနက် ကျောင်းတက်နေသောကလေး (၁၇၃၁၆)ယောက်က ဖြေဆိုခဲ့သည်။

ဇယား ၃. ၅။ ကလေးများတက်ရောက်နေသော ကျောင်းများ၏တည်နေရာ

ကျောင်းတည်နေရာ	အရေအတွက်	ရာခိုင်နှုန်း
မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာ	၁၁၇၂၃	၆၇.၇
မိမိနေထိုင်ရာမြို့အတွင်းရှိ အခြားကျေးရွာ	၁၃၄၈	၇.၈
မိမိနေထိုင်ရာမြို့	၆၁၄	၃.၅
နိုင်ငံခြား	၁၃	၀.၁
အခြားရပ်ကွက်	၂၂၇၅	၁၃.၁
အခြားရွာ	၁၃၄၃	၇.၈

ရင်းမြစ်။ IHLCAS

(၆၇.၇%)သောကလေးများသည် မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာအတွင်းတွင်ပင် ကျောင်းတက်နေကြကြောင်း အထက်ပါဇယားတွင်တွေ့ရှိနိုင်သည်။ (၀.၁%)သောကလေးများသာလျှင် နိုင်ငံခြားတွင် ပညာသွားရောက်သင်ကြားနေကြပြီး ကျန်(၃၂.၂%)သော ကလေးများသည် မိမိတို့နေထိုင်ရာရပ်ကွက်/ကျေးရွာနှင့် အနီးအနားရှိကျောင်းများတွင်တက်ရောက်နေကြသည်။

မူဝါဒမှာ တောတောင်ထူထပ်သောဒေသများတွင် နှစ်မိုင်အတွင်းကျောင်းတစ်ကျောင်းနှုန်းနှင့် မြေပြန့်ဒေသများတွင် သုံးမိုင်အတွင်းကျောင်းတစ်ကျောင်းနှုန်း တည်ရှိရမည်ဖြစ်သည်။ ကျေးလက်ဒေသနှင့် တောတောင်ထူထပ်သောဒေသများတွင်နေထိုင်သောကလေးများအတွက် အိမ်နှင့်ကျောင်းအကွာအဝေးသည် ကလေးများကျောင်းတက်မှုကိုသက်ရောက်မှုရှိစေသည်။ ကျေးလက်ဒေသများတွင် ရာသီအလိုက်မိုးရွာသွန်းခြင်းနှင့် ရေကြီးခြင်းတို့ကြောင့်လမ်းများပိတ်ဆို့ခြင်းများ မကြာခဏကြုံတွေ့ကြရသည်။ အချို့တောတောင်ထူထပ်သောဒေသများတွင်နေထိုင်ကြရသော ကလေးများအတွက် ကျောင်းသည်အိမ်နှင့်အကွာအဝေးမဝေးလှသော်လည်း တစ်တောင်ဆင်းတစ်တောင်တက်သွားရသည့်အတွက် ကျောင်းတက်ရန် အသွားနှစ်နာရီ၊ အပြန်နှစ်နာရီခန့် လမ်းလျှောက်ရသည်များရှိသည်။ အချို့ မြစ်ဝကျွန်းပေါ်ဒေသများတွင်နေထိုင်ကြရသော ကလေးများသည်လည်း ချောင်းများကိုဖြတ်လျှောက်၍ ကျောင်းတက်ရသည့်အတွက် အန္တရာယ်ကျရောက်နိုင်ခြေရှိသည်။

[၆၅] Ministry of Home Affairs' General Administration Department.

(ခ) ကိုယ်ပိုင်ကျောင်းများ

၁၉၉၀ခုနှစ်မှစတင်၍ကိုယ်ပိုင်ကျောင်းများသည် စီးပွားရေးလုပ်ငန်းအသွင်ဖြင့် ပေါ်ပေါက်လာကြသော်လည်း ထိုအချိန်က ပညာရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင်မရှိသေးပါ။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (၂၀၁၁)[၆၆] ကို ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင်မှ ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေအရ အခြေခံပညာကိုယ်ပိုင်ကျောင်းများဖွင့်လှစ်နိုင်ပြီး နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားရမည်။ သို့မဟုတ် ပညာရေးအရည်အသွေးမြှင့်တင်ရန်အတွက် ပြဋ္ဌာန်းဘာသာရပ်များတွင် သင်ခန်းစာများကိုဖြည့်စွက်သင်ကြားနိုင်သည်။

ပညာရေးဝန်ကြီးဌာန၏ တာဝန်နှင့်ဝတ္တရားများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်[၆၇] –

(၁) ကိုယ်ပိုင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းသင်ဆရာများနှင့်ပတ်သက်၍ မူဝါဒချမှတ်ပေးရန်၊
(၂) ကိုယ်ပိုင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းသင်ဆရာများအားကြီးကြပ်မှုနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးအရာရှိများအား လမ်းညွှန်ကြီးကြပ်ရန်၊
(၃) ကိုယ်ပိုင်ကျောင်းများတွင် သင်ခန်းစာများဖြည့်စွက်သင်ကြားရေးအတွက် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန်၊
(၄) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ခွင့်ပေးခြင်း၊ (သို့မဟုတ်) ဖျက်သိမ်းခြင်းဆောင်ရွက်ရန်။

ဇယား ၃. ၆။ ပုဂ္ဂလိကကျောင်း၊ ဆရာနှင့် ကျောင်းသားအရေအတွက် (၂၀၁၆–၂၀၁၇)

	ကျောင်း	ဆရာ	ကျောင်းသား
အထက်တန်း	၅၈၅	၅ ၂၆၅	၉၅ ၇၅၀
အလယ်တန်း	၆၆	၂ ၉၀၈	၃၆ ၅၃၃
မူလတန်း	၇၉	၂ ၀၄၅	၄၃ ၉၇၆
စုစုပေါင်း	၇၃၀	၁၀ ၂၁၈	၁၇၆ ၂၅၉

ရင်းမြစ်။ အခြေခံပညာဦးစီးဌာန (၂၀၁၆–၂၀၁၇)

(ဂ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် အစိုးရအခြေခံပညာကျောင်းတွင်မတက်ရောက်နိုင်သောကလေးများ သင်ယူမှုအခွင့်အလမ်းရရှိစေနိုင်သည့်အတွက် အထောက်အကူဖြစ်စေသည်။

သာသနာရေးဝန်ကြီးဌာနအောက်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ စီမံအုပ်ချုပ်မှုကို ဘုန်းတော်ကြီးများကဆောင်ရွက်သည်။ ပြည်နယ်/တိုင်းဒေသကြီးတိုင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိသော်လည်း နိုင်ငံတော်အစိုးရ၏ အထောက်အပံ့အနည်းငယ်သာရရှိပြီး ရိုးရာအစဉ်အလာအရ ရပ်ရွာ၏လှူဒါန်းမှုအပေါ်တွင်သာ မှီခိုရသည်။ ကျောင်းလခမပေးရသည့်အပြင် အစားအသောက်ပါကျွေးမွေးသည့်အတွက် ဤကျောင်းများသို့ အဆင်းရဲဆုံးကလေးများ ရောက်ရှိနိုင်သည်။ ဘုန်းကြီးကျောင်းတည်ရှိရာရပ်ရွာအတွင်းရှိ ဆင်းရဲသောကလေးများ၊ မိဘမဲ့များ၊ ရွှေ့ပြောင်းမိသားစုမှ ကလေးများနှင့် ဝေးလံဒေသမှရောက်ရှိလာသောကလေးများ ပညာသင်ယူခွင့်

[၆၆] http://themimu.info/sites/themimu.info/files/documents/Private_School_Registration_Law_2011_ENG.pdf
[၆၇] The Private School Registration Law, Section 3

ရရှိကြသည်။ အခြေခံအကျဆုံး ပံ့ပိုးမှုကိုသာပေးစွမ်းနိုင်ပြီး အနိမ့်ဆုံးစံသတ်မှတ်ချက်ပင် ပြည့်မီမှု မရှိကြပါ။

၂၀၁၄–၂၀၁၅ စာရင်းအင်းအရ ပြည်နယ်တိုင်းဒေသကြီး (၁၄)ခုတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၁၅၁၂)ကျောင်းရှိပြီး ကျောင်းသားပေါင်း (၂၇၈၂၃)ယောက်သည် နိုင်ငံတော်သင်ရိုးညွှန်းတမ်းဖြင့် ပညာသင်ကြားလျက်ရှိသည်။[၆၈] ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် အသက်(၅)နှစ်မှ (၁၆)နှစ်အကြား လူဦးရေ၏ (၃%) (အများစုမှာ မူလတန်းအရွယ်ကလေးများ)ကို ပညာသင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်၏ စစ်တမ်းအရ ၂၀၀၉ခုနှစ်မှ ၂၀၁၃ခု နှစ်အတွင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း (၁၂.၆%)တိုးတက်လာပြီး၊ ကလေးအရေအတွက် (၁၅%) ထိတိုးတက်လာသည်။[၆၉]

ပညာရေးပြုပြင်ပြောင်းလဲမှု – ဥပဒေပြုမှု အညွှန်းဘောင်ကို လတ်တလောပြောင်းလဲလျက်ရှိသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ပညာရေးစနစ်တွင် ဖြည့်စွက်ပညာရေးအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့ပြီး အမျိုးသားပညာရေးဥပဒေ၌ မြန်မာနိုင်ငံရှိကျောင်းအမျိုးအစားများစာရင်းတွင် ထည့်သွင်းဖော်ပြထားသည်။[၇၀]

ကျောင်းစီမံအုပ်ချုပ်မှုနှင့် ခန့်ခွဲမှု – ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများလေ့လာမှုတွင် "ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ဝက်ကျော်သည် မူလတန်းကျောင်းများဖြစ်ပြီး အရေအတွက်တစ်ဝက်အောက်မှာ ကျောင်းအိပ်ကျောင်းစားလက်ခံနိုင်သောကျောင်းများဖြစ်သည်။ (၂၀%)နီးပါးသောကျောင်းများတွင် တိုင်းရင်းသားလူနည်းစုအုပ်စုရှိကလေးများ တက်ရောက်နေကြသည်။ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဝန်ထမ်းနှင့်ကျောင်းသားရေးရာနှင့် မှတ်တမ်းများထားရှိခြင်းစနစ်တို့သည် ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း မတူညီကြဘဲ မိမိကျောင်းအလိုက်သာ ဆောင်ရွက်ကြသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဆရာများ၏လစာမှာ အစိုးရကျောင်းများရှိဆရာများ၏လစာနှင့် နှိုင်းယှဉ်လျှင် လွန်စွာနည်းနေသည်။"[၇၁]

ဆရာများ၏ရာခိုင်နှုန်း(၆၀%)ကျော်သည် ဘွဲ့ရများဖြစ်ကြသော်လည်း ဆရာများ၏အရည်အသွေးစံသတ်မှတ်ချက်မှာ အလွန်နိမ့်နေသည်။ ကျောင်းများမှာ လူတစ်ဦးတစ်ယောက်ချင်းနှင့် ရပ်ရွာလူ့အဖွဲ့အစည်း၏လျှပ်ဒါန်းမှုအပေါ်တွင်သာမှီခိုနေကြရသည်။ (၂၂%)ခန့်သော ကျောင်းများသည် ကျောင်းလခအပေါ်တွင်မှီခိုနေကြပြီး (၃၀%)သောကျောင်းများသည် ဝင်ငွေတိုးလုပ်ငန်းများအပေါ်မှီခိုနေကြသည်။

ဆရာများနှင့် သင်ကြားသင်ယူမှုအလေ့အကျင့်များ – (၈၂%)သောဆရာများသည် အမျိုးသမီးများဖြစ်ကြသည်။ ကျောင်းအုပ်ကြီးများနှင့် ဆရာများအားလုံးနီးပါးသည် ကလေးဗဟိုပြုချဉ်းကပ်နည်းများ (CCA) ကိုသိရှိကြသည်။ (၅၀%) သောဆရာများသည် CCA သင်တန်းများတက်ခဲ့ပြီးဖြစ်သော်လည်း

---

[68] Department of Promotion and Propagation of Sasana, Ministry of Religious Affairs (2014-15), "*Data on Monastic Education System*."

[၆၉] Myanmar Information Management Unit (MIMU)

[၇၀] National Education Law (2015), Chapter 6. Section 34

[၇၁] Burnet Institute and Monastic Education Development Group (2014), "*Monastic schools in Myanmar – a baseline study*". p. 4

(၁၆%)သောကျောင်းများသာလျှင် CCA ကိုကောင်းစွာအသုံးချကြသည်။ ကျောင်းအုပ်ကြီးများနှင့် ဆရာအများစုက အချိန်မလုံလောက်ခြင်း၊ သင်ထောက်ကူမလုံလောက်ခြင်း၊ နေရာမလုံလောက်ခြင်း၊ သင်တန်းမရှိခြင်းတို့ကြောင့် CCA အကောင်အထည်ဖော်ရန် အခက်အခဲရှိသည်ဟု ဖော်ပြခဲ့ကြသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကြီးကြပ်ကွပ်ကဲမှုအားနည်းပြီး ဆရာအများစုမှာ ဆရာအတတ်သင်တန်းများ တက်ရောက်ခွင့်မရရှိကြသည့်အတွက် ထိရောက်သောသင်ကြားမှုရရှိရန် အားနည်းသည်။ ကျောင်းအုပ်ကြီးများ (ဘုန်းတော်ကြီးများ၊ သီလရှင်များ)သည် ရှေးရိုးစဉ်လာ တင်းကြပ်သော နည်းလမ်းများကိုသာ အသုံးပြုကြသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အလယ်တန်းပြီးဆုံးသူများသည် (အရပ်သား၊ ဘုန်းတော်ကြီး၊ သီလရှင်စသည်)အထက်တန်းကို ဆက်လက်တက်ရောက်သင်ယူရန် ခက်ခဲသည်။

(ဃ) စက်မှုနှင့်သက်မွေးပညာသင်ကျောင်းများ

စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနအစရှိသည့် ဝန်ကြီးဌာနများသည် စက်မှုနှင့်သက်မွေးပညာသင်ကျောင်းများကို ဖွင့်လှစ်လျက်ရှိကြသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည်လည်းဆင်းရဲသားများနှင့်ပညာနည်းသော/လုံးဝမရှိသော အမျိုးသမီးများအတွက် သက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ သင်တန်းအများစုမှာ အသက်(၁၄)နှစ်အထက် လူငယ်များအတွက်ဖြစ်သည်။

(င) တိုင်းရင်းသားများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိကျောင်းများ[72]

လူငယ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းများ – ၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင် မြန်မာနိုင်ငံနယ်စပ်ဒေသများမှ တိုင်းရင်းသားကျောင်းသား (၆၃၀၀) တို့သည် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအောက်တွင်ဖွင့်လှစ်ထားသော တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း (၄၄) ကျောင်းတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ တက္ကသိုလ်ဝင်တန်းကလေးများ အောင်ချက်မြင့်မားရေးအတွက် ဝါရင့်ဆရာများမှ တစ်နှစ်ပတ်လုံး အနီးကပ်ကြီးကြပ်သင်ကြားပေးသည်။

စက်မှုသင်တန်းကျောင်းများ – အဆင့်မြင့်ပညာရေးသင်ယူလိုသည့် နယ်စပ်ဒေသရှိတိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ စက်မှုသင်တန်းကျောင်းများကို (၇) ကျောင်းမှ (၉)ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် ဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ လူမှုစီးပွားရေးအခြေအနေ တိုးတက်လာစေရန်အတွက် ကွန်ပျူတာ၊ ဝါယာကြိုး၊ စက်ပြင်၊ ဆောက်လုပ်ရေးနှင့် လျှပ်စစ်ဂဟေဆော်သင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသော တိုင်းရင်းသားအမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန် ရည်ရွယ်လျက် သက်မွေးပညာသင်ကျောင်းများကို (၃၉)ကျောင်းရှိခဲ့ရာမှ (၄၃)ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၁၆ခုနှစ်စာရင်းအရ စက်ချုပ်၊ သိုးမွေးထိုး၊ ဇာထိုးပန်းထိုး၊ ယက်ကန်းနှင့် အချက်အပြုတ်သင်တန်းများတွင် သင်တန်းသားပေါင်း (၆၅၀၀) ရှိခဲ့သည်။

[72] Ministry of Border Affairs http://www.moi.gov.mm/moi:eng/?q=news/28/03/2017/id-10327

(စ) ရွှေ့လျားကျောင်းများ၊ အရေးပေါ်ယာယီကျောင်းများ

အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၃၈)တွင် အောက်ပါအတိုင်းဖော်ပြထားသည်–

၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် –

(က) ရွှေ့ပြောင်းလုပ်သားများ၏သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေးပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများတည်ထောင်နိုင်ရန်စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

ရွှေ့လျားကျောင်းများဖွင့်လှစ်ခြင်း – ရွှေ့လျားကျောင်းများရှိကလေးများသည် ကျောင်းပညာရေးစနစ်အတွင်းရှိ ကလေးများကဲ့သို့ပင် တူညီသောသင်ရိုးညွှန်းတမ်းကို တူညီသောပညာသင်နှစ်ကာလအတွင်း သင်ကြားကြရသည်။ ဤအစီအစဉ်ကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ပူးပေါင်းကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည်။ ကလေးများသည် မိဘများနှင့်အတူ ၎င်းတို့၏အလုပ်တည်ရှိရာနေရာသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်ဖြစ်ရာ ရွှေ့လျားကျောင်းဆရာများသည် ကလေးများရှိရာသို့လိုက်ပါပြီးသင်ကြားပေးကြရသည်။ ၂၀၁၁–၂၀၁၂ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွှေ့လျားကျောင်းစုစုပေါင်း (၂၇)ကျောင်းရှိပြီးကလေးပေါင်း (၁၂၈၇)ယောက် ပညာသင်ကြားခဲ့သည်။[၇၃] ၂၀၁၆–၂၀၁၇ပညာသင်နှစ်တွင်မူ ရွှေ့လျားကျောင်း (၄)ကျောင်းသာကျန်ရှိပြီး ကလေး (၁၂၀) ယောက်သည် ဆရာ(၁၁)ယောက်ဖြင့် ပညာသင်ကြားလျက်ရှိတော့သည် (အခြေခံပညာဦးစီးဌာန၊ မတ်လ ၂၀၁၈ စာရင်းအင်း)။ မြန်မာနိုင်ငံတွင် ရာသီအလိုက်အလုပ်သမားများ ရှိနေဆဲဖြစ်ပြီး မိဘများ၏ ရွှေ့ပြောင်းနေထိုင်ရခြင်းကြောင့် ကလေးများကျောင်းပြင်ပရောက်ရှိနေကြရဆဲဖြစ်သည်။ အကယ်၍ အခြေခံပညာဦးစီးဌာနမှ ရွှေ့လျားကျောင်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်သွားမည်ဆိုပါက အဆိုပါကလေးများ အနေနှင့် ပညာသင်ယူမှုအခွင့်အလမ်းများပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

အရေးပေါ်ယာယီကျောင်းများ – Cross Camp and Trend Analysis အစီရင်ခံစာတွင် အောက်ပါအတိုင်းဖော်ပြထားသည်– "၂၀၁၃မှ ၂၀၁၅ခုနှစ်များအတွင်း ဒုက္ခသည်စခန်းများတွင် ကျောင်းဖွင့်လှစ်နိုင်မှုအကန့်အသတ်ရှိသည်။ မူလတန်းကျောင်းရရှိနိုင်မှုအခြေအနေမှာ ၂၀၁၃ခုနှစ်တွင်(၂၇%)ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင်(၂၈%)ထိ တိုးတက်လာသော်လည်း အလယ်တန်းကျောင်းရရှိနိုင်မှုသည် ၂၀၁၃ခုနှစ်တွင် (၁၅%)ရှိခဲ့ရာမှ ၂၀၁၅ခုနှစ်တွင်(၁၄%)သို့လည်းကောင်း၊ အထက်တန်းကျောင်းရရှိနိုင်မှုသည် ၂၀၁၃ ခုနှစ်တွင်(၈%)ရှိခဲ့ရာမှ ၂၀၁၅ခုနှစ်တွင်(၅%)သို့လည်းကောင်း လျော့ကျသွားသည်။ စခန်းငယ်များနှင့်နှိုင်းစာလျှင် စခန်းကြီးများ၏မူလတန်းရရှိမှုမြင့်မားသည်။ စခန်းကြီးများတွင်

[၇၃] The Government of the Republic of the Union of Myanmar, Ministry of Education, "*Education for All: Access to and Quality of Education in Myanmar*" (Conference on Development Policy Options with Special Reference to Education and Health in Myanmar) (13-16 February, 2012, Nay Pyi Taw, Myanmar)

မူလတန်းကျောင်းရရှိမှုသည် အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းရရှိမှုထက် သိသိသာသာ မြင့်မားသည်။”[၇၄]

(ဆ) အခြားရွေးချယ်စရာပညာရေးအစီအစဉ်များ

အသက်လွန်ကလေးများနှင့် ကျောင်းထွက်စောသောကလေးများအတွက်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍမိတ်ဖက်များ၏အထောက်အပံ့ဖြင့် အခြားရွေးချယ်စရာပညာရေးအစီအစဉ်များကို နှစ်ပေါင်းများစွာဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာနှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေးရင်းမြစ်ဗဟိုဌာနတို့သည် ပညာရေးဝန်ကြီးဌာန၊ UNESCO၊ UNDP တို့နှင့်ပူးပေါင်း၍ ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိအစီအစဉ် (NFPE) ကို ၁၉၉၈ခုနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၀၂–၂၀၀၃ပညာသင်နှစ်မှစတင်၍ ဤအစီအစဉ်ကို အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေးရင်းမြစ်ဗဟိုဌာနတို့ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်မြို့နယ်များကို ပညာသင်နှစ်နှင့် မိတ်ဖက်အဖွဲ့အစည်းများအလိုက် အောက်ပါဇယားတွင်ဖော်ပြထားသည်။

ဇယား ၃. ၇။ မြို့နယ်အလိုက် ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိအစီအစဉ် အကောင်အထည်ဖော်မှု

ပညာသင်နှစ်	မြို့နယ်အရေအတွက်	မိတ်ဖက်အဖွဲ့အစည်းများ
၂၀၀၂–၀၃ မှ ၂၀၀၇–၀၈	၅၉	UNICEF
၂၀၀၈–၀၉	၅	UNICEF
၂၀၀၉–၁၀	၁၂	UNICEF
၂၀၁၀–၁၁	၂၀	UNICEF (17) + Donor (3)
၂၀၁၁–၁၂	၄၈	UNICEF (23) + Donor (25)
၂၀၁၂–၁၃	၇၃	UNICEF (28) + Donor (36) + MOE (9)
၂၀၁၃–၁၄	၈၀	UNICEF (35) + Donor (29) + MOE (16)
၂၀၁၄–၁၅	၈၉	UNICEF (42) + Donor (31) + MOE (16)
၂၀၁၅–၁၆	၉၄	UNICEF (42) + Donor (28) + MOE (24)
၂၀၁၆–၁၇	၁၀၄	UNICEF (45) + MOE (47) + World Education (7) + UNESCO (4) + Shanti (1)

ရင်းမြစ်။ အခြေခံပညာဦးစီးဌာန

မြန်မာနိုင်ငံစာတတ်မြောက်ရေးရင်းမြစ်ဗဟိုဌာနသည် NFPE သင်ရိုးညွှန်းတမ်းကို ကျွမ်းကျင်မှုအခြေခံသည့်သင်ရိုးညွှန်းတမ်းဖြစ်စေရန်အတွက် ၂၀၁၀ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့သည်။ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်တွင် NFPE အတွက်စံပြစစ်ဆေးလွှာများစတင်အသုံးပြုခဲ့သည်။ လက်ရှိအခြေအနေတွင် ကျောင်းပြင်ပရောက်ကလေးများအတွက် သင်ရိုးရေးဆွဲပြီး ကျောင်းပြင်ပအလယ်တန်းပညာရေးတန်းညှိအစီအစဉ် (NFMSE) ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

[၇၄] Myanmar Kachin and Northern Shan States Camp Profiling Round 1-3 Cross-Camp and Trend Analysis Report 2013-2015), January 2016 retrieved 10 March, 2018 from https://reliefweb.int/sites/reliefweb.int/files/resources/original_Myanmar_Report_final.pdf

သက်ကြီးစာတတ်မြောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အတွင်း စာတတ်မြောက်မှုနှုန်းမြင့်မားလာစေရန် အာရုံစိုက်ဆောင်ရွက်နေဆဲဖြစ်သည်။ နွေရာသီအခြေခံစာတတ်မြောက်ရေးအစီအစဉ်ကို ၂၀၁၃ခု နှစ်တွင်ပြန်လည်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၄–၂၀၁၅ပညာသင်နှစ်တွင် မြို့နယ် (၆၈)မြို့နယ်၌ အကောင်အထည်ဖော်ခဲ့ရာ သက်ကြီးသင်တန်းသားအရေအတွက်မှာ (၄၆ ၄၇၈)ယောက်ရှိ၍ ၂၀၁၃ခု နှစ်ထက် နှစ်ဆများလာသည်။[၇၁]

စဉ်ဆက်မပြတ်ပညာရေးနှင့် သင်ယူခြင်းအစီအစဉ် (EXCEL) ကို ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့၏အထောက်အပံ့ဖြင့် ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၆ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း ကလေးပေါင်း (၇၅ ၀၀၀)ကျော်ကို ပညာပေးနိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ လိုအပ်ချက်၊ တောင်းဆိုချက်များနှင့်နှိုင်းစာလျှင် လွန်စွာနည်းနေသေးသည်။ ဤသို့လိုအပ်နေခြင်းမှာ ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်း အရေအတွက်နည်းနေသေးခြင်းနှင့် EXCEL ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် စွမ်းရည်လိုအပ်နေသေးခြင်းတို့ကြောင့်ဖြစ်သည်။[၇၆]

(၈) ထောက်ခံအကြံပြုချက်များ

- မူလတန်းမသင်မနေရဥပဒေပြဋ္ဌာန်းသင့်သည်။
- အထူးပညာရေးအစီအစဉ်များ[၇၇] နှင့် ပညာရေးဝန်ဆောင်မှုများ[၇၈] ဖော်ထုတ်သင့်သည်။ သို့မှသာ မသန်စွမ်းကလေးများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်သော ကျောင်းနေအရွယ်ကလေးအားလုံး လူတိုင်းအတွက်ပညာရေးဆောင်ပုဒ်နှင့်အညီ ပညာသင်ယူမှုအခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။
- ၂၀၁၁ခုနှစ်ကပြဋ္ဌာန်းခဲ့သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်သင့်သည်။
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုင်း အနိမ့်ဆုံးစံသတ်မှတ်ချက်နှင့်ကိုက်ညီစေရန်အတွက် နည်းပညာပံ့ပိုးမှုအပြင် ငွေကြေးထောက်ပံ့မှုကိုပါပေးရမည်။
- ဘုန်းတော်ကြီးသင်ပညာရေးမူဝါဒ ပေါ်ထွက်လာစေရန်နှင့် အသိအမှတ်ပြုခံရစေရန်အတွက် ထောက်ခံအားပေးမှုပြုလုပ်သင့်သည်။
- လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာနှင့်သက်မွေးဝမ်းကြောင်း ပညာရေးအစီအစဉ်များကို ကျောင်းပညာရေးအသွင်အကောင်အထည်ဖော်ရန်နှင့် လုပ်သားဈေးကွက်လိုအပ်ချက်ကိုဖြည့်ဆည်းပေးသင့်သည်။
- မူလတန်းနှင့် အလယ်တန်းပြီးဆုံးပြီးနောက် အလုပ်ခွင်သို့ဝင်ရောက်လိုသူများအတွက် အမျိုးသားပညာရေးဥပဒေအရ အခြေခံအဆင့်နှင့် အလယ်တန်းအဆင့်နည်းပညာနှင့် အသက်မွေးဝမ်းကြောင်းပညာရေးကို တတ်နိုင်သမျှအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။
- ကျောင်းထွက်စောသောကလေးများအတွက် နည်းပညာနှင့်သက်မွေးဝမ်းကြောင်းပညာရေးကို ကျောင်းပြင်ပပညာရေးအသွင် အကောင်အထည်ဖော်သင့်သည်။

---

[75] Myanmar NESP, p. 33

[76] Ibid

[77] Myanmar National Education Law (2014) Section 2 (x) **Special Education programs –** the establishment of schools which have special programs to teach disabled children.

[78] Ibid. Section 2 (y) **Special Education services –** the opening of temporary, emergency schools in border areas with conflict, less developed areas, areas with poor transportation, and regions affected by natural disasters.

- ကျောင်းမတက်နိုင်သောကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်း တန်းညှိ အစီအစဉ်များကို အားပေးသင့်သည်။

၃.၄။ ကန့်သတ်ချက် (၄)။ မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်း

ဤအခန်းတွင် မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်းများကို အဟန့်အတားဖြစ်စေသည့်အရာများ၊ သက်ဆိုင်ရာပံ့ပိုးသည့်အချက်အလက်များ၊ ၎င်းတို့၏အကျိုးသက်ရောက်မှုများနှင့် တည်ဆဲမူဝါဒများနှင့်အတူ ထောက်ခံအကြံပြုချက်များကို ဖော်ပြထားသည်။

မြန်မာနိုင်ငံ မသန်စွမ်းကလေးများအခြေအနေ ဆန်းစစ်လေ့လာခြင်း (၂၀၁၆)တွင် မသန်စွမ်းကလေး (၃)ယောက်လျှင် (၂)ယောက်မှာ ကျောင်းမတက်ကြကြောင်းနှင့် သာဓက(၄၆)ခုအရ ကျောင်းများသည် မသန်စွမ်းကလေးများ ကိုလက်မခံကြောင်း၊ အသက်(၅)နှစ်မှ(၉)နှစ်အရွယ် မသန် စွမ်းကလေးတစ်ဝက်ကျော်ကျော်မှာ ပညာသင်ယူခွင့်မရရှိကြကြောင်း၊ မသန်စွမ်းကလေးများ၏ (၃၆%)သာလျှင် စာရေးတတ်၊ ဖတ်တတ်ကြောင်း ဖော်ပြထားသည်။ ကျောင်းအများစုမှာ မသန်စွမ်းကလေးများအတွက်လိုအပ်သည့်အထောက်အပံ့များ မပေးနိုင်ကြပါ။ ၎င်းတို့နှင့် သင့်လျော်သည့် စာသင်ခန်းမရှိခြင်း (၅၅%)၊ အိမ်သာမရှိခြင်း (၇၄%)တို့ကိုတွေ့ရသည်။ သို့ဖြစ်၍ မသန်စွမ်းကလေးများ (အထူးသဖြင့် မိန်းကလေးများ) အတွက် စာသင်နှစ်ပြီးဆုံးသည်အထိ ကျောင်းတက်နိုင်ရန်ခက်ခဲသည်။

မသန်စွမ်းကလေးများအနက် (၂.၂%)သောကလေးများသာလျှင် အထက်တန်းသို့ရောက်ရှိလာကြသည်။ မသန်စွမ်းကလေးများသည် အထူးကျောင်းများတွင်သာ တက်ရောက်သင့်သည်ဟု ပညာရေးသမား(၇၅%)က ယူဆကြသည်။ မသန်စွမ်းကလေး (၃)ယောက်တွင်(၁)ယောက်၏မိဘများ/စောင့်ရှောက်သူများက ၎င်းတို့၏ကလေးများသည် စာသင်ခန်းထဲတွင် လှောင်ပြောင်ခံရသည် (သို့မဟုတ်) အနိုင်ကျင့်ခံကြရသည်ဟု ဖြေကြားခဲ့ကြသည်။[၇၉] အောက်ဖော်ပြပါအချက်များသည် မသန်စွမ်းကလေးများ ကျောင်းမရောက်ရှိရခြင်းအကြောင်းရင်းများဖြစ်သည်–

(၁) မိဘ၊ဆရာ၊သူငယ်ချင်းများနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများ၏ သဘောထား၊
(၂) တည်ဆဲဥပဒေနှင့်မူဝါဒအကောင်အထည်ဖော်မှုအားနည်းခြင်း၊
(၃) မသန်စွမ်းကလေးများအတွက်ခက်ခဲသောပတ်ဝန်းကျင်နှင့် ပံ့ပိုးကူညီမှု/ဝန်ဆောင်မှုမရှိခြင်း၊
(၄) အထူးလိုအပ်ချက်ရှိသောကလေးများအတွက် ကူညီပံ့ပိုးမှုမလုံလောက်ခြင်း၊
(၅) မသန်စွမ်းကလေးများအတွက် သင်ကြားသင်ယူမှုပစ္စည်းများကြိုတင်ပြင်ဆင်ထားမှုမရှိခြင်း၊
(၆) ဆရာများတွင် သင်ကြားမှုစွမ်းရည်အားနည်းခြင်း၊
(၇) အထူးလိုအပ်ချက်ရှိသောကလေးများနှင့်ပတ်သက်၍ ဆရာများတွင်သင်တန်းမရှိခြင်း၊
(၈) သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်များနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊

အထက်ဖော်ပြပါအကြောင်းခြင်းရာများကြောင့် မသန်စွမ်းကလေးများသည် ကျောင်းအပ်နှောက်ကျခြင်း၊ ကျောင်းအပ်နှုန်းနိမ့်ခြင်း၊ ကျောင်းထွက်နှုန်းမြင့်မားခြင်း၊ ကျောင်းထွက်ရန်ဖြစ်နိုင်ခြေများခြင်း၊ ကျောင်းပျက်ရက်များခြင်းများဖြစ်ကြရသည်။

---

[၇၉] UNICEF 2016. "*Situation Analysis of Children with Disabilities in the Republic of the Union of Myanmar*". Yangon, UNICEF Myanmar. p. 33

၃.၄.၁။ ပညာသင်ယူမှုအခွင့်အလမ်း

ပညာရေးဝန်ကြီးဌာနသည် လူတိုင်းအတွက်ပညာရေးနိုင်ငံတော်လုပ်ငန်းအစီအစဉ် (၂၀၁၃–၁၅)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိသည်။ ကျွမ်းကျင်သောဆရာဆရာမများမရှိခြင်း၊သင်ထောက်ကူပစ္စည်းများမရှိခြင်း၊ ယေဘုယျအားဖြင့်အသိပညာမရှိခြင်းတို့ကြောင့် လူတိုင်းအကျုံးဝင်ပညာရေးကို အကောင်အထည်ဖော်ဆောင်ရာတွင် အခက်အခဲများနှင့်ရင်ဆိုင်ကြရသည်။ မြို့ပြဒေသများတွင် မသန်စွမ်းမှုအမျိုးမျိုးအတွက် အထူးကျောင်းနှင့် သက်မွေးပညာသင်ကျောင်းအနည်းငယ်ရှိသည်။ ဝန်ကြီးဌာနသည် "မိဘိုမှကင်းလွတ်စွာနေထိုင်နိုင်ရေးစီမံချက်" ကဲ့သို့သော လူတိုင်းအကျုံးဝင်ပညာရေး ရှေ့ပြေးစီမံချက်များကို အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းကလေးအများစုမှာ အထူးကျောင်းများတွင်သာအပ်နှံကြသည်။ လူတိုင်းအကျုံးဝင်ပညာရေးကို ၂၀၁၀ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး အခြေခံပညာဦးစီးဌာန စာရင်းအင်းအရ ၂၀၁၇–၂၀၁၈ ပညာသင်နှစ်တွင် မသန်စွမ်းကလေးပေါင်း (၆၀၁၈)ယောက်သည် အခြေခံပညာကျောင်းများတွင် တက်ရောက်နေကြသည်။ လူမှုဝန်ထမ်းဦးစီးဌာနစာရင်းအင်းအရ ၂၀၁၅–၁၆ ပညာသင်နှစ်တွင် မသန်စွမ်းကလေး (၅၃၄)ယောက်သည် အထူးကျောင်းများတွင် တက်ရောက်နေကြသည်။ ဤအရေအတွက်များသည် မသန်စွမ်းကလေးဦးရေနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းပါးနေသည်။ ၂၀၁၄ခုနှစ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင်စုစုပေါင်းကလေးဦးရေ (၁၇.၂)သန်းရှိသည့်အနက် ကလေး(၂၃၂၀၁၁)ယောက်၊ (၁.၃၅%) သည် မသန်စွမ်းကလေးများ ဖြစ်နေသည်။[၈၀]

ဇယား ၃. ၈။ ကျောင်းများတွင်တက်ရောက်သင်ကြားနေသော မသန်စွမ်းကလေးများ အရေအတွက်

	ကျား	မ	ပေါင်း
အမြင်	၃၉၂	၂၉၁	၆၈၃
အကြား	၃၄၇	၂၅၅	၆၀၂
Autism	၇၅၁	၄၁၄	၁၁၆၅
ကိုယ်ခန္ဓာ	၂၀၆၂	၁၅၀၆	၃၅၆၈
စုစုပေါင်း	၃၅၅၂	၂၄၆၆	၆၀၁၈

ရင်းမြစ်။ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန (၂၀၁၇–၂၀၁၈)

ဇယား ၃. ၉။ အထူးကျောင်းများတွင်တက်ရောက်နေသော မသန်စွမ်းကလေးများ (၂၀၁၅–၂၀၁၆)

စဉ်	အထူးကျောင်း	အဆင့်	ကျား	မ	ပေါင်း
၁	နားမကြားကျောင်း၊ မန္တလေး	မူလတန်း	၈၉	၅၇	၁၄၆
		အလယ်တန်း	၁၄	၁၁	၂၅
၂	နားမကြားကျောင်း၊ ရန်ကုန်	မူလတန်း	၃၂	၅၂	၈၄
၃	မျက်မမြင်ကျောင်း၊ စစ်ကိုင်း	မူလတန်း	၆	၈	၁၄
၄	မသန်စွမ်းကလေးများကျောင်း၊ မန္တလေး	မူလတန်း	၅၉	၃၃	၉၂
၅	မသန်စွမ်းကလေးများကျောင်း၊ ရန်ကုန်	မူလတန်း	၁၁၇	၅၆	၁၇၃

ရင်းမြစ်။ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ (၂၀၁၅–၁၆)

[၈၀] Ibid. p. vii

ကလေးများ အထူးသဖြင့်မသန်စွမ်းကလေးများ ပညာသင်ယူမှုအခွင့်အလမ်းများရရှိရန် အဟန့်အတားများရှိနေဆဲဖြစ်ကြောင်း ကောက်ချက်ဆွဲနိုင်သည်။[၈၁]

- မသန်စွမ်းကလေးများ နေ့စဉ်လှုပ်ရှားမှုများ၌ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အခြေခံပညာကျောင်းများတွင်တက်ရောက်၍ အခြားသာမန်ကလေးများနှင့် ပေါင်းသင်းဆက်ဆံခြင်းသည် အဓိက တွန်းအားပေးသည့်အရာဖြစ်သော်လည်း အခြေခံပညာကျောင်းများက ကျောင်းအပ်လက်မခံကြဟု များပြားလှသောမသန်စွမ်းကလေးများကဖြေကြားခဲ့ကြသည်။
- ယေဘုယျအားဖြင့် မသန်စွမ်းကလေးများ၏ (၆၇%)သည် ကျောင်းပြင်ပသို့ရောက်ရှိနေကြရာ သန်စွမ်းသောကလေးများ၏ (၁၉%) ကျောင်းပြင်ပရောက်ရှိနေသည့်အချက်နှင့်နှိုင်းယှဉ်လျှင် မြင့်မားနေသည်။ ထို့ပြင်သာဓက(၄၆)ခုအရ ကျောင်းများသည် မသန်စွမ်းကလေးများကို လက်မခံကြပါ။
- အသက် (၁၄)နှစ်မှ (၁၇)နှစ် အရွယ်အုပ်စုတွင် မသန်စွမ်းကလေး (၂၉%)သာလျှင်အထက်တန်းပညာပြီးဆုံးသည့်အတွက် ကလေးအသက်ကြီးလာသည်နှင့်အမျှ ပညာရေးရရှိမှုအခွင့်အလမ်းလျော့နည်းလာသည်။ သန်စွမ်းသည်ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ ကလေးအများစုမှာ မူလတန်းပြီးဆုံးလျှင် စတင်ကျောင်းထွက်တတ်ကြသည်။
- ကျောင်းတက်ရန် အခွင့်အရေးလုံးဝမရရှိခဲ့သည့် မသန်စွမ်းကလေးများအရေအတွက်သည် စိုးရိမ်စဖွယ်ဖြစ်သည်။ အသက်(၂)နှစ်မှ (၄)နှစ်အရွယ်မသန်စွမ်းကလေးများ၏ (၉၇%) သည်လည်းကောင်း၊ အသက်(၅)နှစ်မှ (၉)နှစ်အရွယ်မသန်စွမ်းကလေးများ၏ (၅၆%)သည်လည်းကောင်း ပညာသင်ယူမှုအခွင့်အလမ်းမရရှိဟု မိဘများ/စောင့်ရှောက်သူများကဖြေကြားခဲ့သည်။
- သန်စွမ်းကလေးများ၏မိဘအချို့သည် ၎င်းတို့၏ကလေးများကို မသန်စွမ်းကလေးများနှင့် မပေါင်းသင်းစေလိုကြသကဲ့သို့ အချို့သောဆရာများကလည်း ၎င်းတို့၏အတန်းထဲတွင် မသန်စွမ်းကလေးများကို လက်မခံလိုကြပါ။

မြန်မာနိုင်ငံ မသန်စွမ်းကလေးများအခြေအနေ ဆန်းစစ်လေ့လာခြင်း (၂၀၁၆)တွင် အောက်ပါအတိုင်းဖော်ပြထားသည်– "မသန်စွမ်းကလေးမိဘ (၇၅)ယောက်ကို လူတွေ့မေးမြန်းရာတွင် (၂၇)ယောက်က ၎င်းတို့၏ကလေးများသည် အခြေခံပညာကျောင်းများတွင်တက်ရောက်နေကြောင်း၊ (၅)ယောက်က အခြေခံပညာကျောင်းများတွင် ကျောင်းတက်ခဲ့သော်လည်း ကြာကြာမတက်နိုင်တော့ကြောင်း ဖြေကြားခဲ့သည်။ မသန်စွမ်းကလေးများ၏ မိဘ/စောင့်ရှောက်သူအများစုက ၎င်းတို့၏ကလေးများသည် အတန်းဖော်သူငယ်ချင်းများနှင့် သဟဇာတမဖြစ်ခြင်း၊ ဆရာများကအထောက်အကူမပြုခြင်း၊ အခြားကလေးများနည်းတူ ကောင်းကောင်းမလုပ်နိုင်ခြင်း၊ အတန်းကျရှုံးခြင်း၊ အခြားကလေးများနည်းတူ သူငယ်ချင်းမရှိခြင်း စသည်တို့ကြောင့် ကျောင်းသွားလိုစိတ်မရှိကြကြောင်း ပြောကြားခဲ့သည်။"[၈၂]

ကလေးသူငယ်ဥပဒေအရ မသန်စွမ်းကလေးများသည် ပညာသင်ယူခွင့်ရှိသည်။ ပညာရေးဝန်ကြီးဌာနမှ မသန်စွမ်းကလေးများ အခြေခံပညာကျောင်းများတွင် ပညာသင်ယူခွင့်ရရှိရန် လူတိုင်းအကျုံးဝင်ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အထူးကျောင်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ မြန်မာနိုင်ငံတွင် မျက်မမြင်ကျောင်း (၇)ကျောင်း၊ နားမကြားကျောင်း (၃)ကျောင်းနှင့် ခန္ဓာကိုယ်

---

၈၁ "*Situation Analysis of Children with Disabilities in the Republic of the Union of Myanmar*". p. 3

၈၂ Ibid. p. 4

မသန်စွမ်းကျောင်း (၂)ကျောင်းနှင့် စုစုပေါင်းအထူးကျောင်းအရေအတွက်မှာ (၁၂)ကျောင်းသာလျှင် ရှိသည့်အတွက် သိသိသာသာကျောင်းအပ်နှံမှု အခွင့်အလမ်းများကို ကန့်သတ်ထားသကဲ့သို့ ဖြစ်နေသည်။ အထူးကျောင်းများတွင်သာ မသန်စွမ်းကလေးများအတွက် သင့်လျော်သည့် နည်းပညာပိုင်းဆိုင်ရာ၊ ပစ္စည်းကိရိယာနှင့် ဆရာများရှိသော်လည်း အခြေခံပညာကျောင်းများတွင်မူ မသန်စွမ်းကလေးများအတွက်သင့်လျော်သည့် နည်းပညာပိုင်းဆိုင်ရာ၊ ပစ္စည်းကိရိယာနှင့် ဆရာများမရှိကြပါ။ အထူးကျောင်းအရေအတွက် မလုံလောက်ခြင်းနှင့် ဆရာမရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် မသန်စွမ်းကလေးများအတွက် အထူးပညာရေးအခွင့်အလမ်း အကန့်အသတ်ရှိနေသည်။ အိမ်မှတက်နိုင်သော အထူးကျောင်းအနည်းငယ်ရှိသော်လည်း ကျောင်းအများစုမှာ ကျောင်းအိပ်ကျောင်းစားများဖြစ်သည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းမှုပုံစံအမျိုးမျိုးအတွက် ကျောင်းများဖွင့်လှစ်ပေးခဲ့သော်လည်း ကလေးများအခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ရန်အတွက် ပြင်ဆင်ပေးသည့်ကျောင်းများ ပိုမိုဖွင့်လှစ်ပေးရန် လိုအပ်နေသေးသည်။ အထူးကျောင်းများသည် ကလေးများပုံမှန်ကျောင်းများတွင်တက်ရောက်နိုင်ရန်အတွက် ပြင်ဆင်ပေးရန်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေနှင့် ဤသို့ဆောင်ရွက်ရန်အသစ်အဆန်းဖြစ်နေသေးသည်။ လတ်တလောအခြေအနေတွင် ကျောင်းအဆောက်အဦများမှာ မသန်စွမ်းကလေးများနှင့် ကိုက်ညီမှုမရှိသေးသည့်အပြင် မသန်စွမ်းကလေးများအတွက် သင်တန်းကောင်းကောင်းရရှိထားသည့် ဆရာအနည်းငယ်သာ ရှိသေးသည့်အတွက် မသန်စွမ်းကလေးများကို မသင်မနေရပညာရေးတွင် ပေါင်းစည်းပေးရန်မှာ လွန်စွာခက်ခဲလျက်ရှိနေသေးသည်။

"မြန်မာနိုင်ငံပညာရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအခြေခံလေ့လာမှုအစီရင်ခံစာ၊ လူတိုင်းအကျုံးဝင်ပညာရေးကဏ္ဍ"[၈၃] တွင် မသန်စွမ်းကလေးများကျောင်းသို့မရောက်ရှိရခြင်းမှာ လေ့လာသင်ယူ၍မရခြင်း၊ ကျောင်းသို့သွားလာရန်ခက်ခဲခြင်း၊ နေထိုင်ရာဧရိယာအတွင်းကျောင်းမရှိခြင်း၊ ကျောင်းကိုစိတ်မဝင်စားခြင်း၊ ပညာသင်ယူစရိတ်ကြီးခြင်းနှင့် အခြားအကြောင်းပြချက်များကြောင့်ဖြစ်သည်ဟု ဖော်ပြထားသည်။ ၎င်းတို့အနက် အဓိကအကျဆုံးအကြောင်းပြချက်များမှာ လေ့လာသင်ယူ၍မရခြင်းနှင့် ကျောင်းသို့သွားလာရန်ခက်ခဲခြင်းတို့ဖြစ်သည်။ အထောက်အပံ့မပေးနိုင်ခြင်းသည် မသန်စွမ်းကလေးများအတွက် ကျောင်းတက်ရန်အခက်အခဲဖြစ်စေပြီး ကျောင်းထွက်ရခြင်း၏အကြောင်းရင်းဖြစ်နိုင်သည်။

(ခ) အထူးဦးစားပေးအစီအစဉ် – မသန်စွမ်းကလေးများအတွက်ထောက်ပံ့ကြေး[၈၄]

မသန်စွမ်းသူများအတွက်အခွင့်အရေးဆိုင်ရာဥပဒေ ပေါ်ပေါက်လာပြီးနောက် ၂၀၁၆ခုနှစ်မှစတင်၍ မသန်စွမ်းသူအားလုံးအတွက် ထောက်ပံ့ငွေပေးအပ်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ ဤအစီအစဉ်ကို မသန်စွမ်းမှုကို အသိအမှတ်ပြုသည့် သက်သေခံလက်မှတ်ပြုလုပ်ခြင်းလုပ်ငန်းစဉ်ပြီးဆုံးလျှင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများ၏ဘဝ သာယာဝပြောရေးနှင့် အထူးသဖြင့် မသန်စွမ်းကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုများရရှိနိုင်ရန်ဖြစ်သည်။

[83] "*Myanmar Education Consortium Baseline Study Report Inclusive Education Component January 2015*". p. 11

[84] The Republic of the Union of Myanmar "*Myanmar National Social Protection Strategic Plan*" December 2014. p. 53 Retrieved December 5, 2017 from http://www.social-protection.org/gimi/gess/RessourcePDF.action?ressource.ressourceId=50377

မသန်စွမ်းကလေးတစ်ယောက်လျှင် မြန်မာကျပ်ငွေ (၁၆၀၀၀)ကျပ်နှင့် လစဉ်ကလေးထောက်ပံ့ကြေးရရှိမည်ဖြစ်ပြီး အပြည့်အဝအကောင်အထည်ဖော်ပြီးလျှင် ခန့်မှန်းကုန်ကျငွေမှာ GDP ၏(၀.၀၆%)ဖြစ်သည်။ မသန်စွမ်းလူကြီးများအတွက် မြန်မာကျပ်ငွေတစ်လ(၃၀၀၀၀)ကျပ်ဖြင့် အသက်(၆၄)နှစ်အထိ ထောက်ပံ့သွားမည်ဖြစ်ရာ GDP ၏(၀.၂၄%) သုံးစွဲမည်ဖြစ်သည်။ ဤအစီအစဉ်ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနကဦးဆောင်၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်သွားမည်ဖြစ်ရာ အကျိုးခံစားခွင့်ရှိသူများအနေနှင့် အကျိုးကျေးဇူးနှင့် စောင့်ရှောက်မှုရရှိကြမည်ဖြစ်သည်။

၃.၄.၂။ လက်ရှိချမှတ်ထားသောမူဝါဒများ

မြန်မာအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၃၇တွင် အောက်ပါအတိုင်းဖော်ပြထားသည်–

၃၇။ ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိက သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများက ဖွင့်လှစ်လိုပါက စိစစ်ခွင့်ပြုနိုင်သည်။

မသန်စွမ်းဥပဒေ(မူကြမ်း)အရ မသန်စွမ်းသူများသည် ပညာသင်ယူရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အခွင့်အရေးများရှိသည်။[၈၅]

အမျိုးသားပညာရေးဥပဒေတွင် မသန်စွမ်းကလေးများအတွက် အထူးကျောင်းများဖွင့်လှစ်ခြင်းနှင့် အထူးပညာရေးအစီအစဉ်များပြင်ဆင်ခြင်းတို့ကို ပြဋ္ဌာန်းထားသည်။[၈၆] ဤစာပိုဒ်ကို မသန်စွမ်းဥပဒေ(မူကြမ်း)တွင်လည်း ထည့်သွင်းပြဋ္ဌာန်းထားသည်။[၈၇] ကလေးသူငယ်ဥပဒေ ပုဒ်မ၁၈(က–ဃ)တွင် စိတ်ပိုင်းသို့မဟုတ် ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသောကလေးများသည် အခြေခံပညာမူလတန်းအဆင့်သို့မဟုတ် သက်မွေးပညာရေးကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဖြစ်စေ၊ စေတနာဝန်ထမ်း လူမှုရေးဆောင်ရွက်သူများကဖြစ်စေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကဖြစ်စေ ဖွင့်လှစ်ထားသော အထူးကျောင်းများတွင် ပညာရယူနိုင်ခွင့်ရှိသည်[၈၈] ဟုဖော်ပြထားသည်။

မြန်မာနိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများ၏အခွင့်အရေး တိုးတက်လာစေရန်ကတိကဝတ်ပြုသည့် ဥပဒေပြုမှုနှင့် မူဝါဒချမှတ်မှုတို့ကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ကလေးသူငယ်အခွင့်အရေးညီလာခံ (CRC 1991)/ အမျိုးသမီးများအားခွဲခြားဆက်ဆံခြင်း ကင်းဝေးစေရေးညီလာခံ (CEDAW 1997) နှင့် မသန်စွမ်းကလေးများ၏ အခွင့်အရေးဆိုင်ရာညီလာခံ[၈၉] (CRPD December 2011) တို့အပါအဝင် အပြည်ပြည်ဆိုင်ရာစည်းကမ်းချက်များနှင့်အညီ အချို့သောမြန်မာ–ကုလသမဂ္ဂလူ့အခွင့်အရေးစာချုပ်များကို အတည်ပြုခဲ့သည်။ CRPD ၏ Optional Protocol ကို အတည်ပြုပေးရန်ကျန်ရှိနေသေးသည်။

---

[၈၅] Disability Law (draft) (2015) Act 24 (a)

[၈၆] Myanmar National Education Law Act 2 (x) & Disability Law (draft) cited in *Inclusive Education and Children with Disabilities in Yangon, Myanmar*. Report from a research study conducted by Eden Centre for Disabled Children in partnership with VSO. Published March 2015. (p 20)

[၈၇] Disability Law (draft) (2015) Act 25

[၈၈] Child Law (1993) Act 18 a (i)

[၈၉] The CRPD is the first international, legally binding treaty aimed at protecting the human rights of persons with disabilities.

CRPD သည် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးကို ကာကွယ်ပေးရန်ရည်ရွယ်၍ချုပ်ဆိုထားသည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာတရားဝင်စာချုပ်ဖြစ်သည်။

၃.၄.၃။ ထောက်ခံအကြံပြုချက်များ

မသန်စွမ်းကလေးများ ပညာသင်ယူမှုအခွင့်အလမ်းများဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းများမှာ လေ့ကျင့်ထားသည့် ဆရာလုံလောက်မှုမရှိခြင်း၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ လုံလောက်မှုမရှိခြင်းနှင့် အထူးကျောင်းအရေအတွက် ကန့်သတ်ထားရှိခြင်းတို့ကြောင့်ဖြစ်သည်။ လူတိုင်းအကျုံးဝင်ပညာရေး အားကောင်းလာစေရန်အတွက် အောက်ပါအကြံပြုချက်များကို ထောက်ခံတင်ပြအပ်ပါသည်–

- လူတိုင်းအကျုံးဝင်ပညာရေးစနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆရာများနှင့် ပညာရေးသမားများ၏ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသင့်သည်။
- အထူးလိုအပ်ချက်ရှိသောကလေးများအား ပိုမိုအာရုံစူးစိုက်ပေးနိုင်စေရန်အတွက် အခြေခံပညာ လူတိုင်းအကျုံးဝင်ကျောင်းများတွင်သာမက၊ အထူးကျောင်းများတွင်ပါ ဝါရင့်/လုပ်သက်ရင့် ဆရာများ ခန့်ထားပေးသင့်သည်။
- အသိပညာပေးရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အတွေ့အကြုံများဖလှယ်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အဆင့်အသီးသီးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအတွင်း ဆောင်ရွက်သင့်သည်။
- မသန်စွမ်းကလေးများ၏ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်သင့်သည်။
- မသန်စွမ်းကလေးများအတွက်သင့်လျော်သည့် သင်ယူမှုဝန်းကျင်(ဥပမာ– ဘီးတပ်ကုလားထိုင်ဖြင့်သွားလာနေရသောကလေးအတွက် ဘီးတပ်ကုလားထိုင်ဖြင့် သွားလာရလွယ်ကူသည့် ပတ်ဝန်းကျင်ဖြစ်သင့်သည်) ဖန်တီးပေးသင့်သည်။
- အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် လူတိုင်းအကျုံးဝင်ပညာရေးအခွင့်အလမ်းများအပြည့်အဝရရှိစေရန် လိုအပ်သည့်ပြင်ဆင်မှုများ ထပ်မံဖြည့်စွက်သင့်သည်။ ဤသို့ပြင်ဆင်ရာတွင် မသန်စွမ်းကလေးများ ပုံမှန်ကျောင်းများတွင် တက်ရောက်သင်ကြားခြင်းကို ကြိုဆိုရန်နှင့် ကလေးတစ်ဦးချင်းစီနှင့်ကိုက်ညီသည့် သင်ယူမှုအထောက်အပံ့များပေးနိုင်ရန်အတွက် SDG4, CRPD နှင့် အင်ချွန်းမဟာဗျူဟာတို့နှင့် ကိုက်ညီမှုရှိသင့်သည်။
- ပညာရေးဝန်ကြီးဌာနသည် မသန်စွမ်းကလေးများ၏ ထမြောက်အောင်မြင်မှုနှင့် ဘဝသာယာဝပြောရေးအတွက် လျော်ကန်ထိရောက်မှုရှိသော အထောက်အကူပေးနိုင်ရန် နည်းဗျူဟာများ ဖော်ထုတ် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။
- မသန်စွမ်းကလေးများအတွက် "အထူးပညာသင်ထောက်ပံ့ကြေး" ပေးသင့်သည်။

- လူတိုင်အကျုံးဝင်ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းပေးခြင်းအစရှိသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်/မြို့နယ်ပညာရေး မှူးရုံးများအတွက် အထူးရန်ပုံငွေ (သို့မဟုတ်) ထပ်ဆောင်းရန်ပုံငွေ ဖြည့်ဆည်းပေးသင့်သည်။
- မသန်စွမ်းကလေးများအတွက် သင်ကြားသင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ဖြန့်ဝေပေးသင့်သည်။
- မသန်စွမ်းကလေးများဆိုင်ရာအချက်အလက်များကို EMIS တွင်ထည့်သွင်းသင့်သည်။ အချက် အလက်ကောက်ယူရာတွင် မသန်စွမ်းမှုအမျိုးအစား၊ ပညာသင်ယူသည့်နေရာနှင့် လိုအပ်သည့် ပံ့ပိုးမှုများ၊ ရရှိခဲ့သည့် ပံ့ပိုးမှုများစသည်တို့ပါဝင်သင့်သည်။
- ပညာရေးဝန်ကြီးဌာနသည် ကျောင်းပြင်ပရောက်ကလေးများ ကျောင်းရောက်ရှိရေး အစပျိုး လုပ်ငန်းဆောင်ရွက်ချက်များတွင် မသန်းစွမ်းကလေးများမကျန်ရှိစေရန် အလေးပေး ဆောင်ရွက်သင့်သည်။
- မီဒီယာများအသုံးပြု၍လည်းကောင်း၊ စည်းရုံးလှုံ့ဆော်ခြင်းဖြင့်လည်းကောင်း လူတိုင်းအကျုံး ဝင်ပညာရေးအကြောင်း အသိပညာပေးသင့်သည်။
- အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း/အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် ဒေသအာဏာပိုင်များအကြား ကွန်ယက်ဖွဲ့စည်းသင့်သည်။

၃.၅။ ကန့်သတ်ချက် (၅)။ ပထဝီအနေအထားကွဲပြားခြားနားခြင်း

ကျေးလက်နှင့်မြို့ပြ၊ ဆင်းရဲမွဲတေခြင်းနှင့်ချမ်းသာကြွယ်ဝခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး တို့အကြားတွင်ကွာဟမှုအလွန်တရာကြီးမားကြောင်း ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေ ကိုဆန်းစစ်လေ့လာချက်များအရတွေ့ရှိရသည်။ အဓိကအကြောင်းရင်းမှာ ပထဝီအနေအထား ကွဲပြား ခြားနားခြင်းကြောင့်ဖြစ်သည်။

၃.၅.၁။ လက်လှမ်းမမီသည့်ဒေသများ

အားနည်းချက်ရှိသောကလေးအများစု တစ်နည်းအားဖြင့် လူသားချင်းညှာတာ ထောက်ထားမှုအများဆုံး လိုအပ်နေသောကလေးအများစုမှာ ဝေးလံခေါင်ဖျားဒေသများတွင် နေထိုင်ကြသူများ၊ တိုင်းရင်းသား လူနည်းစုများ၊ ကာလကြာရှည်စွာငြိမ်းချမ်းမှုမရှိသည့်ဒေသများတွင်နေထိုင်သူများနှင့် ပညာရေး၊ ကျန်းမာရေးအပါဝင် အခြေခံလူမှုရေးဝန်ဆောင်မှုစံမမီသည့်/မရရှိသည့် ဒေသများတွင်နေထိုင်သူများ ဖြစ်ကြသည်။

၂၀၁၁ခုနှစ် မတ်လ၃၀ရက်တွင် ပထမဆုံးသောအရပ်သားအစိုးရ တာဝန်စတင်ယူပြီးသည့်နောက် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။ လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြန်လည်စတင်ခြင်း၊ တိုင်းရင်းသားပြဿနာများကို ဖြေရှင်းရန်နှင့် ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသေချာစေရန်အတွက် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းခြင်း၊ နိုင်ငံသား များ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် နယ်စပ် ဒေသများတွင် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရန်နှင့် စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို နိုင်ငံတော်အစိုးရကဆောင်ရွက်ခဲ့သည်။

MICS တွင် “အခြေခံဝန်ဆောင်မှုများ (ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ရေး၊ ဆေးရုံ၊ ဆေးခန်းနှင့် သားဖွားခန်းများတွင်မီးဖွားရေး၊ မူကြိုပညာရေးနှင့် မူလတန်းပညာရေး) ပံ့ပိုးမှုတွင် အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် သွားရောက်ရန်ခက်ခဲသည့်ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် သိသိသာသာနိမ့်ကျနေသည်” ဟုဖော်ပြထားသည်။[90]

လူမှုရေးဝန်ဆောင်မှုစံမမီရခြင်းမှာ အခွင့်အလမ်းနှင့်အရည်အသွေးဆိုင်ရာ ပြဿနာများကြောင့်ဖြစ်ပါသည်။ ဝေးလံခေါင်သီခြင်းနှင့် နယ်စပ်ဒေသများ၏တောတောင်ထူထပ်ခြင်းတို့တွင် အချိန်ကြာမြင့်စွာစစ်မက်ဖြစ်ပွားခြင်းကြောင့်ဖြစ်ပေါ်လာသည့် ငြိမ်းချမ်းမှုမရှိခြင်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စိန်ခေါ်မှုများပေါင်းစပ်လိုက်သောအခါ အခွင့်အလမ်းဆိုင်ရာပြဿနာများဖြစ်ပေါ်လာစေသည်။ လူသားအရင်းအမြစ်ရှားပါးခြင်း ဘဏ္ဍာရေးဆိုင်ရာအရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် သွားလာရေးခက်ခဲသောဒေသများတွင် လူမှုရေးဝန်ဆောင်မှုအရည်အသွေးနိမ့်ကျရသည်။ ဒေသ၏ခက်ခဲကြမ်းတမ်းမှု၊ မလုံခြုံမှုတို့ကြောင့် အရည်အသွေးရှိရှိဝန်ဆောင်မှုပေးနိုင်သူများကို အဆိုပါဒေသများတွင်သွားရောက်တာဝန်ထမ်းဆောင်ရန်မဆွဲဆောင်နိုင်သကဲ့သို့ ရောက်ရှိပြီးသူများအားလည်း ရေရှည်တည်တံ့အောင် မထိန်းသိမ်းထားနိုင်ကြပါ။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်သူကလေးများသည်လည်း အားနည်းချက်ရှိသောကလေးများဖြစ်ကြပါသည်။ ယာယီရွှေ့ပြောင်းနေထိုင်ခြင်းဖြစ်၍ လူနေမှုဘဝနိမ့်ကျခြင်းနှင့် အခြေခံလူမှုရေးဝန်ဆောင်မှုပင်မရရှိကြခြင်းကြောင့် ဖျားနာခြင်း၊ ရောဂါထူပြောခြင်းတို့အပြင် ၎င်းကလေးများသည် ပညာရေးမှဖယ်ထုတ်ထားခံရနိုင်ခြေရှိသည်။ ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များသည် မြန်မာနိုင်ငံသားများအပေါ်၊ အထူးသဖြင့်အမျိုးသမီးများနှင့် ကလေးများအပေါ် ထိခိုက်သက်ရောက်မှုရှိသည်။ အသက်ဆုံးရှုံးခြင်း၊ မလုံခြုံခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်းတို့ဖြစ်ပေါ်နိုင်ပြီး ရွှေ့ပြောင်းနေထိုင်ရသည့်အခါ ဝန်ဆောင်မှုအားနည်းခြင်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို ထိခိုက်ခြင်းနှင့် လူများကိုဆင်းရဲတွင်းနက်စေသည်။ ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များသည် တာဝန်ထမ်း ဆောင်သူများအတွက် ၎င်းတို့၏တာဝန်ထမ်းဆောင်ရန်နှင့် ကလေးသူငယ်အခွင့်အရေးကို သဘောပေါက်မှုသေချာစေရန် ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရသည်။

၃.၅.၂။ သဘာဝဘေးအန္တရာယ်

မုန်တိုင်းများကျရောက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ သစ်တောမီးလောင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီနှင့် ကမ်းရိုးတန်းမုန်တိုင်းတို့ဖြစ်ပေါ်လေ့ရှိ၍ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကမ္ဘာ့အန္တရာယ်အညွှန်းကိန်းသည် (၄၂/၁၇၃)ဖြစ်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအန္တရာယ်အညွှန်းကိန်းမှာ (၂/၁၇၈)ဖြစ်သည်။[91] ကုလသမဂ္ဂအန္တရာယ်ပုံစံအရ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေအများဆုံး နိုင်ငံဖြစ်သည်။ ကမ်းရိုးတန်းဒေသများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီးများသည် ဆိုင်ကလုန်းမုန်တိုင်းများ၊ ကြီးမားသောလှိုင်းလုံးကြီးများနှင့် ဆူနာမီများဖြစ်ပေါ်လေ့ရှိ၍ သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သည်။ တိုင်းပြည်၏နေရာ

[90] Ministry of National Planning and Economic Development and UNICEF, “*Situation Analysis of Children in Myanmar, Nay Pyi Taw 2012”*. p. 21

[91] “Disaster Preparedness and Resiliency: Myanmar”, retrieved December 11, 2017 from http://www.give2asia.org/disaster-preparedness-and-resilience-myanmar-1/

တော်တော်များများတွင်လည်း မိုးရာသီကာလအတွင်း ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် ခြောက်သွေ့သော နွေရာသီကာလအတွင်း မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်းများ ဖြစ်ပေါ်တတ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ငလျင်ကြောကြီးနှစ်ခုအနက် တစ်ခုပေါ်တွင်တည်ရှိနေသည့်အတွက် နိုင်ငံ၏နေရာတော်တော်များများတွင် ငလျင်လှုပ်နိုင်ခြေလည်း မြင့်မားသည်။

ဤသဘာဝဘေးအန္တရာယ်များသည် ပညာရေးအပေါ်ရိုက်ခတ်မှုရှိနိုင်သည်။ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ကလေးအလုပ်သမားများအဖြစ်ရောက်ရှိသွားခြင်း၊ ကျောင်းများပျက်စီးခြင်း၊ ပညာရေးအဆောက်အဦပျက်စီးခြင်း၊ ဆရာနှင့်ကျောင်းသားများ အိုးမဲ့အိမ်မဲ့ဖြစ်သွားခြင်းနှင့် ဆင်းရဲနွမ်းပါးခြင်းတို့ကိုဖြစ်စေနိုင်သည်။ သဘာဝဘေးအန္တရာယ်၊ ကလေးအလုပ်သမားနှင့် ပညာရေးတို့အကြား ဆက်စပ်မှုရှိသည်။ သဘာဝဘေးအန္တရာယ်များသည် မိသားစုများ၏အသက်မွေးဝမ်းကြောင်းမှုကို ဖရိုဖရဲပြိုကွဲစေသည့်အတွက် ထိုဆုံးရှုံးမှုများကိုအစားထိုးသည့်အနေနှင့် ကလေးများကို ဝင်ငွေရှာဖွေရန်စေခိုင်းကြသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ကျောင်းထွက်နှုန်းမြင့်မားလာရခြင်းအကြောင်းရင်းမှာ မိဘများသည်ငင်းတို့၏ကလေးများကို ကျောင်းမတက်စေတော့ဘဲ အလုပ်လုပ်ရန်စေခိုင်းကြသောကြောင့်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ပညာရေးအဆောက်အဦပျက်စီးမှုသည် ကျောင်းတက်ရန်ငွေကြေးကုန်ကျစရိတ် ပိုမိုများပြားလာစေပြီး ကျောင်းတက်ရန်အခွင့်အလမ်းကို ပိတ်ပင်တားဆီးစေသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်သည် ဝင်ငွေနည်းသောမိသားစုများနှင့် လူမှုအသိုင်းအဝိုင်းအပေါ် ဆုတ်ယုတ်မှုပိုမိုဖြစ်စေသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဆင်းရဲသောအိမ်ထောင်စုများတွင် မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်ရသည့်အတွက် ကလေးများကျောင်းထွက်ရန် အလားအလာပိုရှိသည်။

၂၀၀၈ခုနှစ် ဆိုင်ကလုန်းနာဂစ်အပြီးမှစတင်၍ နိုင်ငံတော်သည် နေရာအနှံ့တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြင်ဆင်ရေးလုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ချရေး လုပ်ငန်းအစီအစဉ် (MAPDRR) ၂၀၀၉–၂၀၁၅ သည် ဤပြဿနာများကို ဖြေရှင်းရန်အတွက် ပြည့်စုံသောအားထုတ်မှုကို ကိုယ်စားပြုသည်။[၉၂]

အမျိုးသားသဘာဝဘေးအန္တရာယ်ပြင်ဆင်ရေးဗဟိုကော်မတီ (NDPCC) ၏လမ်းညွှန်မှုဖြင့် ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် ၎င်းတို့၏ဦးစီးဌာနများအား သဘာဝဘေးအန္တရာယ်လျော့ချရေးစီမံချက်များပြင်ဆင်ထားရန်ညွှန်ကြားခဲ့သည်။ ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ စသည်တို့သည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များပြင်ဆင်ထားခဲ့သည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ကျောင်းများအားလုံးသည် သဘာဝဘေးအန္တရာယ်၏ သက်ရောက်မှုလျော့နည်းစေရန်အတွက် အစီအစဉ်များရေးဆွဲရန် လမ်းညွှန်ချက်များရရှိထားသည်။ သဘာဝဘေးအန္တရာယ်လျော့ချရေးအစပျိုးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန် ဖြည့်စွက်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များ ဤကဏ္ဍအောက်တွင် ပေါ်ထွက်လာသည်။ ကဏ္ဍခွဲများအနေနှင့် ရှိပြီးသားအဖွဲ့အစည်းများ၏ စွမ်းရည်တိုးမြှင့်ပေး

[92] The Government of the Union of Myanmar, "*Myanmar Action Plan on Disaster Risk Reduction (MAPDRR) 2009-2015"*. Ministry of Social Welfare, Relief and Resettlement, Department of Relief and Resettlement.

ရန်နှင့် အနာဂတ်တွင်ဆောင်ရွက်ချက်များအတွက် အခြေခံအုတ်မြစ်ချထားပေးရန် အဓိကရည်ရွယ်သည်။

စီစဉ်ထားသောကဏ္ဍခွဲများတွင် အောက်ပါတို့ပါဝင်သည်–

(၁) အန္တရာယ်ပေါင်းစုံကြိုတင်ပြင်ဆင်ခြင်းနှင့် အရင်းအမြစ်များ၏ လျင်မြန်စွာဖြန့်ကျက်မှုအတွက် တုံ့ပြန်မှုအစီအစဉ်၊
(၂) ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များအတွက် အန္တရာယ်ပေါင်းစုံကြိုတင်ပြင်ဆင်ရေးအစီအစဉ်၊
(၃) အရေးပေါ်လုပ်ငန်းအဖွဲ့ (EOC) ဖွဲ့စည်းရေးအစီအစဉ်၊
(၄) အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းများအားကောင်းလာစေရေးအစီအစဉ်၊
(၅) အလျင်အမြန်တုံ့ပြန်မှုအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းရေးအစီအစဉ်၊
(၆) မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသကြီးများအတွက် ဆိုင်ကလုန်းဖြစ်နိုင်ခြေအစီအစဉ်၊
(၇) လုံခြုံသောအကာအကွယ်/ခိုလှုံရန်နေရာများ ကြိုတင်စီစဉ်ရေးအစီအစဉ်၊
(၈) ကျောင်းတွင်းသဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအစီအစဉ်၊
(၉) သဘာဝဘေးအန္တရာယ်များ၏ နောက်ဆက်တွဲဖြစ်ပေါ်တတ်သည့် စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများနှင့် ကပ်ရောဂါနှင့် ရောဂါထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းအစီအစဉ်များ။

ကလေးများ၊ ဆရာများနှင့် ကျောင်းအုပ်ကြီးများအတွက် လုံခြုံစိတ်ချရသောပတ်ဝန်းကျင် ရရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ပြင်ဆင်ရေးကော်မတီတို့က ဦးစီး၍ ကဏ္ဍခွဲ (၈) ဖြစ်သည့် ကျောင်းတွင်းသဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး အစီအစဉ်ကို ရွေးချယ်ထားသော ကျောင်းများမှ ကျောင်းအာဏာပိုင်များ၊ ဆရာများနှင့် ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ကျောင်းတွင်းသဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအစီအစဉ်များ ဆောင်ရွက်ထားရမည်။ ကျောင်းအလိုက် ဘေးအန္တရာယ်ပြင်ဆင်ရေးအစီအစဉ်များ ရေးဆွဲရာတွင် မြို့နယ်ပညာရေးမှူးများက ကူညီပေးရမည်။ အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်အာဏာပိုင်များကအထောက်အပံ့ပေးရမည်။

ဤကဏ္ဍခွဲအောက်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ (၁) ပြည်နယ်တိုင်းဒေသကြီးများမှ ကျောင်းတစ်ကျောင်းစီ သတ်မှတ်ရန်၊ (၂) ကျောင်းအလိုက် ပြင်ဆင်မှုအစီအစဉ်များပူးပေါင်းရေးဆွဲရန်၊ (၃) ရွှေပြေးကျောင်းများတွင် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ရန်၊ တွေ့ရှိချက်များကို မှတ်တမ်းထားရန်နှင့် အခြားကျောင်းများသို့ တိုးချဲ့ဆောင်ရွက်ရန်တို့ဖြစ်သည်။

အနာဂတ်အတွက် နာဂစ်မုန်တိုင်းအတွေ့အကြုံများကိုနမူနာယူလျက် ကလေးများအပေါ်အထူးအာရုံစိုက်သည့် ပြင်ဆင်မှုများဆောင်ရွက်ခဲ့သည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ အခန်းတစ်ခုထည့်သွင်းခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အတွက် လူ့အဖွဲ့အစည်း၏ ဆုံးရှုံးမှုများ

လျော့နည်းလာစေရန်ဆောင်ရွက်ရာတွင် ကလေးများ၏အသိပညာကို တိုးမြှင့်ပေးခြင်းသည် အထိရောက်ဆုံး နည်းလမ်းဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားကြသည်။

နာဂစ်မုန်တိုင်းအတွေ့အကြုံမှရရှိခဲ့သည့် သင်ခန်းစာများကို ၂၀၁၀ခုနှစ် အောက်တိုဘာလတွင်ဖြစ်ပွားခဲ့သော ဆိုင်ကလုန်းဂီရိနှင့် ၂၀၁၁ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်၌ဖြစ်ပွားခဲ့သော မြေငလျင်တို့တွင် အသုံးချနိုင်ခဲ့သည်။ အန္တရာယ်ကျရောက်မည်ကို ကြိုတင်သတိပေးခြင်း၊ အရေးပေါ်အခြေအနေအတွက် ပြင်ဆင်မှုနှင့် တုန့်ပြန်မှုများကို ဗဟိုအဆင့်နှင့် ဒေသအဆင့်နှစ်ခုလုံးမှ ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ဦးဆောင်၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေမူကြမ်း ရေးဆွဲလျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ပံ့ပိုးကူညီမှုနှင့် နိုင်ငံတော်အစိုးရ၏ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် လျော့ချရေးလုပ်ငန်းအစီအစဉ် (MAPDRR)နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအမိန့်စာ အစရှိသည့်မူဝါဒဆိုင်ရာ စာရွက်စာတမ်းများနှင့် လုပ်ငန်းအစီအစဉ်များ ပေါ်ထွက်လာခဲ့သည်။

၃.၅.၃။ ထောက်ခံအကြံပြုချက်များ

- သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးပြိုကွဲခြင်းကြောင့်သော်လည်းကောင်း အရေးပေါ်အခြေအနေနှင့် ကြုံကြိုက်နေရသည့်အချိန်တွင် ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို အတတ်နိုင်ဆုံး စောလျင်စွာဆောင်ရွက်သင့်သည်။
- အောက်ဖော်ပြပါကိစ္စရပ်များ/ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေမြှင့်တင်ပေးသင့်သည်–
  - ဘေးကင်းလုံခြုံစိတ်ချရသော ကျောင်းအဆောက်အအုံများဖြစ်ရန်၊
  - သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် ကျောင်းသားများ၏ခံနိုင်စွမ်းရည်မြှင့်မားလာရေးတို့အတွက် ဆရာများ၊ ဝန်ထမ်းများနှင့် ရပ်သူရွာသားများအား စွမ်းရည်မြှင့်သင်တန်းများပေးရန်၊
- ပြီးပြည့်စုံသောကျောင်းလုံခြုံရေးမူဝါဒများ ပေါ်ထွက်လာစေရန်နှင့် ပညာရေးကဏ္ဍတွင် ရှိထားသော ဘေးအန္တရာယ်ကျရောက်နိုင်ခြေလျှော့ချခြင်းဆိုင်ရာ မဟာဗျူဟာများ၊ တီထွင်ကြံဆမှုများနှင့် အစီအစဉ်များကို စံချိန်စံညွှန်းမီစေရန်ဆောင်ရွက်သင့်သည်။
- ဘေးအန္တရာယ်များကျရောက်နိုင်ကြောင်းသိရှိပြီး ထိခိုက်မှုအန္တရာယ်လျော့နည်းစေရန် လျှော့ချခြင်း၊ ဘေးအန္တရာယ်ကျရောက်ပါက ချက်ချင်းတုံ့ပြန်နိုင်ရန်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်အတွက် ပညာရေးဌာန၏ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်သင့်သည်။

၃.၆။ ပညာရေး၏အရေးပါမှုနှင့် မိဘများ၏ပါဝင်ပတ်သက်မှု

မြင့်မားသောကုန်ကျစရိတ်နှင့် ပညာရေးအရည်အသွေးနိမ့်မှုကြောင့် မူလတန်းပညာရေးပြီးဆုံးပြီးနောက်ကျောင်းထွက်နှုန်းမြင့်မားခြင်း

သုတေသနအစီရင်ခံစာတစ်ခုတွင် အောက်ပါအတိုင်းဖော်ပြထားသည်– “သက်ဆိုင်သူများနှင့် လူတွေ့မေးမြန်းရာတွင် လူတော်တော်များများက မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် ကန့်သတ်မှုရှိကြောင်း

ဖြေဆိုကြသည်။ မိဘအများစုသည် ၎င်းတို့ကလေးများကိုကျောင်းထားရခြင်း၏ ရေရှည်အကျိုးစီးပွားကို မသိမြင်ကြဘဲ ကျောင်းထားရသည့်အတွက် ငွေကုန်ကြေးကျများပြီး အိမ်ထောင်စု၏ထပ်ဆောင်းဝင်ငွေ ဆုံးရှုံးရသည်ဟု ယူဆကြသည်။"[၉၃]

ပညာရေး၏အရေးပါမှုနှင့်မိဘများ၏ပါဝင်ပတ်သက်မှုသည် ကျောင်းနေအရွယ်ကလေးအားလုံး၊ အထူးသဖြင့် (၁) ဆင်းရဲသောမိသားစုမှကလေးများ၊ (၂) ကျေးလက်ဒေသတွင်နေထိုင်သောကလေးများ၊ (၃) မသန်စွမ်းကလေးများ၊ (၄) ပညာမတတ်သော/ပညာနည်းသောမိဘများ၏ကလေးများ၊ (၅) အလုပ်လုပ်သောကလေးများနှင့် (၆) အချို့သောဘာသာရေးအုပ်စုများရှိ မိန်းကလေးများအပေါ်တွင်သက်ရောက်မှုရှိသည်။ ဤကန့်သတ်ချက်ကြောင့် မိဘများသည် ၎င်းတို့၏ကလေးများကို ကျောင်းထားလိုစိတ်မရှိခြင်း၊ မိဘများနှင့်ကလေးများ ပညာရေးအပေါ်စိတ်ဝင်စားမှုမရှိခြင်း၊ အလုပ်သမားဈေးကွက်နှင့် ချိတ်ဆက်မှုမရှိခြင်းနှင့် ရွှေ့ပြောင်းအလုပ်လုပ်ရခြင်းတို့ကိုဖြစ်ပေါ်စေသည်။ ဤအချက်အားလုံးသည် အရည်အသွေးပြည့်ဝသောပညာရေးနှင့် ဆက်စပ်နေသည်။ ပညာရေးအရည်အသွေးနိမ့်ကျရခြင်းမှာ ပညာရေးအဆောက်အဦမပြည့်စုံခြင်း၊ ခေတ်မမီတော့သောသင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးနည်းစနစ်များဖြစ်ခြင်း၊ ဆရာမလုံလောက်ခြင်း၊ အရည်အသွေးပြည့်ဝသောဆရာများ မလုံလောက်ခြင်းနှင့် စာမေးပွဲစနစ်တို့ကြောင့်ဖြစ်သည်။

၃.၆.၁။ ပညာရေးအခြေခံအဆောက်အဦ

ပညာရေးအခြေခံအဆောက်အဦသည် အရည်အသွေးပြည့်ဝသောပညာရေးအတွက် အရေးကြီးသော အရာတစ်ခုဖြစ်သည်။ ပညာရေးအဆောက်အဦတွင် ပညာသင်ယူမှုအခွင့်အလမ်းအတွက် အခြေခံအကျဆုံးသော လိုအပ်ချက်တစ်ရပ်ဖြစ်သည့် သင်ယူရန်သင့်လျော်သော နေရာများလည်းပါဝင်သည်။ စာသင်ခန်းများမှာ ကလေးများပညာသင်ယူရန်အတွက် နေရာဖြစ်သော်လည်း ရွက်ဖျင်တဲများ၊ ယာယီအမိုးအကာများ၊ ပလပ်စတစ်အခင်းအကာများ၊ သစ်ပင်ရိပ်များ၊ ဝတ်ပြုရာနေရာများနှင့် လူနေအိမ်များတွင်လည်း သင်ယူနိုင်သည်။ သို့ရာတွင် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းကမူ လုံခြုံစိတ်ချရပြီး သက်တောင့်သက်သာရှိရန် ဒီဇိုင်းဆွဲထားသည့် စာသင်ခန်းများတွင်သာ သင်ယူစေလိုကြသည်။

အခြေခံအဆောက်အဦ၏ အင်္ဂါရုပ်အချို့မှာ–

- ပညာရေးဝန်ကြီးဌာနက စံအဖြစ်သတ်မှတ်ထားသည့် ကလေးတစ်ဦးချင်းစီအတွက် လုံလောက်သော သင်ယူရန်နေရာ၊
- ဆရာများထိထိရောက်ရောက်အသုံးပြုနိုင်ရန် စာသင်ခန်းတစ်ခန်းလျှင် ကလေး (၃၀)မှ (၄၀) အတွက်လုံလောက်သည့်နေရာ၊
- ဒေသ၏ သဘာဝဘေးအန္တရာယ်နှင့် သင့်လျော်သည့် ကလေးများ၏လုံခြုံမှုကိုသေချာစေသည့် ကျောင်း၊
- ယောကျ်ားလေး၊ မိန်းကလေးနှင့် ဝန်ထမ်းများအတွက် သီးခြားထားရှိသည့် သန့်ရှင်းသော အိမ်သာနှင့် အသုံးအဆောင်များ၊
- လျှပ်စစ်နှင့် အင်တာနက်ဆက်သွယ်မှု။

[93] "*Child Labor in Myanmar's Garment Sector: Challenges and Recommendations*". BSR Report. BSR, 2016. San Francisco.

ကျောင်းသားဦးရေများပြားခြင်း၊ အန္တရာယ်ရှိခြင်း၊ သန့်ရှင်းသောအိမ်သာနှင့် အသုံးအဆောင်များမရှိခြင်းနှင့် ကျန်းမာရေးအတွက် ရေကောင်းရေသန့်မရရှိခြင်းအစရှိသည်ဖြင့် ပံ့ပိုးမှုများသည် နည်းလမ်းများစွာဖြင့် မလုံလောက်ဖြစ်နိုင်သည်။ သန့်ရှင်းသောအိမ်သာနှင့် အသုံးအဆောင်များမရှိခြင်းသည် မိန်းကလေးများအား ကျောင်းပြင်ပသို့ရောက်စေသည့် အကြောင်းတစ်ရပ်ဖြစ်သည်။

သင်ယူရန်နေရာနှင့် ပံ့ပိုးမှုများမလုံလောက်ခြင်းသည် ကျေးလက်ဒေသနှင့် လူနေထူထပ်သော မြို့ပြဒေသ၊ အထူးသဖြင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများပြားသည့် နေရာဒေသများ၊ ဝေးလံခေါင်သီသော ကျေးလက်ဒေသများရှိ ကျောင်းပြင်ပရောက်ကလေးများနှင့် ပျိုဖော်ဝင်အရွယ် မိန်းကလေးများအတွက် သက်ရောက်မှုများသောအရာဖြစ်သည်။

ပညာရေးအဆောက်အဦ (၃)မျိုးရှိသည်– (၁) အခြေခံအဆောက်အဦ (စာသင်ခန်း၊ သင်ပုန်း၊ သင်ကြားခြင်း၊ စာအုပ်၊ နေ့လည်စာအစားအစာစသည်) (၂) အထောက်အပံ့ပြုအခြေခံအဆောက်အဦ (မိတ်ဆွေဖြစ်ခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သောက်ရေ၊ အိမ်သာစသည်) နှင့် (၃) လုပ်ငန်းအခြေပြုအဆောက်အဦ (သင်ကြားသင်ယူမှုပစ္စည်းများ၊ ကစားနည်းများ၊ ယဉ်ကျေးမှုဆိုင်ရာအစီအစဉ်များစသည်) တို့ဖြစ်သည်။ ပညာရေးအရာရှိများ၊ ကျောင်းအုပ်ကြီးများ၊ မိဘများနှင့် ကျောင်းသားများသည် အခြေခံအဆောက်အဦကို အထူးအာရုံထားကြပြီး ဒုတိယအနေနှင့် အထောက်အပံ့ပြုအခြေခံအဆောက်အဦကိုအာရုံထားကာ နောက်ဆုံးမှလုပ်ငန်းအခြေပြုအဆောက်အဦကို အလေးထားကြသည်။ ကိုးကွယ်သောဘာသာ၊ လူမှုစီးပွားရေးအခြေအနေ၊ ခရိုင်၊ လူ့အဖွဲ့အစည်း၏ စာတတ်မြောက်နှုန်းနှင့် ရရှိနိုင်သည့်ကျောင်းအဆောက်အဦ ထောက်ပံ့မှုတို့အပေါ်မူတည်၍ ဖော်ပြပါပညာရေးအဆောက်အဦ (၃)ခုအပေါ်အမြင်မတူကြပါ။

ဆန်းသစ်သောသင်ယူရန်နေရာများဖြင့် ကောင်းမွန်သောကျောင်းအဆောက်အဦသည် ကျေးလက်ဒေသနေကလေးများနှင့် လူငယ်များအတွက် ကျောင်းတက်လိုစိတ်ကို နှိုးဆွပေးနိုင်သည့်အပြင် ကျောင်းတက်မှန်ကန်စေပြီး ဆရာများနှင့် ကျောင်းသားများသင်ယူမှုအပေါ် စိတ်ဝင်စားလာစေနိုင်သည်။ ဤအကြောင်းပြချက်များကြောင့် ကျောင်းအခြေခံအဆောက်အဦတွင်ရင်းနှီးမြှုပ်နှံမှုများသည် ကျောင်းသားများပညာသင်ယူမှုအခွင့်အရေးဆိုင်ရာ ပြဿနာများကိုဖြေရှင်းရန်နှင့် ၎င်းတို့၏စွမ်းဆောင်ရည်များမြင့်မားလာစေရန်အတွက် မရှိမဖြစ်လိုအပ်သောအခန်းကဏ္ဍမှပါဝင်နေသည်။

၃.၆.၂။ သင်ရိုးညွှန်းတမ်း

မူလတန်းပညာရေးသင်ရိုးညွှန်းတမ်းသည် ၁၉၉၈–၁၉၉၉ ပညာသင်နှစ်တွင် ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ပြီး ၂၀၀၀–၂၀၀၁ပညာသင်နှစ်တွင် အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါသင်ရိုးညွှန်းတမ်းတွင် သိပ္ပံ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်များပါဝင်ပြီး မူလတန်းအောက်ဆင့်တွင်ပန်းချီ၊ ဂီတ၊ ကာယနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်ချက်များကို ဖြည့်စွက်ထားကာ မူလတန်းအထက်ဆင့်တွင် အခြေခံသိပ္ပံ၊ ပန်းချီ၊ ဂီတ၊ ကာယနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်ချက်များကို ဖြည့်စွက်ထားသည်။

သင်ရိုးမာတိကာများနှင့် ကျောင်းသုံးစာအုပ်များကိုပြင်ဆင်ပြီး အထက်တန်းတွင် ၂၀၀၀–၂၀၀၁ ပညာသင်နှစ်၌လည်းကောင်း အလယ်တန်းတွင် ၂၀၀၁–၂၀၀၂ပညာသင်နှစ်၌လည်းကောင်း စတင်သင်ကြားခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများကို ပဉ္စမတန်းမှနဝမတန်း စာရိတ္တနှင့်ပြည်သူ့နီတိတွင် ထည့်သွင်းသင်ကြားပြီး တစ်ကိုယ်ရည်ကျန်းမာရေး/ကျန်းမာရေးပညာနှင့် ပတ်ဝန်းကျင်ဆိုင်ရာပညာရေးတို့ကို အခြေခံပညာဘာသာရပ်များတွင် ပေါင်းစပ်ထည့်သွင်းခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများ– ပညာရေးဝန်ကြီးဌာနသည် လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများကို ၂၀၀၄–၂၀၀၅ပညာသင်နှစ်မှစတင်၍ အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းခဲ့သည်။ အလယ်တန်းနှင့်အထက်တန်းဆင့်အတွက် လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများကိုသင်ကြားပေးနိုင်ရန် ဆရာလက်စွဲစာအုပ်များထုတ်ဝေခဲ့သည်။ မူလတန်းအတွက် လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများကို စာရိတ္တနှင့်ပြည်သူ့နီတိတွင်သာမက မြန်မာစာနှင့် လူမှုရေးဘာသာရပ်များတွင်ပါ ပေါင်းစပ်ထည့်သွင်းထားသည်။

လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများသင်ကြားပေးရခြင်း၏ရည်ရွယ်ချက်မှာ အဆိုပါသင်ခန်းစာများမှတစ်ဆင့် ၎င်းတို့၏အသက်အရွယ်အလိုက် ရရှိရမည့်အခွင့်အရေးနှင့်တာဝန်ဝတ္တရားများကို သိရှိလာစေရန်ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများကို ဧရိယာ (၅)ခုဖြင့်ဖွဲ့စည်းထားသည်။ (၁) အခွင့်အရေးဆိုင်ရာဗဟုသုတ၊ (၂) အခွင့်အရေးကိုလေးစားတန်ဖိုးထားလိုစိတ်ဖြစ်ပေါ်လာစေရေး၊ (၃) နိုင်ငံသားများ၏တာဝန်ဝတ္တရားများ၊ (၄) ဥပဒေရေးရာမူဘောင်နှင့် (၅) ငြိမ်းချမ်းသောပညာရေးတို့ဖြစ်သည်။ ဧရိယာတစ်ခုချင်းစီအတွက် သင်ရိုးမာတိကာများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်–

(၁) အခွင့်အရေးဆိုင်ရာ ဗဟုသုတဧရိယာတွင်ပါဝင်သောသင်ခန်းစာများသည် ကလေးသူငယ်အခွင့်အရေး (CRC)၊ လူ့အခွင့်အရေးဆိုင်ရာကြေငြာစာတမ်း၊ ကလေးသူငယ်ဥပဒေ၊ အမျိုးသမီးများအားခွဲခြားဆက်ဆံခြင်းကင်းဝေးစေရေးညီလာခံ (CEDAW)နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးသဘောတူညီမှု တို့အပါတွင်အခြေခံထားသည်။

(၂) အခွင့်အရေးကို လေးစားတန်ဖိုးထားလိုစိတ် ဖြစ်ပေါ်လာစေရေးဧရိယာတွင် မတူကွဲပြားမှုကိုလက်ခံရန်၊ ဆရာ့ကျင့်ဝတ်၊ ကျောင်းသားကျင့်ဝတ်၊ မိဘကျင့်ဝတ်နှင့် သားသမီးကျင့်ဝတ်များနှင့် လူအဖွဲ့အစည်းအတွင်း တန်ဖိုးရှိသောလူလူချင်း ပေါင်းသင်းဆက်ဆံရေးတို့အပေါ်တွင် အခြေခံထားသည်။

(၃) နိုင်ငံသားများ၏ တာဝန်ဝတ္တရားများဧရိယာတွင် ပါဝင်သောသင်ခန်းစာများသည် မျိုးချစ်စိတ်ဓါတ်၊ နိုင်ငံသားကျင့်ဝတ်၊ နိုင်ငံသားကောင်းနှင့် စည်းလုံးညီညွတ်ခြင်း၏ ခွန်အားတို့အပေါ်တွင်အခြေခံထားသည်။

(၄) ဥပဒေရေးရာမူဘောင်ဧရိယာတွင် ပါဝင်သောသင်ခန်းစာများသည် ဥပဒေအရကာကွယ်ပေးထားသောအခွင့်အရေးများနှင့် တန်ဖိုးထားလေးစားမှု၊ ကလေးများအကူအညီတောင်းနိုင်သည့်အဖွဲ့အစည်းများ၊ ဥပဒေစနစ်အမျိုးမျိုးနှင့် မြန်မာနိုင်ငံအတွင်းရှိ တရားရုံးများ၏အဆင့်များ၊ လျှောက်လှမ်းရမည့် လမ်းပြမြေပုံ (၇)ခုနှင့် ဥပဒေအောက်တွင်ငြိမ်းချမ်းစွာနေထိုင်ရေးတို့အပေါ်တွင် အခြေခံထားသည်။

(၅) ငြိမ်းချမ်းသောပညာရေးဧရိယာတွင် ပါဝင်သောသင်ခန်းစာများသည် ပူးပေါင်းဆောင်ရွက်ခြင်း၏ရလဒ်ကောင်းများ၊ တစ်ဦးချင်းစီတာဝန်ယူမှုနှင့် စုပေါင်းဆုံးဖြတ်ချက်ချမှုတို့၏ အရေးကြီးပုံ၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ရိုင်းပင်းကူညီခြင်းဖြင့် ငြိမ်းချမ်းသောပျော်ရွှင်မှုကို ရရှိနိုင်ပုံ၊ ငြိမ်းချမ်းရေး၏အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ခွင့်လွှတ်ခြင်းနှင့် စိတ်ရှည်မှု၊ အငြင်းပွားမှုများကို

ဖြေရှင်းရန်နည်းလမ်းများနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း တည်ထောင်ခြင်းတို့အပေါ်တွင် အခြေခံထားသည်။

ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာပညာရေးသင်ခန်းစာများ– တစ်ကိုယ်ရည်ကျန်းမာရေး/ကျန်းမာရေးပညာနှင့် ပတ်ဝန်းကျင်ပညာရေးဆိုင်ရာသင်ခန်းစာများမှာဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် အများဆုံးပါဝင်သည်။ စာရိတ္တနှင့်ပြည်သူ့နီတိ၊ အထွေထွေသိပ္ပံ၊ ပထဝီ၊ မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာရပ်များတွင်လည်းပေါင်းစပ်ထည့်သွင်းထားသည်။

ဘဝတွက်တာကျွမ်းကျင်စရာသင်ခန်းစာများကို အရည်အချင်းနှင့်ကျွမ်းကျင်မှုတို့အပေါ်အခြေခံရေးဆွဲထားသည်။ ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် ဤသင်ခန်းစာများကို သင်ကြားပေးသည်။ ကျောင်းသားများ ကျန်းမာပျော်ရွှင်သောလူနေမှုဘဝကို ပိုင်ဆိုင်နိုင်ရန်နှင့် ပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်အတွက် ကောင်းမွန်သောစိတ်ဓါတ်နှင့် အလေ့အကျင့်များရရှိစေရန် ပြုစုပျိုးထောင်ပေးရမည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းများပြုပြင်ပြောင်းလဲခြင်း– အချို့သင်ခန်းစာများရှိမာတိကာများကို အဆင့်မြှင့်တင်ရန်နှင့် ထပ်နေသောအကြောင်းအရာများကိုလျှော့ချရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနသည်ရှိရင်းစွဲသင်ရိုးညွှန်းတမ်းများကို ၂၀၁၃ခုနှစ်နိုဝင်ဘာလတွင် ပြန်လည်သုံးသပ်ခဲ့သည်။ မူလတန်းဆင့်တွင် စိုက်ပျိုးရေးဘာသာရပ်ထည့်သွင်းခြင်း၊ စာရိတ္တနှင့်ပြည်သူ့နီတိအတွက် ကျောင်းသားကိုင်စာအုပ်အသစ်များထုတ်ဝေခြင်းတို့အားဖြင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို အားဖြည့်ပေးခဲ့သည်။ ထို့ပြင် အထက်တန်းဆင့် ဘဝတွက်တာကျွမ်းကျင်စရာအတွက် ကျောင်းသားကိုင်နှင့် ဆရာလမ်းညွှန်စာအုပ်များ ထုတ်ဝေခဲ့သည်။

၂၀၁၄ခုနှစ် အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းပြီးနောက် ပညာရေးစနစ်အခြေခံပညာဖွဲ့စည်းပုံကို (၁၁) နှစ်မှ သူငယ်တန်းအပေါင်း(၁၂)နှစ် (KG+12) သို့ပြန်လည်ဖွဲ့စည်းခဲ့သည်။ KG+12 ဖွဲ့စည်းပုံနှင့်ကိုက်ညီသည့် အခြေခံပညာအမျိုးသားသင်ရိုးညွှန်းတမ်းအညွှန်းဘောင် (NCF) ကို ၂၀၁၃ခုနှစ် စက်တင်ဘာလမှစတင်၍ ရေးဆွဲခဲ့သည်။ သက်ဆိုင်သူများအကြား အကြိမ်ကြိမ်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများပြုလုပ်ခဲ့ပြီး ၂၀၁၅ခုနှစ် မေလတွင် ပညာရေးဝန်ကြီးဌာနကအတည်ပြုပေးခဲ့သည်။ အခြေခံပညာအမျိုးသားသင်ရိုးညွှန်းတမ်းအညွှန်းဘောင်သည် မြန်မာနိုင်ငံ၏ အနာဂတ်အခြေခံပညာရေးအတွက် ပထမဦးဆုံးသောကြိုးပမ်းမှုဖြစ်ပြီး မြန်မာ့ပညာရေးစနစ်အပေါ် သိသာထင်ရှားသော အပြုသဘောသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။ အခြေခံပညာအမျိုးသားသင်ရိုးညွှန်းတမ်း အညွှန်းဘောင်သည် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍအားလုံးတွင် ပညာရေးရည်ရွယ်ချက်များထမြောက်အောင်မြင်စေရန်ကြံရွယ်ပြီး သင်ယူမှုရလဒ်များ၊ သင်ရိုးမာတိကာများ၊ သင်ကြားမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းများပါဝင်သည့် စနစ်တကျရေးသားထားသော အစီအစဉ်ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။

မြန်မာ့အခြေခံပညာ အမျိုးသားသင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင် အောက်ပါသိသာထင်ရှားသော စရိုက်လက္ခဏာများရှိသည်။

၂၁ရာစု ကျွမ်းကျင်မှုများကိုမိတ်ဆက်ပေးသည်။ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်သည် သင်ယူမှုပြီးဆုံးလျှင် ကျောင်းသားများ၌ မျှော်မှန်းထားသည့် ၂၁ရာစုကျွမ်းကျင်မှုများရရှိသွားစေရန် အလေးထားသည်။ အမေရိကန်ပြည်ထောင်စုတွင် ၂၁ရာစုသင် ယူမှုအတွက် ဝိုင်းဝန်းကြိုးပမ်းအကြံပြုခဲ့ကြသည့် ကျွမ်းကျင်မှုပုံစံဖြစ်ပြီး ဉာဏဗလ၊ ကာယဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူသည့် ဗလ

ငါးတန်ဖြင့် ဖွဲ့စည်းပေါင်းစပ်ထားသည်။ ထို့ပြင် အဆင့်မြင့် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဉာဏ်စွမ်း၊ တီထွင်ကြံဆနိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းနှင့် ဦးဆောင်နိုင်စွမ်းတို့လည်း ပေါင်းစပ်ပါဝင်သည်။

ဘက်စုံဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးသည်။ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်သည် ကျောင်းသားများ၏ ဘက်စုံဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ခံစားမှုနှင့် အလှအပကိုမြတ်နိုးတန်ဖိုးထားမှုတို့ကို အလေးထားသည်။ ပင်မသင်ရိုး၊ တွဲဖက်သင်ရိုး ဟူ၍ မခွဲခြားတော့ဘဲ ဘာသာရပ်အားလုံးကို အညီအမျှသတ်မှတ်သည်။

ဒေသသင်ရိုးကိုခွင့်ပြုသည်။ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင် ဒေသအစိုးရ/ကျောင်းများအနေနှင့် ဒေသသင်ရိုးများကို ကိုယ်တိုင်ရေးဆွဲပြီး ပင်မသင်ရိုးတွင် သတ်မှတ်နာရီများအရထည့်သွင်းသင်ကြားနိုင်ကြောင်းဖော်ပြထားသည်။ မူလတန်းတွင် ဒေသသင်ရိုးကိုပညာသင်နှစ်တစ်နှစ်လျင် နာရီ(၁၂၀)၊ အလယ်တန်းနှင့် အထက်တန်းတွင် နာရီ(၁၀၈)နာရီ သင်ကြားနိုင်သည်။ အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင် (က) အခြေခံသဘောတရားများ၊ (ခ) ရည်ရွယ်ချက်များ၊ (ဂ) သင်ယူမှုဧရိယာများအလိုက် သင်ရိုးညွှန်းတမ်းဖွဲ့စည်းပုံ၊ (ဃ) ဘာသာရပ်တစ်ခုချင်းစီအတွက် သင်ရိုးမာတိကာနှင့် ကျွမ်းကျင်မှုများဖော်ပြချက်၊ (င) သင်ကြားမှုဘာသာစကားနှင့်ဒေသသင်ရိုး နှင့် (စ) ကျောင်းသားများအားစစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများပါဝင်သည်။ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၏ အခြားအဓိကကျသော သွင်ပြင်လက္ခဏာများမှာ ကလေးဗဟိုပြုချဉ်းကပ်နည်းကို သင်ကြားမှုနည်းလမ်းအဖြစ်သတ်မှတ်ရန်၊ စာသင်ခန်းအတွင်းသင်ကြားနေစဉ် စစ်ဆေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန်နှင့် မူလတန်း၊ အလယ်တန်းပြီးဆုံးခြင်းစာမေးပွဲများ ကျင်းပရန်တို့ဖြစ်သည်။

သင်ရိုးညွှန်းတမ်းအညွှန်းဘောင်သည် ၂၁ရာစုကျွမ်းကျင်မှုများနှင့် အလယ်တန်းကလေးများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုများသည် အရေးကြီးကြောင်းလေးနက်ထင်ရှားစေသည်။

စနစ်သစ်ပညာရေးကို ၂၀၁၆–၂၀၁၇ပညာသင်နှစ်တွင် သူငယ်တန်းမှစတင်အကောင်အထည်ဖော်လျက်ရှိသည်။ အခြေခံပညာဖွဲ့စည်းပုံကို(၅–၄–၂)မှ သူငယ်တန်း+၁၂ (K: 5:4:3) သို့ပြောင်းလဲမည်ဖြစ်သည်။ ပညာရေးဖွဲ့စည်းပုံအသစ်အရ သူငယ်တန်းသင်ရိုးညွှန်းတမ်းအသစ်နှင့် သက်ဆိုင်ရာအထောက်အကူများကိုထုတ်လုပ်ပြီးနောက် ၂၀၁၆–၂၀၁၇ပညာသင်နှစ်တွင် ပထမဆုံးကလေးအုပ်စုဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၇–၂၀၁၈ပညာသင်နှစ်တွင် အဆိုပါကလေးအုပ်စုဖြင့်ပင် ပထမတန်းသင်ရိုးသစ်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ဤကလေးအုပ်စုသည် မူလတန်းပညာရေးကို သင်ရိုးသစ်ဖြင့် ၂၀၂၁–၂၀၂၂တွင်ပြီးဆုံးမည်ဖြစ်သည်။ အလယ်တန်း ဆဋ္ဌမတန်းသင်ရိုးသစ်ကို ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ဒုတိယကျောင်းသားအုပ်စုဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး၊ အထက်တန်း ဒသမတန်း သင်ရိုးသစ်ကို ၂၀၂၀–၂၀၂၁ပညာသင်နှစ်တွင် တတိယကျောင်းသားအုပ်စုဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ ပထမကလေးအုပ်စုသည် အခြေခံပညာရေးကို ၂၀၂၉တွင်ပြီးဆုံးမည်ဖြစ်သည်။

သင်ရိုးညွှန်းတမ်းအညွှန်းဘောင်ကိုအခြေခံ၍ သူငယ်တန်းသင်ရိုးသစ်ကို ECCD မူဝါဒများနှင့် ကိုက်ညီအောင်ရေးဆွဲခဲ့သည်။ ဘာသာရပ်ဗဟိုပြုချဉ်းကပ်မှုမှ ဖွံ့ဖြိုးမှုနှင့်ကိုက်ညီသည့်ချဉ်းကပ်မှု၊ ဘက်စုံဟန်ချက်ညီညီချဉ်းကပ်မှု၊ အကြောင်းအရာအခြေပြုချဉ်းကပ်မှုနှင့် ကစားခြင်းဖြင့်သင်ယူသည့် အလေ့အကျင့်သို့ လုံးဝပြောင်းလဲခဲ့သည်။

သူငယ်တန်းသင်ရိုးနှင့် ပထမတန်းသင်ရိုးတို့ဆက်စပ်မှုရှိသည်။ ပထမတန်းသင်ရိုးသည် ကစားခြင်းနည်းဖြင့်သင်ယူသည့် အကြောင်းအရာအခြေပြု၊ ကျွမ်းကျင်မှုအခြေပြုသင်ရိုးဖြစ်သည်။ ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုသည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိ်ာ၊ သိပ္ပံ၊ လူမှုရေး (ပထဝီနှင့်သမိုင်း)၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာနှင့် အနုပညာ ဟူ၍ဘာသာရပ် (၁၀)ခုပါဝင်သည်။

အရည်အသွေးပြည့်ဝသော အခြေခံပညာသင်ရိုးညွှန်းတမ်းသည် မြန်မာ့လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အုတ်မြစ်ဖြစ်သည့်အပြင် အရည်အသွေးမြင့်ပညာရေးနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက်လာစေရေးအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရာတွင် အဓိကကျသည့် စိန်ခေါ်မှုမှာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆင့်များတွင် ကလေးအားလုံးနှင့် ကိုက်ညီသည့် အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲအကောင်အထည်ဖော်ရန်ဖြစ်သည်။ သို့မှသာ ကလေးများကျောင်းနေမြဲပြီး အခြေခံပညာပြီးဆုံးမည်ဖြစ်သည်။ သင်ရိုးသစ်သည် ၂၁ရာစုကျွမ်းကျင်မှုများ၊ ကိုယ်ရည်ကိုယ်သွေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုအစရှိသည့် ကျွမ်းကျင်မှုများနှင့် အဆင့်မြင့်စဉ်းစားတွေးခေါ်နိုင်စွမ်းတို့အပေါ် အလေးထားသည်။

၃.၆.၃။ ဆရာများ

အရည်အသွေးမြင့်အခြေခံပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆရာများသည် အဓိကကျသောပုဂ္ဂိုလ်များဖြစ်သည်။ ဆရာများအရည်အသွေးမြင့်မားစေရန်အတွက် ဆရာအတတ်သင်လေ့ကျင့်ရေးကောလိပ်များနှင့် ကျောင်းများကို ၁၉၉၈ခုနှစ်တွင် ပညာရေးကောလိပ်များအဖြစ် အဆင့်မြှင့်တင်ခဲ့သည်။ ၂၀၁၇ခုနှစ်၌ ပညာရေးဝန်ကြီးဌာနအောက်တွင် ပညာရေးကောလိပ်(၂၃)ကျောင်းနှင့် ပညာရေးတက္ကသိုလ်(၂)ကျောင်းရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် ဆရာများမွေးထုတ်ပေးသော **တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်** တစ်ကျောင်းရှိသည်။ ပညာရေးကောလိပ်များနှင့် တက္ကသိုလ်များတွင် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် ဆရာအတတ်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ပညာရေးကောလိပ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအတွက် ဆရာအတတ်ပညာဒီပလိုမာ (DTEd)၊ တက္ကသိုလ်မှဘွဲ့ရပြီးသူများအတွက် ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာ (DTEC) များအပ်နှင်းသည်။ အောင်မြင်ပြီးသူများကို မူလတန်းဆရာများအဖြစ်ခန့်အပ်သည်။ ၂၀၁၄ခုနှစ်မှစတင်၍ မူလတန်းဆရာဖြစ်သင်တန်း (PPTT) ကို ဖွင့်လှစ်ခဲ့ပြီး အောင်မြင်ပြီးသူများကို မူလတန်းဆရာအဖြစ်ခန့်အပ်သည်။

(၂) ပညာရေးတက္ကသိုလ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအတွက် လုပ်ငန်းခွင်အကြို ပညာရေးဘွဲ့ (B.Ed)၊ တက္ကသိုလ်မှဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာ (PGDT) နှင့် ဘွဲ့လွန်သင်ကြားသင်ယူမှုအတတ်ပညာဒီပလိုမာ (PGDMA) များအပ်နှင်းသည်။ အောင်မြင်ပြီးသူများကို မူလတန်းပြနှင့် အလယ်တန်းပြဆရာများအဖြစ် ခန့်ထားသည်။ ၂၀၀၁–၂၀၀၂ မှ ၂၀၀၉–၂၀၁၀ပညာသင်နှစ်များအတွင်း PGDT သင်တန်းပေါင်း (၉)ခုကို ဖွင့်လှစ်ခဲ့သည်။

(၃) ရန်ကုန်ပညာရေးတက္ကသိုလ်တွင် မဟာဘွဲ့ရရှိပြီးသူများအတွက် ပညာရေးနည်းပညာ အသိအမှတ်ပြုလက်မှတ် (CET) နှင့် တက္ကသိုလ်များမှ အဆင့်မြင့်ဘွဲ့ရရှိပြီးသူများအတွက် ပညာရေးနည်းပညာ အထူးအသိအမှတ်ပြုလက်မှတ် (SCET) များပေးအပ်သည်။ CET ကို ၂၀၀၂ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း အကောင်အထည်ဖော်ခဲ့ပြီး ဆရာ (၁၂၀၀၀)ကို လေ့ကျင့်ပေးခဲ့သည်။ ၂၀၀၆ နှင့် ၂၀၀၇ခုနှစ်များတွင် SCET သင်တန်း (၂)ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဆရာ (၂၄၀၀)ကို လေ့ကျင့်ပေးခဲ့သည်။ အောင်မြင်ပြီးသူများကို အထက်တန်းပြဆရာများအဖြစ်ခန့်အပ်ခဲ့သည်။ အဆိုပါသင်တန်း(၂)ခုလုံးယခုမဖွင့်လှစ်တော့ပါ။

(၄) လုပ်ငန်းခွင်ဆရာများသည် မဟာဒဿနဘွဲ့ (M.Phil)၊ မဟာပညာရေးဘွဲ့ (M.Ed) နှင့် ပညာရေးပါရဂူဘွဲ့ (Ph.D) များ တက်ရောက်နိုင်သည်။

(၅) ၂၀၀၆–၂၀၀၇ မှ ၂၀၀၈–၂၀၀၉ ပညာသင်နှစ်အတွင်း သင်ကြားသင်ယူမှုအရည်အသွေးများတိုးတက်လာစေရန်အတွက် နည်းပြသင်တန်းများ၊ မွမ်းမံသင်တန်းများ၊ မူလတန်းနှင့်အလယ်တန်းဆရာများအတွက် ဆင့်ပွားသင်တန်းများဖွင့်လှစ်ပေးခဲ့ရာ ဆရာ (၂၆၉ ၉၀၈)ယောက်သင်တန်းရရှိခဲ့သည်။

(၆) သချိၤနှင့် အင်္ဂလိပ်စာဆရာများ၏အရည်အသွေး မြင့်မားလာစေရန်အတွက် ၂၀၀၉ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ဗဟိုအဆင့်နည်းပြသင်တန်းကိုဖွင့်လှစ်ပြီးနည်းပြ (၆၃၄)ယောက်ကို လေ့ကျင့်ပေးခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်မွမ်းမံသင်တန်းများ၊ ခရိုင်နှင့်မြို့နယ်အဆင့်မွမ်းမံသင်တန်းများကို ၂၀၀၉ခုနှစ်နိုဝင်ဘာမှ ၂၀၁၀ မေလအတွင်းဖွင့်လှစ်ပြီး သချိၤနှင့်အင်္ဂလိပ်စာဆရာ (၁၃၀၆၆၂)ယောက်ကို လေ့ကျင့်ပေးခဲ့သည်။ ကျောင်းအဆင့်နှင့် ကျောင်းအုပ်စုအဆင့် ဆင့်ပွားသင်တန်းများကို ၂၀၁၀ခုနှစ် ဇွန်လတွင် ဆောင်ရွက်ခဲ့ခြင်းဖြင့် သချိၤနှင့်အင်္ဂလိပ်စာဆရာအားလုံးကို သင်တန်းပေးနိုင်ခဲ့ပြီး ၎င်းတို့၏သင်ကြားမှု စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးခဲ့သည်။

(၇) သူငယ်တန်းသင်ရိုးသစ် အောင်မြင်စွာနှင့်အရည်အသွေးပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ခုနှစ် မေလတွင် တစ်နိုင်ငံလုံး၌ သူငယ်တန်းဆရာသင်တန်းများဖွင့်လှစ်ပေးခဲ့သည်။ နည်းပြများအတွက် ဗဟိုအဆင့်သင်တန်းနှင့် သူငယ်တန်းဆရာများအားလုံးနှင့် ကျောင်းအုပ်ကြီးများအားလုံးအတွက် မြို့နယ်အဆင့်သင်တန်းဟူ၍ အဆင့်(၂) ဆင့်ပုံစံကိုအသုံးပြုခဲ့သည်။ မြို့နယ်ပညာရေးမှူးများနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများက လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။ ဆရာ (၉၀၀၀၀)ကျော်သင်တန်းရရှိခဲ့သည်။

(၈) ထို့ပြင် ပထမတန်းသင်ရိုးသစ်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ပထမတန်းသင်ဆရာများအတွက်သင်တန်းကို ၂၀၁၇ခုနှစ် မေလတွင်ဖွင့်လှစ်ခဲ့သည်။ ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဟူ၍အဆင့် (၄)ဆင့်ပုံစံကို အသုံးပြုခဲ့သည်။ ဗဟိုအဆင့်သင်တန်းတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၌ နည်းပြဖြစ်လာမည့်သူ (၂၈၇)ယောက်တက်ရောက်ခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် သင်တန်းသား (၄၀၀၀) တက်ရောက်ပြီး ၎င်းတို့အနက်ထူးချွန်သူများသည် ခရိုင်အဆင့်သင်တန်းတွင်နည်းပြများဖြစ်လာကြသည်။ ခရိုင်အဆင့်တွင်သင်တန်းသား(၇၅၇၃)ယောက်နှင့် မြို့နယ်အဆင့်တွင် သင်တန်းသား (၁၀၀၆၉၈)ယောက်တို့တက်ရောက်ခဲ့ကြ၍ စုစုပေါင်း ပထမတန်းသင်ဆရာအရေအတွက် (၁၁၂၅၅၈) ယောက်သင်တန်းရရှိခဲ့သည်။

(၉) သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့သည် ဒုတိယတန်းသင်ရိုးသစ်ကို ထိရောက်စွာအကောင်အထည်ဖော်ရန်ရည်ရွယ်၍ ၂၀၁၈ခုနှစ်နွေကျောင်းပိတ်ရက်တွင် ဒုတိယတန်းသင်ဆရာများကို သင်တန်းပေးရန် ပြင်ဆင်လျက်ရှိသည်။

ဆရာများနှင့်ပညာရေးဝန်ထမ်းများအတွက် လစာတိုးပေးခြင်း– ၂၀၁၂ခုနှစ်တွင်နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် လစဉ်ထောက်ပံ့ငွေ(၃၀၀၀၀)ကျပ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် ဝေးလံခေါင်သီ သောဒေသ(၈၇)နေရာတွင် တာဝန်ထမ်းဆောင်နေသောဆရာများအတွက် ခံစားခွင့်ဖြည့်စွက်ပေးခဲ့ သည်။

ဆရာအရေအတွက်တိုးတက်လာခြင်း– ကျောင်းတိုင်းတွင်ဆရာလုံလောက်မှုရှိစေရန်အတွက် ပညာရေး ဝန်ကြီးဌာနသည် နေ့စားလပေးဆရာ (၇၂၀၀၀)ခန့်ကို ခန့်ထားခဲ့သည်။ အဆိုပါဆရာများကို လုပ်ငန်းခွင်အကြို တစ်လသင်တန်းများတက်ရောက်စေပြီး မူလတန်းဆရာများအဖြစ်ခန့်ထားခဲ့သည်။ အရည်အချင်းပြည့်ဝသောဆရာများဖြစ်လာစေရေးအတွက် ၎င်းတို့၏ဗဟုသုတနှင့် ကျွမ်းကျင်မှုများတိုး တက်လာစေရန် ပညာရေးဝန်ကြီးဌာနသည် မဟာဗျူဟာများနှင့် အစီအစဉ်များဆောင်ရွက်နေသည်။

အခြေခံပညာကျောင်းများတွင် သင်တန်းဆင်းဆရာအရေအတွက် တိုးမြှင့်လာစေရန် ပညာရေးဝန်ကြီး ဌာနသည် ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့တွင် ၂၀၁၄ခုနှစ်၌လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် ၂၀၁၅ခုနှစ်၌လည်းကောင်း ပညာရေးကောလိပ်များဖွင့်လှစ်ခဲ့သည်။ ပညာရေးဝန်ကြီး ဌာနသည် ၂၀၁၄ခုနှစ်မှစတင်၍ ပညာရေးကောလိပ်သင်တန်းသားများအားလည်းကောင်း၊ ပညာရေး တက္ကသိုလ်ကျောင်းသားများအားလည်းကောင်း လစဉ်စားစရိတ်အဖြစ် မြန်မာကျပ်ငွေ (၃၀၀၀၀) ထောက်ပံ့ပေးခဲ့သည်။

ဆရာအတတ်ပညာရေးအားကောင်းလာစေခြင်း– မိတ်ဖက်အဖွဲ့အစည်းများ၏အကူအညီဖြင့် ပညာရေး ဝန်ကြီးဌာနသည် လုပ်ငန်းခွင်အကြိုနှင့်လုပ်ငန်းခွင်ဆရာအတတ်ပညာတိုးတက်လာစေရန် အစီအစဉ် များရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ဤအစီအစဉ်များတွင် ဆရာများ၏အရည်အသွေးအာမခံချက် ရှိစေရန် ဆရာ့အရည်အသွေးနှင့်စံများသတ်မှတ်ခြင်း၊ လုပ်ငန်းခွင်ကြိုဆရာအတတ်ပညာရေးအတွက် မူဘောင်ချမှတ်ခြင်း၊ ကလေးပျော်ကျောင်း (CFS) ဆရာသင်တန်း၊ ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA) သင်တန်း၊ ကျောင်းအခြေပြု လုပ်ငန်းခွင်ဆရာအတတ်ပညာရေး (SITE)၊ မြန်မာနိုင်ငံဆရာအတတ်ပညာ ကြံ့ခိုင်စေရေးအစီအစဉ် (STEM) နှင့် ကျောင်းအုပ်ကြီးများအတွက် သင်ကြားပို့ချမှုခေါင်းဆောင် သင်တန်း အစရှိသည့်လုပ်ငန်းခွင် ဆရာအတတ်ပညာရေးပုံစံအမျိုးမျိုးကို အကောင်အထည်ဖော်လျက်ရှိ သည်။

ပညာရေးကောလိပ်များတိုးတက်စေရန်အလို့ငှာ ပညာရေးဝန်ကြီးဌာနသည် ကောလိပ်ဆရာများစွမ်း ဆောင်ရည်မြင့်မားလာစေရေးအတွက်ဆောင်ရွက်ခဲ့သည်။ ဥပမာ– ပညာရေးကောလိပ်ဆရာများ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု တိုးတက်လာစေရန်အတွက် အင်္ဂလိပ်စကားပြောဆရာများမှ လာရောက်သင်ကြားပေးသည့်အစီအစဉ်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အစိုးရကျောင်းမဟုတ်သော အခြားကျောင်းများရှိဆရာများ အရည်အသွေးမြင့်မားလာစေရန်အတွက် မော်ဂျူးအခြေပြုသင်တန်း၊ ရွှေ့လျားသင်တန်း စသည်တို့ကဲ့သို့သောအစီအစဉ်များကို ဆောင်ရွက်ပေးခဲ့သည်။

အရည်အချင်းပြည့်ဝသောဆရာများ ကန့်သတ်မှုရှိခြင်း– "သူငယ်တန်းသင်ရိုးသစ် အကောင်အထည်ဖော်ခြင်းအပေါ် ကြီးကြပ်ကွပ်ကဲခြင်းအစီရင်ခံစာ" တွင်အောက်ပါအတိုင်းဖော်ပြထားသည်။[၆၄] "သူငယ်တန်းဆရာများအနက် (၄.၅%)သောဆရာများသည်သာလျှင် ဆရာအတတ်ပညာလက်မှတ်ရှိသည်။ ဆရာအများစု (၇၆.၃%)သည် ဝိဇ္ဇာသိပ္ပံဘွဲ့ (BA/BSc) ရရှိသူများဖြစ်ပြီး (၁၄.၄%)သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများဖြစ်ကြသည်။ သူငယ်တန်းဆရာများအနက် (၂.၂%)မှာ အထွေထွေအလုပ်သမားများဖြစ်နေကြသည်။ မူလတန်းကျောင်းအုပ်ကြီးများအနက် (၂၁.၃%)သာလျှင် ဆရာအတတ်ပညာရေးလက်မှတ်ရှိကြသည်။[၆၅]

အရည်အသွေးပြည့်ဝသောပညာရေးအတွက်ဤအချက်သည် ကြီးမားသောပြဿနာတစ်ရပ်ဖြစ်သည်။ သင်ကြားခြင်းသည် အနုပညာတစ်ရပ်ဖြစ်သည်။ ၂၁ရာစုတွင် ဘာသာရပ်သိရုံဖြင့် သင်ကြားရန်မလုံလောက်တော့ပါ။ ဆရာများသည် သင်ယူမှုပုံစံအမျိုးမျိုးရှိသောကျောင်းသားများကို သင်ကြားနိုင်ရန်အတွက် ချဉ်းကပ်နည်းနှင့် သင်ကြားနည်းအမျိုးမျိုးကို သိရမည်။

အမျိုးသားပညာရေးဥပဒေ (NEL) သည် ဆရာများအရည်အသွေးပြည့်မီရေးနှင့် ကျောင်းသားဗဟိုပြုပြုပြင်ပြောင်းလဲရေးတို့အတွက် ရှင်းလင်းသောအမျိုးသားမူဘောင်ကိုပေးသည်။ ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍ ပြန်လည်သုံးသပ်ခြင်း (CESR) အစီရင်ခံစာနှင့်လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲရေးကော်မတီ (EPIC) မူဝါဒများတွင်လည်း တက်ကြွပြီးကောင်းမွန်စွာလေ့ကျင့်ပေးထားသောဆရာအင်အားစုသည် အရည်အသွေးပြည့်ဝသောပညာရေးအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ ဆရာများ၏အခြေအနေ၊ အရည်အသွေး၊ စိမံခန့်ခွဲရေးနှင့် လုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့မှတဆင့် အသိအမှတ်ပြုနိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆရာအတတ်ပညာအရည်အသွေးအပြည့်အဝဖြင့် အစိုးရကျောင်းများတွင် ဆရာအဖြစ်ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ပညာရေးကောလိပ်/ပညာရေးတက္ကသိုလ်/တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခုခုသို့တက်ရောက်ရမည်ဖြစ်သည်။ ပညာရေးကောလိပ်သို့မဟုတ် တက္ကသိုလ်များ၏သင်တန်းသားလက်ခံနိုင်မှုမှာ အကန့်အသတ်ရှိခြင်း၊ မူလတန်းကျောင်းများတွင်ဆရာလုံလောက်မှုမရှိခြင်းတို့ကြောင့် ပညာရေးဝန်ကြီးဌာနသည် ဘွဲ့ရသော်လည်းဆရာအတတ်ပညာလက်မှတ်မရှိသူများကို ဆရာအဖြစ်ခန့်ထားခဲ့သည်။ အကျိုးဆက်အနေနှင့် အစိုးရမူလတန်းပညာရေးစနစ်တွင် (၆၃%)နီးပါးသောဆရာများသည် ဆရာအတတ်ပညာအသိအမှတ်ပြုလက်မှတ်မရှိကြပါ။ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၆ခုနှစ်ဖေဖော်ဝါရီလ (၉)ရက် နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သည့် မူလတန်းကျောင်းများတွင် ကျောင်းအုပ်(၁)ယောက်၊ မူလတန်းပြဆရာ(၆)ယောက်၊ အထွေထွေလုပ်သား(၁)ယောက်နှင့် စုစုပေါင်း(၈)ယောက်ရှိရမည်ဆိုသည့် မူဝါဒကြေငြာချက်အရ မူလတန်းဆရာအသစ် (၁၂၆ ၈၅၄) ယောက်ကို ခန့်ထားခဲ့သည်။

ဆရာအတတ်ပညာလက်မှတ်မရှိသူ ဆရာရာခိုင်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ်များပြားလာဖွယ်ရှိသည်။ အဆိုပါ လက်မှတ်မဲ့ဆရာများအရည်အသွေးပြည့်မီပြီး အစိုးရကျောင်းများတွင် ဆရာအဖြစ်ဆောင်ရွက်နိုင်ရေးအတွက် သမာရိုးကျ ကောလိပ်/တက္ကသိုလ်တက်သည့်လမ်းကြောင်းထက် အခြားနည်းလမ်းသစ်များ ရှာဖွေရန်လိုအပ်သည်။ အမှန်စင်စစ် ပညာရေးကောလိပ်မှ ဒီပလိုမာ သို့မဟုတ် အသိအမှတ်

---

၆၄ Ministry of Education & UNICEF, (2017), "*Monitoring and Evaluation Report on New Kindergarten Curriculum Implementation*". p. 55-56

၆၅ Ibid. p. 55

ပြုလက်မှတ်ရထားသော ဆရာများသည်ပင်လျှင် အရည်အသွေးမြှင့်တင်ပေးရန်လိုအပ်လျက်ရှိသည်။ ၎င်းတို့အနက် ဆရာအနည်းငယ်သာလျှင် အရည်အသွေးမြှင့်တင်ရန် အခွင့်အရေးရရှိကြသည်။ ဤအခြေအနေကို စဉ်ဆက်မပြတ် ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး (CPD) အစီအစဉ်များကသာလျှင် ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။ CPD ၏ရည်ရွယ်ချက်မှာ ဆရာများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ဆရာများ၏ကတိကဝတ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။ သို့မှသာ သင်ခန်းစာများပြင်ဆင်ရာတွင် ထိရောက်ခြင်း၊ သင်ကြားရာတွင် ထိရောက်သောနည်းလမ်းအမျိုးမျိုးကို ရွေးချယ်အသုံးပြုနိုင်ခြင်း၊ ကျောင်းသားများ၏သင်ယူမှုကို ကြီးကြပ်နိုင်ခြင်းနှင့် ကျောင်းနှင့်ရပ်ရွာတာဝန်များကိုပါ ထမ်းဆောင်နိုင်မည်ဖြစ်သည်။ သင်ကြားသင်ယူခြင်းပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လာချိန်တွင် လုပ်ငန်းခွင်ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များသည် အရေးကြီးသောကဏ္ဍမှပါဝင်နေသည်။ သင်ကြားမှုနည်းလမ်းများသည် အချက်အလက်များကိုအလွတ်ကျက်မှတ်စေသည့်သင်ပြခြင်းမှ ကလေးများတက်ကြွစွာသင်ယူခြင်းနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းအစရှိသည့် အဆင့်မြင့်တွေးခေါ်နိုင်စွမ်းများကိုအလေးပေးသည့် သင်ကြားမှုနည်းလမ်းများသို့ ကူးပြောင်းလာသည့် အချိန်အခါဖြစ်သည်။ အကယ်၍ဆရာများအားလုံးအနေနှင့် ကျောင်းစာသင်ခန်းအတွင်း ချဉ်းကပ်နည်းအသစ်၊ သင်ပြနည်းအသစ်များကို အသုံးပြုနိုင်ရန်အတွက် နားလည်သဘောပေါက်မှု၊ အသိပညာနှင့် ကျွမ်းကျင်မှုများရှိမည်ဆိုပါက အောင်မြင်စွာပြောင်းလဲသွားနိုင်မည်ဖြစ်သည်။

တစ်ဖန် မြန်မာနိုင်ငံတွင် ဆရာလိုင်စင်စနစ်မကျင့်သုံးသေးပါ။ လက်ရှိကျင့်သုံးနေသည့်စနစ်မှာ ပညာရေးကောလိပ်/တက္ကသိုလ်များမှ အသိအမှတ်ပြုလက်မှတ်/ဒီပလိုမာ/ပညာရေးဘွဲ့တို့အပေါ်တွင်သာ မူတည်သည်။ ဆရာလိုင်စင်စနစ်ကျင့်သုံးရန်လိုအပ်နေပြီး ဆရာများ၏အရည်အသွေးကောင်းမွန်မှုသေချာစေရန် ဆရာခန့်ထားခြင်း၊ ရာထူးတိုးပေးခြင်းတို့ကို စွမ်းဆောင်ရည်ပေါ်အခြေခံသင့်သည်။

မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသည့် ဆရာများနှင့် ဆရာများစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများမှာ[၉၆]–

(၁) သင်ကြားမှုနှင့် ဆရာများစီမံခန့်ခွဲမှုအစီအစဉ်များဆောင်ရွက်ရာတွင် ဆရာများအကြားပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန် ဆရာအတတ်ပညာရေးကို အထောက်အကူပြုမည့် ကိုယ်စားပြုအဖွဲ့အစည်းမရှိခြင်း၊
(၂) ဆရာများစွမ်းဆောင်ရည်နှင့်ပတ်သက်၍ရှင်းလင်းပြီးလက်တွေ့ကျသောအညွှန်းဘောင်မရှိခြင်း၊
(၃) ပွင့်လင်းမြင်သာမှုရှိသည့် ဆရာလိုင်စင် သို့မဟုတ် အသိအမှတ်ပြုသည့် စနစ်မရှိခြင်း၊
(၄) လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေး အရည်အသွေးမြှင့်တင်ပေးရန်လိုအပ်ခြင်း၊ နှင့်
(၅) အရည်အသွေးပြည့်မီသော နိုင်ငံတော်အဆင့် လုပ်ငန်းခွင်ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များပေါ်ထွက်လာစေရန်နှင့် ရေရှည်တည်တံ့ရန်လိုအပ်ခြင်း။

မြန်မာနိုင်ငံတွင် အထက်ဖော်ပြပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းခွင်ဆရာအတတ်ပညာရေးအတွက် မူဝါဒအညွှန်းဘောင်ရေးဆွဲရန်လိုအပ်နေသည်။ သို့မှသာ ၂၁ရာစုတွင် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ကျွမ်းကျင်ဆရာများကိုခန့်ထားနိုင်မည်ဖြစ်သည်။ ဤမူဝါဒအညွှန်းဘောင်သည် ဆရာအတတ်ပညာရေးလုပ်ငန်းများကို ဆရာခန့်ထားသည်မှစ၍ ဆရာအလုပ်အကိုင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ဆင်မှုများအထိ ရှင်းရှင်းလင်းလင်းဖော်

[၉၆] CESR and EPIC experts

ပြေးနိုင်မည်။ ထို့ပြင် ဆရာများစုဆောင်းမှု၊ ထိန်းသိမ်းထားမှုနှင့် ဆရာများ၏ လုပ်ငန်းဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းဗျူဟာများကိုလည်း ပေးစွမ်းနိုင်မည်။

၃.၆.၄။ စာမေးပွဲစနစ်

မြန်မာနိုင်ငံ အခြေခံပညာကျောင်းများတွင် စဉ်ဆက်မပြတ်စစ်ဆေးပြီး အတန်းတင်ပေးသည့်စနစ် (CAPS) ကို ဆယ်နှစ်ကျော်ကျင့်သုံးခဲ့သည်။ CAPS ကိုမူလတန်းကျောင်းများတွင်အခန်းဆုံးစစ်ဆေးခြင်း ဖြင့်လည်းကောင်း၊ အလယ်တန်းကျောင်းများတွင် အခန်းဆုံးစစ်ဆေးခြင်းနှင့် စာသင်နှစ်ဝက်/နှစ်ဆုံး စစ်ဆေးခြင်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် အထက် တန်းပညာရေးပြီးဆုံးချိန်တွင် ကျောင်းသားများ၏ တတ်မြောက်မှုကိုစစ်ဆေးသည့် တစ်ခုတည်းသော နိုင်ငံတော်အဆင့်စာမေးပွဲဖြစ်သည်။

သင်ယူမှုတိုးတက်လာခြင်းကိုအကဲဖြတ်ရန် စံပြုစစ်ဆေးလွှာများဖြင့် စနစ်တကျစစ်ဆေးသည့် စာမေး ပွဲစနစ်မရှိသေးပါ။ အတန်းငယ်များတွင် ကလေးများကို အလိုအလျောက်အတန်းတင်ပေးသည့်အတွက် အလယ်တန်းသို့အတန်းကူးပြောင်းနှုန်းမှာ မြင့်မားသည်။

၂၀၁၂–၂၀၃၀ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏အကူအညီဖြင့် ဒုတိယတန်းနှင့် စတုတ္ထတန်းကလေးများ၏ မြန်မာစာနှင့် သချိုင်္ကစွမ်းရည်တတ်မြောက်မှု ကြီးကြပ် ကွပ်ကဲခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် (၃၁)မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၁၃ခုနှစ် နိုဝင်ဘာလမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူငယ်တန်းနှင့် ဒုတိယတန်းကလေးများ၏ မြန်မာစာ စာဖတ်စွမ်းရည်ကိုအကဲဖြတ်ရန် ဆောင်ရွက်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနသည် ဤကနဦး ဆောင်ရွက်ချက် အတွေ့အကြုံများအပေါ်အခြေခံ၍ မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသားများ၏ တတ်မြောက်မှုကို ကြီးကြပ်ကွပ်ကဲနိုင်မည့် အကဲဖြတ်မှုစနစ် ဖော်ထုတ်ရန်ဖြစ်သည်။ မူလတန်း အောက်ဆင့်ကလေးများ၏ စာဖတ်/သချိုင်္ကစွမ်းရည်အကဲဖြတ်ခြင်း (EGRA/EGMA) စီမံကိန်းအနေနှင့် ၂၀၁၆ခုနှစ်မှစတင်၍ သချိုင်္ကစွမ်းရည်ကိုလည်းကောင်း၊ ၂၀၁၇ခုနှစ်မှစတင်၍ စာဖတ်စွမ်းရည်ကို လည်းကောင်း နိုင်ငံတော်အဆင့်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနသည် စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့တွင် မြို့နယ်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စာမေးပွဲများပြန်လည်စစ်ဆေးခဲ့သည်။

၃.၆.၅။ အခြေခံပညာရေး၏ အရည်အသွေးအာမခံမှု

ကလေးဗဟိုပြုချဉ်းကပ်နည်းအသုံးပြုခြင်း (CCA) – ကလေးများ၏ဖန်တီးနိုင်စွမ်း၊ ခွဲခြားနိုင်စွမ်း၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းတိုးတက်လာစေရန် ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုသည်။ JICA ၏ကူညီပံ့ပိုးမှုဖြင့် ၂၀၀၄–၂၀၀၅ပညာသင်နှစ်မှစ၍ CCA စီမံကိန်းမြို့နယ်များကို တိုးချဲ့ဆောင်ရွက်ခဲ့ပြီး သင်ကြားသင်ယူမှုတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းကို မူလတန်းအဆင့်၌ ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ရန် CCA သင်တန်းများကို ၂၀၁၂–၁၃ ပညာသင်နှစ်မှ ၂၀၁၅–၂၀၁၆ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သည်။

ကလေးပျော်ကျောင်း (CFS) – UNICEF ၏အထောက်အပံ့ဖြင့် ကလေးပျော်ကျောင်းအစီအစဉ်ကို ရွေးချယ်ထားသောကျောင်းများတွင် ၂၀၀၁ခုနှစ်ကစတင်ခဲ့သည်။ အကျိုးရှိသောကျောင်းဖြစ်ရန်နှင့် ကျောင်းများတွင် ပညာရေးအခြေခံမူများနှင့် အလေ့အကျင့်များအပေါ်အခြေခံ၍ ကလေးသူငယ်

အခွင့်အရေးမြှင့်တင်ပေးရန်အတွက် ကျောင်းတစ်ကျောင်းလုံးကို အသွင်ပြောင်းလဲလိုက်သည့် ချဉ်းကပ်နည်းဖြစ်သည်။ ၂၀၁၃ခုနှစ် EFA NAP တွင် ပညာသင်ယူမှုအခွင့်အလမ်းတိုးမြှင့်ရန်နှင့် ပညာရေးအရည်အသွေးမြင့်မားလာစေရန်အတွက် အမျိုးသားရေးနည်းဗျူဟာတစ်ရပ်အဖြစ် CFS ကို ဖော်ပြခဲ့သည်။ ထိုအချိန် မှစ၍ CFS ကို မြို့နယ်ပေါင်း (၉၆)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ CFS ချဉ်းကပ်နည်းသည် ကလေးတိုင်းကျောင်းအပ်နှံရေးကို အထောက်အကူဖြစ်စေရုံသာမက ထိရောက်သောသင်ကြားသင်ယူမှုနှင့် ကျန်းမာသန်စွမ်းရေးနှင့် ပညာသင်ယူနိုင်ရေးကို အထောက်အကူဖြစ်စေမည့် ကျောင်းပတ်ဝန်းကျင်ကို တိုးတက်ဖြစ်ပေါ်စေသည်။ CFS သည် ပညာရေးဝန်ဆောင်မှုပေးရာတွင် ကျား/မ ခွဲခြားမှုမရှိစေဘဲ တာဝန်ခံမှုရှိပြီး၊ မိဘများနှင့်ရပ်ရွာကို ၎င်းတို့၏ကလေးများအတွက် အစွမ်းကုန်ကြိုးစားအားထုတ်စေသည်။ ၂၀၀၉ခုနှစ်တွင် CFS ချဉ်းကပ်နည်းကိုပြန်လည်သုံးသပ်ရာ ကျောင်းများတွင် သုံးနှစ်တာကာလအတွင်း ရလဒ်ကောင်းများ ရရှိကြောင်းထောက်ပြခဲ့သည်။ ဥပမာ မြန်မာဘာသာစကားတတ်မြောက်မှုတွင် (၂၄%)မှ (၅၉%)ထိ တိုးတက်လာသည်။ ဤကဲ့သို့ရလဒ်ကောင်းများရရှိခဲ့ရသော်လည်း ယခုတိုင်ရွေးချယ်ထားသော ကျောင်းများတွင်သာ အကောင်အထည်ဖော်ဆောင်ရွက်ဆဲဖြစ်သည့်အတွက် မြန်မာနိုင်ငံရှိကျောင်းအားလုံး ကလေးပျော်ကျောင်းဖြစ်ရန် အကောင်အထည်ဖော်သင့်သည်။

အဆင့်အသီးသီးရှိ ဆရာများနှင့် ပညာရေးအရာရှိများအတွက် ဆရာအတတ်သင်တန်းအစီအစဉ်များတွင် CFS အခြေခံမူများနှင့် အလေ့အကျင့်များထည့်သွင်းပေးခြင်းသည် CFS ကို တိုးတက်စေသည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲရေးကိုပါ ဖြစ်ပေါ်စေနိုင်ပြီး ကလေးအားလုံးသင်ယူမှုအခွင့်အလမ်းကို သေချာစေသည့် နည်းဗျူဟာဖြစ်သည်။

စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း – အရည်အသွေးရှိသောကျောင်းပညာရေးအတွက် သင်ကြားသင်ယူမှုဖြစ်စဉ်အား စောင့်ကြည့်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းကို ၂၀၀၆–၂၀၀၇ပညာသင်နှစ်ကတည်းကစတင်ဆောင်ရွက်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနသည် အဆင့်တိုင်းတွင် ကျောင်းများကို ကြီးကြပ်ရန် ကြီးကြပ်သူများကိုတိုးမြှင့်ခန့်ထားပြီးသင်တန်းများပေးခဲ့သည်။ အခြေခံပညာကျောင်းများကို (က၊ခ၊ဂ၊ဃ၊င)ဟူ၍ အဆင့်(၅)ဆင့်ခွဲ၍အုပ်စုဖွဲ့ထားပြီး အောက်ဖော်ပြပါစံများအတိုင်း ကြီးကြပ်ကွပ်ကဲသည်–

(က) ကျောင်းအုပ်ကြီး၏ တာဝန်ပြီးမြောက်မှု
(ခ) ကျောင်းတက်မှန်ကန်မှုအဆင့်
(ဂ) လစဉ်သင်ခန်းစာများ သင်ကြားမှု
(ဃ) ကျောင်းသားများ၏ထမြောက်အောင်မြင်မှု
(င) သင်ကြားသင်ယူမှုအထောက်အကူများ၊ ပံ့ပိုးမှုများနှင့် ဓာတ်ခွဲခန်းများ အသုံးပြုမှု
(စ) စာရိတ္တနှင့် ကျင့်ဝတ် ပြုစုပျိုးထောင်ပေးမှု
(ဆ) ဆရာများ၏စွမ်းဆောင်ရည်
(ဇ) ပြည့်စုံလုံလောက်သော စာသင်ခန်းနှင့် ကျောင်းသုံးပရိဘောဂများ
(ဈ) ကျောင်း၏ကျန်းမာရေးအတွက်ဆောင်ရွက်ခြင်းနှင့် သန့်ရှင်းသပ်ရပ်မှု
(ည) လုံလောက်သော သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများနှင့် ရုပ်သံအထောက်အကူများ
(ဋ) ကျောင်းဝင်းအတွင်းစိမ်းလန်းစိုပြေရေး
(ဌ) ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး

အခြေခံပညာဦးစီးဌာနမှ ပညာရေးသမားများ၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအတွက် ကျောင်းစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးသင်တန်းများကို ၂၀၀၈မှ ၂၀၁၁ ခုနှစ်များအတွင်း အပတ်စဉ်(၅)ခုအထိဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသားပေါင်း (၁၃၈၁)ယောက် တက်ရောက်ခဲ့သည်။

ကိုယ်ကျင့်တရားနှင့်စည်းကမ်းဖွဲ့ဖြိုးတိုးတက်ရေး – အခြေခံပညာကျောင်းများရှိကျောင်းသားများကို မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် စည်းမျဉ်းစည်းကမ်းဥပဒေများကိုလေးစားလိုက်နာတတ်စေရန် အောက်ဖော်ပြပါတို့ဖြင့် ပြုစုပျိုးထောင်ပေးလျက်ရှိသည်–

(က) ၁၉၉၉–၂၀၀၀ ပညာသင်နှစ်မှစတင်၍ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်တွင် ပြည်ထောင်စုစိတ်ဓာတ်သင်ခန်းစာကို ထည့်သွင်းခဲ့သည်။
(ခ) မျိုးချစ်စိတ်ဓာတ်ရှင်သန်စေရေးအတွက် သမိုင်းဘာသာရပ်တွင် မြန်မာ့သမိုင်းအတွဲ(၂)ကို ထပ်မံဖြည့်စွက်ပြီး စတုတ္ထတန်းမှစတင်သင်ကြားသည်။
(ဂ) စည်းကမ်းကိုလေးစားလိုက်နာတတ်စေရန်နှင့် နိုင်ငံတော်၏ဥပဒေများကို လိုက်နာတတ်စေရန် စာရိတ္တနှင့် ပြည်သူ့နီတိကိုသင်ကြားပေးသည်။ စည်းမျဉ်းစည်းကမ်းများနှင့် တာဝန်ဝတ္တရားများကိုလိုက်နာတတ်စေရန် ကာယပညာနှင့် ရသပညာ (ပန်းချီ၊ဂီတ) တို့ကိုလည်းသင်ကြားပေးသည်။
(ဃ) ကျောင်းသားများအား ပြည်ထောင်စုစိတ်၊ မျိုးချစ်စိတ်၊ ကျောင်းကိုချစ်မြတ်နိုးစိတ်၊ အဖွဲ့အစည်းစိတ်နှင့် မျှတသောပြိုင်ဆိုင်လိုစိတ်များ သွတ်သွင်းပေးရန်အတွက် ကျောင်းစုဝေးချိန်များပုံမှန်ကျင်းပပြီး ကျောင်းအုပ်ကြီးများနှင့် ဆရာများကပညာပေးဟောပြောပွဲများပြုလုပ်ပေးသည်။
(င) ကျောင်းသားများအားပူးပေါင်းဆောင်ရွက်စေခြင်း၊ ကျောင်းပြက္ခဒိန်လုပ်ငန်းများ၊ စာပေနှင့်အနုပညာပြိုင်ပွဲများ နိုင်ငံတော်အမျိုးသားရေးဖြစ်ရပ်များ၏ အထိမ်းအမှတ်လှုပ်ရှားမှုများ၊ ကုလသမဂ္ဂ၏အရေးကြီးသောလှုပ်ရှားမှုများတွင် ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့် နိုင်ငံ့သားကောင်းအရည်အသွေးများပေါ်ပေါက်လာစေသည်။

ရုပ်သံအထောက်အကူပစ္စည်းများနှင့် ဓာတ်ခွဲခန်းအသုံးပြုခြင်း – သင်ကြားသင်ယူမှုအရည်အသွေးတိုးတက်မြင့်မားလာစေရန်အတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်သည်–

(က) ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာ၊ ရုပ်မြင်သံကြား၊ ဗွီစီဒီ၊ ဒီဗွီဒီနှင့် ကက်ဆက်အစရှိသည့် ရုပ်သံအထောက်အကူပစ္စည်းများကို ထောက်ပံ့ပေးသည်။
(ခ) အထက်ဖော်ပြပါ ရုပ်သံအထောက်အကူပစ္စည်းများကို ဒေသအာဏာပိုင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စေတနာရှင်များကလှူဒါန်းကြသည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးပညာပေးအစီအစဉ် – မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး လုပ်ငန်းအဖွဲ့သည် မူးယစ်ထုံထိုင်းဆေးဝါးများ၏အန္တရာယ်၊ HIV/AIDS၊ စိတ်ကြွဆေး (ATS)၊ ဆေးရွက်ကြီးနှင့် ၎င်း၏ထွက်ကုန်များနှင့်ပတ်သက်၍ ဆရာများအတွက်သင်တန်းများ ဖွင့်လှစ်ခဲ့သည်။ သင်တန်းသားများမှာ စီမံကိန်းမြို့နယ်များနှင့် မူးယစ်ဆေးဝါးသုံးစွဲနိုင်ခြေရှိသော ပြည်နယ်/တိုင်းဒေသကြီးများမှဖြစ်သည်။

သက်တူရွယ်တူပညာရေးအစီအစဉ်အရ ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များမှ လုပ်ငန်းခွင်အကြိုသင်တန်းသားများအား မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကျန်းမာရေးပညာနှင့်ပတ်သက်၍ သက်တူရွယ်တူများအကြားဆွေးနွေးစေခြင်းဖြင့် လေ့ကျင့်ပေးသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများသုံးစွဲခြင်းကို ဖယ်ရှားပစ်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများသုံးစွဲခြင်းနှင့်ပတ်သက်၍ ကျောင်းသားများအားပညာပေးခြင်းနှင့် HIV/AIDS ကာကွယ်ရေးပညာပေးနှင့် ဆေးဝါးသုံးစွဲမှုကာကွယ်ရေးပညာရေးလုပ်ငန်းများကို အခြေခံပညာကျောင်းများအားလုံးတွင် ဆောင်ရွက်လျက်ရှိသည်။

၃.၆.၆။ ထောက်ခံအကြံပြုချက်များ

အရည်အသွေးရှိသည့် အခြေခံပညာရေးတိုးတက်လာစေရန် အောက်ဖော်ပြပါအချက်များကို ထောက်ခံအကြံပြုပါသည်–

- ပညာရေးဘတ်ဂျက် တိုးမြှင့်ပေးသင့်သည်။
- အခြေခံပညာကျောင်းအားလုံးတွင် ကလေးဗဟိုပြုချဉ်းကပ်နည်းနှင့် ပညာရေးကောလိပ်များအားလုံးတွင် သင်ယူသူဗဟိုပြုချဉ်းကပ်နည်း အသုံးပြုမှုသေချာစေသင့်သည်။
- အရည်အသွေးမြင့်မားသည့်ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အရည်အသွေးပြည့်မီသောဝန်းကျင်ကောင်းဖြစ်ရန်လိုအပ်ပါသည်။ သို့ဖြစ်၍ အခြေခံလိုအပ်ချက်များဖြစ်သည့် သင်ကြားသင်ယူမှုဆိုင်ရာအထောက်အကူပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂပစ္စည်းများ၊ သောက်ရေသန့်၊ လုံခြုံစိတ်ချရသောပတ်ဝန်းကျင်၊ ကလေးများအကျွမ်းတဝင်ဖြစ်စေမည့်ပတ်ဝန်းကျင်နှင့် သန့်ရှင်းသပ်ရပ်သောရေအိမ်သာ အစရှိသည်တို့ကို ဖြည့်ဆည်းပေးသင့်သည်။
- ကလေးပျော်ကျောင်း အခြေခံမူများနှင့် အလေ့အကျင့်များကို ပညာရေးကောလိပ်နှင့် ဆရာအတတ်သင်တန်းများတွင် ထည့်သွင်းသင်ကြားပေးသင့်သည်။
- ပညာရေးသမားများသာမက ပြည်သူလူထုကပါ ကလေးပျော်ကျောင်းအစီအစဉ်သည် လူတိုင်းအတွက်ပညာရေးမဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်းသိရှိစေရန် ဆက်သွယ်ရေးနည်းဗျူဟာများနှင့် ဆက်စပ်အထောက်အကူပစ္စည်းများ ထုတ်လုပ်သင့်သည်။
- ကလေးပျော်ကျောင်း၊ ကလေးဗဟိုပြုချည်းကပ်နည်း၊ ဘာသာစကားဖွံ့ဖြိုးမှုအစီအစဉ် စသည့်တီထွင်ဆန်းသစ်ချက်များကို ပညာရေးကောလိပ်တွင် ထည့်သွင်းသင်ကြားသင့်သည်။
- ကလေးပျော်ကျောင်း ကြီးကြပ်ကွပ်ကဲခြင်းသည် ပညာရေးဝန်ကြီးဌာန၏ ပုံမှန်ကြီးကြပ်ကွပ်ကဲခြင်းအစီအစဉ်၏ အစိတ်အပိုင်းဖြစ်သင့်သည်။
- အခြေခံပညာရေးအရည်အသွေးမြင့်မားလာစေရန်အတွက် မူလတန်း/အလယ်တန်း ပြီးဆုံးခြင်းစာမေးပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စံပြုစစ်ဆေးသင့်သည်။
- ပညာရေးအရည်အသွေးမြင့်မားလာစေရန်အတွက် လက်ရှိဆောင်ရွက်နေသော ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေသင့်သည်။
- မြန်မာနိုင်ငံဆရာအတတ်ပညာရေး တိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် အညွှန်းဘောင်အဖြစ်အသုံးပြုနိုင်ရန်အတွက် မူ/လယ်/ထက်ဆရာများတွင်ရှိသင့်ရှိအပ်သော အရည်အသွေးများ ဖော်ထုတ်သင့်သည်။
- လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာလေ့ကျင့်ရေး အစီအစဉ်များ၏ အရည်အသွေးမြှင့်တင်ပေးသင့်သည်။
- ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေခွဲဝေအသုံးပြုခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပညာရေးလုပ်ငန်းများကိုစီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများတွင်လည်းကောင်း တာဝန်ယူ

စိတ်၊ တာဝန်ခံစိတ်ရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် မြို့နယ်ပညာရေးမှူးများအတွက် စွမ်းရည်မြှင့်သင်တန်းအစီအစဉ်များ ဆောင်ရွက်ပေးသင့်သည်။

- အုပ်ချုပ်မှုတာဝန်ယူရသော ဝန်ထမ်းများနှင့် သင်ကြားရေးတာဝန်မယူရသော အခြားအဆင့် ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ပေးသင့်သည်။
- အရည်အသွေးမြင့်အခြေခံပညာရေးကို သေချာစေရန်နှင့် အရည်အသွေးထိန်းသိမ်းသည့် စနစ် ဖော်ထုတ်သင့်သည်။
- ဒေသဆိုင်ရာ အရည်အသွေးအညွှန်းဘောင် (Regional Qualification Framework – RQF)၊ နိုင်ငံတကာ အရည်အသွေးအညွှန်းဘောင် (International Qualification Framework – IQF) တို့နှင့် ကိုက်ညီမှုရှိသည့် နိုင်ငံတော်အဆင့် အမျိုးသားပညာရေး အရည်အသွေးအညွှန်းဘောင် (National Qualification Framework – NQF) ကို ဖော်ထုတ်သင့်သည်။
- အခြေခံပညာရေးတွင် အမျိုးသားအရည်အသွေးအသိအမှတ်ပြုအဖွဲ့ ဖွဲ့စည်းသင့်သည်။
- ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ခြားနားချက်ကြီးမားမှုကိုလျှော့ချသင့်သည်။
- ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်ကို အားကောင်းလာစေခြင်းဖြင့် ပညာရေး စနစ်တွင် ကွန်ပျူတာအခြေပြု စာရင်းအင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော်သင့်သည်။

ဆရာအတတ်ပညာရေးတိုးတက်ဖွံ့ဖြိုးလာစေရန် အောက်ပါအချက်များကို ထောက်ခံအကြံပြုပါသည်–

- လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာသင်ရိုးကိုပြန်လည်ပြင်ဆင်သင့်သည်။
- သင်တန်းသားများ ဆန်းသစ်သောအသိပညာနှင့်ကျွမ်းကျင်မှုများကို စာသင်ခန်းအတွင်း လက်တွေ့လေ့ကျင့်နိုင်ရန် အခွင့်အလမ်းများဖန်တီးပေးသင့်သည်။ သင်တန်းသားများအား သင်ကြားနည်းနှင့်သက်ဆိုင်သောကျွမ်းကျင်မှုများ လေ့ကျင့်ပေးခြင်းဖြင့် စာသင်ခန်းများအတွင်း လက်တွေ့သင်ကြားသည့်အခါတွင် ထိရောက်စွာသင်ကြားနိုင်ရန်အတွက် ဆန်းသစ်သော လုပ်ထုံးလုပ်နည်းများ၊ အလေ့အကျင့်များနှင့်ကွန်ရက်သည် မရှိမဖြစ်အရေးပါသည်။
- ဆရာမှကျောင်းသားများကို သင်ခန်းစာများလွှဲပြောင်းပေးသည့် သင်ကြားမှုပုံစံနေရာတွင် ကျောင်းသားများကိုယ်တိုင် တက်ကြွစွာပါဝင်သင်ယူသည့်ပုံစံသို့ ပြောင်းလဲသင့်သည်။ သို့မှသာ သင်တန်းသားများအနေနှင့် ၎င်းတို့၏သင်ယူမှုအတွေ့အကြုံများရင့်သန်လာစေရန် ဆွေးနွေးခြင်း/အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။
- သင်တန်းသားများအား အရည်အချင်းပြည့်ဆရာများဖြစ်လာစေရန် လေ့ကျင့်ပေးရာတွင် လက်ရှိ မူလတန်းနှင့်အလယ်တန်းဆရာအတတ်ပညာရေး သင်တန်းကြာချိန်သည် လုံလောက်မှုမရှိပါ။ သို့ဖြစ်၍ အရည်အသွေးပြည့်ဝသော မူလတန်း/အလယ်တန်းဆရာများ လေ့ကျင့်ပေးရန်အတွက် ဆရာအတတ်ပညာရေးဒီပလိုမာသင်တန်းကြာချိန်ကို ပိုမိုတိုးချဲ့သင့်သည်။
- ဆရာအတတ်ပညာသင်ရိုးသစ်များရေးဆွဲခြင်း၊ ခေတ်မီသင်ပြနည်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများအသုံးပြုခြင်းတို့ဖြင့် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးကို ပြန်လည်ပုံဖော်သင့်သည်။
- ထို့ပြင် ပညာရေးကောလိပ်များရှိသင်တန်းဆရာများ၏ လုပ်ငန်းစွမ်းဆောင်ရည် ခိုင်ခံ့စေသင့်သည်။

- လုပ်ငန်းခွင်ဆရာများအတွက် အရည်အသွေးပြည့်မီသော စဉ်ဆက်မပြတ် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များဖြင့် ဆရာအားလုံး၏ စာသင်ခန်းအခြေပြု သင်ကြားနည်းဆိုင်ရာအလေ့အကျင့်ကောင်းများ တိုးတက်စေသင့်သည်။

အရည်အသွေးပြည့်မီသောဆရာများ ဖွံ့ဖြိုးတိုးတက်မှုသေချာစေရန်နှင့် ဆရာများလုပ်ငန်းခွင်တွင် တည်မြဲရေးတို့အတွက် အောက်ဖော်ပြပါ ဆရာစီမံခန့်ခွဲမှုနယ်ပယ်များကို ခိုင်ခံ့စေသင့်သည်–

- ဆရာစုဆောင်းခြင်း၊
- ဆရာခန့်ထားခြင်း၊
- ဆရာအကဲဖြတ်ခြင်း (ဆရာ၏စွမ်းဆောင်ရည်ကိုအကဲဖြတ်ခြင်း)
- (ဆရာစွမ်းဆောင်ရည်နှင့် အသက်မွေးဝမ်းကြောင်း အတွေ့အကြုံပေါ်အခြေခံ၍) ဆရာရာထူးတိုးပေးခြင်းနှင့် အသက်မွေးမှုလမ်းကြောင်းစနစ်
- အရည်အသွေးရှိဆရာများလုပ်ငန်းခွင်တွင် တည်မြဲရေးအတွက်မက်လုံးပေးခြင်း

ဆရာစုဆောင်းခြင်းနှင့်ပတ်သက်၍ အသစ်ဝင်လာမည့်ဆရာများကိုဆွဲဆောင်စေနိုင်သည့် လက်တွေ့ကျပြီးဖြစ်နိုင်ခြေရှိသော နည်းဗျူဟာရေးဆွဲရန်လိုအပ်သည်။ ဆရာများခန့်ထားရာတွင် ဘာသာရပ်အထူးပြုအပေါ် အခြေခံသင့်သည့်အပြင် ဝေးလံခေါင်သီသောဒေသများနှင့် ကျေးလက်ဒေသများတွင် အရည်အသွေးပြည့်မီသောဆရာများကို ခန့်ထားသင့်သည်။ ဆရာအကဲဖြတ်ခြင်းနှင့်ပတ်သက်၍ လက်ရှိအသုံးပြုနေသော ဆရာစွမ်းဆောင်ရည်အကဲဖြတ်ခြင်းကို ပြန်လည်ပြုပြင်သင့်ပြီး ရာထူးတိုးစနစ်၊ စွမ်းဆောင်ရည်အခြေပြု အသက်မွေးမှုလမ်းကြောင်းစနစ်တို့နှင့် ချိတ်ဆက်ထားသင့်သည်။ ယေဘုယျအားဖြင့် ဖော်ပြပါဆရာစီမံခန့်ခွဲမှုနယ်ပယ်အားလုံးကို ထိရောက်သောမက်လုံးပေးသည့်စနစ်ဖြင့် ထောက်ပံ့ပေးသင့်သည်။

သမားရိုးကျမဟုတ်သောအခြားရွေးချယ်စရာပညာရေး (AE)အစီအစဉ်များတိုးတက်လာစေရန်အောက်ပါအချက်များကို ထောက်ခံအကြံပြုပါသည်–

- အများနှင့်ဆိုင်သော သင်ရိုးညွှန်းတမ်းစံဖော်ထုတ်သင့်သည်။
- AE အစီအစဉ်များကို စနစ်တကျကြီးကြပ်ကွပ်ကဲခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းသို့ ဦးတည်သင့်သည်။
- AE အရည်အသွေးအာမခံမှုကိုသေချာစေသည့် စနစ်ဖော်ထုတ်သင့်သည်။
- AE စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်ခိုင်ခံ့စေသင့်သည်။ သို့မှသာ AE အထောက်အပံ့ပေးသူများ၊ အသက်အလိုက် ကျောင်းပြင်ပရောက်ကလေးများနှင့် လူငယ်များ၊ ကျွမ်းကျင်မှုနှင့် ဒေသခံအရင်းအမြစ်များအတွက်လိုလားချက်များ အစရှိသည့်တို့နှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာထားရှိနိုင်ပြီး အချက်အလက်များဆန်းစစ်လေ့လာနိုင်မည်။

စက်မှုသက်မွေးပညာရေးနှင့်လေ့ကျင့်ရေး (TVET) ပြီးဆုံးသူများ အရည်အသွေးပြည့်ဝစေရန် အောက်ပါအချက်များကို ထောက်ခံအကြံပြုပါသည်–

- အမျိုးသားပညာရေး အရည်အသွေးအညွှန်းဘောင်၊ ဒေသဆိုင်ရာ အရည်အသွေးအညွှန်းဘောင်တို့နှင့် ကိုက်ညီမှုရှိသည့် TVET အရည်အသွေးအညွှန်းဘောင်ကို ဖော်ထုတ်သင့်သည်။
- အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပါင်းဆောင်ရွက်ခြင်းကို ချဲ့ထွင်သင့်သည်။

- အများပြည်သူ–ပုဂ္ဂလိကစပ်တူလုပ်ငန်း အတွက် ဥပဒေပြုမှုနှင့် မူဝါဒမူဘောင်ဖော်ထုတ်သင့်သည်။
- သက်ဆိုင်ရာ TVET ဝန်ကြီးဌာနများအကြား ညှိနှိုင်းရေးတိုးချဲ့သင့်သည်။

၃.၇။ စိစစ်လေ့လာချက်အကျဉ်းချုပ်

မူလတန်းပညာရေးဝန်ဆောင်မှုအရည်အသွေးနိမ့်ကျပြီး သင်ယူမှုလိုအပ်ချက်များ တိုးတက်ရန်လိုအပ်နေသည်။ ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုနေပြီဖြစ်သော်လည်း သင်ကြားရေးတွင် အလွတ်ကျက်မှတ်ခြင်းကလွှမ်းမိုးနေဆဲဖြစ်သည်။ သင်ယူမှုတိုးတက်ခြင်းကို စနစ်တကျတိုင်းတာရန်အတွက် စံပြုစစ်ဆေးခြင်းများမရှိသေးပါ။ ငယ်ရွယ်သောကလေးများကို အလိုအလျောက်အတန်းတင်ပေးသည့် အတွက် အလယ်တန်းပညာရေးသို့ အတန်းကူးပြောင်းနှုန်းမြင့်မားသည်။

မူလတန်းပညာရေးကဲ့သို့ပင် အလယ်တန်းပညာရေးတွင်လည်း ဆရာများသည် ယေဘုယျအားဖြင့် ရှေးရိုးစဉ်လာသွန်သင်ဆုံးမသည့်အလေ့အကျင့်များကို ထိန်းသိမ်းထားကြပြီး အလွတ်ကျက်မှတ်ခြင်းကို အလေးပေးသည်။ အတန်းထဲတွင်ကျောင်းသားဦးရေများပြားလွန်းသည့်အတွက် ကလေးဗဟိုပြုချဉ်းကပ်နည်းကိုအသုံးပြုရန်ခက်ခဲသည်။ ကလေးအများစုမှာ အခြေခံပညာမပြီးဆုံးကြပါ။

မြန်မာနိုင်ငံအနှံ့အပြားတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိပြီး မှတ်ပုံတင်ထားသောကျောင်းသားအရေအတွက် (၁၈၀ ၀၀၀)ရှိသည်။ သို့ရာတွင် လက်တွေ့တွင် ကျောင်းသားပေါင်း(၂၀၀ ၀၀၀)ခန့် ပညာသင်ယူနေကြသည်။[၉၇] ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအများစုမှာ မူလတန်းကျောင်းများဖြစ်ကြသည်။ ပညာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသည့်သင်ရိုးကို အသုံးပြုပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ဘဝနေထိုင်နည်းများကိုလည်း သင်ကြားပေးသည်။ ကျောင်းလခမပေးရသည့်အပြင် နေ့လည်စာပါ ကျွေးမွေးခြင်းကြောင့် ဆင်းရဲသားကလေးများ ပညာသင်ယူခွင့်ရရှိကြသည်။

ပညာရေးဝန်ဆောင်မှုအရည်အသွေးညံ့ဖျင်းခြင်းနှင့် ပညာရေးကုန်ကျစရိတ်ကြီးမားခြင်းသည် ကလေးများပညာသင်ယူခွင့်ကို အဟန့်အတားဖြစ်စေသည်။ ပညာရေးအဆောက်အဦမလုံလောက်ခြင်း၊ ဆရာမလုံလောက်ခြင်း၊ သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်းများခေတ်မမီတော့ခြင်းနှင့် ဆရာကျောင်းသားအချိုးမြင့်မားခြင်းတို့သည် ပညာရေးအရည်အသွေးကို နိမ့်ကျစေသည်။ မိဘများအနေနှင့်လည်း ၎င်းတို့၏ကလေးများကို ကျောင်းထားခြင်းထက် အလုပ်လုပ်ခြင်းမှပြန်လည်ရရှိမည့်ဝင်ငွေကိုပိုမိုသဘောကျကြသည်။ မိဘများ၏ပညာရေးအပေါ်တန်ဖိုးထားမှုနှင့် ကလေးများ၏ပညာရေးအပေါ်ပံ့ပိုးပေးမှုသည် ၎င်းတို့ကိုယ်တိုင်၏ပညာရေးအတွေ့အကြုံ (ရှိမှု/မရှိမှု) အပေါ်တွင်မူတည်သည်။

တစ်ဖန် ကလေးများကျောင်းတက်ကြသော်လည်း ၎င်းတို့၏ပညာရေးတွင် မိဘများ၏ပါဝင်မှုအားနည်းသည်။ ကလေးများပညာသင်ယူမှု အခွင့်အလမ်းများမရရှိရခြင်း၏ အကြောင်းရင်းခံများတွင် ပညာရေးဝန်ဆောင်မှုကိုထိခိုက်စေသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအချက်များ၊ ကျောင်းပြင်ပ အခြေခံပညာရေးရွေးချယ်ခွင့်မရရှိခြင်းနှင့် ဘာသာစကားအဟန့်အတားဖြစ်ခြင်း တို့ပါဝင်သည်။ ပညာရေးဝန်ဆောင်မှုကိုထိခိုက်စေသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအချက်များတွင် ပညာရေးကဏ္ဍအတွက်ဘဏ္ဍာငွေအလုံအလောက်မရှိခြင်း၊ မူဝါဒနှင့် အစီအစဉ်များချမှတ်ထားမှုမရှိခြင်း၊ ဆရာအတတ်

---

၉၇ *"Situation Analysis of children in Myanmar"*. p. xix

ပညာသင်တန်းများကန့်သတ်မှုရှိခြင်း၊ ကဏ္ဍအလိုက်စီမံခန့်ခွဲမှုစနစ်မကျခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်မှုမလုံလောက်ခြင်းတို့ပါဝင်သည်။ လက်ရှိအခြေအနေတွင် ကျောင်းထွက်သွားသောကလေးများအတွက် ကျောင်းပြင်ပပညာရေး (သို့မဟုတ်) အခြားရွေးချယ်စရာမူလတန်းပညာရေးဆောင်ရွက်ပေးမှုမှာအလွန်နည်းနေသေးသည်။ မြန်မာနိုင်ငံတွင် ဘာသာစကားကွဲပြားခြားနားမှုကျယ်ပြန့်သော်လည်း မြန်မာစကားတစ်ခုတည်းသာလျှင် ရုံးသုံးစကား၊ အများပြည်သူရေးရာနှင့် အများပြည်သူပညာရေးသုံးစကားဖြစ်သည်။ မြန်မာစကားမပြောတတ်သော တိုင်းရင်းသားကလေးများအတွက် ဘာသာစကားအခက်အခဲသည် ကျောင်းပြင်ပရောက်ရခြင်း၏ အကြောင်းတစ်ရပ်ဖြစ်နိုင်သည်။ မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲရာ၌ အလေးထားသည့်ဧရိယာသုံးခုမှာ အရည်အသွေး၊ သာတူညီမျှနှင့် ကဏ္ဍအလိုက်စွမ်းဆောင်ရည်တို့ဖြစ်သည်။

အစဉ်အလာအရ မြန်မာတို့သည် ပညာရေးကို တန်ဖိုးထားတတ်ကြသော်လည်း မိမိတို့၏သားသမီးများကို အလုပ်လုပ်ခိုင်းကြရခြင်းမှာ ဆင်းရဲမွဲတေလွန်းသောကြောင့် သာလျှင်ဖြစ်သည်။ သို့ရာတွင် ပညာရေးစနစ်သည် အသုံးတည့်သောကျွမ်းကျင်မှုနှင့် အသိပညာကိုမပေးစွမ်းနိုင်ဟု ယူဆခြင်းသည် မိသားစုများနှင့် ကလေးများကို လိုလိုလားလားကျောင်းထွက်၍ လုပ်ငန်းခွင်သို့ဝင်ရောက်ရန် တွန်းအားတစ်ခုဖြစ်စေသည်။ ရွေးချယ်ရရှိနိုင်သည့် ပညာရေးအခွင့်အလမ်းများအရည်အသွေးပြည့်ဝခြင်း၊ မသင်မနေရပညာရေးအကောင်အထည်ဖော်မှုပြီးဆုံးလျှင် အသက်ကွာဟချက် (သက်လွန်ကျောင်းသား) မရှိတော့ခြင်းနှင့် အလုပ်လုပ်ရန်အတွက် အနိမ့်ဆုံးအသက်သတ်မှတ်ထားခြင်းတို့သည် ကျောင်းပြင်ပရောက်ကလေးရာခိုင်နှုန်းနှင့် ကလေးလုပ်သားရာခိုင်နှုန်းကို လျော့ချပေးရာတွင် အထောက်အကူဖြစ်သည်။

အခန်း (၄) နိဂုံးနှင့် အကြံပြုချက်များ

၄.၁။ ကျောင်းပြင်ပရောက်ကလေးများအခြေအနေ

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံကျောင်းပြင်ပရောက်ကလေးများ အခြေအနေကို အသေးစိတ်စိစစ်လေ့လာခြင်း၏ရလဒ်တစ်ခုဖြစ်သည်။ အချက်အလက်များခွဲခြမ်းစိတ်ဖြာလေ့လာခြင်းမှ ကျောင်းပြင်ပရောက်ကလေးများ၏အခြေအနေကို ယေဘုယျအားဖြင့် အောက်ပါအတိုင်းဖော်ပြခဲ့သည်–

ရွာထောင့်(၁) – ကျောင်းပြင်ပရောက် အသက်(၄)နှစ်အရွယ်မူကြိုကလေးများရာခိုင်နှုန်းမှာ (၇၆.၆၁%) ဖြစ်၍ ရှေးဦးကလေးသူငယ်စောင့်ရှောက်ရေးနှင့် ပညာရေးဝန်ဆောင်မှုရရှိသူ ကလေးဦးရေမှာ အလွန်နည်းလျက်ရှိနေသေးသည်။ ထို့ပြင် ဆင်းရဲနွမ်းပါး၊ ကျေးလက်နှင့်မြို့ပြတို့အကြား ကွဲပြားခြားနားမှုများရှိသည်။ ဆင်းရဲသောကလေးများနှင့် ကျေးလက်ဒေသရှိကလေးများမှာ အခွင့်အရေးရရှိမှုနည်းသည်။ ဒေသဆိုင်ရာကွဲပြားခြားနားမှုများကိုတွေ့ရှိရသော်လည်း ကျား/မ တူညီမှုအညွှန်းကိန်းမှာ (.၉၉၄) ဖြစ်သည့်အတွက် ကျား/မ ခြားနားမှုမရှိကြောင်းတွေ့ရှိရသည်။

ရွာထောင့်(၂) – မြန်မာနိုင်ငံတွင် အသက် (၅)နှစ်မှ (၉)နှစ်အရွယ် မူလတန်းကလေးများ၏ ကျောင်းပြင်ပရောက် ရာခိုင်နှုန်းမှာ (၁၂%)ဖြစ်သည်။ မူလတန်းအဆင့်တွင် ကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အတန်းစုံသင်ကြားမှုစနစ်ကို အသုံးပြုခြင်းတို့ကြောင့် ကလေးများပါဝင်မှု တိုးတက်လာသည်။ သို့ရာတွင် ဒေသဆိုင်ရာ၊ ကျေးလက်မြို့ပြနှင့် ဆင်းရဲချမ်းသာ ကွဲပြားမှုများရှိသည်။ ကျေးလက်နေကလေးများသည် မြို့ပြနေကလေးများထက်လည်းကောင်း၊ ဆင်းရဲသောကလေးများသည် ချမ်းသာသောကလေးများထက်လည်းကောင်း ကျောင်းပြင်ပသို့ပိုမိုရောက်ရှိကြသည်။ မသန်စွမ်းကလေးများ၏ကျောင်းတက်မှုရာခိုင်နှုန်းသည် သိသိသာသာနည်းပါးသည်။ ကလေးများ အသက်(၅)နှစ်အရွယ်ရောက်လျှင် ကျောင်းအပ်ကြရမည်ဖြစ်သော်လည်း ကျေးလက်ဒေသများတွင် နောက်ကျ၍ကျောင်းအပ်လေ့ရှိကြသည့်အတွက် မူလတန်းတွင် အရွယ်လွန်ကျောင်းသားများရှိနေသည်။ တဖန် ကျောင်းအပ်နှံမှုနှင့် မူလတန်းပညာရေးပြီးဆုံးမှုတို့သည် ဒေသဆိုင်ရာ၊ ကျေးလက်မြို့ပြနှင့် ဝင်ငွေတို့နှင့် ဆက်စပ်၍လည်း ကွဲပြားခြားနားမှုရှိသည်။ ကျေးလက်နှင့်မြို့ပြနှစ်ခုလုံးတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိကြသည်။ ကလေးများကျောင်းတက်သည့်ရာခိုင်နှုန်းတွင် ရခိုင်ပြည်နယ်မှလွဲ၍ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား သိသိသာသာခြားနားမှုမရှိပါ။ ရခိုင်ပြည်နယ်၏ကျောင်းအပ်နှုန်းမှာ (၆၅.၁%)သာရှိပြီး ကျန်ပြည်နယ်/တိုင်းဒေသကြီးများ၏ကျောင်းအပ်နှုန်းမှာ (၈၅%)ဝန်းကျင်နှင့်အထက်ဖြစ်သည်။ သို့ရာတွင် မူလတန်းအရွယ်ကျောင်းပြင်ပရောက် ကလေးများရာခိုင်နှုန်းသည် ပြည်နယ်/တိုင်းဒေသကြီးများအကြား ကွာခြားမှုကြီးမားသည်။ မိဘများ၏ပညာရေးမြင့်မားလာသည်နှင့်အမျှ ကျောင်းပြင်ပရောက်ရာခိုင်နှုန်းလျော့ကျသွားသည်။

ရွာထောင့်(၃) – အသက် (၁၀)နှစ်မှ (၁၃)နှစ် အလယ်တန်းအရွယ်ကလေးများ၏ ကျောင်းပြင်ပရောက် ရာခိုင်နှုန်းသည် (၁၁.၆၅%)ဖြစ်သည်။ မူလတန်းကလေးများကဲ့သို့ပင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိကြသည်။ မူလတန်းကျောင်းများထက် အလယ်တန်းကျောင်းများတွင် ကျေးလက်မြို့ပြကွာဟချက်ပိုမိုကြီးမားသည်။ ထို့အတူ ကွဲပြားခြားနားမှုသည် လူမှုစီးပွားရေးအခြေအနေနှင့် ဒေသခြားနားမှုတို့အပေါ်တွင်လည်းအခြေခံသည်။ အလယ်တန်းအရွယ်ကလေးများ၏ကျောင်းပြင်ပရောက်နှုန်းသည် ပြည်နယ်တိုင်းဒေသကြီးများအကြားတွင်လည်း ခြားနားမှု

ကြီးမားသည်။ တစ်ဖန် အိမ်ထောင်ဦးစီးပညာရေးသည် ကျောင်းပြင်ပရောက်ရာခိုင်နှုန်းအပေါ် သက်ရောက်မှုရှိသည်။

ရှုထောင့်(၄) – ကလေးများမူလတန်းမပြီးဆုံးမီ ကျောင်းထွက်ရန် အလားအလာရှိနေသည်။ ကျား/မ ခြားနားမှုကြီးမားပြီး ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိနေသည်။ ထို့အတူ ကျေးလက်ဒေသနေကလေးများသည် မြို့ပြဒေသနေကလေးများထက် ကျောင်းပြင်ပသို့ပိုမိုရောက်ရှိသည်။ ကျေးလက်မြို့ပြနှစ်ခုစလုံးတွင် မူလတန်းဆင့် နောက်ဆုံးအတန်းမရောက်မီ ကျောင်းထွက်သွားနိုင်ခြေရှိသော်လည်း ကျေးလက်ကလေးများသည် မြို့ပြကလေးများထက် မူလတန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေပိုရှိသည်။

ရှုထောင့်(၅) – အလယ်တန်းကလေးများသည်လည်း အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေရှိနေသည်။ အတန်းကြီးလာသည်နှင့်အမျှ ယောကျ်ားလေးများသည် မိန်းကလေးများထက် ကျောင်းထွက်နိုင်ခြေပိုများသည်။ ယောကျ်ားလေးများသည် အသက်ရလာသည်နှင့်အမျှ အလုပ်လုပ်နိုင်ခြေပိုမိုမြင့်မားလာသည့်အတွက်ဖြစ်သည်။ ထို့အတူ ကျေးလက်ဒေသ၏ကျောင်းထွက်နှုန်းသည် မြို့ပြဒေသ၏ကျောင်းထွက်နှုန်းထက် ပိုမိုမြင့်မားသည်။ မူလတန်းကလေးများကဲ့သို့ပင် ကျေးလက်နှင့် မြို့ပြနှစ်ခုစလုံးတွင် အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်နိုင်ခြေရှိသည်။

၄.၂။ ပညာသင်ယူမှုအခွင့်အလမ်းအတွက် အဟန့်အတားများ

ကျောင်းပြင်ပသို့ရောက်ရှိနေသောကလေးများ၏အခြေအနေကို ဆန်းစစ်လေ့လာခြင်းမှ ပညာသင်ယူခွင့်ရရှိရေးအတွက်အဟန့်အတားဖြစ်စေသည့် **ကန့်သတ်ချက် (၆)ခု**ကိုသတ်မှတ်ခဲ့သည်။

ပုံ ၄. ၁။ ပညာသင်ယူမှုအခွင့်အလမ်းအတွက် အဟန့်အတားများ

ပညာရေးအတွက် အဓိကအကျဆုံးကန့်သတ်ချက်မှာ အရည်အသွေးဖြစ်သည်။ ယေဘုယျအားဖြင့် ပညာရေးအရည်အသွေးသည် ဆရာများ၏အရည်အသွေးနှင့် အတွေ့အကြုံများ အပေါ်တွင်မူတည်နေသည်သာမက သင်ရိုးညွှန်းတမ်း၊ ကျောင်းသုံးစာအုပ်အရည်အသွေးနှင့် ရရှိနိုင်မှု၊ ပညာရေးအဆောက်အဦနှင့် ဆရာကျောင်းသားအချိုးတို့အပေါ်တွင်လည်းမူတည်နေသည်။ အရည်အသွေးပြည့်ဝမှုမရှိသော (သို့မဟုတ်) စနစ်တကျလေ့ကျင့်ထားမှုမရှိသောဆရာများသည် အရည်အသွေးရှိသော ပညာရေးကို အကောင်အထည်မဖော်နိုင်ပါ။ ကျောင်းများတွင်ဆရာဖြစ်လက်မှတ်မရှိသော ဆရာအရေအတွက်များပြားနေခြင်းသည် စဉ်းစားဖွယ်ရာဖြစ်သည်။ ဆက်စပ်ပြဿနာမှာ ခေတ်မမီ တော့သောသင်ပြနည်းများကိုအသုံးပြုနေခြင်းဖြစ်သည်။ ဆရာများသည်ယေဘုယျအားဖြင့် ရှေးရိုးစဉ်လာသင်ကြားပြသသည့်နည်းလမ်းများကိုအသုံးပြုကြပြီး စာမေးပွဲများအတွက် အလွတ်ကျက်မှတ်ခြင်းကို အားပေးသည်။ လက်ရှိအသုံးပြုနေသော သင်ရိုးညွှန်းတမ်း၊ ဆရာလမ်းညွှန်၊ အရင်းအမြစ်စာအုပ်များနှင့် သင်ရိုးပါအကြောင်းအရာများ၏အရည်အသွေးရှိမှု၊ ကျား/မ မခွဲခြားမှု၊ အသက်အရွယ်အလိုက်ဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီမှုစသည်တို့ဖြင့် အကဲဖြတ်ထားခြင်းမရှိပါ။ ပညာရေးဝန်ကြီးဌာနအနေနှင့် ကလေးဗဟိုပြုချဉ်းကပ်နည်းကို အသုံးပြုစေခဲ့သော်လည်း ဆရာများသည် ပြောင်းလဲရန်ခက်ခဲနေကြသည်။

ကျောင်းအားလုံးမဟုတ်သော်လည်း ကျောင်းတော်တော်များများ၏ ကျောင်းဥပဓိရုပ်ညံ့ဖျင်းကြသည်။ သောက်သုံးရေနှင့် ကျန်းမာသန့်ရှင်းရေးအထောက်အပံ့များအစရှိသည့် အခြေခံအဆောက်အဦမပြည့်စုံကြပါ။ မူလတန်းကျောင်းအဆောက်အဦတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက်ကျောင်းများသည် ရပ်ရွာအပေါ်တွင်မှီခိုနေကြရသည့်အတွက် မူလတန်းကျောင်းများ၏ အခြေခံအဆောက်အဦသည် ညံ့ဖျင်းနိုင်သည်။ သင်ယူရန်နေရာမလုံလောက်ခြင်း (သို့မဟုတ်) စာသင်ခန်းအကာများမရှိခြင်းတို့ကြောင့် ဆရာများသည် စာသင်ခန်းတစ်ခန်းတည်းကို ဝေမျှအသုံးပြုနေရတတ်သည်။ ကျောင်းများတွင် အသုံးပြုနိုင်သည့် သင်ပုန်းများ၊ သင်ထောက်ကူပစ္စည်းများမရှိခြင်း၊ စာရေးစားပွဲနှင့်ထိုင်ခုံများ၊ သောက်သုံးရေနှင့်အိမ်သာ မလုံလောက်ခြင်းများလည်းဖြစ်နိုင်သည်။

ကျောင်းများသာမကဆရာများပါ မသန်စွမ်းကလေးများ၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ကြပါ။ မသန်စွမ်းကလေးအနည်းငယ်သာလျှင် အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားကြသည်။ မသန်စွမ်းကလေးများအတွက် ပညာရေးအထောက်အပံ့အနည်းငယ်သာရှိပြီး အဖွဲ့အစည်းများအနေနှင့် ၎င်းတို့၏ အစီအစဉ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ပုဂ္ဂလိက၏ပါဝင်ကူညီမှုကို အားကိုးရသည်။

ဆင်းရဲမွဲတေခြင်းသည်လည်း ကလေးများပညာသင်ယူရန် အတားအဆီးတစ်ခုဖြစ်သည်။ ကျောင်းပညာရေးအတွက် တိုက်ရိုက်ကုန်ကျငွေလုံးဝမရှိသော်လည်း သွယ်ဝိုက်ကုန်ကျငွေ (သို့မဟုတ်) အခွင့်အလမ်းစရိတ်အချို့ရှိနိုင်သည်။ အခွင့်အလမ်းစရိတ်ဆိုသည်မှာကလေးများကျောင်းတက်နေသည့်အချိန်ကာလအတွင်း အလုပ်လုပ်ပါကရရှိမည့် ဝင်ငွေကိုရည်ညွှန်းသည်။ မိဘများသည် ကလေးများကျောင်းတက်လျှင်ရရှိလာမည့်အကျိုးကျေးဇူးနှင့် အလုပ်(သို့မဟုတ်)အိမ်မှုကိစ္စများလုပ်ခိုင်းပါက ရရှိလာမည့်အကျိုးအမြတ်တို့ကိုချိန်ထိုးကြည့်ကြသည်။ မိသားစုများအနေနှင့် အလုပ်လုပ်သောကလေးများထံမှဝင်ငွေရရှိခြင်း၊ မောင်ငယ်ညီမငယ်များကို ထိန်းကျောင်းပေးသည့်အတွက်/အိမ်အလုပ်ကိစ္စများဆောင်ရွက်ပေးသည့်အတွက် မိဘများအလုပ်လုပ်နိုင်ခြင်းစသည့် ရေတိုအကျိုးကျေးဇူးကိုရရှိကြသည်။ မိဘတော်တော်များများသည် အလုပ်လုပ်ခြင်းသည် ပညာရေးထက် ရေရှည်တွင်ပိုမိုအကျိုးရှိသည်ဟုတွေးကြသည်။ အခွင့်အလမ်းစရိတ်သည်မိဘများ၊ အထူးသဖြင့် အိမ်နှင့်ကျောင်းဝေးသည့်ကလေးများ

၏ မိဘများနှင့်လည်းသက်ဆိုင်သည်။ ဝေးကွာသောကျောင်းများသို့ ကလေးတစ်ယောက်တည်း လမ်းလျှောက်မသွားနိုင်သကဲ့သို့ မိဘများအနေနှင့်လည်း နေ့စဉ်ကလေးများကို ကျောင်းတက်ကျောင်းဆင်းအကြိုအပို့လုပ်ရန်မဖြစ်နိုင်ကြသည့်အတွက် ကလေးများကိုကျောင်းမလွှတ်တော့ဘဲ အိမ်များတွင်ပင် နေစေကြသည်။ ဤအချက်သည် ကျောင်းများ၊ အထူးသဖြင့်ကျေးလက်ဒေသရှိကျောင်းများတွင် အရွယ်လွန်ကလေးများရှိနေခြင်း၏ အကြောင်းပြချက်တစ်ခုဖြစ်သည်။

ပညာရေးကဏ္ဍတွင်ကြုံတွေ့နေရသည့် အခြားပြဿနာများမှာ ဆယ်စုနှစ်များစွာ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအကန့်အသတ်ရှိခြင်း၊ မူဝါဒစီမံကိန်းများရေးဆွဲရာတွင်အားနည်ခြင်းစသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာအချက်အလက်များမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုမရှိခြင်းသည် ပညာရေးစနစ်၏အားနည်းချက်တစ်ရပ်ဖြစ်သည်။ ဆရာစွမ်းဆောင်ရည်သည် ပညာရေးကောလိပ်များ၏အရည်အသွေးနှင့် တိုက်ရိုက်ပတ်သက်မှုရှိသော်လည်း အောက်ပါစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်– သင်ပြနည်းများသင်ကြားပေးရာတွင် ကျွမ်းကျင်မှုမလုံလောက်ခြင်း၊ ပံ့ပိုးမှုများ၊ ပစ္စည်းကိရိယာများနှင့် သတင်းအချက်အလက်ရင်းမြစ်များညံ့ဖျင်းခြင်း၊ အကြောင်းအရာများလွန်းသောသင်ရိုးညွှန်းတမ်းနှင့် ကြီးကြပ်ညွှန်ကြားမှုမရှိခြင်းတို့ဖြစ်သည်။ ကျောင်းစီမံအုပ်ချုပ်မှုသည် အရည်အသွေးပြည့်မီသော သင်ကြားသင်ယူမှုရရှိရန် ဦးတည်ခြင်းမရှိ၊ အားနည်းသည်။ လုပ်သက်အတွေ့အကြုံနှင့် အရည်အချင်းအပေါ်အခြေခံ၍ အခြေခံပညာကျောင်းအုပ်ကြီးများကို ရာထူးတိုးပေးသည်။ အချို့အထက်တန်းကျောင်းအုပ်ကြီးများသည် စီမံခန့်ခွဲမှု၊ ဘတ်ဂျက်၊ ငွေစာရင်းနှင့် ကြီးကြပ်ညွှန်ကြားမှုဆိုင်ရာသင်တန်းတက်ခွင့်ရရှိခဲ့ကြသော်လည်း ဆရာအများစုမှာ သင်တန်းတက်ရောက်ခွင့်မရရှိကြဘဲ သင်ယူမှုနှင့် ၎င်းတို့၏ အရည်အသွေးမြင့်မားလာစေရေးအတွက် အခွင့်အလမ်းအနည်းငယ်သာရရှိကြသည်။

ပညာရေးစနစ်မှာ ဗဟိုချုပ်ကိုင်မှုမြင့်မားလွန်းသည့်အတွက် မြို့နယ်များနှင့်ကျောင်းများသည် ဒေသလိုအပ်ချက်များပြည့်ဝစေမည့် လုပ်ငန်းအစီအစဉ်များမဆောင်ရွက်နိုင်ကြပါ။ ဗဟိုနှင့် ဒေသအဆင့်များအကြားဆက်သွယ်ရေးညံ့ဖျင်းသည့်အတွက် ညွှန်ကြားချက်များနှင့်ပတ်သက်၍ ရှုပ်ထွေးမှုကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်၍မူဝါဒအကောင်အထည်ဖော်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့တွင် အားနည်းစေသည်။ ထို့အတူ ကျောင်းများသို့တိုက်ရိုက်ရန်ပုံငွေများပေးဝေရန်အတွက် ထိရောက်သောစနစ်မရှိခြင်းကြောင့် ကျောင်းအုပ်ချုပ်ရေးကိုအားနည်းစေသည်။ အမှန်တကယ်လိုအပ်သောကလေးတစ်ဦးချင်း (သို့မဟုတ်) ကလေးများအုပ်စုကို အပိုဝန်ဆောင်မှုများပေးရန် စွမ်းရည်အနည်းငယ်သာရှိသည်။ ဆင်းရဲနွမ်းပါးသူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရာရှိများ၊ အထူးသဖြင့် ဒေသအဆင့်အရာရှိများအား စီမံခန့်ခွဲမှုစွမ်းရည်များ မြှင့်တင်ပေးရမည်။

၄.၃။ မူဝါဒတုံ့ပြန်ချက်များ

၂၀၁၃ခုနှစ်မှစတင်၍ မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာသည်ကို နိုင်ငံတော်အစိုးရ၏ပညာရေးအသုံးစရိတ်တိုးမြင့်လာခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များထံမှ ပံ့ပိုးကူညီမှုများအရ သိရှိနိုင်သည်။ ၂၀၁၁/၂၀၁၂ဘဏ္ဍာနှစ်တွင်ပညာရေးအတွက် GDP ၏ (၀.၇%) သုံးစွဲခဲ့ရာမှ ၂၀၁၃/၂၀၁၄ဘဏ္ဍာနှစ်တွင် GDP ၏ (၂.၁%)အထိ တိုးမြင့် သုံးစွဲလာခဲ့သည်။[၉၈] ၂၀၁၁/၂၀၁၂ဘဏ္ဍာ

[၉၈] https://oxfordbusinessgroup.com/overview/back-basics-major-changes-education-sector-are-under-way

နှစ်တွင် ပညာရေးအသုံးစရိတ် မြန်မာကျပ် (၄၈၅ ဝဝဝ)သန်း (အမေရိကန်ဒေါ်လာ ၃၂၁ သန်း) ရှိခဲ့ရာမှ ၂၀၁၇/၂၀၁၈ဘဏ္ဍာနှစ်တွင် မြန်မာကျပ် (၁ ၇၅၆ ဝဝဝ)သန်း (အမေရိကန်ဒေါ်လာ ၁ ၁၆၂ သန်း) ရှိလာသည့်အတွက် ပညာရေးအသုံးစရိတ် တစ်နှစ်ထက်တစ်နှစ်တိုးလာကြောင်း ၂၀၁၇/၂၀၁၈ မြန်မာနိုင်ငံသားဘတ်ဂျက်တွင် ဖော်ပြထားသည်။[၉၉] သို့ရာတွင် အိမ်နီးချင်းအာဆီယံနိုင်ငံများ၏ပျမ်းမျှ ပညာရေးအသုံးစရိတ်မှာ GDP ၏ (၃.၆%)ဖြစ်၍ မမီနိုင်သေးပါ။[၁၀၀]

မြန်မာနိုင်ငံတွင်အဓိကကျသောပညာရေးစီမံကိန်းများနှင့် မူဝါဒများ

- ပညာသင်ယူမှုအခွင့်အလမ်းနှင့် အခြေခံပညာရေးအရည်အသွေးမြင့်မားရေးအတွက် **အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေး နှစ်(၃၀)နှစ်ရှည်စီမံကိန်း (၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာနှစ်)** ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဤစီမံကိန်းတွင် နှစ်လတ် (၅-နှစ်)စီမံကိန်း ခြောက်ခုပါဝင်ပြီး လုပ်ငန်း အစီအစဉ် (၁၀)ခုပါဝင်သည်။
- ပညာရေးဖွံ့ဖြိုးတိုးတက်ရေးနှစ်ရှည်စီမံကိန်းနှင့်အညီ လူတိုင်းအတွက်ပညာရေးဒါကာအညွှန်းဘောင်အပေါ်အခြေခံ၍ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအရ လူတိုင်းအတွက် ပညာရေး အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်(၂၀၀၃–၂၀၁၅)ကို ရည်မှန်းချက် (၆)ခုဖြင့် ရေးဆွဲခဲ့သည်။
- အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း – (NESP - ၂၀၁၆–၂၀၂၁)သည် နိုင်ငံတော်အစိုးရ၊ ပညာရေးနှင့်သက်ဆိုင်သူများနှင့် နိုင်ငံသားများအတွက် လမ်းပြမြေပုံဖြစ်သည်။ ၂၀၁၆ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အမျိုးသားပညာရေးစနစ်၏ အဆင့်အားလုံးတွင် ကျောင်းသားများအတွက် အရည်အသွေးပြည့်ဝသောပညာသင်ယူမှု အခွင့်အလမ်းများရရှိရန် ကဏ္ဍအလိုက်ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် လမ်းညွှန်မှုပေးသည်။
- ရေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ (၂၀၁၄)သည် မွေးစမှ အသက် (၈)နှစ်အထိကလေးများအတွက် အသက်အရွယ်နှင့် ကိုက်ညီသောဝန်ဆောင်မှုများကို ပြဋ္ဌာန်းပေးသည်။ ၎င်းမူဝါဒအရ ကလေးများဟန်ချက်ညီညီဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးမှုနှင့်ကိုက်ညီသောဝန်ဆောင်မှုအရည်အသွေးမြင့်မားရေး၊ ယဉ်ကျေးမှုအရဖြစ်စေ ဘာသာစကားအရဖြစ်စေ လိုက်လျောညီထွေရှိရေးတို့အတွက် ဌာနပေါင်းစုံ အဖွဲ့အစည်းပေါင်းစုံ ညှိနှိုင်းဆောင်ရွက်ရမည်။

ပညာရေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှု အကန့်အသတ်ရှိသည့်အပြင် မူဝါဒနှင့်စီမံကိန်းများဖော်ထုတ်ရာတွင် အားနည်းသည်။ ထိရောက်သောစီမံကိန်းများရေးဆွဲရာတွင် ရေရှည်အကျိုးမျှော်ကိုးရန်၊ နှစ်တိုနှစ်ရှည် ရည်မှန်းချက်များနှင့်ကိုက်ညီရန်နှင့် အစီအစဉ်များသည် ကျယ်ပြန့်သောနည်းဗျူဟာအမြင်ရှိရန် လိုအပ်သည်။ ပညာသင်ယူမှုအခွင့်အရေးရရှိမှု မြင့်မားလာစေရန် မူဝါဒများချမှတ်ထားကြောင်း စာရွက်စာတမ်းအထောက်အထားများစွာတွင် ရှင်းလင်းစွာဖော်ပြထားသည်။ (နောက်ဆက်တွဲ ဃတွင် တွေ့နိုင်သည်။) ၎င်းတို့အနက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) (NESP) သည် ပညာရေးကဏ္ဍအတွက် ပြုပြင်ပြောင်းလဲမှုအစီအစဉ်များစွာ ဖော်ပြထားသည်။[၁၀၁] ထိုအစီအစဉ်များတွင် လူတိုင်းအတွက် အရည်အသွေးပြည့်ဝသောပညာရေးရရှိစေရန်အတွက် ပြောင်းလဲမှုအရွေ့ (၉)ခုပါဝင်

---

[၉၉] http://themimu.info/sites/themimu.info/files/documents/Core_Doc_Citizens_Budget_Information_for_2017-2018_31May2017.pdf

[၁၀၀] https://oxfordbusinessgroup.com/overview/back-basics-major-changes-education-sector-are-under-way

[၁၀၁] http://www.moe-st.gov.mm/wp-content/uploads/2018/01/NESP_20Summary_20-_20English_20-_20Final_20-_20Feb_2023.pdf

သည် — မူကြိုပညာရေး၊ အခြေခံပညာရေး၊ လူတိုင်းအကြိုးဝင်ပညာရေး၊ သင်ရိုးညွှန်းတမ်း၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲရေး၊ အခြားရွေးချယ်စရာ ပညာရေးအစီအစဉ်များ၊ နည်းပညာနှင့် သက်မွေးဝမ်းကြောင်းပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် ပညာရေးကဏ္ဍစီမံခန့်ခွဲမှုတို့ ဖြစ်သည်။ NESP သည် မသင်မနေရအခြေခံပညာရေး အရည်အသွေးမြင့်မားရေး၊ ကျောင်းပြင်ပရောက်ကလေးများ၏ပြဿနာများဖြေရှင်းနိုင်ရေးနှင့် နည်းပညာနှင့် သက်မွေးပညာရေးကို နည်းစနစ်ကျသော ပညာရေးအသွင် အကောင်အထည်ဖော်နိုင်ရေး တို့ကိုအလေးပေးသည်။

သုတေသနအခြေပြု NESP သည် ရှင်းလင်းပြည့်စုံသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ခိုင်မာသည့်ဘဏ္ဍာငွေနှင့် နိုင်ငံရေးကတိကဝတ်လိုအပ်သည်ဟု ထောက်ပြထားသည်။ ထို့ပြင် အဆင့်အသီးသီးရှိအုပ်ချုပ်သူများ၏ စွမ်းရည်မြင့်မားရန် လိုအပ်သည့် အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း စီမံကိန်းရေးဆွဲရာတွင်လည်းကောင်း ဘဏ္ဍာငွေသုံးစွဲရာတွင်လည်းကောင်း ခိုင်ခိုင်မာမာပူးပေါင်းဆောင်ရွက်ရန်လိုသည်။ သို့ရာတွင် မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှုကို အစဉ်အမြဲမတွေ့ရပါ။ မြန်မာနိုင်ငံ ECCD မူဝါဒ[၁၀၂] နှင့် NESP တို့တွင်ဖော်ပြထားသည့်အတိုင်း နိုင်ငံတော်အစိုးရ၏ အဓိကအကျဆုံးပညာရေးရည်ရွယ်ချက်မှာ အရည်အသွေးပြည့်မီသော ECCD ကိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရက်ရန်ဖြစ်သည်။ သို့ရာတွင် ကျန်းမာရေးမျှော်မှန်းချက် ၂၀၃၀ တွင် ECCD ဝန်ဆောင်မှုများမပါရှိပါ။

ပုံ (၄.၂) NESP ၏ရည်ရွယ်ချက်နှင့် ပြောင်းလဲမှုအရွေ့များ

[၁၀၂] https://www.unicef.org/myanmar/01_ECCD_Policy_E_Version__Web_72_dpi.pdf

၄.၄။ အရည်အသွေးပြည့်မီသော အခြေခံပညာသင်ယူမှုအခွင့်အလမ်းများရရှိစေရန် အတွက် ထောက်ခံအကြံပြုချက်များ

ကျောင်းပြင်ပရောက်ကလေးများအခြေအနေ လေ့လာဆန်းစစ်ချက်နှင့် ဤသုတေသနလုပ်ငန်းတွင်ပါဝင်ပတ်သက်သူများ၏ ညှိနှိုင်းဆွေးနွေးချက်များမှ ပညာသင်ယူမှုအခွင့်အလမ်းပိုမိုရရှိလာစေရေးအတွက် အကြံပြုချက်များစွာကိုတင်ပြထားသည်။ ကျောင်းပြင်ပရောက်ကလေးများနှင့် ကျောင်းထွက်ရန်အလားအလာရှိနေသောကလေးများ ပညာသင်ယူမှုအခွင့်အလမ်းများရရှိလာစေရေးအတွက် ဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး NESP (2016-2021)တွင်ချမှတ်ထားသောလုပ်ငန်းများကို အဓိကထားအကောင်အထည်ဖော်ရမည်။ ဤစာတမ်းအခန်း(၃)တွင် ပညာသင်ယူခွင့်ကို အဟန့်အတားဖြစ်စေသည့်အရာများအလိုက် အကြံပြုချက်များကိုအသေးစိတ်ဖော်ပြထားသည်။ အချုပ်အားဖြင့် အကြံပြုချက်အချို့ကို နှစ်တိုမှနှစ်လတ်အတွင်း ဦးစားပေးဆောင် ရွက်ရန်ဖော်ပြပါသည်။

- ချမှတ်ထားသည့် မူဝါဒများနှင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ပညာရေးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ရင်းနှီမြှုပ်နှံမှုတိုးမြှင့်ရန်၊
- ကျောင်းပြင်ပရောက်မူကြိုကလေးရာခိုင်နှုန်းမြင့်မားလွန်းသည့်အတွက် ECCD ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်၊
- ကျေးလက်နှင့်မြို့ပြဒေသများအကြား အခြေခံအဆောက်အဦကွာဟချက် လျှော့ချရန်၊
- အခြေခံပညာဆရာများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်၊
- လူတိုင်းအကြုံးဝင်ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်၊
- နည်းပညာနှင့် အသက်မွေးဝမ်းကြောင်းပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်၊
- အထက်တန်းကျောင်းများတွင် အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုသည့် သင်ရိုးညွှန်းတမ်း ဖော်ထုတ်ရန်၊ နှင့်
- အခြေခံပညာ၏ အရည်အသွေးမြှင့်တင်ရန်။

အခန်း(၃)တွင် ဖော်ပြထားသည့် ကန့်သတ်ချက်တစ်ခုခြင်းစီအလိုက် အကြံပြုချက်များအပြင် အောက်ဖော်ပြပါ အကြံပြုချက်များကို ဖြည့်စွက်ဖော်ပြပါသည်–

အခြေခံပညာကဏ္ဍတွင် ဥပဒေပြဋ္ဌာန်းခြင်း၊ မူဝါဒနှင့် ပညာရေးအသုံးစရိတ်တို့နှင့် စပ်လျဉ်း၍အောက်ပါတို့ကို စဉ်းစားသင့်သည်–

- အုပ်ချုပ်ရေးစနစ်သစ်နှင့် အစိုးရသစ်၏မူဝါဒနှင့်ကိုက်ညီစေရန် အခြေခံပညာကဏ္ဍ၏ တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်သည်။
- ကိုယ်ပိုင်ကျောင်းဥပဒေ (၂၀၁၁) အရ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲအကောင်အထည်ဖော်သင့်သည်။
- ပညာရေးဥပဒေ(၂၀၁၅) ပြဋ္ဌာန်းချက်အရ မသင်မနေရအခြေခံပညာရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုကို စီမံခန့်ခွဲမှုအဆင့်အသီးသီးအားအသိပေးပြီး တွန်းအားပေးဆောင်ရွက်သင့်သည်။

- ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့်ပညာရေးပိုမိုမြင့်မားလာစေရန်နှင့် အများပြည်သူနှင့် ပုဂ္ဂလိကဝန်ဆောင်မှုနှစ်ရပ်စလုံးအတွက် မူဝါဒအညွှန်းဘောင် ဖော်ထုတ်သင့်သည်။
- ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ကျောင်းပြင်ပပညာရေးမူဝါဒဖော်ထုတ်သင့်သည်။
- အရည်အသွေးပြည့်မီသောဆရာများ လေ့ကျင့်သင်ကြားပေးရန်၊ ဆရာအသစ်များခန့်အပ်ရန်နှင့် ဆရာများ၏ဘဝသာယာဝပြောစေရန်အတွက် ဆရာအတတ်ပညာရေးမူဝါဒ ဖော်ထုတ်သင့်သည်။
- ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် လူမှုစီးပွားအကာအကွယ်ပေးရေးလုပ်ငန်းများ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခြင်းဖြင့် ကလေးများပညာသင်ယူမှုအခွင့်အလမ်းများပိုမိုရရှိလာစေရန် NESP သည် အခြားကဏ္ဍများနှင့် ဆက်စပ်နေသင့်သည်။
- ဒေသနှင့် နိုင်ငံတကာစံများနှင့်အညီ ပညာရေးဘတ်ဂျက် တိုးမြှင့်ပေးသင့်သည်။ ထို့ပြင် ECCE အတွက် သီးခြားဘတ်ဂျက်ထားရှိရန် စဉ်းစားသင့်သည်။
- ကျောင်းပြင်ပ မူလတန်းပညာရေးတန်းညှိအစီအစဉ် (NFPE) နှင့် အလယ်တန်းပညာရေးတန်းညှိအစီအစဉ် (NFMSE) ကဲ့သို့သော ကျောင်းပြင်ပပညာရေးအစီအစဉ်များအတွက် ရန်ပုံငွေတိုးမြှင့်သင့်သည်။
- ပညာရေးကဏ္ဍ၏ ပြင်ပငွေကြေးထောက်ပံ့မှု တိုးမြှင့်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များ၏အထောက်အပံ့သည် NESP နှင့်လိုက်လျောညီထွေရှိစေရန် ပူးပေါင်းဆောင်ရွက်သင့်သည်။ NESP ၏ လုပ်ငန်းအမျိုးမျိုးကို စီမံကိန်းအခြေပြုချဉ်းကပ်နည်းဖြင့် တစ်ခုချင်းစီအတွက် ငွေကြေးထောက်ပံ့မည့်အစား ပညာရေးစနစ်အားကောင်းလာစေရန် ကြိုးစားအားထုတ်သင့်သည်။ ပြင်ပအဖွဲ့အစည်းများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် နှင့် ထိရောက်သောညှိနှိုင်းမှုများဆောင်ရွက်နိုင်ရန် ကြိုးစားအားထုတ်မှုများကို ပညာရေးဝန်ကြီးဌာနက ဦးဆောင်သင့်သည်။
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ/ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ရပ်ရွာတို့ ပညာရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်သင့်သည်။

ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ပညာရေး (ECCE) ဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန်အတွက်အောက်ပါတို့ကို အကြံပြုတင်ပြအပ်ပါသည်–

- ECCE ဝန်ဆောင်မှုကို ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြီး ဦးစားပေးဆောင်ရွက်သင့်သည်။
- အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးတွင် အရည်အသွေးပြည့်ဝသော ECCE ဆရာများရရှိရေးအတွက် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် ECCE သင်တန်းများစဉ်ဆက်မပြတ် ဖွင့်လှစ်ပေးသင့်သည်။

- မိဘများနှင့် ကလေးသူငယ်စောင့်ရှောက်သူများ၌ ကလေးများဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များနှင့်ပတ်သက်၍ အသိပညာနှင့် ဗဟုသုတများတိုးတက်လာစေရန် မိဘပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သင့်သည်။
- ECCE ဝန်ဆောင်မှုပေးနေသော အစိုးရဌာနများ၊ နိုင်ငံတကာနှင့်ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် ကြီးကြပ်အကဲဖြတ်ခြင်းအပါအဝင် အချက်အလက်များစုဆောင်းခြင်းစနစ်ကို ထူထောင်သင့်သည်။
- ရှိရင်းစွဲအစီအစဉ်များဖြစ်သည့် ကျောင်းအခြေပြု၊ ရပ်ရွာအခြေပြု၊ အိမ်အခြေပြု အစရှိသည့် ECCE အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်သင့်သည်။
- ဆင်းရဲသောမိသားစုများမှကလေးများကို အထူးအလေးထားသည့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်နေသော **လူတိုင်းအတွက်မူကြိုပညာရေး** အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းကို အားပေးသင့်သည်။

အခြေခံပညာသင်ယူခွင့်တိုးတက်စေရေးအတွက် အောက်ပါတို့ကို ထောက်ခံအကြံပြုအပ်ပါသည်–

- ရည်ရွယ်ချက်တိတိကျကျသတ်မှတ်ခြင်းနှင့် ပြည့်စုံလုံလောက်စွာရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ကျောင်းပြင်ပရောက်ကလေးများနှင့် ကျောင်းထွက်ရန်အလားအလာရှိသောကလေးများ ပညာသင်ယူမှုအခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ရမည်။
- အပစ်ပယ်ခံကလေးများအတွက် ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးအပါအဝင် သင်ယူမှုအခွင့်အလမ်းများ တိုးချဲ့ပေးသင့်သည်။
- ကျောင်းအပ်နှံရေးရက်သတ္တပတ်၊ မူလွန်ကျောင်းစီမံကိန်း၊ ရွှေ့လျားကျောင်းအစီအစဉ်၊ အသက်လွန်ကျောင်းသားများအတွက်အထူးအစီအစဉ်၊ ကျောင်းပြင်ပမူလတန်းပညာရေးတန်းညှိ အစီအစဉ်နှင့် နယ်စပ်ဒေသများတွင် ကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်းတို့အားဖြင့် ကျောင်းအပ်နှံမှုတိုးမြှင့်သင့်သည်။
- ဆင်းရဲမွဲတေသောကလေးများအတွက် ဘုန်းတော်ကြီးသင်ပညာရေးကို ခိုင်ခံ့စေခြင်း၊ တိုးချဲ့ခြင်းများဆောင်ရွက်သင့်သည်။
- အခြေခံပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရည်မှန်းချက်များ၊ ရာစုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် လူတိုင်းအတွက်ပညာရေးရည်မှန်းချက်များပြည့်မီရေးအတွက် အခမဲ့မသင်မနေရမူလတန်းပညာရေးကို ဆက်လက်အကောင်အထည်ဖော်သင့်သည်။
- ကလေးအားလုံး မူလတန်းနှင့် အလယ်တန်းပညာရေးသင်ယူမှုအခွင့်အလမ်းများပိုမို ရရှိလာစေရန်နှင့် အခြေခံပညာအဆင့်အားလုံးတွင် ထပ်ကျော့နှုန်းနှင့် ပြီးမြောက်နှုန်းမြင့်မားလာစေရန် ဆောင်ရွက်သင့်သည်။
- ပညာရေးလက်လှမ်းမမီသောကလေးအုပ်စုများအတွက် ပညာသင်ယူမှုအခွင့်အလမ်းများသေချာစေရန် လူတိုင်းအကျုံးဝင်ပညာရေးကို မြှင့်တင်သင့်သည်။ ပညာရေးဝန်ကြီးဌာနသည် အမျိုးသား ပညာရေးဥပဒေပြင်ဆင်သည့်အခါတွင် လူတိုင်းအကျုံးဝင်ပညာရေးရပိုင်ခွင့်သေချာစေရန်ထည့်သွင်းရေးသားသင့်သည်။ ထို့ပြင် မသန်စွမ်းကလေးများအား ကျောင်းများကလက်ခံရန်နှင့် ကလေးတစ်ဦးချင်းအလိုက်သင်ယူမှုအတွက် လိုအပ်သောပံ့ပိုးမှုများ ရရှိမှုသေချာစေရန်

ပြင်ဆင်သည့်ဥပဒေ၊ နည်းဥပဒေများသည် SDG#4 နှင့်လည်းကောင်း၊ အင်ချွန်းမဟာဗျူဟာနှင့် လည်းကောင်း ကိုက်ညီမှုရှိသင့်သည်။

- ပညာသင်ယူမှုအခွင့်အလမ်းနှင့်ပတ်သက်၍ ကျေးလက်ဒေသများတွင်အခြေခံအဆောက်အဦ ပြည့်စုံစေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းအားဖြင့် ကျေးလက်နှင့်မြို့ပြ၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား ကွာဟချက်ကိုလျှော့ချသင့်သည်။
- ပညာရေးဝန်ကြီးဌာနသည် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအစီအစဉ်နှင့် ပညာသင်ထောက်ပံ့ ကြေးအစီအစဉ်တို့ကိုတိုးချဲ့ဆောင်ရွက်သင့်သည်။ ထို့ပြင် ဤအစီအစဉ်တွင် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများနှင့် ရပ်ရွာအခြေပြုကျောင်းများကိုပါထည့်သွင်းသင့်သည်။
- ကျောင်းထွက်နှုန်းလျှော့ချရန်၊ ကျောင်းတက်မှန်ကန်ရန်၊ ကလေးများ၏သင်ယူမှုစွမ်းရည် အား ကောင်းလာစေရန်တို့အတွက် ပညာရေးဝန်ကြီးဌာနသည် ကျောင်းတွင်းအာဟာရကျွေးမွေးရေး အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သင့်သည်။ ဤသို့ဆောင်ရွက်ရာတွင် ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းများနှင့် ရပ်ရွာအခြေပြုကျောင်းများကိုပါထည့်သွင်းသင့်သည်။
- လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် **မြန်မာနိုင်ငံ၏ လူမှုကာကွယ်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၄)** တွင်ဖော်ပြထားသည့် လူမှုကာကွယ်ရေးလုပ် ငန်းများကို တိုးချဲ့ဆောင်ရွက်သင့်သည်။ ဤအစီအစဉ်တွင် ကျောင်းနေအရွယ်ကလေးရှိသည့် ဆင်းရဲပြီးလူသားချင်းညှာတာထောက်ထားမှုလိုအပ်သော မိသားစုများသို့ **"ငွေသားထောက်ပံ့ မှုအစီအစဉ်များ"** ပါဝင်သည်။ ဤအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် သာတူညီမျှပေး ခြင်းထက် လိုအပ်သူကိုပိုမိုထောက်ပံ့သည့်စနစ် ကိုစဉ်းစားသင့်သည်။

ကျောင်းနေမြဲနှုန်းနှင့် ပြီးဆုံးနှုန်းမြင့်မားစေရန်အတွက် ကျောင်းလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါ တို့ကိုစဉ်းစားသင့်သည်–

- ကျောင်းနေမြဲရေးစီမံချက်ကို စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်သင့် သည်။
- ကျောင်းနေမြဲရေးနှင့် အခြေခံပညာပြီးဆုံးရေးအတွက် သတင်းအချက်အလက်ပညာရေးနှင့် ဆက်သွယ်ရေးပစ္စည်းများ (IEC materials) အသုံးပြု၍ လှုံ့ဆော်ရေးလုပ်ငန်းများဆောင်ရွက် သင့်သည်။
- တိုင်းရင်းသားကလေးများအတွက် ဆန်းသစ်သော သင်ကြားသင်ယူမှုနည်းလမ်းများ ဖော် ထုတ်သင့်သည်။
- ပညာရေးဝန်ကြီးဌာနသည် ကျောင်းများတွင် စာသင်နှစ်တစ်နှစ်ပတ်လုံးအတွက် ဆရာအလုံအ လောက်ရှိရန် သေချာစေသင့်သည်။
- ကျောင်းသားအများဆုံးပါဝင်သင်ယူနိုင်သည့် သင်ယူမှုအစီအစဉ်များ (ဥပမာ–အတန်းတွဲ သင်ကြားရေး) အသုံးပြုသင့်သည်။
- ပညာရေးဝန်ကြီးဌာနသည် ကျောင်းများတွင် ICT နှင့် e-education အတွက် လိုအပ်သည့် အထောက်အကူများ တပ်ဆင်ပေးသင့်သည်။
- ပညာရေးဝန်ကြီးဌာနသည် မသင်မနေရအခြေခံပညာရေးအတွက် သင့်လျော်သောစည်းမျဉ်း စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်သင့်သည်။

ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ အောက်ပါတို့ကို စဉ်းစားသင့်သည်–

- ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပုံမှန်ကြီးကြပ်ကွပ်ကဲခြင်းဖြင့် ခိုင်ခံ့စေသင့်သည်။
- ကျောင်းပြင်ပရောက်လူငယ်များအတွက် EXCELအစီအစဉ်ကို တိုးချဲ့ပြီး နိုင်ငံတကာ/ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

စာတတ်မြောက်ရေးနှင့် တစ်သက်တာပညာရေးအတွက် အောက်ပါတို့ကို စဉ်းစားသင့်သည်–

- သက်ကြီးစာတတ်မြောက်နှုန်းလျော့ချခြင်းဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ကွာဟချက်ကို လျော့ချသင့်သည်။
- ရပ်ရွာပညာပဒေသာဌာနများမှတစ်ဆင့် စဉ်ဆက်ပညာရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သင့်သည်။
- ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန (DAE) ကိုခိုင်ခံ့စေရမည်။

မှီငြမ်းစာအုပ်/ စာစုစာရင်း

Baird S., McIntosh, C., and Özler, B. (2010) "*Cash or Condition? Evidence from a Cash Transfer Experiment'. Policy Research Working Paper 5259"*. Washington, DC: World Bank.

Burnet Institute and Monastic Education Development Group (2014), "*Monastic schools in Myanmar – a baseline study*".

"Child *Labor in Myanmar's Garment Sector: Challenges and Recommendations*." BSR Report. BSR, 2016. San Francisco.

"Children's *Rights and Business Principles website*", http://childrenandbusiness.org/the-principles/principle-2/

"Conflicts*, communal violence and IDPs"*. Retrieved 21 October 2015 *from* http://www.mmpeacemonitor.org/conflict-overview

Country Meters, "*Quick Facts about the Population of Myanmar, 2017*", retrieved 21 February, 2017 from http://countrymeters.info/en/Myanmar

D. Dutta Roy (Dr.), Ph.D. "*Attitude towards school infrastructure in rural areas of West Bengal*". 2008 retrieved December 14, 2017 from http://schoolinfrastructure.blogspot.com/

Department of Promotion and Propagation of Sasana, Ministry of Religious Affairs (2014-15), "*Data on Monastic Education System*".

"Disaster *Preparedness and Resiliency: Myanmar*", retrieved December 11, 2017 from http://www.give2asia.org/disaster-preparedness-and-resilience-myanmar-1/

Fiszbein, A. and Schady, N., et al (2011) "*Document of the World Bank*". International Development Association Project Appraisal Document on A Proposed Credit In The Amount Of Sdr 51.8 Million (Us$80 Million Equivalent) and A Proposed Multi-Donor Trust Fund Grant In The Amount Of Us$20 Million to The Republic Of The Union Of Myanmar For A Decentralizing Funding To Schools Project. April 16, 2014 Human Development Sector Unit/Education East Asia and Pacific Region.

ILO. 2015. "*Knowledge, Attitudes, and Practices (KAP) Study on Child Labor in Yangon, Ayeyarwady Region, and Mon State*".

ILO. 2016. "*Child Labor Rapid Assessment in Hlaing Thar Yar Industrial Zone in Yangon, Myanmar*."

Verisk Maplecroft. 2014. "*Child Labor Index 2014*." *"Map of the World by Sex ratio of total population"*, retrieved from https://en.worldstat.info/World/List_of_countries_by_Sex_ratio_of_total_population

Ministry of Education & UNICEF, (2017), "*Monitoring and Evaluation Report on New Kindergarten Curriculum Implementation*".

Ministry of National Planning and Economic Development and UNICEF, "*Situation Analysis of Children in Myanmar*, *Nay Pyi Taw 2012*".

Ministry of Planning and Finance, Republic of the Union of Myanmar, "*2016-2017 Citizen's Budget*". www.mof.gov.mm

"Multiple *Indicator Cluster Survey (MICS) 2009-2010*". Ministry of National Planning and Economic Development, Ministry of Health and UNICEF. http://mics.unicef.org/files?job=W1siZiIsIjIwMTUvMDEvMjcvMTIvMzAvMDEvOTgzL015YW5tYXJfRmluYWxfbWluaV9ib29rbGV0LnBkZiJdXQ&sha=42b9a892dde6b320

Myanmar Comprehensive Education Sector Review (CESR) Phase 1: Rapid Assessment. "*Technical Assistance Consultant's Report*". Prepared by Chris Spohr, Senior Education Economist, ADB Southeast Asia Social and Human Development Division (SEHS), in collaboration with the Comprehensive Education Sector Review (CESR) Team, and in dialogue with TA-financed consultants. Asian Development Bank.

Myanmar Comprehensive Education Sector Review (CESR) Phase 2: "*In-Depth Analysis. Supplementary Annex: Updated Analysis of Education Access, Retention, and Attainment in*

Myanmar, *with a Focus on Post-Primary Education*. 3 February 2014; minor updates/revision 30 May 2015).

"Myanmar *Education Consortium Baseline Study Report Inclusive Education Component*". DantDaLun Management and Consulting Services, January 2015.

"Myanmar *Investment*" retrieved 21 February 2017 from http://www.reuters.com/article/2015/03/25/myanmar-investment-indus13n0wr25q20150325

"*Myanmar* Poverty *Assessment 2017: Part One Examination of Trends between 2004/05 and 2015*". Retrieved November 24, 2017 from http://www.worldbank.org/en/country/myanmar/overview

Nai, A. (3 September 2014). "*Democratic Voice of Burma: UNFC opens 2 top positions for KNU".* Retrieved 10 November 2014 from http://research.omicsgroup.org/index.php/Internal_conflict_in_Burma

Ohnmar Tin (Daw) & Ms Emily Stenning, "*Situation Analysis of the Monastic Education System in Myanmar, Final Report*". (July 2015). Myanmar Education Consortium.

Philip Heijmans, "*Myanmar government and rebels agree on ceasefire*" (draft), retrieved 22 February, 2017) http://www.aljazeera.com/news/2015/03/myanmar-government-rebels-reach-ceasefire-deal-150331194752849.html, (Source: Al Jazeera) (War and Conflict, 1 April 2015)

Ray Pagnucco *and Jennifer Peters (15 October 2015). "Myanmar's National Ceasefire Agreement isn't all that national". Vice News. Retrieved* 18 October *2015.*

"Research *on the Impact of School Facilities on Students and Teachers (2000)*" http://www.21csf.org/csf-home/Documents/ResearchImpactSchoolFacilitiesFeb2010.pdf

SC (Save the Children) (2015b) "*Qualitative Assessment: Consolidated Report Myanmar School Grant & Stipend Programme Phase 1 & 2*". Yangon: SC.

The Government of the Republic of the Union of Myanmar, Ministry of Education, "*Education for All: Access to and Quality of Education in Myanmar*". (Conference on Development Policy Options with Special Reference to Education and Health in Myanmar) (13-16 February, 2012, Nay Pyi Taw, Myanmar)

The Government of the Union of Myanmar, "*Myanmar Action Plan on Disaster Risk Reduction (MAPDRR) 2009-2015*". Ministry of Social Welfare, Relief and Resettlement, Department of Relief and Resettlement.

The Government of the Republic of the Union of Myanmar, Ministry of Education. "*National Education Strategic Plan 2016-21*".

"*The* ILO's *Myanmar Project on Elimination of Child Labor (My-PEC)*" http://www.ilo.org/ipec/projects/global/WCMS_356062/lang--en/index.htm

"*The* importance *of having a good school infrastructure*" retrieved December 14, 2017 from https://www.caf.com/en/currently/news/2016/10/the-importance-of-having-a-good-school-infrastructure/

"*The* Republic *of the Union of Myanmar Country Strategic Opportunities Programme. IFAD Investing in rural people. 2014*". p.1 Retrieved 25 November, 2017, from https://webapps.ifad.org/members/eb/111/docs/EB-2014-111-R-6.pdf

The Republic of the Union of Myanmar. "*Myanmar National Social Protection Plan*". December 2014, retrieved December 5, 2017 from http://www.socialprotection.org/gimi/gess/RessourcePDF.action?ressource.ressourceId=50377http://www.socialprotection.org/gimi/gess/RessourcePDF.action?ressource.ressourceId=50377

The Republic of the Union of Myanmar, "*Myanmar Policy for Early Childhood Care and Development*". https://www.unicef.org/myanmar/01_ECCD_Policy_E_Version Web_72_dpi.pdf

The World Bank, "Foreign *Direct Investment*" http://data.worldbank.org/indicator/bx.kit.dinv.cd.wd

The World Bank in Myanmar “Myanmar Overview”, retrieved 21 February 2017 from http://www.worldbank.org/en/country/myanmar/overview#1 (retrieved
UN Department of Economic and Social Affairs. “*World Mortality Report*” 2013
“*2013* McKinsey *report*”, http://www.mckinsey.com/insights/asia-pacific/myanmars_moment
UNESCO. (2010) EFA Global Monitoring Report 2010: Reaching the marginalized. Paris: UNESCO.
UNICEF, and UNESCO UIS. 2011. *Global Initiative on Out-of-School-Children: Conceptual and Methodological Framework (CMF)*. UNESCO Institute for Statistics (UIS); UNICEF. Available at https://www.unicef.org/supply/files/LRPS_OSR_2015_9117512_ANNEX_B_CMF.pdf, accessed 21 May 2018.
UNICEF. (2012). “*Situation Analysis of Early Childhood Care and Development in Myanmar*”. Yangon, Myanmar: UNICEF/Myanmar.
UNICEF 2016. “*Situation Analysis of Children with Disabilities in the Republic of the Union of Myanmar*”. Yangon, UNICEF Myanmar.

နောက်ဆက်တွဲ (က) အရေးကြီးသောစာရင်းအင်းအချက်အလက်များ

ဇယား (က)။ မူလတန်းနှင့်အလယ်တန်းအရွယ် ကျောင်းပြင်ပရောက်ကလေးများ၏ရာခိုင်နှုန်းကို အသက်အရွယ်နှင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက်ဖော်ပြခြင်း (၂၀၁၅)

	ပြည်နယ်							တိုင်းဒေသကြီး							နေပြည်တော်	ပြည်ထောင်စု
	ကချင်	ကယား	ကရင်	ချင်း	စစ်ကိုင်း	တနင်္သာရီ	ဗမာ	ဧရာဝတီ	မကွေး	မန္တလေး	မွန်ပြည်နယ်	ရခိုင်	ရှမ်း			
အသက်																
၅	၄၆.၇	၃၆.၃	၅၂.၅	၆၀.၉	၅၂.၅	၆၇.၁	၃၇.၁	၆၀.၉	၆၁.၂	၄၅.၆	၄၄.၇	၄၈.၀	၄၉.၁	၃၈.၉	၄၇.၇	၄၉.၀
၆	၄.၁	၁၀.၆	၁၅.၆	၂၄.၇	၉.၀	၂၈.၇	၅.၁	၉.၇	၁၁.၅	၁၇.၅	၉.၃	၆.၉	၆.၁	၆.၂	၅.၇	၁၀.၀
၇	၂.၇	၀.၀	၄.၀	၁.၆	၇.၃	၂၇.၈	၃.၂	၅.၂	၃.၈	၁.၆	၃.၅	၃.၃	၃.၄	၃.၇	၀.၀	၄.၇
၈	၀.၆	၁.၄	၃.၅	၀.၉	၆.၂	၂၈.၂	၂.၄	၃.၂	၂.၀	၁.၄	၀.၀	၁.၅	၂.၄	၄.၂	၂.၂	၃.၉
၉	၃.၄	၀.၀	၅.၀	၀.၀	၂.၂	၂၆.၁	၄.၇	၅.၆	၁.၅	၂.၇	၁.၂	၂.၇	၆.၃	၄.၃	၁.၂	၄.၉
၁၀	၅.၅	၁၄.၈	၁၀.၂	၃.၆	၆.၉	၃၄.၈	၇.၂	၇.၇	၀.၅	၃.၅	၁၀.၅	၈.၁	၃.၃	၉.၂	၂.၈	၈.၂
၁၁	၂.၈	၈.၂	၁၃.၇	၀.၀	၄.၁	၂၅.၄	၈.၂	၂.၇	၃.၁	၆.၆	၂.၃	၆.၂	၉.၁	၆.၃	၃.၇	၆.၉
၁၂	၉.၅	၁၂.၉	၂၀.၁	၀.၅	၁၂.၇	၃၇.၄	၁၄.၀	၉.၅	၉.၅	၁၀.၃	၂.၉	၇.၅	၁၂.၁	၂၀.၈	၆.၀	၁၂.၉
၁၃	၈.၄	၁၇.၈	၂၁.၁	၁၁.၆	၂၀.၃	၄၁.၄	၁၆.၈	၁၈.၂	၁၄.၈	၁၉.၁	၁၂.၃	၁၅.၃	၁၇.၃	၂၃.၅	၃.၅	၁၈.၅

Source: LFS (2015)

ပုံ (က–၁)။ ပြည်နယ်များ၏ မူလတန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း



Source: LFS (2015)

ပုံ (က–၂)။ တိုင်းဒေသကြီးများ၏ မူလတန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း



Source: LFS (2015)

ပုံ (က–၃)။ ပြည်နယ်များ၏ အလယ်တန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း



Source: LFS (2015)

ပုံ (က–၄)။ တိုင်းဒေသကြီးများ၏အလယ်တန်းကျောင်းပြင်ပရောက်ကလေးများရာခိုင်နှုန်း



Source: LFS (2015)

နောက်ဆက်တွဲ (ခ) ပညာရေးကိုအဟန့်အတားဖြစ်စေသည့်ကန့်သတ်ချက်များ

ဇယား (ခ)။ ပညာရေးကိုအဟန့်အတားဖြစ်စေသည့် ကန့်သတ်ချက်များ၊ ၎င်းတို့၏ အရေးပါအရာရောက်မှုနှင့် ပြင်းထန်မှု

နယ်ပယ်	အမျိုးအစား	ကန့်သတ်ချက်	သက်ရောက်ခံရသူ	အရေးပါမှု	ပြင်းထန်မှု
အထောက်အကူပြုပတ်ဝန်းကျင်	ဥပဒေပြဋ္ဌာန်းမှု/မူဝါဒ	• အားလုံးပါဝင်မှုအတွက် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်အကန့်အသတ်ရှိခြင်း • မသင်မနေရမူလတန်းပညာရေး ဥပဒေ မရှိခြင်း • ကျောင်းပြင်ပပညာရေးအတွက် ဥပဒေသီးသန့် မရှိခြင်း • မြန်မာ့ပညာရေးကဏ္ဍတွင် ဆက်စပ်ပတ်သက်သူများအတွက် ဥပဒေနှင့်မူဝါဒမရှိခြင်း • ကျောင်းသုံးစာအုပ်ပုံနှိပ်ဖြန့်ဝေခြင်းအတွက် မူဝါဒမရှိခြင်း	• ကျောင်းပြင်ပ ရောက်ကလေးများ	• အလယ်အလတ်	• အလယ်အလတ်
			• မသန်စွမ်းကလေးများ	• နည်းပါး	• မြင့်မား
	ဘဏ္ဍာငွေ/အသုံးစရိတ်	• ပညာရေးအသုံးစရိတ် အလွန်နည်း ခြင်းနှင့် မလုံလောက်ခြင်း • ငွေစာရင်းခေါင်းစဉ်အမျိုးမျိုးအတွက် အသုံးစရိတ်ခွဲဝေချထားမှု အားနည်းခြင်း • အရင်းအမြစ်များခွဲဝေချထားရာတွင် မျှတမှုအပေါ်အခြေမခံခြင်း • ဆင်းရဲနွမ်းပါးသူများအတွက်ကုန်ကျထား သောနည်းဗျူဟာမရှိခြင်း • ပညာသင်ထောက်ပံ့ကြေး အကန့်အသတ်ရှိခြင်း • မသန်စွမ်းကလေးများအတွက် သင်ယူမှုအထောက်အကူပစ္စည်းများ ရရှိမှု အကန့်အသတ်ရှိခြင်း	• ဆင်းရဲနွမ်းပါးသောကလေးများ၊	• အလယ်အလတ်	• အလယ်အလတ်
			• ဝေးလံခေါင်ဖျားဒေသရှိကလေးများ	• အလယ်အလတ်	• အလယ်အလတ်
			• မသန်စွမ်းကလေးများ	• နည်းပါး	• မြင့်မား

		• ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေကို အကျိုးရှိစွာအသုံးပြုမှုအားနည်းခြင်း (ကျောင်းအုပ်တစ်ဦးချင်းအပေါ်မူတည်သည်သည်)			
	စီမံခန့်ခွဲမှု/ပူးပေါင်းဆောင်ရွက်မှု	• အခွင့်အာဏာအပ်နှင်းမှုနှင့် ခွဲဝေပေးမှု မရှိခြင်း • ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ယန္တရား မရှိခြင်း • စနစ်ကျသော အချက်အလက် ကောက်ယူမှု အကန့်အသတ်ရှိခြင်း • ကြီးကြပ်ကွပ်ကဲမှု ယန္တရားအားနည်းခြင်း • နည်းပညာဆိုင်ရာစွမ်းရည်မရှိခြင်း • အချင်းချင်းကဏ္ဍအလိုက် ညှိနှိုင်း ဆောင်ရွက်ရန် ယန္တရားမရှိခြင်း • ဒေသခံအဆင့်များတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်မှု ယန္တရား မရှိခြင်း • အရေးပေါ်ကာလအတွင်း ပညာရေး စနစ်ပြိုလဲသွားခြင်း	• ဝေးလံခေါင်ဖျားသော၊ ပဋိပက္ခဖြစ်သော၊ ဘေးအန္တရာယ် ကျရောက်သောဒေသများရှိကလေးများ	• မြင့်မား	• မြင့်မား
ထောက်ပံ့မှု	ရရှိနိုင်သောလိုအပ်သည့် သွင်းအားစု	• မူကြိုကျောင်းအရေအတွက် (အထူး သဖြင့် ကျေးလက်ဒေသများတွင်) မလုံလောက်ခြင်း • ဆရာအရေအတွက်မလုံလောက်ခြင်း • ကျောင်းနှင့် သင်ယူရန်နေရာ (အထူးသဖြင့် ကျေးလက်/ဝေးလံဒေသများနှင့် မသန်စွမ်းကလေးများအတွက်) လုံလောက်မှုမရှိခြင်း • အရေးပေါ်ကာလအတွင်း ကျောင်းနှင့် သင်ယူရန်နေရာလုံလောက်မှု မရှိခြင်း • ကျောင်းအခြေခံအဆောက်အအုံများ	• ကျေးလက်ဒေသရှိမူကြိုအရွယ်ကလေးများ၊	• အလယ်အလတ်	• အလယ်အလတ်
			• ဝေးလံခေါင်ဖျားသော၊ ပဋိပက္ခဖြစ်သော၊ ဘေးအန္တရာယ်ကျရောက်သောဒေသများရှိကလေးများ	• အလယ်အလတ်	• အလယ်အလတ်
			• မသန်စွမ်းကလေးများ	• နည်းပါး	• မြင့်မား

		အရည်အချင်းမပြည့်မီခြင်း • အခမဲ့ ကျောင်းသုံးစာအုပ်ဖြန့်ဝေမှုတွင် (အထူးသဖြင့် ဝေးလံဒေသနှင့် နယ်စပ်ဒေသများအတွက်) အားနည်းခြင်း • သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများ ထောက်ပံ့ပေးမှု မလုံလောက်ခြင်း			
	ပြည့်စုံလုံလောက်သော ဝန်ဆောင်မှု၊ ပံ့ပိုးပေးမှုနှင့် သတင်းအချက်အလက် ရရှိမှု အခွင့်အလမ်း	• ကျောင်းများတွင် ရေနှင့်မိလ္လာစနစ် ကင်းမဲ့ခြင်း • အိမ်နှင့်ကျောင်း ဝေးကွာခြင်း • တောင်တန်းဒေသနှင့် မြစ်ဝကျွန်းပေါ် ဒေသများတွင် သယ်ယူပို့ဆောင်ရေး ကင်းမဲ့ခြင်း • မသန်စွမ်းကလေးများအတွက် သင့်လျော်သော ပတ်ဝန်းကျင်နှင့် ပံ့ပိုးကူညီသည့်ဝန်ဆောင်မှု မရှိခြင်း • မလုံခြုံသောကျောင်းများ (အထူးသဖြင့် ဘေးအန္တရာယ်ကျရောက်လွယ်သော/ပဋိပက္ခဖြစ်ပွားနေသော ဒေသများ) ဖြစ်နေခြင်း	• ကျေးလက်ဒေသ၊ ဝေးလံခေါင်ဖျားသော၊ ပဋိပက္ခဖြစ်သော၊ ဘေးအန္တရာယ်ကျရောက်သော တောင်တန်း/မြစ်ဝကျွန်း ပေါ်ဒေသ ရှိကလေးများ	• အလယ်အလတ်	• အလယ်အလတ်
			• မသန်စွမ်းကလေးများ	• မြင့်မား	• မြင့်မား
	ဘဏ္ဍာရေး အခွင့်အလမ်း	• အခွင့်အလမ်းစရိတ်နှင့် အိမ်စရိတ် ထောက်ပံ့ရခြင်း • အရေးပေါ်အခြေအနေတွင် စီးပွားရေး ဂယက်ရိုက်မှုဖြစ်ပွားခြင်း	• ဆင်းရဲနွမ်းပါးသောကလေးများ၊	• မြင့်မား	• မြင့်မား
			• သက်လွန်ကလေးများ	• မြင့်မား	• မြင့်မား
			• ကျေးလက်ဒေသရှိကလေးများ၊	• မြင့်မား	• မြင့်မား
			• ကလေးအလုပ်သမားများ	• နည်းပါး	• မြင့်မား
			• ဘေးအန္တရာယ်ကျရောက် သော ဒေသများ	• အလယ်အလတ်	• အလယ်အလတ်

တောင်းဆိုမှု	လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအလေ့အကျင့် နှင့် ယုံကြည်ချက်	• မြန်မာနိုင်ငံတွင် ကလေးများအားအစွမ်းကုန်ကြိုးစားလေ့လာရန် / လုပ်ကိုင်ရန် မျှော်မှန်းခြင်း (အိမ်မှုကိစ္စအပါအဝင်) • ကလေးများအား ကစားရန်နှင့် အနားယူရန်အချိန်အနည်းငယ် သာပေးခြင်း • အလုပ်သမားဈေးကွက်လိုအပ်ချက်နှင့် မကိုက်ညီ၍ ပညာရေးအကျိုးကျေးဇူးကင်းမဲ့ခြင်း • စိတ်ဝင်စားမှုမရှိခြင်း (မိဘများက ပညာရေးအပေါ် တန်ဖိုးထားမှုနည်းခြင်း)	• ပညာမတတ်သော / ပညာနည်းသောမိဘများ၏ ကလေးများ	• မြင့်မား	• မြင့်မား
			• ကျေးလက်ဒေသရှိ ကလေးများ၊	• မြင့်မား	• မြင့်မား
			• မသန်စွမ်းကလေးများ	• မြင့်မား	• မြင့်မား
			• ရွှေ့ပြောင်းကလေးများ	• မြင့်မား	• မြင့်မား
			• သက်လွန်ကလေးများ	• မြင့်မား	• မြင့်မား
			• ကလေးအလုပ်သမားများ	• မြင့်မား	• မြင့်မား
	အချိန်ကိုက်ဖြစ်ခြင်းနှင့် ဆက်လက်အသုံးပြုခြင်း	• ကျောင်းခေါ်ချိန်နည်းခြင်း • အသက်လွန်ကျောင်းသား ဖြစ်ခြင်း	• ရွှေ့ပြောင်းကလေးများ	• မြင့်မား	• မြင့်မား
			• သက်လွန်ကလေးများ	• မြင့်မား	• မြင့်မား
အရည်အသွေး	အရည်အသွေး	• အသက်မွေးဝမ်းကျောင်းနှင့် အလုပ် အကိုင်တို့နှင့် ဆက်စပ်မှုအားနည်း၍ သင်ရိုးညွှန်းတမ်း၏ ဆက်စပ်မှု မရှိခြင်း • သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး များမှ ဒေသဆိုင်ရာ သင်ရိုးရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာန၏ နည်းပညာအထောက်အပံ့ပေးမှု အားနည်းခြင်း • ဒေသ၏တန်ဖိုးထားမှု/ ယဉ်ကျေးမှုများ ပေါင်းစည်းမှုမရှိခြင်း • ဆရာအတတ်သင်လက်မှတ်ရ ဆရာများ လုံလောက်မှုမရှိခြင်း	• ဆင်းရဲနွမ်းပါးသောကလေးများ၊ ကျေးလက်/ဝေးလံခေါင်ဖျား/ နယ်စပ်ဒေသရှိ ကလေးများ၊ ပညာမတတ်သော / ပညာနည်းသောမိဘများ၏ ကလေးများ	• အလယ်အလတ်	• မြင့်မား
			• တိုင်းရင်းသားကလေးများ	• အလယ်အလတ်	• အလယ်အလတ်

		• အရည်အသွေးပြည့်ဝသည့်ဆရာများ လုံလောက်မှုမရှိခြင်း • မသန်စွမ်းကလေးများအတွက် ဆရာအတတ်ပညာအထူးသင်တန်းများမရှိခြင်း • စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများ ထိရောက်မှုမရှိခြင်း • ဆရာ/ကျောင်းသား ကျောင်းတက်မှု နှင့် သင်ယူခြင်းတိုးတက်မှုကို ကြီးကြပ် ကွပ်ကဲရန်အားနည်းခြင်း • အထူးလိုအပ်ချက်ရှိသောကလေးများအတွက် အကူအညီပေးမှုမလုံလောက်ခြင်း	• မသန်စွမ်းကလေးများ	• မြင့်မား	• မြင့်မား
			• သင်ယူမှုနှေးသူများ	• အလယ်အလတ်	• အလယ်အလတ်

နောက်ဆက်တွဲ (ဂ) မြန်မာနိုင်ငံတွင် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

ဝန်ကြီးဌာနများ

- ပညာရေးဝန်ကြီးဌာန
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
- လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊
- နယ်စပ်ရေးရာဝန်ကြီးဌာန

အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ဖောင်ဒေးရှင်းများ

- ပညာတန်ဆောင်
- မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
- မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊
- မေတ္တာဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေရှင်း
- ရင်သွေးဖောင်ဒေးရှင်း၊
- CARITAS
- ကက်သလစ်ကယ်ဆယ်ရေးဝန်ဆောင်မှုများ
- ကချင်နှစ်ချင်းခရစ်ယာန်ကွန်ဗင်းရှင်း
- ကရင်နှစ်ချင်းခရစ်ယာန်ကွန်ဗင်းရှင်း
- ကရုဏာမြန်မာလူမှုရေးဝန်ဆောင်မှုများ
- မြန်မာနှစ်ချင်းခရစ်ယာန်ကွန်ဗင်းရှင်း
- Save the Children
- World Vision

နောက်ဆက်တွဲ (ဃ) အရည်အသွေးရှိပညာရေးအခွင့်အလမ်းရရှိစေမည့်စီမံကိန်းများ

(၁) အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေးနှစ်ရှည်စီမံကိန်း

အခြေခံပညာ သင်ယူမှုအခွင့်အလမ်းပိုမိုရရှိလာစေရန်နှင့် အရည်အသွေးမြင့်မားလာစေရန်အတွက် **အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေး နှစ်(၃၀)နှစ်ရှည်စီမံကိန်း** (၂၀၀၁–၂၀၀၂ဘဏ္ဍာနှစ်မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာနှစ်) ကိုချမှတ်ခဲ့သည်။ ဤစီမံကိန်းတွင် နှစ်လတ် (၅–နှစ်)စီမံကိန်း ခြောက်ခုပါဝင်ပြီး အောက်ဖော်ပြပါ ကျယ်ပြန့်သည့်အစီအစဉ် (၁၀)ခုပါဝင်သည်–

(၁.၁) ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးစနစ်ပေါ်ထွက်လာစေရန်၊
(၁.၂) နိုင်ငံသားတိုင်း အခြေခံပညာပြီးဆုံးရန်၊
(၁.၃) အခြေခံပညာရေး အရည်အသွေးမြင့်မားလာစေရန်၊
(၁.၄) အခြေခံပညာအဆင့်တိုင်းတွင် အကြိုသက်မွေးဝမ်းကျောင်းနှင့် သက်မွေးဝမ်းကျောင်းပညာရေး အခွင့်အလမ်းများပေးရန်၊
(၁.၅) အီလက်ထရောနစ်ပညာရေးနှင့် သတင်းနှင့်အချက်အလက်ဆက်သွယ်ရေးအတွက် အထောက်အပံ့များပေးရန်၊
(၁.၆) ဘက်စုံဖွံ့ဖြိုးတိုးတက်သောနိုင်ငံသားများမွေးထုတ်ရန်၊
(၁.၇) ပညာရေးစီမံခန့်ခွဲမှုအတွက် စွမ်းရည်မြှင့်တင်ပေးရန်၊
(၁.၈) ပညာရေးတွင် ရပ်ရွာမှ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်ရန်၊
(၁.၉) ကျောင်းပြင်ပပညာရေး ချဲ့ထွင်ပေးရန်၊ နှင့်
(၁.၁၀) ပညာရေးသုတေသနဖွံ့ဖြိုးတိုးတက်စေရန်။

နိုင်ငံသားတိုင်းအခြေခံပညာပြီးဆုံးရန် အစီအစဉ်နှင့်ပတ်သက်၍ အောက်ပါရည်မှန်းချက်များကို သတ်မှတ်ခဲ့သည်–

- ပထမ ၅–နှစ်၊ နှစ်လတ်စီမံကိန်းအပြီးတွင် မသင်မနေရမူလတန်းပညာရေး အကောင်အထည်ဖော်ရန်၊
- တတိယ ၅–နှစ်၊ နှစ်လတ်စီမံကိန်းအပြီးတွင် မသင်မနေရအလယ်တန်းပညာရေး အကောင်အထည်ဖော်ရန်၊
- နှစ်(၃၀)နှစ်ရှည်စီမံကိန်းအပြီးတွင် မသင်မနေရအခြေခံပညာရေး အကောင်အထည်ဖော်ရန်။

ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (MDG) များနှင့်ပတ်သက်၍တုံ့ပြန်ချက်– နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် (၂)နှင့် (၃)ကို ဖြည့်ဆည်းခဲ့သည်–

- MDG (၂) – **"မသင်မနေရမူလတန်းပညာရေး"** – ၂၀၁၅ခုနှစ်တွင် ကျား/မ မခွဲခြား၊ နေရာဒေသမခွဲခြား ကလေးအားလုံးရရှိရန်ရည်မှန်းသည်။
- MDG (၃) – **"ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးများဘဝမြှင့်တင်ရေး"** – ပညာရေးတွင် ကျား/မ ခွဲခြားမှုကို မူလတန်းနှင့်အလယ်တန်း၌ ၂၀၀၅ခုနှစ်တွင်လည်းကောင်း၊ ပညာရေးအဆင့်အားလုံး၌ ၂၀၁၅ခုနှစ်တွင်လည်းကောင်း အပြီးဖျက်သိမ်းရန်ရည်မှန်းသည်။

(၂) လူတိုင်းအတွက်ပညာရေး အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၀၃–၂၀၁၅) (EFA-NAP)

ပညာရေးဖွံ့ဖြိုးတိုးတက်ရေးနှစ်ရှည်စီမံကိန်းနှင့်အညီ လူတိုင်းအတွက်ပညာရေးဒါကာအညွှန်းဘောင်အပေါ်အခြေခံ၍ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအရ လူတိုင်းအတွက်ပညာရေးအမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (၂၀၀၃–၂၀၁၅) ကို အောက်ဖော်ပြပါ ရည်မှန်ချက် (၆)ခုဖြင့် ရေးဆွဲခဲ့သည်–

(၂.၁) ကျောင်းနေအရွယ်ကလေးအားလုံး ၂၀၁၅ခုနှစ်တွင် အရည်အသွေးကောင်းမွန်သော အခမဲ့မသင်မနေရအခြေခံပညာရေးကို သင်ယူနိုင်ခွင့်ရရှိပြီး အခြေခံပညာပြီးဆုံးခြင်းဖြင့် သိသာထင်ရှားသော တိုးတက်မှုကိုသေချာစေရန်၊

(၂.၂) ဆရာ၊ ပညာရေးပုဂ္ဂိုလ်များနှင့် သင်ရိုးညွှန်းတမ်း အစရှိသည့် အခြေခံပညာရေးကဏ္ဍများအားလုံး၏ အရည်အသွေးကိုမြှင့်တင်ရန်၊

(၂.၃) ၂၀၁၅ခုနှစ်တွင် လုပ်ငန်းအခြေပြုစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအဆင့်များတွင် သိသာထင်ရှားသော တိုးတက်မှုရရှိစေရန်၊

(၂.၄) ကျောင်းပြင်ပပညာရေး၊ ဘဝတွက်တာကျွမ်းကျင်စရာနှင့် ကာကွယ်ရေးပညာပေးတို့မှတစ်ဆင့် လူရွယ်များနှင့် လူကြီးများ၏သင်ယူလိုစိတ်များဖြည့်ဆည်းပေးနိုင်မှုကို သေချာစေရန်၊

(၂.၅) ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး တိုးချဲ့ဆောင်ရွက်ရန်နှင့် တိုးတက်ကောင်းမွန်စေရန်၊ နှင့်

(၂.၆) ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် (EMIS) အားကောင်းလာစေရန်။

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှု ပပျောက်ရေးစီမံကိန်းအညွှန်းဘောင်ပါ ပညာရေးလုပ်ငန်းများ (၂၀၁၁–၂၀၁၅)

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး၊ အထူးဖွံ့ဖြိုးရေးဒေသ(၂၄)ခုအတွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ကျေးလက်ဒေသနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေးအစီအစဉ်နှင့် ဘက်စုံလွှမ်းခြုံသောအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (၂၀၁၁–၂၀၃၁) တို့ကို ဖော်ထုတ်ခဲ့ပြီး ပညာရေးအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အဆိုပါအစီအစဉ်အရ ကျောင်းပညာရေးကဏ္ဍတွင် အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်–

- ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့မသင်မနေရမူလတန်းပညာရေး အခွင့်အလမ်းရရှိစေရန်အတွက် လိုအပ်ချက်များကိုကြိုတင်ပြင်ဆင်ခြင်း၊
- ရွေ့လျားမိသားစုများနှင့် လူဦးရေနည်းပါးသော ကျေးလက်ဒေသများအတွက် ကျောင်းသစ်များဖွင့်လှစ်ခြင်း၊ ဆရာများခန့်ထားခြင်း၊ ကျောင်းအဆောက်အဦများတည်ဆောက်ခြင်း၊ ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်း၊
- မူလတန်းနှင့်အလယ်တန်းအဆင့်များတွင် ဒေသလိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်း၊ ကျောင်းအိပ်ကျောင်းစား အဆောင်နေမည့်ကလေးများအတွက် အဆောက်အဦများဆောက်လုပ်ပေးခြင်း၊ ပညာရေးအသုံးစရိတ်လေလွင့်ဆုံးရှုံးမှုလျှော့ချရန် ယုံကြည်မှုရနိုင်ငွေထုထောင်ခြင်း၊

- အလယ်တန်းနှင့်အထက်တန်းဆင့်များတွင် ပညာသင်ဆုချီးမြှင့်ရန်စီစဉ်ခြင်း၊
- တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူ ကျောင်းသားအားလုံးအဆင့်မြင့်ပညာသင်ယူခွင့်ရရှိရေးသေချာစေရန် အစီအစဉ်များ ဆောင်ရွက်ခြင်း၊
- ပိုမိုကောင်းမွန်သော ကျောင်းအဆောက်အအုံ၊ လုံလောက်သောကျောင်းသုံးပရိဘောဂ နှင့် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများရရှိရန်အတွက် လိုအပ်ချက်များကြိုတင်ပြင်ဆင်ခြင်း၊
- ဆရာများ စွမ်းဆောင်ရည်မြင့်မားရေး၊ ဆရာအင်အားအပြည့်အဝရရှိရေး၊ ဖော်ရွေမှုရှိရေး၊ ဆရာများ၏လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေးတို့အတွက် ဒေသအာဏာပိုင်များ၊ ရပ်သူရပ်သားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နှင့်
- ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် ပါဝင်ကူညီရန် ပုဂ္ဂလိကကဏ္ဍကို အားပေးခြင်း။

ဤအစီအစဉ်အရ ကျောင်းပြင်ပပညာရေးကဏ္ဍတွင် အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်–

- သက်ကြီးစာတတ်မြောက်မှုနှုန်း မြင့်မားလာစေရန် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊
- စာတတ်မြောက်ပြီးအစီအစဉ်၊ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်နှင့် ဘဝသာယာဝပြောရေးအစီအစဉ်များပါဝင်သည့် စဉ်ဆက်ပညာရေးကို အကောင်အထည်ဖော်ခြင်း၊
- ရပ်ရွာပညာပဒေသာဌာန (CLC)များဖွင့်လှစ်ခြင်း၊ တိုးချဲ့ခြင်းနှင့် CLC များတွင် စေတနာ့ဝန်ထမ်းများရရှိရေးအတွက် လူထုမီဒီယာများမှတစ်ဆင့် စည်းရုံးလှုံ့ဆော်ခြင်း၊
- ကျေးလက်စာကြည့်တိုက်များနှင့် ရပ်ရွာပညာပဒေသာဌာနများ ပေါင်းစည်းခြင်းဖြင့် စဉ်ဆက်ပညာရေးကို အကောင်အထည်ဖော်ခြင်း၊ နှင့်
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စဉ်ဆက်ပညာရေးကို အကောင်အထည်ဖော်ခြင်း။

(၄) အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း – NESP (၂၀၁၆–၂၀၂၁)[103]

NESP သည် နိုင်ငံတော်အစိုးရ၊ ပညာရေးနှင့်သက်ဆိုင်သူများနှင့် နိုင်ငံသားများအတွက် လမ်းပြမြေပုံဖြစ်သည်။ ၂၀၁၆ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အမျိုးသားပညာရေးစနစ်၏ အဆင့်အားလုံးတွင် ကျောင်းသားများအတွက် အရည်အသွေးပြည်ဝသောပညာသင်ယူမှုအခွင့်အလမ်းများရရှိရန် ကဏ္ဍအလိုက်ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် လမ်းညွှန်မှုပေးသည်။

(က) NESP ရည်ရွယ်ချက်

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၀–၂၀၂၁ဘဏ္ဍာနှစ်အပြီးတွင် အောက်ဖော်ပြပါ NESP ရည်ရွယ်ချက်ရရှိစေရန် ကတိကဝတ်ပြုပြီးဖြစ်သည်။

[103] The Government of the Republic of the Union of Myanmar, Ministry of Education. "*National Education Strategic Plan 2016-21*".

ကျောင်းများနှင့် ပညာရေးအဖွဲ့အစည်းများအားလုံးတွင် သင်ကြားသင်ယူမှု၊ အသက်မွေးဝမ်းကြောင်း ပညာရေးနှင့်လေ့ကျင့်ရေး၊ ကျောင်းသားများထမြောက်အောင်မြင်မှုကိုတိုင်းတာရန်ဦးတည်သည့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုတို့ တိုးတက်ရမည်။

ဤရည်ရွယ်ချက်အတွက်အကြောင်းပြချက်(၃)ခုမှာ–

(က–၁) **မိဘများနှင့် ကျောင်းသားများမှ မျှော်မှန်းချက်များမြင့်မားခြင်း** – NESP ပေါ်ထွက်လာစေရေး အတွက် ပညာရေးနှင့်သက်ဆိုင်သူများအကြားတိုင်ပင်ဆွေးနွေးရာတွင် မိဘများသည် အမျိုးသားပညာ ရေးစနစ်အဆင့်တိုင်းတွင် ၎င်းတို့ကလေးများ၏ပညာရေးကို သိသာထင်ရှားစွာတိုးတက်ကောင်းမွန်စေ လိုသည် ဆိုသည့်အချက်ကို အားလုံးကသဘောတူညီခဲ့ကြသည်။ ဤမျှော်မှန်းချက်များဖြေရှင်းရန် ကျောင်းများနှင့် ပညာရေးအဖွဲ့အစည်းများအားလုံးတွင် ကျောင်းသားများသင်ယူမှု တိုးတက်လာစေ မည့် ကျယ်ပြန့်သောပြုပြင်ပြောင်းလဲမှုများ၊ ဆန်းသစ်သောနည်းဗျူဟာများနှင့် အစီအစဉ်များကို ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ရမည်။

(က–၂) **NESP ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆရာများသည် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေခြင်း** – ဥပမာအားဖြင့် အခြေခံပညာကဏ္ဍသင်ရိုးသစ်များ ထိ ရောက်စွာအကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ကလေးများကိုယ်တိုင် တက်ကြွစွာပါဝင်သင်ယူ သည့် သင်ကြားနည်းသစ်များ အသုံးပြုရာတွင်လည်းကောင်း၊ စစ်ဆေးအကဲဖြတ်စနစ်အသစ်အသုံးပြု ရာတွင်လည်းကောင်း ဆရာသည်အဓိကကျသောကဏ္ဍမှပါဝင်လာမည်ဖြစ်သည်။ သို့ဖြစ်၍ NESP ရည်ရွယ် ချက်တွင် ဆရာကိုဗဟိုပြုထားခြင်းဖြစ်သည်။

(က–၃) **မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုသက်မွေး ပညာရေးနှင့် အဆင့်မြင့်ပညာရေးသည် အခြေခံကျခြင်း** – အရည်အသွေးမြင့်မားသော စက်မှုသက်မွေး ပညာ ရေးနှင့် လေ့ကျင့်ရေး (TVET)သည် ကျွမ်းကျင်ပြီးယှဉ်ပြိုင်မှုရှိသည့် လုပ်သားထုကို မွေးထုတ်ပေး နိုင်သည်ဖြစ်၍ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလွန်အရေးပါ သည်။ လာမည့်နှစ်များအတွင်း စိုက်ပျိုးရေး၊ စွမ်းအင်၊ ကုန်ထုတ်လုပ်ငန်း၊ အဆောက်အအုံ၊ မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ကျွမ်းကျင်လုပ်သားများစွာလိုအပ်လာမည်။ သို့ ဖြစ်၍ TVET စနစ်သည် အသက်မွေးဝမ်းကျောင်းမျှော်မှန်းချက်များနှင့် စီးပွားရေးတိုးတက်မှုကို ရရှိစေ ရန် သင်ယူသူများကို အသိပညာ၊ ကျွမ်းကျင်မှုနှင့် စွမ်းရည်များ ဖြည့်ဆည်းပေးရမည်။ အဆင့်မြင့်ပညာ ရေးသည် အစိုးရ၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ကျွမ်းကျင်သည့်လူသား အရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိသည်။ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများသည် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ စီးပွားရေးယှဉ်ပြိုင်နေသော လူ့အဖွဲ့အစည်း အတွင်း လိုအပ်နေသည့် တီထွင်ဆန်းသစ်မှုများနှင့် ဖန်တီးစဉ်းစားနိုင်စွမ်းတို့ကို ပျိုးထောင်ပေးရာ တွင်လည်းကောင်း အဓိကကျသည်။

(ခ) NESP ရည်ရွယ်ချက်များပေါက်မြောက်အောင်မြင်ရန် ပြောင်းလဲခြင်းအရွေ့ (၉)ခု

ပညာရေးဝန်ကြီးဌာနသည် NESP ရည်ရွယ်ချက်များရရှိရန် ပြောင်းလဲခြင်းအရွေ့ (၉)ခုကို ဖော်ပြခဲ့ သည်။ ပြောင်းလဲခြင်းအရွေ့ဆိုသည်မှာ ၂၀၂၁ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ အခြေအနေကို ဖော်ပြသည့် သဘောထားထုတ်ပြန်ကြေငြာချက်ဖြစ်သည်။ ဤပြောင်းလဲခြင်းအရွေ့ (၉)ခုသည် ပညာ

ရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ဖြစ်သည့် SDG Goal 4 (လူတိုင်းအကြုံးဝင်မျှတသော ပညာရေးသေချာစေရန်နှင့် အားလုံးအတွက်တစ်သက်တာသင်ယူမှုအခွင့်အလမ်းများရရှိစေရေးကို မြှင့်တင်ရန်)ဆီသို့ သိသိသာသာဦးတည်သည်။

ပြောင်းလဲခြင်းအရွေ့ (၉)ခုနှင့် ၎င်းတို့နှင့် သက်ဆိုင်သည့် နည်းဗျူဟာများမှာ–

(ခ–၁) သူငယ်တန်းပညာရေး – ကလေးအားလုံးသည် ၎င်းတို့၏သင်ယူမှုကို အရည်အသွေးပြည့်မီသော မူကြိုနှင့်သူငယ်တန်းမှစတင်ရမည်။

(ခ–၂) အခြေခံပညာရေး (သင်ယူမှုအခွင့်အလမ်း၊ အရည်အသွေးနှင့် အကျုံးဝင်ခြင်း) — ကလေးအားလုံး ပညာသင်ယူမှုအခွင့်အလမ်းများရရှိပြီး အခြေခံပညာပြီးဆုံးနိုင်ရမည်။

(ခ–၃) အခြေခံပညာသင်ရိုးညွှန်းတမ်း – ကျောင်းသားများအားလုံး ၎င်းတို့၏ဘဝနှင့် ဆီလျော်ပြီး ၂၁ရာစု မြန်မာနိုင်ငံအတွက်လိုအပ်သော လူမှုစီးပွားရေးနှင့်ကိုက်ညီမှုရှိသည့် အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်များ ရရှိရမည်။

(ခ–၄) ကျောင်းသားများအားစစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများ – ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုတိုးတက်လာစေရန်အတွက် ဆရာများနှင့် ပညာရေးသမားများသည် အရည်အသွေးရှိသည့် စစ်ဆေးအကဲဖြတ်စနစ်ကို အကောင်အထည်ဖော်ရမည်။

(ခ–၅) ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု — ဆရာများသည် ကျောင်းသားအားလုံး၏သင်ကြားရေးကို အထောက်အပံ့ပေးခြင်း၊ တိုးတက်စေခြင်းနှင့် တက်ကြွသော သင်ကြားသင်ယူမှုကိုအသုံးပြုခြင်း တို့ဆောင်ရွက်ရမည်။

(ခ–၆) သမားရိုးကျမဟုတ်သော အခြားရွေးချယ်စရာ ပညာရေးအစီအစဉ်များ – သင်ယူသူများသည် အရည်အသွေးအာမခံချက်ရှိသည့် သမားရိုးကျမဟုတ်သော နိုင်ငံတော်အသိအမှတ်ပြု အခြားရွေးချယ်စရာ ပညာရေးအစီအစဉ်များမှ ပညာသင်ယူမှုအခွင့်အလမ်းများရရှိခြင်းဖြင့် အသက်မွေးဝမ်းကြောင်းမျှော်မှန်းချက်များ ရရှိနိုင်မည်။

(ခ–၇) စက်မှုသက်မွေးပညာရေးနှင့် လေ့ကျင့်ရေး (TVET) — သင်ယူသူများသည် ပိုမိုထိရောက်သော TVET စီမံခန့်ခွဲမှုစနစ်အောက်တွင် အရည်အသွေးအာမခံချက်ရှိပြီး အလုပ်သမားဈေးကွက်နှင့် အံဝင်ဂွင်ကျရှိသည့် TVET အခွင့်အလမ်းများရရှိနိုင်သည်။

(ခ–၈) အဆင့်မြင့်ပညာရေး – ကျောင်းသားများသည် ကမ္ဘာ့အဆင့်မီအဆင့်မြင့်ပညာရေးအခွင့်အလမ်းကို သာတူညီမျှရရှိရမည်။ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အသိပညာအခြေပြုစီးပွားရေးတွင် ပံ့ပိုးကူညီနိုင်မည်ဖြစ်သည်။

(ခ–၉) စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေးနှင့် အရည်အသွေးအာမခံချက် — အဆင့်အားလုံးရှိ စီမံခန့်ခွဲသူအားလုံးသည် သက်သေအထောက်အထားအပေါ်အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ကျောင်းများနှင့်ပညာရေးအဖွဲ့အစည်းများတွင် တိုးတက်သောသင်ကြားသင်ယူမှုအတွက် တာဝန်ခံခြင်း ရှိရမည်။

အရည်အသွေးပြည့်မီသော မူကြိုနှင့် သူငယ်တန်းပညာရေးအတွက် နည်းဗျူဟာများ

- မူကြိုဝန်ဆောင်မှုလုပ်ငန်းများ၏ အုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်ခံ့စေရမည်။
- ကျေးလက်နှင့်ဝေးလံခေါင်ဖျားဒေသများရှိကလေးများအတွက် မူကြိုပညာရေးအခွင့်အလမ်းရရှိမှုကို တိုးချဲ့ပေးရမည်။
- ကလေးများမူလတန်းတက်ရောက်ရန်အဆင်သင့်ဖြစ်မှုကို ပြင်ဆင်ပေးနိုင်ရန်အတွက် မူကြိုပညာရေး အရည်အသွေး တိုးမြှင့်ပေးရမည်။

- အရည်အသွေးပြည့်မီသော သူငယ်တန်းပညာရေးကို အကောင်အထည်ဖော်ရမည်။

၂၁ ရာစုအတွက် အခြေခံပညာပြုပြင်ပြောင်းလဲရေး နည်းဗျူဟာများ

- မူဝါဒ၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့်စနစ် ခိုင်ခံ့စေရမည်။
- မိတ်ဖက်ဆောင်ရွက်ခြင်းများ ခိုင်ခံ့ရမည်။
- ထောက်ခံအားပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိရမည်။

အရည်းအသွေးကောင်းမွန်သော အခြေခံပညာရေးအတွက် နည်းဗျူဟာများ

- အခမဲ့မသင်မနေရ အခြေခံပညာရေးကို အကောင်အထည်ဖော်ရမည်။
- မသင်မနေရပညာရေးနှင့် လူတိုင်းအကြုံးဝင်ပညာရေးကို အထောက်အပံ့ပေးရမည်။
- အမျိုးသားကျောင်းအခြေပြု အရည်အသွေးအာမခံမှုစနစ်မှတစ်ဆင့် ကျောင်းများ၏အရည်အသွေးတိုးတက်စေရမည်။

အခြေခံပညာသင်ရိုးညွှန်းတမ်းအတွက် နည်းဗျူဟာများ

- ၂၁ရာစု ကျွမ်းကျင်မှုများကို အလေးထားသည့် အခြေခံပညာသင်ရိုးညွှန်းတမ်းကို ပြန်လည်ရေးဆွဲရမည်။
- သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၏ လုပ်ငန်းစွမ်းရည်မြှင့်တင်ပေးရမည်။
- သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲမှု၊ ဖြန့်ဝေခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း နှင့် စစ်ဆေးခြင်းစနစ်များခိုင်ခံ့စေခြင်းတို့မှတစ်ဆင့် သင်ရိုးညွှန်းတမ်းအသစ်ကို အကောင်အထည်ဖော်ရမည်။

ကျောင်းသားများအားစစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများအတွက် နည်းဗျူဟာများ

- စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲစနစ်များ တိုးတက်စေရမည်။
- ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ခိုင်ခံ့ရမည်။

ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုအတွက် နည်းဗျူဟာများ

- ဆရာအရည်အသွေးအာမခံမှုနှင့် ဆရာစီမံခန့်ခွဲမှု ခိုင်ခံ့စေရမည်။
- လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးအရည်အသွေး တိုးတက်စေရမည်။
- လုပ်ငန်းခွင်ဆရာအတတ်ပညာရေးအရည်အသွေး တိုးတက်စေရမည်။

သမားရိုးကျမဟုတ်သော အခြားရွေးချယ်စရာ ပညာရေးအစီအစဉ်များအတွက် နည်းဗျူဟာများ

- ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း ခိုင်ခံ့စေရမည်။
- သမားရိုးကျမဟုတ်သော အခြားရွေးချယ်စရာ ပညာရေးအစီအစဉ်အမျိုးမျိုးမှတစ်ဆင့် ပညာသင်ယူမှုအခွင့်အလမ်းများရရှိစေမှုကို တိုးချဲ့ပေးရမည်။
- သမားရိုးကျမဟုတ်သော အခြားရွေးချယ်စရာ ပညာရေးအစီအစဉ်များ အရည်အသွေးပြည့်မီမှုကို ခိုင်ခံ့စေရမည်။

စက်မှုသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအတွက် နည်းဗျူဟာများ

- တိုင်းရင်းသားမျိုးနွယ်စုများ၊ အခွင့်အရေးဆုံးရှုံးနေသူများနှင့် မသန်စွမ်းသူများအပါအဝင် အုပ်စုအမျိုးမျိုးအတွက် စက်မှုသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအခွင့်အလမ်းများတိုးချဲ့ပေးရမည်။
- စက်မှုသက်မွေးပညာရေးနှင့်လေ့ကျင့်ရေး၏ အရည်အသွေးနှင့် ဆက်စပ်ပတ်သက်မှု ခိုင်ခံ့စေရမည်။
- စက်မှုသက်မွေးပညာရေးနှင့်လေ့ကျင့်ရေး စီမံခန့်ခွဲမှု ခိုင်ခံ့စေရမည်။

အဆင့်မြင့်ပညာရေးအတွက် နည်းဗျူဟာများ

- အဆင့်မြင့်ပညာရေး အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် ခိုင်ခံ့စေရမည်၊
- အဆင့်မြင့်ပညာအဖွဲ့အစည်းများ၏ အရည်အသွေးနှင့် ဆက်စပ်ပတ်သက်မှုတိုးတက်စေရမည်။
- အဆင့်မြင့်ပညာရေး သင်ယူနိုင်မှုအခွင့်အရေး တန်းတူရရှိစေရန် တိုးချဲ့ဆောင်ရွက်ရမည်။

စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရေးနှင့် အရည်အသွေးအာမခံချက်ရှိရေးအတွက် နည်းဗျူဟာများ

- ကဏ္ဍအလိုက်၊ ကဏ္ဍခွဲအလိုက် အမျိုးသားရေးညှိနှိုင်းယန္တရားများ ခိုင်ခံ့စေခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိရမည်။
- ပညာရေးကဏ္ဍစီမံခန့်ခွဲမှုဖွဲ့စည်းပုံ၊ စနစ်နှင့် ကိရိယာများခိုင်ခံ့စေရမည်။
- ပညာရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပညာရေးစီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည်များခိုင်ခံ့စေရမည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းသည် သက်သေအထောက်အထားကို အခြေခံသည့်စီမံကိန်းဖြစ်သည့်အတွက် ပညာရေးကဏ္ဍဥပဒေများနှင့် မူဝါဒများအကြား၊ နှစ်လတ်နည်းဗျူဟာများနှင့် စီမံကိန်းများအကြား ဆက်စပ်မှုကို ခိုင်ခံ့စေနိုင်သည်။

(၅) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အထက်ဖော်ပြပါ နိုင်ငံတော်အဆင့် စီမံကိန်းများအပြင် အောက်ဖော်ပြပါစီမံကိန်းများကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်–

ဇယား (ဃ)။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ

စဉ်	စီမံကိန်း	ပူးပေါင်းအဖွဲ့အစည်း	အကောင်အထည်ဖော်သည့်နှစ်	
			မှ	ထိ
၁	Child Friendly School (CFS)	UNICEF	၂၀၀၆	ဆောင်ရွက်ဆဲ
၂	Head Teacher Training	UNICEF	၂၀၀၈	ဆောင်ရွက်ဆဲ
၃	School-based In-service Teacher Education (SITE)	UNICEF	၂၀၁၂	ဆောင်ရွက်ဆဲ
၄	Township Education Improvement Plan (TEIP)	UNICEF	၂၀၁၃	ဆောင်ရွက်ဆဲ

၅	Early Grade Reading/Mathematics Assessment (EGRA) /(EGMA)	World Bank	၂၀၁၃–၁၄	ဆောင်ရွက်ဆဲ
၆	CREATE	JICA	၂၀၁၄	ဆောင်ရွက်ဆဲ
၇	Strengthening Teacher Education in Myanmar (STEM)	UNESCO	၂၀၁၄	ဆောင်ရွက်ဆဲ
၈	English for Education College Teachers (EfECT)	UNESCO	၂၀၁၄	၂၀၁၇
၉	South-East Asia Primary Learning Metrics (SEAPLM)	UNICEF	၂၀၁၅	ဆောင်ရွက်ဆဲ
၁၀	Myanmar Information Management Unit – MIMU (School mapping)	UNESCO	၂၀၁၅	ဆောင်ရွက်ဆဲ
၁၁	WASH in School	UNICEF	၂၀၁၆	ဆောင်ရွက်ဆဲ
၁၂	Teacher Mentoring Programme and Cluster Support Programme	World Bank	၂၀၁၆	ဆောင်ရွက်ဆဲ
၁၃	National EMIS System Development	UNESCO	၂၀၁၆	ဆောင်ရွက်ဆဲ
၁၄	IIEP Planning and Management training	UNESCO	၂၀၁၆	ဆောင်ရွက်ဆဲ
၁၅	OOSCI	UNICEF, UNESCO, UIS	၂၀၁၆	ဆောင်ရွက်ဆဲ
၁၆	Myanmar Education Quality Improvement Plan (MyEQIP)	AUSAID	၂၀၁၇	ဆောင်ရွက်ဆဲ
၁၇	Social Inclusion Implementation Program	EDO, IFE	MOU Signed soon	

H&M FOUNDATION မှ ပံ့ပိုးကူညီသည်။